www.burmeseclassic.com

# မြန်မာ့ဂန္ထဝင်ဂီတ

လူထုဒေါ်အမာ



ဒုတိယအကြိမ်

www.burmeseclassic.com

# မာတိကာ

(က)


| | |
|---|---|
| ရေးသူ့အမှာ | က |
| မဟာဂီတရဲ့ ရှေးဟောင်းနှောင်းဖြစ် | ၁ |
| ရှေ့တော်ပြေးမောင်မောင်သိုက် စောင်းပညာရဲ့ဖခင်ကြီး | ၁၆ |
| ဒေဝဣန္ဒာမောင်မောင်ကြီး | ၂၂ |
| မောင်မောင်လတ် | ၃၂ |
| မြန်မာတူရိယာများ | ၃၅ |
| အဆိုတော် ဘုန်းကြီးပေ | ၄၇ |
| အဆိုသမား ဦးလူကြီး | ၅၂ |
| ဦးလူကြီးရေးတဲ့ ပါတော်မူသီချင်း | ၅၄ |
| ရှေ့တော်ပြေး မိန်းမအဆိုတော်များ | ၅၆ |
| အီနောင် ကိုစံတုတ် | ၆၀ |
| မယင်းတော် | ၆၂ |
| ကိုသာပြော | ၆၄ |
| ဦးကျော်ဒွေး | ၆၅ |


www.burmeseclassic.com

www.burmeseclassic.com

# (ခ)

## မဟာဂီတရဲ့ ရှေးဟောင်းနှောင်းဖြစ် (ဒုတိယပိုင်း)


| | |
|---|---|
| မဟာဂီတမိခင် ဒေါ်စောမြအေးကြည် | ၆၇ |
| မြအေးကြည် | ၇၅ |
| စောမြအေးကြည်ရဲ့ ဆရာတွေ | ၇၉ |
| မိုးဒေဝါရဲ့အောင်ပွဲ | ၈၁ |
| တပယ်ခင်ဥ၊ တပယ်ခင်သစ် | ၉၀ |
| အဆိုတော် ဦးလှကြီး | ၉၂ |
| မယင်းတော် | ၉၄ |
| မထွေးလေး | ၉၅ |
| ဒေါ်စောမြအေးကြည်နဲ့ စောင်း | ၁၀၂ |
| ဦးဖူးခေါင် | ၁၀၃ |
| စောင်းဆရာ မောင်မောင်ခန့် | ၁၀၆ |
| ဒေဝဣန္ဒာ မောင်မောင်ကြီး | ၁၀၉ |
| စောင်းဆရာ ဆရာငြိမ်း | ၁၁၂ |
| စိန်ဗေဒါ | ၁၁၈ |
| ဒေါ်စောမြအေးကြည်ရဲ့ ဆန္ဒ | ၁၃၂ |
| ဒေါ်ဒေါ်နဲ့ မန္တလေး | ၁၃၄ |
| စာညွှန်း | ၁၃၆ |


www.burmeseclassic.com

www.burmeseclassic.com



# ရေးသူ့အမှာ

ဂီတဆိုတာ လူတို့ရဲ့ နားသောတ အကြားအာရုံနဲ့ ပတ်သက်ပြီး လူတို့ ခံစားနိုင်အောင် လူက တီထွင်ကြံဆ ဖန်တီးထားတဲ့ လူ့ယဥ်ကျေးမှု တစ်ရပ်ပဲ။ ဒီ လူ့ယဥ်ကျေးမှုကို လူက လူပေါ်စကတည်းက လုပ်ဆောင်ခဲ့တာပါ။ ရှေးဦးလူသားက ပထမ သစ်သားတုံးအချင်းချင်းကို တီးခေါက်တဲ့ အသံနဲ့ သာယာတဲ့အသံဖြစ်အောင် ဖန်ကောင်းဖန်မယ်။ သစ်ရွက်နှစ်ခုကို ညှပ်ပြီး မှုတ်တဲ့အသံကို ဂီတသံဖြစ်အောင် ဖန်ကောင်းဖန်မယ်။ ပင်လယ်ကမ်းစပ်မှာနေသူ လူသားကလည်း ခရုသင်းကို တွေ့တဲ့အခါ ကောက်မှုတ်ကြည့်ရင်း သံစဉ်ရှာမှာဖြစ်ပါတယ်။ ဒါက တူရိယာအပိုင်း။

တေးသီချင်းအပိုင်းကလည်း သားငါးရှာဖွေလို့ တွေ့ရှိတဲ့အခါ၊ ပျော်လို့ဖြစ်စေ၊ ကျောက်ဂူဝမှာ လသာနေလို့ဖြစ်စေ စိတ်ကူးပေါက်ရာကို

www.burmeseclassic.com

အသံထည့်ပြီး ရေရွတ်သီဆိုမှာပါပဲ။ အဲဒီကမှ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာကြတာဖြစ်ပါလိမ့်မယ်။

ဒီလိုရှိရာမှာ လူမျိုးတိုင်းမှာ ကိုယ်ပိုင် ယဉ်ကျေးမှုတွေထဲ ကိုယ်ပိုင်ဂီတဆိုင်ရာ ယဉ်ကျေးမှုများလည်း အသီးသီးရှိကြတာပဲ။ ဒါကိုပဲ ကိုယ့်အစဉ်အလာ၊ ကိုယ့်အမွေအနှစ်၊ ကိုယ်ပိုင်ပစ္စည်းပေမို့ ဒါကို အခြေခံပြီး ခေတ်ကာလနဲ့အညီ တိုးတက်ကောင်းနိုးရာရာများကို ထပ်လောင်း ဖန်တီးကြရတယ်။ ဒါဟာ လူ့အစဉ်အလာ၊ လူ့ဓမ္မတာပါပဲ။

အဲသလိုရှိကြရာမှာ ကျွန်မတို့ အမျိုးသားတွေလည်း ဟိုပျူခေတ်ကစပြီး အတီးတွေ၊ အဆိုတွေ၊ အကတွေ ရှိခဲ့တယ်ဆိုတဲ့ အထောက်အထားတွေ အခိုင်အမာ တွေ့ထားကြလေတော့၊ ကိုယ့်လူမျိုးရဲ့ သဘင်အဆင့်ဟာ တခြားယဉ်ကျေးမှုမှာ မနိမ့်ခဲ့သလိုပဲ သူလည်း မြင့်မြင့်မားမားရှိခဲ့တယ်လို့ တူးဖော်တွေ့ရှိနေကြတဲ့ ကြေးရုပ်တွေ၊ ကျောက်ထွင်းရုပ်ထုတွေအရ ပြောနိုင်ကြသား မဟုတ်လား။

အင်းဝနဲ့ ကုန်းဘောင်ဆိုတဲ့ ခေတ်တွေကို ရောက်လာတဲ့အခါမှာတော့ သီချင်းကြီး သီချင်းခံဆိုတဲ့ ဂီတတွေက လောက်လောက်လားလား လှလှပပကြီး ပေါ်ထွက်လာခဲ့ပါတယ်။ မြဝတီမင်းကြီးလို့ခေါ်တဲ့ ဦးစတို့၊ မလွန်မင်းသားတို့၊ ပြင်စည်မင်းသားတို့၊ အနောက် နန်းမတော် မမြကလေးတို့၊ လှိုင်မင်းသမီးတို့ စတဲ့ စာဆိုအမျိုးသား အမျိုးသမီးတွေက ဂီတသံစဉ်တွေနဲ့ သီချင်းကြီး သီချင်းခံ၊ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား စတာတွေကို ရေးဖွဲ့ သီဆို တီးမှုတ်ခဲ့ကြတယ်။

အဲဒီဂီတတွေဟာ ခုခေတ် လူငယ်တို့အကြိုက်စကားနဲ့ ပြောရရင် မြန်မာ့ကလပ်ဆစ် (Classics) တွေပဲ။ ပေမီ ဒေါက်မီရှိတယ်၊ ခမ်းနားတယ်၊ ဂုဏ်ယူနိုင်လောက်တဲ့ ပစ္စည်းတွေဖြစ်တယ်။

ဒီပစ္စည်းတွေက အချိန်ကာလရဲ့ တိုက်စားခြင်း ဘယ်လိုပဲ ခံရခံရ မပျောက်ပျက်စကောင်းဘူး၊ မတိမ်းပါး မပျက်စီးစကောင်းဘူး၊ လူမျိုးရဲ့ ဂုဏ်ယူထိုက်တဲ့ မိမွေဘမွေတွေအဖြစ်နဲ့ ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရမယ်၊ မြတ်မြတ်နိုးနိုး လေ့လာဆည်းပူးကြရမယ်လို့ သူ့ခေတ် သူ့

www.burmeseclassic.com

www.burmeseclassic.com



အခါတုန်းက ဒီတေးသီချင်းကြီးတွေကို ဘယ်လို သီခဲ့, ဆိုခဲ့, တီးမှုတ်ခဲ့ကြတယ်လို့ မဟာဂီတနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင် နှိုက်နှိုက်ထွင်ထွင်လည်း ရှိကြသူ၊ မြတ်နိုးလေးစားစွာနဲ့ ကိုယ်တိုင်သင်ကြား သီဆို တီးခတ်ခဲ့ကြသူ ပုဂ္ဂိုလ်ကြီးနှစ်ဦးက ကျွန်မကို ပြောပြခဲ့ပြီး သူတို့ပြောခဲ့တာတွေကို ပြန်လည်ဖော်ထုတ်ပါလို့ မှာကြားခဲ့တာများ ရှိပါတယ်။

တစ်ဦးသောပုဂ္ဂိုလ်က မန္တလေးမြို့က ရွှေပြည်မင်းကြီးလို့ ခေါ်တတ်ကြတဲ့ ယောအတွင်းဝန် ဦးဘိုးလှိုင်ရဲ့မြေး၊ ဝတ်လုံတော်ရ ဦးခင်မောင်ဒွေးပါ။ တစ်ဦးသောပုဂ္ဂိုလ်က သီချင်းကြီး သီချင်းခံနယ်မှာ ထင်ရှားကျော်ကြားလှတဲ့ အဆိုတော်ကြီး ဒေါ်စောမြအေးကြည်ပါ။

ဒီပုဂ္ဂိုလ်နှစ်ဦးက တေးသီချင်းတွေကိုသာမက ဒီတေးသီချင်းများကို အကောင်အထည်ဖော်ရာမှာ တီးခတ်ရတဲ့ မြန်မာ့တူရိယာ စောင်းနဲ့ ပတ်သက်လို့လည်း မတိမ်ကော မပပျောက်စကောင်းဘူး၊ စောင်းတူရိယာဟာ တူရိယာတွေအားလုံးထဲမှာ အင်မတန် အထက်တန်းကျတဲ့ တူရိယာ ဖြစ်တယ်လို့ ပြောကြားခဲ့ကြပါတယ်။

ဒါ့ကြောင့် သူတို့ပြောကြားချက်များကို ရှုမဝမဂ္ဂဇင်းမှာ ဟို ၁၉၈၁ ခုနှစ်က လစဉ် ဆက်ပြီး စီကာပတ်ကုံး ရေးသားဖော်ပြခဲ့ပြီးတဲ့ နောက် ခုတစ်ခါ စုစည်းပြီး စာအုပ်အဖြစ် ပြန်လည်ရိုက်နှိပ်တာပါ။

ကနေ့ခေတ်ကာလ စက်မှုသိပ္ပံပညာက အလွန်အမင်း တိုးတက်နေရာယူနေပါတယ်။ ဂီတနယ်မှာဆိုရင် လက်နဲ့ တစ်ချက်ထိကာမျှနဲ့ အသံပေါင်းများစွာ ထွက်လာနိုင်တဲ့ စက်တူရိယာတွေ ပေါ်ထွန်းနေပါပြီ။ နောင် ဘာတွေ ထပ်မံ တိုးတက်လာဦးမယ်ဆိုတာကိုလည်း မပြောနိုင်သေးပါဘူး။

စောင်းဆိုတာ ကျွန်မတို့မှာသာမက ကမ္ဘာ့နိုင်ငံ အတော်များများမှာလည်း ရှိခဲ့ကြ၊ ရှေးက တီးခတ် အသုံးပြုခဲ့ကြပါတယ်။ နို့ပေမယ့် ဒီနိုင်ငံတွေမှာလည်း စောင်းဟာ ရှေးတူရိယာဖြစ်နေပြီး ကာလရဲ့ ဝါးမျိုမှုကို ခံရတော့မယ့် အခြေအနေရှိနေကြတယ်။ ဒါကို သိမြင်လို့ ၁၉၈၇ ခုနှစ်က တော့ တေးဂီတအဖွဲ့ကြီးတစ်ဖွဲ့က ကမ္ဘာ့နိုင်ငံတွေမှာ ရှိကြသေးတဲ့ စောင်း

www.burmeseclassic.com

တွေကို ဖိတ်ကြားပြီး ဒီစောင်းအမျိုးမျိုးရဲ့ တီးခတ်သံများကို ဗွီဒီယိုနှစ်ခွေစာစီ ရုပ်သံသွင်းယူပြီး မော်ကွန်းတင်တဲ့ကိစ္စ ပြုလုပ်ခဲ့ပါတယ်။

စောင်းတူရိယာ ပျောက်ကွယ်သွားမှာကို စိုးရိမ်ရာတဲ့အဖွဲ့ကတော့ လန်ဒန်က ဘုရင့်သုံး တော်ဝင်ဂီတအဖွဲ့လို့ ခေါ်ရမယ့် Music of Royal Court ကဖြစ်ပါတယ်။ သူတို့က ကမ္ဘာ့နိုင်ငံ ၉ နိုင်ငံက စောင်းသမားအကျော်တွေကို ဘိလပ်ကို စောင်းပိုက်ပြီး လာကြပါ။ ဘိလပ်မှာ စောင်းတွေကို အသံသွင်းပြီး ရုပ်မြင်ပါ ရိုက်ကူး မှတ်တမ်းတင်ထားချင်ပါတယ်လို့ ဖိတ်ကြားခဲ့တယ်။ မြန်မာကိုလည်း ဖိတ်ကြားလေတော့ မြန်မာ့စောင်းကို မန္တလေးမြို့ ပန်တျာကျောင်းက စောင်းနည်းပြဆရာကြီး ဦးမြင့်မောင်က မြန်မာကို ကိုယ်စားပြုပြီး တက်ရောက်ခဲ့ပါတယ်။ ပြီးတော့ ဗွီဒီယိုနှစ်ခွေစာ ရုပ်သံသွင်းပေးခဲ့ပါတယ်။

ကမ္ဘာ့နိုင်ငံ ၉ နိုင်ငံကစောင်းတွေ ဘိလပ်မှာ ဆုံစည်းကြတဲ့အခါ၊ မြန်မာ့စောင်းက အဆင့်အတန်း မနိမ့်ပါဘူးတဲ့၊ မနိမ့်တဲ့အပြင် မြန်မာတို့က စောင်းကြိုးကို အလျှော့အတင်း ပြုလုပ်တဲ့အခါမှာ ဘွဲ့ကြိုးနဲ့ တင်းတာလျှော့တာကို တခြားစောင်းတွေက အလွန် အံ့သြသဘောကျကြတယ်ဆိုကိုး၊ ကျန်စောင်းရှစ်လုံးစလုံးက ဒလက်နဲ့ချည်း ကြိုးတင်း ကြိုးလျှော့လုပ်တယ်။ မြန်မာစောင်းတစ်ခုပဲ ဘွဲ့ကြိုးနဲ့ အလျှော့အတင်းလုပ်တာရှိသတဲ့။ အဲဒါကို သူများစောင်းတွေက သဘောကျတာ၊ အံ့သြတာဖြစ်သတဲ့။ ဒီအဖြစ်ကို ဦးလေး ဦးခင်မောင်ဒွေးများသိရင် ဘယ်လောက်များ ကျေနပ်လိုက်မလဲလို့၊ "ကဲ–ဦးလေး မပြောလား၊ ဦးလေးတို့စောင်းက အဆင့်အတန်းရှိတဲ့ တူရိယာပါကွယ်" လို့ ပြောရာဦးမယ် မုချပါ။

ကျွန်မတို့မှာ မဟာဂီတဖြစ်စေ မဟာဂီတကို အကောင်အထည်ဖော်တဲ့ တူရိယာ စောင်းဖြစ်စေ၊ ကိုယ့်ယဉ်ကျေးမှု၊ ကိုယ့် မိမွေ, ဘမွေအဖြစ်နဲ့ ကိုယ်ပိုင်ရှိပြီး ပစ္စည်းတွေပါ။ ဒါတွေကို ကောင်းကောင်းမွန်မွန်နဲ့ တလေးတစား ထိန်းသိမ်းကြရမှာပါ။

သူ့ခေတ်နဲ့ သူ့နား သာတယ်ထင်ရာကို လွတ်လပ်စွာလုပ်ဆောင်လို့ရပါတယ်။ ဘယ်နိုင်ငံမှာမဆို လွတ်လပ်စွာလည်း လုပ်ဆောင်နေကြ

www.burmeseclassic.com

www.burmeseclassic.com



တာပါ။ နို့ပေမယ့် ဆက်သွယ်ရေးလမ်းကြောင်းတွေက အလွန်လည်းများ၊ အလွန်လည်း ဖြောင့်ဖြူးနေလေတော့ ဥစ္စာအင်အားကြီးရာ နိုင်ငံများရဲ့ ယဉ်ကျေးမှုသြဇာက နိုင်ငံငယ်များအပေါ် လွှမ်းမိုးကြီးစိုးတာလည်း ဓမ္မတာပါ။ အပြစ်ကြီး မပြောလိုပါဘူး။ ဒါပေမဲ့ နိုင်ငံကြီးတွေမှာ ခေတ်ပေါ်တေးဂီတဟာ ခေတ်ပေါ်တေးဂီတပဲ။ ဒီခေတ်အသံက ကလပ်စစ်ခေါ်တဲ့ အစဉ်အလာတေးတွေကို ထိပါးတာ၊ နှောက်ယှက်ပြုပြင်တာ၊ တစ်စွန်းတစ်စ ဆွဲထုတ် ယူငင်သုံးစွဲတာမျိုးတော့ မပြုလုပ်ကြဘူး။ မတို့မထိဘဲနဲ့ တလေးတစား မြတ်မြတ်နိုးနိုးပဲ မူမပျက် တီးမှုတ်သုံးစွဲမှုများပြုလိုတဲ့အခါ ပြုကြတယ်။

ဒီနမူနာကိုယူပြီး ကျွန်မတို့နိုင်ငံက ခေတ်လူတွေကလည်း မြန်မာ့ ရှေးသီချင်းကြီး သီချင်းခံတွေကို မတို့မထိ မဖျက်မဆီးဘဲ ရိုရိုသေသေ ယူငင်တီးမှုတ် သီဆိုချင်သပ ဆိုရင် သီဆိုတီးမှုတ်ကြပါ၊ မဟုတ်ရင် ကောင်းမွန်စွာ စုဆောင်းသိမ်းဆည်းထားပါလို့ပဲ မေတ္တာရပ်ခံချင်ပါတယ်။ ရှေးလူတွေ ထားခဲ့တာဟာ နောက်လူတွေ ဖျက်ပြီး ကစားပစ်ကြဖို့ဖြင့် မဟုတ်လေဘူး၊ ခိုင်လုံတဲ့ အတိတ်အဖြစ်နဲ့ ကျောက်တိုင် ကျောက်သားပမာ အခိုင်အမာ ထားခဲ့တာဖြစ်တယ်။ ဒါကို ခိုင်သည်ထက်ခိုင်အောင် လုံခြုံသည်ထက် လုံခြုံအောင်သာ ထားရှိသင့်ပါတယ်။

ကျွန်မကို သူ့အာဘော်တွေရေးပြီး လူကြားထဲရောက်အောင် ဖြန့်ဖြူးပေးစမ်းပါလို့ မှာခဲ့တဲ့ ဦးလေး ဦးခင်မောင်ဒွေးကဆိုရင် "မဟာဂီတ" လို့ ခေါ်တာတောင် မကြိုက်ဘူးတဲ့၊ ရှေးသီချင်းကြီး သီချင်းခံလို့သာ ခေါ်စေချင်သတဲ့။ ခုတော့ မလွှဲမရှောင်သာလို့ ဦးလေးဆန္ဒကို ပယ်ရှားပြီး အများသုံးနှုန်းနေတဲ့ အခေါ်အဝေါ်ကိုပဲ ခေါ်ဝေါ်လိုက်ရတယ်။

လူထုဒေါ်အမာ

www.burmeseclassic.com


www.burmeseclassic.com



ဒေဝဣန္ဒာ မောင်မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ရွှေပြည်ဝန်ကြီး-မြေး - ဝတ်လုံဦးခင်မောင်ဒွေး နှင့် လူထုဒေါ်အမာ

www.burmeseclassic.com



လူအများချစ်သောဂီတဆိုး တူရိယာ စောင်းကောလေး နှင့် စိန်စေဒီ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သော်မြွှေအောင်ကြည် နှင့် ရာကန် ဦးတင် တို့ ပြောပြချက်များ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စောမြသေအေးကြည် (မွေးနေ့လေးမှာတင်ဆုံးသောဓာတ်ပုံမှတ်တမ်းမှ)

www.burmeseclassic.com



ရေကာန် ဦးဝင်း

www.burmeseclassic.com



ဒေါ်စောမြအေးကြည်တို့ (မန္တလေးတောင်နောက်ဆုံးအကြိမ်ဘုရားဖူးလာကြစဉ်)

www.burmeseclassic.com

## မဟာဂီတရဲ့ ရှေးဟောင်းနှောင်းဖြစ်

ပြင်ဦးလွင်မြို့နယ် စာပေလုပ်သားအဖွဲ့က ကြီးမှူးကျင်းပတဲ့ မြန်မာ့စာပေနဲ့ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဆွေးနွေးပွဲကို ၉–၅–၈၁ နေ့က ပြင်ဦးလွင်မြို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းတိုက်မှာ ကျင်းပခဲ့ပါတယ်။ သတင်းစာဆရာ, စာရေးဆရာ ဆရာဇဝန၊ လူထုဦးလှနဲ့ ကျွန်မတို့သုံးယောက်ကို စာပေဝါသနာရှင်တွေက စာပေနဲ့ အနုပညာနဲ့ ပတ်သက်တဲ့မေးခွန်းတွေကို မေးမြန်းဆွေးနွေးကြတဲ့ပွဲပါ။ ဆွေးနွေးပွဲက စိတ်ဝင်စားစရာ သိပ်ကောင်းပါတယ်။ မေးတဲ့လူတွေက ကနေ့ မြန်မာစာပေနဲ့ အနုပညာနယ်မှာ ပေါ်ပေါက်နေတဲ့ ပြဿနာတွေ တော်တော်များများကို မေးမြန်း ဆွေးနွေးကြတာကိုး။ ဥပမာ–

- ရုပ်ပြစာပေနဲ့ပတ်သက်လို့ ဘယ်လို သဘောထားပါသလဲ၊ အကျိုးအပြစ်ကို သိပါရစေ။
- ကာရန်မဲ့ ကဗျာအကြောင်း ပြောပြပါ။
- ရှေးသီချင်းကြီး၊ သီချင်းခံတွေကို ဒစ္စကိုဂီတက ယူငင် သီဆိုတီးမှုတ်နေတာ ဘယ်လို သဘောထားပါသလဲ။
- ရှဲဒိုးစာရေးဆရာအကြောင်း သိချင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


- ကနေ့ ဘယ်လိုစာမျိုးတွေ ရေးသင့်ပါသလဲ။
- သတင်းစာဆရာနဲ့ စာရေးဆရာ၊ ဘယ်အမည်ကို ဂုဏ်ယူပြီး ခံယူပါသလဲ။

ဆိုတဲ့ မေးခွန်းတွေအပြင်၊ ဆရာဇဝနနဲ့ဆိုင်တဲ့ ကောလိပ်ကျောင်းသား ဝတ္ထုအကြောင်း၊ လူထုဦးလှနဲ့ဆိုင်တဲ့ ပုံပြင် စာပေအကြောင်း၊ ကျွန်မနဲ့ဆိုင်တဲ့ အနုပညာစာအုပ်တွေအကြောင်း၊ ပုဂ္ဂိုလ် လိုက်လို့မေးမြန်းတာတွေရော ပါတယ်လေ၊ စုံလို့ပဲ။

အဲဒီမေးခွန်းတွေထဲက 'ရှေးသီချင်းကြီး သီချင်းခံတွေကို ဒစ္စကို ဂီတက ယူငင် သီဆို တီးမှုတ်နေတာကို ဘယ်လို သဘောထားပါသလဲ' ဆိုတဲ့ မေးခွန်းကိုတွေ့တော့ ကျွန်မက ဖြေချင်ရက်လက်တို့ ဆိုတာမျိုးမို့ ကျွန်မဖြေပါရစေလို့ပြောပြီး၊ ပြင်ဦးလွင်မြို့မှာ ဖြေကြားခဲ့ပါတယ်။ နို့ပေမယ့် ဆွေးနွေးပွဲဟာ နေ့ခင်း ၁ နာရီကစပြီး ညနေ ၅ နာရီမှာပြီးရတဲ့ ဆွေးနွေးပွဲ၊ ခန်းလုံးပြည့်ပရိသတ်က တုတ်တုတ်မှမလှုပ်၊ မထပေမယ့် ဒီထက်ပိုပြီး မကြာသင့်တာမို့ အကန့်သတ်နဲ့ပဲ ဖြေကြားခဲ့ကြရတယ်။ ဒီအကြောင်း ဒီကိစ္စတွေက ဒီထက်ကျယ်ကျယ်ပြန့်ပြန့် ပြောသင့်တဲ့ကိစ္စပါ။

မဟာဂီတလို့ခေါ်ကြတဲ့ ကျွန်မတို့ သီချင်းကြီး သီချင်းခံတွေက ရှေးက ဂီတစာဆို ပညာရှင်ကြီးတွေဖြစ်ကြတဲ့ မြဝတီမင်းကြီးဦးစ (၁၇၆၆ –၁၈၅၃)၊ ပြင်စည်မင်းသား၊ လှိုင်ထိပ်ထား၊ အနောက် နန်းမတော် မမြကလေး၊ မင်းကြီးကတော်ခင်ဆုံ စသူတို့ရေးသားထားခဲ့ကြတဲ့ အမျိုးသား ယဉ်ကျေးမှု ဂီတအမွေ (Classics- ကလပ်ဆစ်) တွေပါ။ ဒါတွေကို ကျွန်မတို့က တလေးတစား မြတ်မြတ်နိုးနိုးနဲ့ ထိန်းသိမ်းထားရမှာပါ။ ဒီခေတ် ဒစ္စကိုဂီတက ယူငင်သီဆို တီးမှုတ်တာကို တချို့ လူငယ်တွေက "ချောင်ထိုးထားလို့ ဖုန်တက်နေရတဲ့ ရှေးသီချင်းတွေကို ပြန်လည် ဆန်းသစ်တာပဲ" လို့ ပြောချင်ပြောကြလိမ့်မယ်။ ဒီပုံစံနဲ့ ပြန်လည်ဆန်းသစ် တာကိုတော့ အမျိုးသားယဉ်ကျေးမှု အမွေပစ္စည်းရယ်လို့ သိသူတိုင်းက ကျေနပ်လက်ခံသဘောတူမယ်မဟုတ်ပါဘူး။

ဥရောပမှာ ဗီသိုဘင်တို့၊ ရှုပင်တို့၊ မိုးဇက်တို့ဆိုတဲ့ ဂီတဝိဇ္ဇာမိုရ်ရဲ့

www.burmeseclassic.com

www.burmeseclassic.com

ကြီးတွေ ရေးဖွဲ့ခဲ့တဲ့ ဂီတတွေ ရှိပါတယ်။ ဒါတွေကို နှောင်းလူတွေက တကယ့် တခမ်းတနား မှန်စီရွှေချထားရုံမက တရိုတသေ တီးမှုတ်တယ်၊ တရိုတသေ နားထောင်ပါတယ်။ ပေါ့ပ်မြူးဇစ်လို့ ခေါ်တဲ့ ခေတ်ပေါ်ဂီတက သူ့လမ်းနဲ့သူပဲသွားတယ်။ ကလာပ်ဆစ်လို့ခေါ်တဲ့ မဟာဂီတကို တို့လည်းမတို့ဘူး၊ ထိလည်းမထိဘူး။

ကျွန်မ ဂျာမနီကို ရောက်ခဲ့တုန်းက တစ်နေ့မှာ အမျိုးသမီးအသင်းဝင် အိမ်ရှင်များက ဂီတပွဲရှိလို့ နားထောင်ဖို့ လက်မှတ်ဝယ်ထားပါတယ်ဆိုလို့ ဘာလင်မြို့က ရုံကြီးတစ်ရုံမှာ လိုက်ပြီး နားထောင်ခဲ့ရဖူးပါတယ်။ ကျွန်မတို့ဆီမှာ ဆိုင်းနားထောင်ရအောင်ပော့ဆိုရင် ဖိနပ်ဖင်ခုထိုင်ပြီး ပါလာတဲ့ ယပ်တောင်ခပ်ရင်း၊ ဆေးလိပ်တစ်တိုနဲ့ လမ်းပေါ်ထိုင် နားထောင်ကြတယ်ဟုတ်လား၊ သူတို့ဆီမှာ လမ်းဘေးတင် ဒီလို အလားကား မရဘူး၊ ကျွန်မအိမ်ရှင်များက ၂ ရက်ပဲစောပြီး လက်မှတ်ဝယ်မိလို့တဲ့ ရုံထဲမှာ နေရာကအလယ်လောက်မှာမှ ရပါတယ်။ ရှေ့နားဆီက မရတော့ဘူး၊ ဝင်တော့မယ်ဆိုတော့ အစီအစဉ် စာရွက်တစ်ခုကို ငွေ ၂ ကျပ်လောက်ပေးပြီး ဝယ်ခဲ့ရသေးတယ်။ အတီးနားထောင်ဖို့ ဝင်လာတဲ့ ပရိသတ်က လူငယ်လူရွယ် မိန်းမငယ်လေးတွေကစပြီး အဘိုးကြီး အမယ်ကြီးအထိ အရွယ်မျိုးစုံပါတယ်။ နားထောင်သူပရိသတ်မှာ တစ်ဝက်လောက်က ဂီတစာအုပ်ထူကြီးတွေကိုပိုက်လို့။ ဂီတသင် ကျောင်းသား ကျောင်းသူတွေလည်း ပါဟန်တူပါရဲ့။ တီးတဲ့ဝိုင်းက လူ ၁၅၀ ထက်မနည်းပါတဲ့ သံစုံဝိုင်းကြီး၊ အဲဒီဝိုင်းက မဟာဂီတမှာပါတဲ့ ဘယ်သူဖွဲ့ခဲ့တဲ့ ဘာဂီတ အပိုဒ်ဘယ်လောက်ကို တီးလိမ့်မယ်လို့ ကြေညာတာနဲ့တစ်ပြိုက်နက် ဂီတစာအုပ်ကြီးတွေ ပါလာတဲ့လူတိုင်းက အဲဒီစာမျက်နှာကို ရွှေးလှန်တယ်။ လှန်ပြီး စူးစူးစိုက်စိုက် နားထောင်ရင်း၊ စာအုပ်ထဲမှာ ခဲတံတစ်ချောင်းနဲ့လည်း လိုက်ပြီးတော့ ရေးသေးတေးသေးမှတ်သေးတယ်။ ကျွန်မက အိပ်မငိုက်အောင် မနည်းကြီးသတိထားပြီး နားထောင်နေရပေမယ့် သူတို့လူတွေမှာတော့ အင်မတန် စူးစိုက်မှုမျိုးနဲ့၊ ပညာယူတဲ့လူတွေက ယူနေကြတယ်။ အငမ်းမရ အာရုံခံတဲ့လူတွေကလည်း လုံးစေ့ပတ်စေ့ ပီတိအပြည့်နဲ့ မျက်စိမှိတ်ပြီး အာရုံခံနေကြတယ်။
www.burmeseclassic.com

www.burmeseclassic.com


အတီးအဖွဲ့ကြီးက တီးမှုတ်ပြတဲ့ ဂီတရဲ့ ဖွဲ့စည်းမှု ဘယ်လောက် အထက်တန်းကျတယ်ဆိုတာကို ကိုယ်က နားမလည်ခဲ့ပေမယ့် သူတို့ ခံစားတတ်၊ ခံစားနိုင်တဲ့လူတွေ လေးစားမြတ်နိုးပုံက ကြီးကျယ်လွန်းလို့ ကိုယ်ပါ အရိပ်နင်းမိပါ့ဆိုတာမျိုး ဖြစ်ခဲ့ရတယ်။

ကျွန်မတို့ဆီမှာတော့ ကိုယ့်အမျိုးသားရဲ့ ရိုးရာယဉ်ကျေးမှု အမွေ အနှစ်ကို ဒီလို တရိုတသေ မထားရှိဘဲ နှောင်းလူတွေက ကြိုက်သလိုပြုပြင် လိုက်ကြမယ်ဆိုရင် အားလုံး ပျက်စီးကုန်နိုင်ပါတယ်။ ကိုယ်ကြိုက်ရာကို လုပ်ပါ၊ ကိုယ်နားမှာ "သာ" တယ်ဆိုရင် ဘာကိုပဲတီးတီး၊ ခေါက်ခေါက်၊ မှုတ်မှုတ်၊ သူ့ခေတ်နဲ့သူ သာယာတယ်ထင်ရင် ပြီးတမ်းပါ။ နို့ပေမယ့် ရှေးကတည်းက ရှိခဲ့၊ ထားခဲ့တဲ့ အမျိုးသားအမွေ၊ အမျိုးသားယဉ်ကျေးမှုကြီး တွေကိုတော့ မထိတို့သင့်ပါဘူး။

ဒီကိစ္စကို ခုနေများ ဦးလေး ဦးခင်မောင်ဒွေးတို့တစ်တွေရှိရင် ဘယ်လိုများ သဘောထားမှာပါလိမ့်လို့ သတိရမိတယ်။ မန္တလေးမှာ ရှေးသီချင်းကြီးတွေ မြတ်မြတ်နိုးနိုး သီဆိုတီးမှုတ်ခဲ့ကြ၊ ဖော်ထုတ်ထိန်းသိမ်း ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေကလည်း အချိန်ကာလရဲ့ တိုက်စား ဝါးမျိုမှုကြောင့် အလွန်နည်းပါးကုန်ပြီ။ တစ်နေ့တော့ ဒီလိုဖြစ်လာနိုင်တာကိုလည်း မဟာ ဂီတကို ထိန်းသိမ်း ဖွံ့ဖြိုးစေလိုတဲ့ အဖွဲ့ဝင်တွေက သတိထားခဲ့မိတယ်။ ဒါကြောင့် တစ်နေ့တော့ ဦးလေး ဦးခင်မောင်ဒွေးက ကျွန်မကိုခေါ်ပြီး "ငါ့တူမကြီးရယ် မင်းက စာရေးတတ်ပါတယ်၊ ရေးစမ်းပါ၊ ဦးလေးရင်ထဲ ရှိတာတွေ ပြောပြစမ်းပါရစေ" လို့ ဆိုပြီး ၁၉၆၇ ခုနှစ် စက်တင်ဘာလ ၁ လလုံးလောက်နီးပါး ကျွန်မကို သူ့အိမ်မှာ မဟာဂီတနဲ့ပတ်သက်တဲ့ ရှေးဟောင်းနှောင်းဖြစ်တွေ၊ သူခံစားနေရပုံတွေ၊ သူမပျောက်ပျက်စေချင်တဲ့ မှုတွေကို ပြောပြသွားပါတယ်။ ကျွန်မက သူပြောသမျှ သူ့အာဘော်ကို သေသေချာချာ ရေးမှတ်ယူလိုက်တယ်။ နို့ပေမယ့် သူ့ဆန္ဒရှိသလို ရေးတော့ မရေးဖြစ်ခဲ့ဘူး။

ခု မဟာဂီတထဲက သီချင်းကြီးတွေကို ခေတ်ကာလ တီးဝိုင်းတွေ က ခေတ်တူရိယာ ခေတ်အသံတွေနဲ့ ကြိုက်သလို ဆိုကြ တီးကြ မှုတ်ကြ လုပ်နေတဲ့အခါတော့၊ ဒီလို လုပ်သင့် မလုပ်သင့်ဆိုတာ ပြဿနာပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဒါကြောင့် ဦးလေးပြောပြချက်၊ ဦးလေးအာဘော်ကို ပြန်တင်ပြချင်ပါတယ်။

ဦးလေး ဦးခင်မောင်ဒွေးဆိုတာ မန္တလေးမြို့မှာ ထင်ရှားခဲ့တဲ့ ဝတ်လုံ၊ မဟာဂီတ အသင်းဝင်တစ်ဦး၊ မန္တလေး ပန်တျာကျောင်းမှာ စောင်းဆရာမကြီးလုပ်သွားဖူးတဲ့ 'မေ' ရဲ့ တစ်ချိန်က ခင်ပွန်းဖြစ်ခဲ့ရုံမက၊ ယောအတွင်းဝန် ဦးဘိုးလှိုင်လို့ သိကြတဲ့ ရွှေပြည်မင်းကြီးရဲ့ မြေးအရင်းပါ။ ယောမင်းကြီးရဲ့သမီး ရွှေပြည်ခင်ခင်လေးနဲ့ ညောင်ဝန်းဝန်ထောက် မင်းသား မောင်မောင်လေးနဲ့ သင့်မြတ်ရာမှာ ဦးလေး ဦးခင်မောင်ဒွေး (၁၈၉၃–၁၉၈၀) ကို မွေးတာပါ။

ဒါ့ကြောင့် ဦးလေးတို့ငယ်ငယ်က ပါတော်မူပြီးစမို့ တနင်္ဂနွေနေ့ဆိုရင် ဦးလေးတို့မိဘများရဲ့အိမ်မှာ မြန်မာမှုဟောင်း မတ်ဟောင်း မင်းဆွေစိုးမျိုးတွေစုဝေးပြီး အင်္ဂလိပ်ရဲ့ အတင်းအဖျင်း ပြောကြားကြရင်း၊ မဟာဂီတလာ သီချင်းများ တီးကြ မှုတ်ကြသံကို နားထောင်တဲ့ဝိုင်း ဖြစ်လေ့ရှိသတဲ့။ ဝက်မစွတ် ဝန်ထောက်မင်းတို့၊ ရွှေတိုက် အတွင်းဝန်မင်းတို့လည်း အမြဲလိုလို ရောက်လာတတ်သတဲ့။ ဒီဝိုင်းမှာ အဆိုအတီးကတော့ ဒေဝဣန္ဒာက စောင်း၊ ဘုန်းကြီးပေက အဆို၊ တစ်ခါတလေ စောင်းသမား ဆရာသိန်းကြီးနဲ့ သမီး ဒေါ်သူဇာတို့အဖွဲ့ တီးကြဆိုကြသတဲ့။ ရွှေပြည်မင်းကြီးရှိစဉ်အခါက သူ့သမီး၊ သားတွေ ဂီတတတ်အောင်လို့ သမီးတွေကို ဆရာသိန်းရဲ့သမီး ဒေါ်သူဇာဆီက စောင်းသင်စေတယ်။ နောက် အင်္ဂလိပ်ခေတ်မှာ ကွန်ဗင့်ကျောင်းက စန္ဒရားဆရာမဆီကလည်း စန္ဒရားသင်စေခဲ့တယ်။ ဒါကြောင့် ဦးလေး ဦးခင်မောင်ဒွေးတို့က မဟာဂီတနဲ့ မြန်မာ့စောင်းသံကို ငယ်ငယ်ကတည်းက နားရည်ဝခဲ့တယ်။ ကြီးလာတော့လည်း ဒေဝဣန္ဒာတို့နဲ့ ဆက်ပြီး စောင်းသင်ခဲ့၊ တခြားတူရိယာများကိုလည်း တီးခဲ့၊ မဟာဂီတအသင်းလည်း ပါခဲ့လေတော့ သီချင်းကြီး သီချင်းခံတွေနဲ့ ပတ်သက်တဲ့ ရှေ့မီနောက်မီ ဦးလေးရဲ့ခံယူချက်ကို အလေးထား စဉ်းစားထိုက်တယ်လို့ထင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဦးလေး ဦးခင်မောင်ဒွေးရဲ့ ပြောပြချက်ကို ပြန်တင်ပြရရင် –

"မြန်မာ့တူရိယာတွေထဲမှာ စောင်းတူရိယာဟာ ကနေ့ တွင်ကျယ်ခေတ်စားပြီး မြန်မာတွေ အထင်ကြီးနေတဲ့ အနောက်နိုင်ငံက တူရိယာတွေနဲ့ အများကြီး ခြားနားတဲ့ပစ္စည်း၊ အထက်တန်းကျတဲ့ပစ္စည်း၊ သူများတူရိယာက ဘယ်လိုမှ လိုက်လို့မမီတဲ့ ပစ္စည်းပါ။ ဦးလေးက စောင်းကို အထင်ကြီးလှချည့်လားလို့ ငါ့တူမက ထင်ကောင်းထင်မယ်၊ ဦးလေးစကားကို မြဲမြဲမှတ်ထား။ ကမ္ဘာက လိုက်မမီတဲ့ ပစ္စည်းတွေ မြန်မာမှာ တော်တော်များများ ရှိတယ်။ အဲဒီအထဲမှာ နံပတ် (၁) က ဗုဒ္ဓရဲ့အဘိဓမ္မာ၊ ဒီနောက် (၂) က မြန်မာ့ဂီတတူရိယာပစ္စည်း၊ တစ်ခုတည်းနဲ့ အသံ ၄ သံပြောင်းပြီး တီးတဲ့ပညာ။ ကဲ ဒါတွေပြောရင် မကုန်နိုင်ပါဘူး။ ဦးလေးပြောချင်တာ တစ်ခုကိုပဲ စူးစူးစိုက်စိုက် ပြောပြပါမယ်။

မြန်မာ့စောင်းဆိုတဲ့ တူရိယာပစ္စည်းဟာ ၇ သံ ပြောင်းတီးတာလို့ မြန်မာတွေက သိထားကြတယ်။ အဲဒါ ဘယ်ကရတဲ့ အသိလဲဆိုတော့ သက္ကတနဲ့ရေးထားတဲ့ ဝေဒကျမ်းက အဋ္ဌကထာဆရာများရဲ့ ကောက်နုတ်ချက်အရ သိတာဖြစ်လိမ့်မယ်။ အဲဒီကောက်နုတ်ချက်ကို မန်လည်ဆရာတော်ဘုရားက မဟာသုတကာရီ မာဃဒေဝ လင်္ကာသစ်ထဲမှာ ဖော်ပြထားတယ်။ ရှင်အဂ္ဂသမာဓိရေးတဲ့ နေမိဘုံခန်းပျို့မှာ စောင်းက ၇ သံလို့ ရေးထားတယ်။ နို့ပေမယ့် အဲဒီလို ၇ သံလို့ပြပေမယ့် ၄ သံပဲတီးတယ်။ ကျန် ၃ သံကို မတီးနိုင်ဘူး။ စောင်းဆိုတဲ့တူရိယာ မြန်မာမှာ ရှိတယ်လို့ ပုဂံခေတ်အရင်က စာတွေမှာ ဖော်ပြပေမယ့် ၇ ကြိုးတပ်စောင်းကို ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက်ကျမှ တီးနိုင်တယ်လို့ ဦးလေးတို့က ယုံကြည်ယူဆတယ်။ အဲဒီအရင်က ၁၃ ကြိုးလည်း မတီးနိုင်ဘူး။ အသံပြောင်းလိုလည်း မရနိုင်ဘူး။ ညှင်းလုံးမှာပဲ တီးရမှာပဲ။

မြန်မာ့တူရိယာ စောင်းကို အနောက်နိုင်ငံက တူရိယာများနဲ့ မနှိုင်းယှဉ်သင့်ဘူး။ ဒီလိုပဲ မဟာဂီတပါ သီချင်းကြီး၊ သီချင်းခံများကိုလည်း ထင်ရာမြင်ရာ လုပ်မပစ်ထိုက်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com


ဦးလေး သေသေချာချာ ရှင်းပြမယ်။ စောင်းဆိုတာ တစ်ဦးတည်း အတွဲအဖက်မရှိဘဲ တီးရတဲ့ တူရိယာမျိုး၊ စောင်းရဲ့ အသံတစ်ခုတည်း အနေနဲ့ စဉ်းစားရင်း ခုပေါ်တဲ့ ခေတ်ပညာရှင်တွေ တီးနေကြတဲ့ အနောက်နိုင်ငံက တူရိယာပစ္စည်းတွေ့နဲ့ မနှိုင်းယှဉ်နိုင်ဘူး။ တခြားစီ။

စန္ဒရားဆိုတာ ကလေးထိုင်တီးဦး အသံသာနေတာပဲ။ စောင်းကတော့ ကလေးဝင်တီးလို့ သာယာတဲ့အသံမထွက်ဘူး။ အင်မတန်ညှိပြီး လုံ့လဝီရိယနဲ့ကျင့်တီးမှရတဲ့ တူရိယာ၊ ပြီးတော့ စောင်းတီးနေတဲ့အခါ ကြားတဲ့လူတိုင်းရဲ့နားထဲ မသာယာဘူး၊ နားထောင်တတ်မှ သာယာတယ်။ သူက ပညာနဲ့နားထောင်မှ နှစ်ခြိုက်မြတ်နိုးနိုင်တယ်။ ပညာနားမရှိရင် လူငယ်တွေရဲ့နားထဲမှာ အေးတေးခြောက်တောက်ကြီး ဖြစ်နေတာပါ။

စင်စစ်တော့ မြန်မာတို့ရဲ့ဂီတကို အပန်းဖြေဖို့၊ သာယာနာပျော်ဖွယ်ရှိဖို့၊ နားထောင်ပြီး စိတ်ကို ပျော်ရွှင်စေဖို့၊ ကြည်နူးသွားဖို့ဆိုတဲ့ တိုတောင်းတဲ့ ရည်ရွယ်ချက်နဲ့ ဖွဲ့စည်းထားတာမဟုတ်ဘူး။

ဂီတမှာ (၁) သာယာမှုကို အဓိကထားတဲ့ ဂီတ၊ (၂) ယဉ်ကျေးမှုကို အဓိကထားတဲ့ ဂီတရယ်လို့ ခွဲတမ်းရှိတယ်။ ဒီခွဲတမ်းကို ဂီတပညာချစ်မြတ်နိုးသူတိုင်းက မျက်ခြည်မပြတ်သင့်ဘူး။ မဟာဂီတရဲ့ အဓိကရည်ရွယ်ချက်က သာယာမှုမဟုတ်ဘူး။ ယဉ်ကျေးမှုဖြစ်တယ်။

ဒီလို ယဉ်ကျေးမှုကို အဓိကထားတဲ့ ဂီတတွေ အနောက်နိုင်ငံမှာလည်းရှိတာပဲ။ ဒါကို သူတို့က ကလပ်ဆစ် (Classics) လို့ သတ်မှတ်တယ်။ သာယာမှုအတွက် သက်သက်ကိုတော့ အော်ကက်စ်တရယ် (Orchestral) လို့ သတ်မှတ်တယ်။ ကလပ်ဆစ်ကို ခေတ်သမားတွေက ဘယ်လိုမှ မထိပါးပါဘူး။ သူ့နေရာနဲ့သူ တရိုတသေထားပြီး သာယာမှုကို ကိုယ်ကြိုက်သလို တစ်လမ်းခွဲပြီး ဖန်တီးနေကြတာပါ။

ကိုယ့်မှာ စောင်းတူရိယာက အသံ ၄ သံ ပြောင်းပြီးတီးတဲ့ ယဉ်ကျေးမှုရှိတယ်။ ဒါဟာ ဂီတမှာ အလွန်အထက်တန်းကျတဲ့ပညာ။

ဦးလေးတို့မရှိတဲ့နောက် ကိုယ့်နိုင်ငံရဲ့ ယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းဖို့ ဦးလေးတို့နောက်က ကျန်ရစ်တဲ့လူတွေမှာ တာဝန်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


မြန်မာစောင်းက ထူးမခြားနားသီချင်းခံက စတီးတယ်ဆိုပါတော့၊ ထူးမခြားနားကို ပထမညှင်းလုံးနဲ့ တျာ တေ တျောကို ၁ ပေါက်မှာ ထားတီးပါတယ်၊ နောက် ပတ်ပျိုးတီးတော့ အောက်ပြန်နဲ့ တျာက ၅ ပေါက် ပေါ်ကျတယ်။ အဲဒါက ဘောလယ်ကိုတီးတော့ တျာကို ၂ ပေါက် ပုလဲမှာ ထားတီးတာ၊ နောက် မြင်စိုင်းနဲ့ တျာကို ၆ ပေါက်မှာတီးတယ်။ တူရိယာ တစ်ခုတည်းနဲ့ အသံ ၄ သံပြောင်းတီးတာ မြန်မာစောင်းတစ်ခုပဲရှိပါတယ်။

မဟာဂီတမှာ ပါသမျှသီချင်းတွေကို ၄ သံခွဲပြီး တီးဖို့ဆိုဖို့ ဖြစ်ပေမယ့်၊ ခု ဦးလေးတို့ အသက်ရှင်နေဆဲကာလမှာပဲ တစ်သံတည်းနဲ့ တီးဆိုနေကြတယ်။

မြန်မာတို့ရဲ့ ယဉ်ကျေးမှု အဆင့်အတန်းကို ဖော်ထုတ်ပြသနိုင်တဲ့ မဟာဂီတပညာကြီးဟာ အင်္ဂလိပ်မင်းဝင်ကတည်းက ဖြည်းဖြည်း တိမ်ကော လာတာ ခုဖြင့် စနစ်အတိုင်း သီဆို တီးခတ်ပြပါဦးမယ်ဆိုရင်တောင် ပြမဖြစ်တော့သလောက် အခြေအနေကိုရောက်လာပါပြီ။

မြန်မာ့ဂီတမှာ နောက်လူတွေ လုပ်ကြကိုင်ကြတာဟာ တော်ရုံ ပြောင်းလဲမှုမဟုတ်ဘူး။ သံစဉ်ကစပြီး ပြောင်းလဲပစ်ကြတာ။ အရင်က အင်္ဂလိပ်သံကတော့ (စီ) မှာတည်တယ်။ မြန်မာသံကို ဘယ်မှာတည်သလဲ လို့မေးရင် မြန်မာသံဟာ (ဒီ) မှာ တည်တယ်လို့ ဖြေပါတယ်။ ပတ္တလား တွေကို ကြည့်လိုက်ရင် (ဒီ) ပတ်ဝန်းကျင်လောက်မှာ ရှိကြတာပဲ။

မြန်မာက ဘာလို့ (ဒီ) သံကို ရွေးသလဲဆိုတော့ ယောကျ်ား မိန်းမ အဆိုတော်များ အင်မတန်ဆိုကောင်းတဲ့ အသံမို့ပဲ။ (ဒီ) အသံနဲ့သာ ဆိုရရင် သီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ကြိုး၊ ယိုးဒယား၊ မြင်စိုင်း၊ တေးထပ်အထိ ဆိုလို့ကောင်းတယ်။ လုံးဝ အသံမကောင်းတဲ့ လူမျိုးကသာ (ဘီ) တို့၊ (စီ)တို့ကို ကြိုက်တာ။ ဆိုင်းတို့ ဇာတ်တို့လည်း (ဒီ) သံပဲ။ မြန်မာနိုင်ငံမှာ ရှိသမျှတူရိယာတွေ (ဒီ) ပတ်ဝန်းကျင်မှာ ရှိကြတာပဲ။ (စီ) အထိ၊ (အီး) အထိ ဘယ်တူရိယာမှ မရှိကြဘူး။

တစ်ခြားနိုင်ငံတွေက (စီ) သုံးပါရဲ့နဲ့ မြန်မာက ဘာလို့ (ဒီ) ကို သုံးသလဲလို့မေးရင် စောင်းမှာ အောက်ပြန်ဟူသရွေ့ ဘယ်သူ့စောင်း

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ကြည့် (ဒီ) နဲ့ (ဒီ) ပတ်ဝန်းကျင်ချည်းမို့ပဲ။ ဘာပြုလို့ အောက်ပြန်မှာ (ဒီ) ဖြစ်သလဲ။ အောက်ပြန်မှာ (ဒီ) ဖြစ်ရတာက ညှင်းလုံးမှာ (အေ) ဖြစ်နေလို့ပါ။ ဒါကြောင့် (ဒီ) သံရဲ့ အရင်းအမြစ်ကိုရှာတော့ စောင်းညှင်းလုံးက (အေ) မို့ပါ။

မြန်မာစောင်းရဲ့ ညှင်းလုံးက ဘာလို့ (အေ) ဖြစ်နေတာလဲလို့ မေးပြန်ရင် ရှင်ဘုရင်ကြီးလက်ထက်ကတည်းက စောင်းရဲ့ညှင်းလုံးက (အေ) ဖြစ်နေလို့ပါပဲလို့ ဖြေရလိမ့်မယ်။ မာရိယာနိုးရေးတဲ့ စာအုပ်ထဲမှာ ဘုရင်ကြီးလက်ထက်က ညှင်းလုံးက (အေ) တဲ့။ ဒီ (အေ) သံ ဘယ်က ရသလဲလို့ဆိုတော့ ယိုးဒယားနဲ့ကရတယ်လို့ မာရိယာနိုးက ဆိုထားတယ်။ ယိုးဒယားနဲ့မှာ (၁) ဆစ်ကြီးသံ၊ (၂) သံကြပ်၊ (၃) သံလပ်လို့ ရှိပါတယ်။ ယိုးဒယားနဲ့ရဲ့ ဆစ်ကြီးဟာ (အေ) ပါ။ အဲဒီ (အေ) ကို စောင်းက ညှင်းလုံးထဲထည့်လိုက်တယ်။ အဲဒါကို အောက်ပြန်လုပ်လိုက်တော့ (ဒီ) ဖြစ်သွားတာပါ။

မြန်မာရှင်ဘုရင်လက်ထက်က မနက်အစောကြီး ၃ နာရီ၊ ၄ နာရီမှာ ပဟိုရ်စင်ကတီးတဲ့ "စည်ကြီး စည်ကြီး မြည်အောင် တီးတယ်၊ ပဟိုရ်စည်နှောင်ဒိုင်း" ဆိုတဲ့ အသံဟာ ယိုးဒယားနဲ၊ ဗုံရှည်နဲ့ နရည်းသံပဲ။ ယိုးဒယားနဲ့ဆိုတာ ဆိုင်းထဲက နဲကြီးကို ယိုးဒယားနဲ့လို့ ခေါ်တာပါပဲ။

မြန်မာ့ဂီတက အင်္ဂလိပ်အသံ (ဒီ) မှာ ထားခဲ့တာ တစ်သောင်လုံးပါ။ နောက်တော့ (ဒီ) သံကနေပြီး (စီ) သံကို ပြောင်းလိုက်ကြရပါတယ်။

အဲဒီအပြောင်းနဲ့ပတ်သက်လို့ ဦးလေး သတိပြုမိသလောက်၊ မှတ်မိသလောက်ကို ပြောရရင် မန္တလေး မြို့မတူရိယာအဖွဲ့၊ မာဃတူရိယာအဖွဲ့ဆိုတဲ့ ခေတ်ဝိုင်းတွေ ပေါ်လာလို့ ပြောင်းကြတယ်။ ရန်ကုန်မှာတော့ စန္ဒရား ဦးဘလတ်ကစပြီး ပြောင်းပါတယ်။

စန္ဒရား ဦးဘလတ်က မြန်မာသံက (ဒီ) ကနေပြီး (စီ) ကို ဘာလို့ ပြောင်းသလဲဆိုတော့ စန္ဒရားမှာ (စီ) ကို သံမှန်လုပ်တီးရင် အနက်ကို မတီးရတော့ဘူး။ အနက်ထည့်တီးရမယ်ဆိုရင် လက်ကလည်း ယောင်တယ်။ မြန်မာသီချင်းတီးရာမှာ အနက်တွေဖက်တီးရရင် အသပ်တွေ

www.burmeseclassic.com


ကျတော့ လွတ်လွတ်လပ်လပ်မရဘူး၊ ခွကျကုန်၊ ကြောင်ကုန်ရော။ ဒါကြောင့် (ဒီ) ကလွဲလို့ ဘယ်အသံမှာပဲ စန္ဒရားမှာ မူတည် မူတည် အနက်ဖက်ရတော့မှာပဲ။ ဒါကြောင့် (စီ) ကို ပြောင်းတာပါ။

(စီ) ကို သံမှန်မတီးခင်က စန္ဒရားမှာ ဘယ်လို ညှိတီးကြသလဲ ဆိုတော့ စန္ဒရားသံတွေအားလုံးကို ပြန်ညှိပြီး (ဒီ) ကို သံမှန်လုပ်ပစ်လိုက်တယ်။ စန္ဒရားဆရာညွန့်၊ ဆရာမောင်တို့ ကိုယ့်စန္ဒရားကို ကိုယ် (ဒီ)ကို ညှိတီးကြတယ်။ (ဒီ) ကို ပြင်ညှိထားတဲ့ စန္ဒရားနဲ့ အင်္ဂလိပ်သီချင်း တီးမယ်ဆိုရင်တော့ တီးလို့မရဘူး။ တီးရင် ကြောင်ကုန်ရော။ ပြီးတော့ တစ်ခါ (ဒီ) မှာတီးကြတော့ တစ်ယောက်စန္ဒရားနဲ့ တစ်ယောက် မတူကြပြန်ဘူး။ (ဒီ) ပေမယ့် တစ်မျှင်လောက် နှစ်မျှင်လောက် အတိုးအဆုတ်တွေက ရှိနေကြပြန်ရော။ ကိုယ့်နားနဲ့ကိုယ် ညှိကြရတာကိုး။ အဲ မြန်မာသံနဲ့လည်း ကိုက်အောင် အနက်တွေလည်း ဖက်စွက်မတီးရအောင်၊ စန္ဒရားလုပ်တဲ့ ဌာနတွေက မြန်မာဈေးကွက်အတွက် (စီ) ကို (ဒီ) လုပ်ပြီး ညှိပို့လိုက်ရင် မြန်မာသံနဲ့ တိုက်ရိုက်ဝင်မှာပဲ။

မြန်မာဘုရင့်ဆီကို စန္ဒရား စရောက်တာ မင်းတုန်းမင်းတရားကြီး လက်ထက်မှာပါ။ အီတာလျံသံအမတ် ကာမိုတိုကဆက်လို့ ပထမဆုံး နန်းတွင်းထဲရောက်တော့ မင်းတရားကြီးက ဦးဇင်ကို စမ်းပြီး အတီးခိုင်းပါတယ်။ စမ်းတီးရာက မကြာခင် တီးတတ်သွားပါတယ်။ ဦးဇင်ဟာ မဟာဂီတအဖွဲ့ဝင် ရုံပိုင်ကြီး ဦးစံဝင်းနဲ့ စန္ဒရားဆရာညွန့်တို့ အဖေပါ။ ဒီဦးဇင်က ဘုရင့်ရှေ့တော်မှာ ပန်းကန်ကို ရေထည့်ပြီး တီးပြတာ ပတ္တလားထက် သာပါသတဲ့။

အဲဒီအချိန်တုန်းက (စီ) မှာ သံမှန်ထားတီးလိုက်ရင် အနက်မပါဘဲနဲ့ အဖြူချည်း တီးဖြစ်တာကိုသိပေမယ့် မန္တလေးက တယ်ပြီး လိုက်မပြောင်းကြဘူး။ ဘာပြုလို့လဲဆိုတော့ အင်္ဂလိပ်သံနဲ့ အတိအကျညှိထားတဲ့ စန္ဒရားကို (စီ) သံမှန်ထားတီးပေမယ့် အသံက နည်းနည်းတော့ ကြောင်သေးတာပဲ။ ဘယ်လိုသီချင်းမှာ ထင်ရှားသလဲဆိုတော့ ထောင်ရောင်နေ၊ မှိုင်းပြာမှုန်ဝေ၊ ဘုံပျံနေနန်းတို့ကို တီးလိုက်ရင် အသံကြောင်တွေထွက်ထွက်

www.burmeseclassic.com

www.burmeseclassic.com


လာတယ်။ ဒါကြောင့် မန္တလေးက စန္ဒရားဆရာညွန့်တို့၊ ဆရာမောင်တို့က အင်္ဂလိပ်စန္ဒရားကို မြန်မာသံညှိပြီးမှ တီးတယ်။ ဒီလို မြန်မာသံညှိတီးလာတာ မြို့မအသင်းပေါ်ချိန်ထိပဲဆိုကြပါစို့။ (မြို့မအသင်းရယ်လို့ စုစုစည်းစည်း တီးတာမှတ်တာ ၁၉၂၈ ခုမှ စတင်တယ်။)

မြန်မာခေတ်သီချင်းတွေကို မြို့မတို့လိုအဖွဲ့တွေက အနောက်နိုင်ငံက တူရိယာတွေနဲ့ တီးလာတဲ့အခါ ရောက်တော့ စန္ဒရားကို မြန်မာသံနဲ့ညှိပြီးတီးတဲ့စနစ် ပျောက်မလိုဖြစ်လာတယ်။ ဘာပြုလို့လဲဆိုတော့ မြို့မတို့၊ မာဃတို့တီးတဲ့ စန္ဒရားက (စီ) မှာချည်းမို့ သူတို့တူရိယာပစ္စည်းတွေကလည်း (စီ) မှာ သံမှန်ချည်း ထားတော့တယ်။ ခေတ်တီးဝိုင်းတွေလူကြိုက်များလာတာနဲ့အမျှ အလျှုမင်္ဂလာတွေမှာလည်း ဒီခေတ်ဝိုင်းတွေဝင်ပြီး တီးဖို့မှုတ်ဖို့ငှားလာတော့ ခေတ်ဝိုင်းက မြန်မာဆိုင်းနဲ့ မြန်မာအငြိမ့်နဲ့ တွဲရတာတွေလည်း ဖြစ်လာတယ်။ အဲဒီမှာ မြို့မဝိုင်းတီးအပြီး မြန်မာဆိုင်းကဝင်လိုက်ရင် အသံတွေကြောင်နေရော၊ အငြိမ့်ကလည်း ဒီအတိုင်းပဲ။ မြို့မတို့လို ခေတ်ဝိုင်းတွေနဲ့ တွဲလို့ဖြစ်စေ ရှေ့နောက်ဖြစ်စေ ထားပြီးအလုပ်လုပ်လို့ မရကြတော့ဘူး။ ဒီတော့ တဖြည်းဖြည်းနဲ့ မြန်မာသံ (ဒီ) ကနေပြီး (စီ) ကို ပြောင်းလာလိုက်တာ ခုဖြင့် မြန်မာတူရိယာမှန်သမျှစောင်း၊ ဆိုင်း၊ နှဲ၊ ပတ္တလား အားလုံး (စီ) မှာချည်း သံမှန်ထားကြတော့တယ်။

(စီ) သံကို ရှေးက မြန်မာမကြိုက်တာက တခြားကြောင့်မဟုတ်ဘူး၊ အသံဆိုတာ ကိုယ်ကြိုက်ရာကိုယ် တီးကြစမြဲ။ ဒါပေမဲ့ဘယ်လိုအလုပ်မျိုးမဆို ညီညီညာညာ လုပ်ရမယ်ဆိုရင် စနစ်တစ်ခုတော့ရှိရမှာပေါ့။ ရှေးပညာသည်ကြီးတွေ ချထားတဲ့စနစ်က အင်္ဂလိပ်လို (အေ) မှာ သံမှန်ညှင်းလုံး၊ (ဒီ) မှာ အောက်ပြန်၊ (ဘီ) မှာ ပုလဲ၊ (အီး) မှာ မြင်စိုင်းလို့ ထားခဲ့တယ်။ ဘာလို့လဲဆိုတော့ ရှေးကဖြစ်ဖြစ်၊ အခုဖြစ်ဖြစ်၊ နောင်ဖြစ်ဖြစ် သုံးကာလစလုံးမှာ မြန်မာသီချင်း ဆိုရမယ်ဆိုရင် လူရဲ့အသံသဘာဝကိုက (ဒီ) မှာ ကြိုက်တယ်။ ဒါကြောင့် ပတ္တလားဟူသရွေ့၊ ဆိုင်းဟူသရွေ့ (ဒီ) မှာ သံမှန်ထားတီးလာတာ။ ဒါဟာ ခေတ်တူရိယာဝိုင်း၊ မြို့မ၊ မာဃပေါ်တဲ့အထိပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


စောင်းအနေနဲ့ ကြည့်လိုက်ရင်လည်း အောက်ပြန်ကို (ဒီ) မှာ ထားတီးတာဟာ အင်မတန် သင့်လျော်တယ်။ ဘာကြောင့်လဲဆိုတော့ (ဒီ) မှာ အောက်ပြန်ထားလိုက်တော့ ဘွဲ့တို့၊ သီချင်းခံတို့ကို (အေ) မှာ သံမှန်ထားတီးရတယ်။ သီချင်းကြီး သီချင်းခံနဲ့ ဘွဲ့တို့ဆိုတာက တျာ တျော တျောများကို ဒုံးကြိုးမှာ ဖွဲ့ရတယ်။ ဒုံးကြိုးမှာ တျာ တျော တျော ဖွဲ့ပြီးတီးလို့ပဲ သီချင်းခံမှာ ပိုခံ့လာတာ။ တီးရာမှာရော၊ ဆိုရာမှာရော ခံ့ညားလာတာပဲ။

သီချင်းခံတို့၊ ဘွဲ့တို့ဆိုတာကလည်း မြတ်စွာဘုရားရောင်ခြည်တော်နဲ့ပတ်သက်လို့ ခံ့ခံ့ညားညား ဆိုနိုင်အောင် မြဝတီမင်းကြီးက ထူးမခြားနားကို ရေးစပ်ခဲ့တာပါ။ တခြားသီချင်းခံတွေနဲ့ ဘွဲ့တွေကိုလည်း ခံ့ခံ့ညားညား ဆိုနိုင်အောင် ဒုံးမှာ တျာသံနဲ့ထားပြီး ရေးစပ်ခဲ့တာပါ။ သီချင်းခံနဲ့ ဘွဲ့တွေကိုဆိုတဲ့အခါ အောက်ပြန်မှာ ဖွဲ့ဆိုတီးရတဲ့ ပတ်ပျိုးများလို ဆိုရိုး တီးရိုးမရှိဘူး။ ပတ်ပျိုးဆိုတာ သံရိုးညှင်းလုံးခေါ်တဲ့ အသံတွေထက် ၄ ပေါက် မြင့်တယ်။ ညှင်းလုံးမှာ ၁ ပေါက် ဆိုရင် ပတ်ပျိုးမှာ ၅ ပေါက်လို့ခေါ်ရတယ်။ ၅ ပေါက်မှာ တျာထားပြီး တီးရတယ်။ ဒါကြောင့် ပတ်ပျိုးကို တစ်ခါတလေ ၅ပေါက် အောက်ပြန်လို့ ခေါ်လေ့ရှိတယ်။

ပတ်ပျိုးဆိုတဲ့အခါ ထူးမခြားနား သီချင်းခံကိုဆိုသလို ခံ့ခံ့ ညားညား ဆိုစရာမလိုဘူး။ အောက်ပြန်မှာဆိုရမယ့် သီချင်းတွေက ဥပမာ "သန်းရုံခြွေ"၊ "ချစ်သမျှကို" စတဲ့ သစ္စာထား မယ်ဘွဲ့မောင်ဘွဲ့ ပတ်ပျိုးတွေသာများတယ်။

ဒါကြောင့် ခံ့ခံ့ညားညားဆိုရမယ့် သီချင်းခံနဲ့ပတ်သက်ပြီး ခံ့ခံ့ညားညား တီးနိုင်အောင် ဒုံးမှာ တျာ တျော တျောဖွဲ့ပြီး ညှင်းလုံးမှာ တီးရမယ်လို့ သတ်မှတ်ခဲ့တာပါ။ ဘွဲ့မှာလည်း အတူတူပဲ။ ဖွဲ့ဖွဲ့နွဲ့နွဲ့ ဆိုရမှာမို့ ဒုံးမှာပဲ တျာ တျော တျော ဖွဲ့ပြီး ညှင်းလုံးမှာတီးရမယ်။

အဲဒီလို ခံ့ခံ့ညားညား ဖွဲ့ဆိုထားတဲ့ သီချင်းမျိုးနဲ့ မယ်ဘွဲ့ မောင်ဘွဲ့ မင်းသမီး မင်းသား တစ်ဦးနဲ့တစ်ဦး သစ္စာထားကြတဲ့ သီချင်းမျိုးနဲ့ အသံတစ်သံတည်းမှာ ဆိုဖို့ တီးဖို့ မသင့်လျော်ဘူးဆိုတာ ဂီတပညာရှင်များ

www.burmeseclassic.com

www.burmeseclassic.com



အလွယ်တကူ နားလည်နိုင်ပါတယ်။ မြတ်စွာဘုရား ရောင်ခြည်တော်၊ စေတီပုထိုးများရဲ့ တံခွန် ကုက္ကား မုလေးပွားတို့ကို ထင်အောင် မြင်အောင် ဆိုရတီးရမယ့် အမျိုးအစားက တစ်ခုပါ။

မင်းသား မင်းသမီးရဲ့ ချစ်ခန်းကြိုက်ခန်းမှာ လူများရဲ့စိတ်ကို ကိလေသာတဏှာ လှုံ့ဆော်ပေးတဲ့ တီးမျိုး မှုတ်မျိုး အမျိုးအစားက တစ်ခုရှိရပါမယ်။ ဒီလိုရှိရမှာဖြစ်ရဲ့နဲ့ (စီ) မှာ တစ်သံတည်းထားပြီး (စီ) မှာချည်းတီးရင်၊ ခွဲခြားမှုထားနိုင်တဲ့ ယဉ်ကျေးမှု၊ တစ်ကန့်စီ ထားရှိစေတဲ့ အထက်တန်းကျတဲ့ အနုပညာ ပျောက်ရောပေါ့။

အသံကို (စီ) မှာ ထားလိုက်တော့ နောက်ထပ် ပြောင်းစရာအသံက မရှိတော့ဘူး။ မရှိဘဲနဲ့ပြောင်းရင် ကိုးရိုးကားရား ဖြစ်ကုန်ရော။ ဒါကြောင့် ရှေးက သီချင်းလိုက်ပြီး ကြိုးပြောင်း၊ အသံပြောင်းရမယ်ဆိုတဲ့ စနစ်ထားခဲ့တာ။ ခုတော့ ဒီစနစ်ကွယ်လို့ နှမြောရတာ၊ ဝမ်းနည်းရတာ၊ ကလပ်ဆစ်လို့ ခေါ်ရတဲ့ ရှေးသီချင်းတွေကို အော်ခက်စထရာ သီချင်းဘဝရောက်အောင် လုပ်ပစ်လို့ မြန်မာ့ယဉ်ကျေးမှု ပျက်ပြားကုန်ဆုံးရပုံတွေကို ပြောပြချင်တာပါ။

မဟာဂီတမှာ တီးတဲ့ ဆိုတဲ့လူတွေ တလေးတစား အကောင်အထည်ဖော်ထိုက်တဲ့ သီချင်းတွေကတော့ မြဝတီမင်းကြီးဦးစ (၁၇၆၆–၁၈၅၃) ရဲ့ သီချင်းတွေပါပဲ။ ဒီဟာတွေထဲမှာလည်း ပတ်ပျိုးကြီး ၄ ပုဒ်က ထိပ်ကရှိပါတယ်။ အလွန်ကောင်းတဲ့ သီချင်းတွေမှတ်လား။ 'ဘုံပျံနေနန်း' တို့ 'အထူးထူးငယ်နှင့်' တို့ဆိုရင် အသံတွေက စုံနေတာပဲ။ သူ့အသံတွေက အပုဒ်လိုက်ပြောင်းတာမဟုတ်ဘူး၊ အပိုဒ်လိုက် ပြောင်းတယ်၊ တစ်ပိုဒ်ထဲ ၂ မျိုး ဆိုယူရတာတွေပါတယ်။ ဥပမာ "သော်တာပေါ်လာ ရောင်ယှက်ဖြာ" အပိုဒ်ဟာ ပုလဲကနေ အောက်ပြန်၊ အောက်ပြန်ကနေ ပုလဲ၊ ပုလဲပြီးတော့ အောက်ပြန်၊ အဲဒီလို ခက်တဲ့အမူအရာတွေနဲ့ သီချင်းရေးတဲ့လူက ရေးခဲ့တယ်။ ဒါကို အကောင်အထည်ပေါ်အောင် ဖော်တာ အတီးဆရာရဲ့အလုပ်။

မြဝတီမင်းကြီးရဲ့ ရည်ရွယ်ချက်ကို ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်နိုင်တဲ့ အချိန်ကတော့ မင်းတုန်းမင်းတရားကြီးလက်ထက်မှာ

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်သိုက်၊ ဒေဝဣန္ဒာ၊ ရှေ့တော်ပြေး မောင်မောင်ကြီးနဲ့ အဆိုတော် ဦးပေတို့ ပေါင်းမိတဲ့အချိန်လို့ပဲ ပြောရပါမယ်။ ဒီအဆိုနဲ့ ဒီအတီး ပေါင်းမိတဲ့အချိန်မှာ မဟာဂီတပညာ ဖြစ်ထွန်းတိုးတက်လာတာပါပဲ။

သီချင်း ဘယ်လိုပဲကောင်းနေပါစေ၊ အတီးမကောင်း အဆိုမကောင်းဘူးဆိုရင် မပြည့်ဝဘူး။ အကောင်အထည်မပေါ်ဘူး။ အဆိုလည်းကောင်း၊ အတီးလည်း ကောင်း၊ နို့ပေမယ့် သီချင်းက အကောင်အထည်ဖော်လောက်အောင် မကောင်းရင်လည်း မဟာဂီတရယ်လို့ မဖြစ်ထွန်းနိုင်ပါဘူး။

မြန်မာနိုင်ငံမှာ မဟာဂီတ ထွန်းကားလာတာက သီချင်းအားဖြင့် အကောင်အထည်ဖော်ရာမှာ မြဝတီမင်းကြီး ဦးစကလွဲလို့ တခြားလူမရှိပါဘူး။ အဆိုအားဖြင့် ဘုန်းကြီးပေထက် သာတဲ့လူမရှိပါဘူး။ အတီးနဲ့ဖော်တဲ့နေရာမှာလည်း မောင်မောင်သိုက်နဲ့ မောင်မောင်ကြီးတို့ထက် သာတဲ့လူ မရှိပါဘူး။ နို့ပေမယ့် ခုခေတ်လူငယ်တွေက မင်းကြီးရဲ့ ပတ်ပျိုးကြီး ၄ ပုဒ်ကို မကြိုက်ပါဘူး။ မိုးဒေဝါကိုပဲ ကြိုက်ကြတယ်။ ကြိုက်မှာပေါ့ မိုးဒေဝါက ကာလပေါ်နား ကပ်နေတဲ့ သီချင်းကိုး။

ဦးလေး ဦးခင်မောင်ဒွေးရဲ့ မိခင် ခင်ခင်လေးနဲ့ သူ့အစ်မ ခင်ခင်ကြီးတို့ (ယောမင်းကြီး ဦးဘိုးလှိုင်ရဲ့ သမီးတွေ) ကို ငါ့သမီးတွေ မဟာဂီတပညာ တတ်သင့်တယ်လို့ဆိုပြီး စောင်းသင်စေတယ်။ စောင်းကို ယောကျ်ားတွေနဲ့ မသင်ရအောင် ရှေ့တော်ပြေးရဲ့ တပည့်တစ်ဦးဖြစ်တဲ့ စောင်းဆရာ ဆရာသိန်းကြီးရဲ့ သမီးဒေါ်သူဇာနဲ့ သင်စေတယ်။ ခေတ်တူရိယာ စန္ဒရားလည်း တတ်ရမယ်ဆိုပြီး ကွန်ဗင့်ကျောင်း ထားရင်းနဲ့ ကွန်ဗင့်ကျောင်းက စန္ဒရားဆရာမ မစ္စက်ကဲလီထံမှာ သင်စေတယ်။ အဲဒီတော့ ဦးလေး ဦးခင်မောင်ဒွေးတို့က မဟာဂီတနဲ့ ငယ်ကတည်းက ယဉ်ပါးလာတယ်။ ရှေးခေတ်က အမူအရာတွေကိုလည်း သေသေချာချာ သိရှိခဲ့တယ်။

စောင်းမှာ ညှင်းလုံး (အေ)၊ အောက်ပြန် (ဒီ)၊ ပုလဲ (ဘီ)၊ မြင်စိုင်းမှာ (အီး) ထားပြီး တီးကြတဲ့လေ့ ပျောက်ကွယ်ပြီး ၄ သံရယ်လို့

www.burmeseclassic.com

www.burmeseclassic.com


မရှိတော့ဘဲ၊ (စီ) တစ်သံတည်းနဲ့ တီးနေကြတာကို တွေ့ရတော့ စိတ်ဆင်းရဲရတယ်။ ၄ သံ ပြောင်းတီးစမ်းပါလို့ ဆိုလည်းမရတော့ဘူး။ ပြောင်းတီးရင်လည်း မဟုတ်တာတွေ အကုန်ဖြစ်ကုန်ရော။ ဒါကြောင့် အင်မတန်မွန်မြတ်တဲ့ ၄ သံပြောင်းတီးနည်းဟာ ကွယ်ရတော့မယ်။ အခုဆိုရင် စောင်းမှာပဲ ၄ သံ ပြောင်းတီးနည်းရှိတော့တယ်။ ဒါလည်းကြာကြာခံဖို့မရှိဘူး။ စောင်းဆို မူလက ၁၃ ကြိုးနဲ့ တီးကြတာ အခု ၁၆ ကြိုးတပ်ပြီး တီးပြီဆိုတော့ (စီ) ထဲအကုန်တီးမှာပဲ။ ၄ သံပြောင်းပြီး ညှိစရာမလိုမှ မလိုတော့ပဲ၊ ကြိုးများတော့ ပြောင်းစရာမလိုဘူးလေ။ မလိုတော့ တစ်သံတည်း တီးနေတာပေါ့။ ၄ သံရယ်လို့ မရှိတော့ဘူး။ မရှိတော့ ဘာဖြစ်သလဲလို့မေးရင် "ထီးနက်သန် မန်းဟန်လေ့ကိုလ ငွေ့ငွေ့ကလေးမှမကျန်" တော့ဘူးပေါ့။

ဒေါ်အောင်ကြည်တို့၊ ဒေလီညွန့်တို့က ပတ်ပျိုးကြီးများကို အောက်ပြန်နဲ့ ဆိုလိုက်ရင် ဘယ်လောက်များ လှသလဲ မဆိုနိုင်ဘူး။ အသံကိုက အောက်ပြန်မှာ တည်နေတယ်။ ဘုန်းကြီးပေလည်း အောက်ပြန်ဆိုရင် သူကကို အသံပေးနိုင်တယ်။ (ဒီ) မှာ ဘယ်လောက်ပဲစွဲသလဲလို့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ရွှေတော်ပြေး မောင်မောင်သိုက်

## စောင်းပညာရဲ့ ဖခင်ကြီး

ရွှေတော်ပြေး စောင်းသမား မောင်မောင်သိုက်ကို စောင်းပညာရဲ့ ဖခင်ကြီးလို့ သမုတ်ရင် မလွဲမှားနိုင်ပါဘူး။

စောင်းမှာ ရွှေတော်ပြေး မောင်မောင်သိုက်ရဲ့ အရင်က ဣန္ဒာဒေဝကြီး ရှိပါတယ်။ သူက ပုဂံမင်းလက်ထက်က စောင်းသမားကြီးပါ။ ဣန္ဒာဒေဝကြီးတီးတဲ့ စောင်းက ၇ ကြိုးသာတပ်ထားတာပါ။

စောင်းမှာ ၇ ကြိုးသာ တပ်ထားတာဆိုရင် မြဝတီမင်းကြီးဦးစ ရေးခဲ့တဲ့ ပတ်ပျိုးကြီး ၄ ပုဒ်ကို ဘယ်နည်းနဲ့မှ ရုပ်လုံးပေါ်အောင် မတီးနိုင်ပါဘူး။ လက်စွမ်း ဘယ်လောက်ရှိရှိ စောင်းပညာမှာ ဘယ်လောက်ပဲ တော်တော် ၇ ကြိုးနဲ့တော့ ကြိုးမလုံလောက်တဲ့အတွက် ဒီပတ်ပျိုးကြီး ၄ ပုဒ်ကို တီးနိုင်စွမ်းမယ် မဟုတ်ဘူး။

မောင်မောင်သိုက် လက်ထက်ရောက်တော့ မောင်မောင်သိုက်က စောင်းကို ကြိုး ၆ ချောင်းတိုးပြီး ၁၃ ကြိုးတပ်ကာ မြဝတီမင်းကြီးရဲ့ ပတ်ပျိုးကြီး ၄ ပုဒ်ကို ပထမဆုံး အကောင်အထည်ဖော်ပြီး တီးပါတယ်။ ဒီပတ်ပျိုးကြီး ၄ ပုဒ်ကို မောင်မောင်သိုက်အရင်က ဘယ်သူ အကောင်အထည်ဖော်ပြီး တီးဖူးတယ်လို့ မကြားစဖူးပါဘူး။ ရွှေတော်ပြေး

www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်သိုက်ဟာ လက်ဦးအစ ပထမဆုံး ကြိုးစားတီးတဲ့ ပုဂ္ဂိုလ်ပါပဲ။ သက္ကရာဇ် ၁၇၆၃ ခုမှာ ဆင်ဖြူရှင် နန်းတက်တယ်။ သက္ကရာဇ် ၁၇၆၆ မှာ မင်းကြီးဦးစ မွေးတယ်။ ပုဂံမင်း နန်းတက်တာ ၁၈၄၆ ခုနှစ်၊ မြဝတီမင်းကြီး အနိစ္စရောက်တာ ၁၈၅၃ ခုနှစ်။

ဣန္ဒာဒေဝကြီး (ပုဂံမင်းရဲ့ စောင်းသမား) မင်းကြီးဦးစကိုမမီဘူး။ ဒီဣန္ဒာဒေဝရဲ့အရင်က စောင်းသမားရှိတယ်လို့လည်း အမှတ်အသားမရှိဘူး။ မြဝတီမင်းကြီးရဲ့ သီချင်းကြီးတွေကို အတီးနဲ့ ကျကျနန အကောင်အထည်ဖော်တာ မင်းတုန်းမင်းကြီးလက်ထက်မှာပဲ။ မင်းတုန်းမင်းကြီးခေတ်ဟာ (နိုင်ငံတစ်ဝက် သူများလက်ပါပြီးဖြစ်ပေမယ့်) တိုင်းပြည်က အထိုက်အလျောက် အေးချမ်းသာယာတယ်။ ဘုရင်ကြီးကလည်း အေးချမ်းသာယာမှုရှိအောင် အစွမ်းကုန်ကြိုးစားရင်းနဲ့ တစ်ဘက်ကလည်း တိုင်းပြည်နဲ့လူမျိုးအတွက် အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်မှုတွေကို အစွမ်းကုန် အားပေးတော်မူပါတယ်။

အနောက်နိုင်ငံက အသိပညာ၊ အတတ်ပညာတွေကို ပညာရှိလူတော်တွေက ဘာသာပြန်စေပြီး တိုင်းသူပြည်သားကို သင်ကြားစေတယ်။ လက်နက်များ ထုတ်လုပ်ပြီး တပ်ဆင်တယ်။ စက်ရုံအလုပ်ရုံကြီးတွေဖွင့်ပြီး အဘက်ဘက်က ခေတ်မီတိုးတက်အောင်လည်း ကြံဆောင်တယ်။ စစ်ရေး၊ ဘဏ္ဍာရေး ဘက်စုံတိုးတက်အောင် ကြံဆောင်တော်မူသလို၊ သာသနာရေးဘက်ကလည်း ပဉ္စမသင်္ဂါယနာတင်တာတို့ ပိဋကတ်တော်တွေကို ကျောက်ထက်အက္ခရာတင်တာတို့ကအစ သာသနာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အစွမ်းကုန်လုပ်ဆောင်ပါတယ်။ ကနောင် အိမ်ရှေ့ကိုယ်တော်ကြီးတို့၊ ယောမင်းကြီးတို့ စတဲ့ ပုဂ္ဂိုလ်တွေက တက်တက်ကြွကြွနဲ့ အဘက်ဘက်က ကြိုးစားနေကြတော့ တိုင်းသူပြည်သားတွေလည်း အားတက်မှု၊ တက်ကြွမှုတွေရှိလာတာပေါ့။ ဒါကြောင့် အမျိုးသားယဉ်ကျေးမှုဘက်ကလည်း နောက်ကျမနေရစ်အောင် တခြားတိုးတက်မှုတွေနဲ့ ရင်ဘောင်တန်း လိုက်နိုင်အောင် သက်ဆိုင်ရာတွေက ကြိုးပမ်းလာကြတယ်။ ဒီလို ကြိုးပမ်းလုပ်ဆောင်မှုမှန်ရင် မင်းတုန်းမင်းတရားကြီးကလည်း အားပေးပါတယ်။
www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံဟာ အဲဒီအချိန်က လက်နက်လုပ်တယ်။ ဖန်ချက်တယ်။ စာပုံနှိပ်စက်နဲ့ စာအုပ်တွေရိုက်တယ်။ ငွေဒင်္ဂါးသွန်းတယ်။ မြန်မာလို ကြေးနန်းရိုက်တယ် စတဲ့ အကောင်းနဲ့အပြုတွေချည်း လုံးပန်းနေကြတာဖြစ်လေတော့ တေးဂီတဘက်ကလည်း ရွှေတော်ပြေးမောင်မောင်သိုက် ခေါင်းဆောင်ပြီး စောင်းနဲ့ မြဝတီမင်းကြီးရဲ့ ပတ်ပျိုးကြီးတွေကို အကောင်အထည်ဖော်တော့ စောင်းပညာဟာ သိပ်တက်လာပါတယ်။ နန်းတော်ထဲမှာချည်း မောင်မောင်သိုက် ခေါင်းဆောင်တဲ့ မဟာဂီတအဖွဲ့ကြီးမှာ စောင်းသမား ၁၇ ဦးလောက်ရှိတယ်။ ဒိပြင်လည်း မင်းညီမင်းသား မှူးသား မတ်သား မှူးသမီး မတ်သမီးတွေပါ စောင်းသင်နေကြတာ၊ စောင်းတပည့် ၄–၅ ရာထက်မနည်းဘူး။ ရတနာပုံခေတ်မှာ စောင်းမတတ်ရင် လူရာမဝင်သလောက်ပဲ။

မိဖုရားခေါင်ကြီးဘက်ကလည်း မမအုံ၊ မမမှုံ၊ မမဥ၊ တပယ်ခင်သစ်တို့ ဦးဆောင်တဲ့ အမျိုးသမီး မဟာဂီတသမားတွေက တစ်အုပ်ကြီး။ သူတို့ကလည်း လှိုင်တို့၊ မမြလေးတို့ ခင်ဆုံတို့ သီချင်းတွေကို သူတို့ပညာနဲ့ အကောင်အထည်ဖော်ကြ၊ ဆိုကြ တီးကြတာပဲ။

မြဝတီမင်းကြီးဦးစ ရေးခဲ့တဲ့ သီချင်းတွေကို မင်းတုန်းမင်းကြီးလက်ထက်မှာမှ သေသေချာချာ အကောင်အထည်ဖော်နိုင်တာပါ။ ဒီ ယူဆချက်ဟာ မလွဲမှားပါဘူး။

သီချင်းကို ရေးတဲ့သူက ရေးထားခဲ့တယ်၊ ဒါကို တီးမယ့်လူက အကောင်အထည်ဖော်တဲ့အခါ သီချင်းအတွက် အတီးဆရာက –

- အခံတီးဖို့ လုပ်ပေးရတယ်။
- အခင်းထိုးပေးရတယ်။
- အပိုဒ်ခွဲတယ်။
- စည်းနဲ့ ဝါး ကပ်ပေးတယ်။
- ဟန်နေ ဟန်ထား ယူတယ်။ ဘယ်နေရာမှာဆွဲတီး၊ ဘယ်နေရာသော့၊ ဒါဟာ ဒီဃ၊ ဒါဟာ ရဿလို့ ခွဲတယ်။
- တီးကွက်တွေ ဖွဲ့ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com


- အတောထည့်ပေးတယ်။
- သံစဉ်ရှာပေးတယ်။
- သံပြောင်းရှာပေးတယ်။

သီချင်းတစ်ပုဒ်ကို သရုပ်ပါအောင် တီးဖို့ဆိုတာ တီးတဲ့လူရဲ့ အလုပ်ပဲ။ ရေးတဲ့လူက ခံ့ညားအောင် ရေးခဲ့တာပဲရှိတယ်။ အတီးသမား က အဲဒါကို အကောင်အထည်ဖော်တဲ့အခါကျတော့ သရုပ်ပေါ်အောင် ကြားရတဲ့လူရဲ့စိတ်ကို ထိထိခိုက်ခိုက်ဖြစ်လာအောင် လုပ်နိုင်ရတယ်။ ရေးသူရဲ့ရည်ရွယ်ချက်ကို အတီးဆရာက ပေါ်အောင် တီးဖွဲ့ပေးရတယ်။ အဆိုသမားကလည်း အဲဒါပေါ်အောင် ဖော်နိုင်စွမ်းရတယ်။ ဒီတော့မှ စာရေးဆရာရဲ့ရည်ရွယ်ချက် အကောင်အထည်ပေါ်တယ်လို့ ပြောနိုင်တာ။ မောင်မောင်သိုက်က ရတနာပုံခေတ်ရဲ့ အားပေးအားမြှောက်ပြုမှုကြောင့် မြဝတီမင်းကြီးဦးစ ရေးခဲ့တာတွေကို သဘောပေါက်အောင်၊ သရုပ်ပါ အောင်၊ အကောင်အထည်ပေါ်အောင် စာရေးဆရာရဲ့ရည်ရွယ်ချက် ပြည့်ဝ အောင် ကြိုးစားပါတော့တယ်။ ဒီလိုဖြစ်လာအောင်က အတီးဆရာနဲ့ အဆိုဆရာရဲ့ ပညာပေါ်မှာ တည်နေတာပါ။

ခေတ်သီချင်းက ခုချက်ချင်း နားသာရင်ပြီးရော။ မြန်မာ ရှေး သီချင်းက ဒီလိုမဟုတ်ဘူး။ နားသာရုံနဲ့ မပြီးဘူး။ နားသာရုံရှိရင်လည်း အမျိုးသားယဉ်ကျေးမှု အနုပညာရဲ့ အဆင့်ကို ဒီဂီတက ရောက်မလာဘူး။ မောင်မောင်သိုက် ရှေ့တော်မှာတီးရတော့ ပထမ ဘွဲ့မပေးနိုင်သေးလို့ “ကွမ်းရေတော်သား မောင်မောင်သိုက်” လို့ပဲ ခေါ်ရသေးတယ်။ ကွမ်းရေ တော်သားဆိုတာ ပညာကြီးတော့မရှိဘူး။ အမျိုးကောင်း သားသမီးတွေ ဘုရင်ကြီးက သူ့အနားခေါ်ပြီး ချီးမြှင့်ထားတာ။

ပုဂံမင်းလက်ထက်က စောင်းဆရာကြီး ဣန္ဒာဒေဝက ရေနံချောင်း မင်းကြီးရဲ့အမျိုး၊ သူ့ကို ပုဂံမင်းက ရှေ့တော်ပြေးခန့်ပါတယ်။ သူတီး တာ ခုနစ်ကြိုးတပ် စောင်းပါ။ မင်းတုန်းမင်းလက်ထက်ရောက်တော့ မောင်မောင်သိုက်ကို ရှေ့တော်ပြေးဘွဲ့ ပေးအပ်လိုက်ပါပြီ။ ရှေ့တော်ပြေးဘွဲ့ က ဘုရင့်ရှေ့တော်မှာ သူပဲ တီးတယ်။ သူပဲ အသုံးတော်ခံတယ်ဆိုတာကို

www.burmeseclassic.com


သတ်မှတ်ထားတဲ့ပွဲ့ပါ။ ဘုရင့်ရှေ့တော်မှာ လူအများကြီး တီးကြ၊ ဆိုကြရတာမဟုတ်ဘူး။ အတီးတစ်ယောက်၊ အဆိုတစ်ယောက် ဒါပဲ။ နောက်တော့ မင်းတုန်းမင်းကြီးလက်ထက်မှာ မောင်မောင်သိုက်က စောင်းတီး။ ဦးပေက သီချင်းဆိုပြီး မောင်မောင်သိုက်ယောက်ဖ မောင်မောင်ကြီး မိကျောင်းတီးတာကို မင်းတရားကြီးက သည်းခံတယ်။ ခွင့်ပြုတော်မူတယ်။ ဒါကြောင့် ရှေ့တော်ပြေးအဖွဲ့ဟာ ၃ ယောက်ဖြစ်လာတယ်။ မင်းတုန်းမင်းကြီးက ၂၅ နှစ်လုံးလုံး မဟာဂီတကို အားပေးခဲ့တယ်။ မောင်မောင်သိုက်ကို ရှေ့တော်ပြေးခန့်ထားပြီး မင်းကြီးဦးစရဲ့ အခံ့ညား၊ အလေးနက်ဆုံးဖြစ်တဲ့ ပတ်ပျိုးကြီး ၄ ပုဒ်၊ (၁) ဘုံပျံနေနန်း၊ (၂) ကုန်းဘောင်ပရမေ၊ (၃) မှိုင်းပြာမှုန်ဝေ၊ (၄) အထူးထူးငယ်နှင့်တို့ကို အကောင်အထည်ဖော်ပြီး တီးစေခဲ့တယ်။

အိနောင်ဇာတ်ဝင် ပတ်ပျိုးတွေကိုလည်း မောင်မောင်သိုက်ပဲ အကောင်အထည်ဖော်ရပါတယ်။

မင်းတုန်းမင်းတရားကြီးက ထေရ်ကြီး ဝါကြီး ရဟန်းတော်ကြီးတွေနဲ့ ပိဋကတ်တော်ကို သင်္ဂါယနာတင်ချိန်မှာ၊ မဟာဂီတဘက်ကလည်း မောင်မောင်သိုက် အမှူးပြုတဲ့ စောင်းဆရာတွေက မဟာဂီတပါသီချင်းတွေကို အကောင်အထည်ဖော်ကြတာပါပဲ။ မိန်းမပိုင်းကလည်း အလားတူ မမအုံ၊ မမမှုံတို့ ဦးဆောင်ပြီး၊ တပယ်ခင်သစ်တို့က သစ္စာထား ပတ်ပျိုး အလွမ်းဘွဲ့တွေကို အကောင်အထည်ဖော်ပြီး ဆိုကြတီးကြတာပါ။

ငါ့တူမ သေသေချာချာမှတ်ထား။ မြန်မာနိုင်ငံမှာ မဟာဂီတ ပညာထွန်းကားလာတာ သီချင်းအားဖြင့် အကောင်အထည်ဖော်တဲ့နေရာ မှာ မြဝတီမင်းကြီးကလွဲလို့ ဘယ်သူမှမရှိဘူး။ အဆိုအားဖြင့် ဘုန်းကြီးပေထက် သာတဲ့လူမရှိဘူး။ အတီးနဲ့စောင်းနဲ့ ဖော်တဲ့နေရာမှာ မောင်မောင်သိုက်နဲ့ ဒေဝဣန္ဒာမောင်မောင်ကြီးတို့ထက် သာတဲ့လူမရှိဘူး။ မြဝတီမင်းကြီး ရေးခဲ့တဲ့ သီချင်းများဟာလည်း အကောင်အထည်ဖော်ထိုက်ဆုံး သီချင်းများဖြစ်တယ်ဆိုတာ ဘယ်သူမှမငြင်းနိုင်ဘူး။ ဒါပေမဲ့ မြဝတီရဲ့ သီချင်းတွေကို မင်းတုန်းခေတ်ထက် အရင်ခေတ်များက အဆိုနဲ့အတီးနဲ့ ဖော်နိုင်သူများ

www.burmeseclassic.com


မရှိပါဘူး။ မြဝတီမင်းကြီးရေးတဲ့ သီချင်းတွေဟာ မင်းတုန်းမင်းကြီး လက်ထက်ကျမှ အထင်ပေါ် အကျော်စောဆုံး ဖြစ်ရတယ်။ ဒါကို ဘယ်သူမှ မငြင်းနိုင်ပါဘူး။ ဒါကြောင့် မဟာဂီတ ပေါ်ပေါက်လာအောင် အကောင်အထည်ဖော်တဲ့သူဟာ မောင်မောင်သိုက်ပါပဲ။ မောင်မောင်သိုက်က ၁၃ ကြိုးတပ်စောင်းကို ၄ သံ ပြောင်းတီးခဲ့သူမို့ စောင်းပညာရဲ့ဖခင်ကြီးလို့ သူ့ကို သမုတ်တာပါ။

မောင်မောင်သိုက် အသက်ထင်ရှားရှိဆဲမှာပါပဲ စောင်းနဲ့ပတ်သက်လို့ အင်မတန် ပါရမီထူးတဲ့ ပုဂ္ဂိုလ်တစ်ဦး ပေါ်လာပါတယ်။ ဒီပုဂ္ဂိုလ်ကတော့ ဆရာ့ထက် တပည့်လက်စောင်းထက်တဲ့ ပုဂ္ဂိုလ်လို့ ပြောရမယ့်သူပါ။ ဒီပုဂ္ဂိုလ်ဟာ တခြားမဟုတ်ပါဘူး၊ မောင်မောင်သိုက်ရဲ့ ယောက်ဖမောင်မောင်ကြီးပါပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဒေဝဏ္ဏန္တာမောင်မောင်ကြီး

ဒေဝဏ္ဏန္တာ မောင်မောင်ကြီးရဲ့ အစ်မအကြီးဆုံး ခင်ခင်ခေါ်တဲ့ မှန်နန်းအပျိုတော် စာတော်ဖတ် ခင်ခင်ကြီးက ဘုရင့်စောင်းဆရာ ရှေ့တော်ပြေး မောင်မောင်သိုက်ရဲ့ ဇနီးပါ။ ရှေ့တော်ပြေး မောင်မောင်သိုက်က စောင်းတီးပြီး ဦးပေက အဆိုတော်အဖြစ်နဲ့ သီချင်းဆိုတော့ မောင်မောင်ကြီးက မိကျောင်းတီးခဲ့တယ်။ နောက်တော့ မိကျောင်းကိုလွှတ်ပြီး စောင်းကို လိုက်စားလိုက်တာ စောင်းပညာမှာ အင်မတန်ထူးခြားတဲ့ပါရမီရှင် စောင်းဆရာဘဝကို ရောက်ရှိသွားပါတော့တယ်။ ရှေးက စောင်းဆရာမခေါ်ဘူး၊ စောင်းသမားပဲခေါ်တယ်။

မောင်မောင်ကြီးက သူ့ယောက်ဖ မောင်မောင်သိုက်တီးတဲ့ တီးကွက်တွေကို အားလုံးယူပြီး တီးတာပါပဲ။ ဒါပေမဲ့ သူက မောင်မောင်သိုက်ရဲ့ အကွက်တွေကို ပြုပြင်ပြီးတီးတာမို့ မောင်မောင်သိုက်ကိုယ်တိုင်က တချို့နေရာများမှာ သူ့အကွက်ထက် သာလွန်ကောင်းမွန်ကြောင်း ဝန်ခံတယ်။ အခုခေတ် စောင်းတီးတဲ့လူတွေဟာ ဘယ်စောင်းသမားမဆို ဒေဝဏ္ဏန္တာမောင်မောင်ကြီးရဲ့ ပညာတွေနဲ့ကင်းပြီး တီးလို့မရပါဘူး။

မောင်မောင်ကြီးက မောင်မောင်သိုက်တီးတဲ့ အကွက်တွေကို ယူလိုက်ပေမယ့် –

www.burmeseclassic.com

www.burmeseclassic.com


- ခုံတဲ့နေရာမှာ ပိုခုံအောင် တီးလာတယ်။
- တွဲ့တဲ့နေရာမှာ ပိုတွဲ့လာတယ်။
- နွဲ့တဲ့နေရာမှာ ပိုနွဲ့လာတယ်။
- သပ်တဲ့နေရာ ပိုသပ်တယ်။
- ရှပ်တဲ့နေရာမှာ ပိုရှပ်တီးတယ်။
- သွက်ရမယ့်နေရာမှာ ပိုသွက်တယ်။
- ဟန်ယူမယ့်နေရာမှာ ပိုဟန်ယူတယ်။
- အဆိုသမားကို သူက အခင်းနဲ့တီးပြီး ခေါ်ယူတယ်။
- အခေါ်နဲ့ အခင်းနဲ့ တီးပေးတယ်။

ဒီလို မောင်မောင်သိုက်ရဲ့ အကွက်တွေကို အရာရာမျိုးမှာပြုပြင်ပြီး တီးလိုက်တဲ့အတွက် မောင်မောင်သိုက်ကိုယ်တိုင်က ဒေဝဣန္ဒာမောင်မောင် ကြီးကို ရှေ့တော်ပြေးရာထူးပေးတာလက်ခံပြီး ဘုရင့်ရှေ့တော်မှာ နောက်ပိုင်း ကျတော့ မောင်မောင်သိုက်က မတီးတော့ဘဲ မောင်မောင်ကြီးကိုသာ တီးစေ ပါတော့တယ်။ နို့ပေမယ့် မောင်မောင်ကြီးက သူဟာ မောင်မောင်သိုက်ရဲ့ တပည့်။ မောင်မောင်သိုက်ပညာကို မူတည်ပြီး ဂီတပညာကို ထူထောင်တာ ပါလို့ ဝန်ခံပါတယ်။

အရင်က စုံသာမြိုင်လယ်ကို ဆိုတော့မယ်ဆိုရင် ဒုံးဝင်ပြီး ဆို ကြတယ်။ မောင်မောင်ကြီးက အခေါ်တွေနဲ့ တီးပြီးဆိုစေတယ်။ မောင်မောင်သိုက်တို့တုန်းက ဒါမျိုးမပါဘူး။ အတီးနဲ့ အဆိုနဲ့ တစ်လှည့်စီ၊ အတီးက အရင်ခင်းပေးလိုက်ပြီးရင် ဝင်ဆိုတာပဲ။

ဦးလေး ဦးခင်မောင်ဒွေးနဲ့ မန္တလေးပန်တျာမှာ စောင်းဆရာမကြီး လုပ်သွားတဲ့ မေနဲ့ အကြောင်းပါပြီး ၁ နှစ်နေတော့ ဒေဝဣန္ဒာ မောင်မောင်ကြီးက သက်န်းဝတ်ကြီးနဲ့ ဘယ်ကပေါက်လာမှန်းမသိဘူး။ (၁၉၂၀) ခုနှစ်မှာ ဦးလေးခင်မောင်ဒွေးတို့ဆီကို ရောက်လာတယ်။ ဦးခင်မောင်ဒွေးက အဲဒီအချိန်တုန်းက ဆတ်ကျောင်းလို့ခေါ်တဲ့ လုံခြုံ ရေးမှူးသင်တန်းကျောင်းမှာ ဥပဒေနည်းပြဆရာ လုပ်နေရလို့ တစ်နေ့လုံး အလုပ်သွား ညနေမှ အိမ်ပြန်ရတယ်။ အဲဒီလို အိမ်ကြွလာပြီး မေကို

www.burmeseclassic.com

www.burmeseclassic.com


သင်ပေးနေတဲ့တစ်ရက်မှာ အလုပ်ကအပြန် သူတို့နားသွားတော့ ဒေဝဣန္ဒာက "မောင်မှန်းရေ လာစမ်းပါဦးကွာ၊ ခင်မောင်က စောင်းလေးဘာလေး ကြိုက်ပါတယ်။ တို့တီးရအောင်၊ ကဲ ခင်မောင် မင်း ဘာကြိုက်သလဲ" တဲ့။

ဦးလေးက ပတ်ပျိုးနာမည်ကြီးထဲက "ဟေဝန်စုံမြိုင် ကြိုက်တယ်ဘုရာ့" လို့ ပြောလိုက်တယ်။ ဒီကိန္ဒရာ ချောင်းခြားကြီး ပတ်ပျိုးကို သူများ တီးနိုင်တာမဟုတ်ဘူး။ ဒေဝဣန္ဒာက "အေး–အေး မောင်မှန်း မင်း မော သေးပါဘူး" လို့ပြောပြီး ဦးမှန်းကဆို၊ ဒေဝဣန္ဒာက တီးတော့၊ ဦးလေး လည်း အလုပ်ကပြန် မောမောနဲ့ ဝင်နားထောင်တယ်။

ဒီသီချင်းကို မောင်မောင်ဆိုင်တို့၊ ဆရာသိန်းတို့၊ ဦးလေးတို့ တီးဘူးပါတယ်။ ဆရာညွှန့်တို့ တီးတာလည်း ကြားဖူးပါတယ်။ ဒီတစ်ခါလို ထူးထူးခြားခြား မတွေ့ဖူး မကြုံဖူးပါဘူး။ ဒီလိုတီးရမှန်းလည်း မသိဘူး။ ဒါလောက်ကောင်းမှန်းလည်း မသိဘူး။ ကိုယ့်မှာ ကိုဗေဒါ ရတနာဂီရိမှာဖြစ်သလို ဖြစ်နေတယ်။ သိပ်ကို အံ့သြသဘောကျပြီး စွဲလမ်း နေတယ်။ ဒီအဖြစ်ကို ဒေဝဣန္ဒာက သိတယ်။ ဦးလေးကတော့ စကား တောင် မပြောနိုင်တော့ဘူး။ မဖြစ်တော့ပါဘူး ငါ ဒီဘဝ ဘယ်တော့မှ ရောက်တော့မှာမဟုတ်ပါဘူးလို့ စိတ်ထဲက ဖြစ်နေမိတယ်။ ဒီလိုဖြစ်နေ တုန်းကို ဒေဝဣန္ဒာက

"ခင်မောင်"

"ဘုရာ့"

"စောင်းများ သွားမသင်နဲ့နော်၊ ဒီပညာ ဆုံးနိုင်တဲ့ပညာမျိုး မဟုတ်ဘူး" တဲ့ ။

သူ ဘာပြောနေနေ ဦးလေးက ယူကျုံးမရပဲ။

အဲဒီမှာ ဒေဝဣန္ဒာက–

"ခင်မောင် စောင်းများမသင်နဲ့နော်" လို့ ထပ်ပြောပြန်တယ်။

"အမိန့်ရှိပါဘုရာ့" လို့ ပြောတော့...

"အင်း ...အင်း ခင်မောင်ရဲ့၊ အမ်–အေ အောင်အောင် ဘယ်နှနှစ် သင်ရသလဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဆယ်လေးငါးနှစ်ဆိုရင် အောင်ပါတယ် ဘုရား"

"အောင်တော့ ဘယ်လောက်ရသလဲ"

"ပရော်ဗင်ရှယ် ဆားဗစ်ဝင်ရင် ၃၅ဝိ ရပါတယ်ဘုရား"

"အင်း...အင်း...ခင်မောင်နှယ် ဘုန်းကြီးတို့ပညာက ၁၅ နှစ် လောက်သင်ပေမယ့် ဘာမှ တတ်လှတာမဟုတ်ဘူး၊ ဘယ်သူမှ ၃၅ ကျပ် တောင် ပေးမယ့်လူလည်း ရှိတာမဟုတ်ဘူး။ အဲတော့ မသင်နဲ့နော်"

"တင်ပါ့ဘုရား" လို့ သူ့အကြိုက် လိုက်ဖြေလိုက်တယ်။ ၁၉၂ဝ –၁၉၂၁ ခုနှစ်ဆီက ဒေဝဣန္ဒာပြောသွားတဲ့ ဒီစကားကို အခု အသက် (၇၅) နှစ်ရှိပြီ နားထဲက မထွက်သေးပါဘူး။ ဆယ့်လေးငါးနှစ် သင်ပေမယ့် ကောင်းကောင်းမတတ်ဘူးဆိုတာလည်း ခုမှ ကိုယ်တွေ့နဲ့ မှန်လွန်းမှန်း သိပါတယ်။ အဲဒီတော့မှ သူ့ကို ပိုကြည်ညိုရတယ်။ သူတီးပြ သွားတဲ့ ဟောဝန်စုံမြိုင်ဟာ နားထဲကမထွက်တော့၊ ငါတော့ဖြင့် ဒီပညာ မတတ်တော့ပါဘူးလို့ စိတ်ညစ်ပြီး ဟောဝန်စုံမြိုင်ကို တီးကို တီးမကြည့် တော့ပါဘူး။

သူ့အတီးမျိုး ဘယ်သူမှလည်း မတီးနိုင်ဘူး၊ ရှေ့လည်း ဘယ်သူမှ တီးနိုင်မှာမဟုတ်ပါဘူး။ ရတနာဂီရိမှာ ဗေဒါကြီး ချွေးပြန်တာ၊ မနက် ၅ နာရီမှာထပြီး ရှိခိုးတာ၊ သင်လို့တတ်ပါဦးမလားလို့ မေးတာ ဒါပါပဲ။ ကိုဗေဒါက ဒီအဖြစ်မျိုး ၁၉၁၂ ခုနှစ်က တွေ့တယ်။ ဦးလေးက ၁၉၂၁ ခုနှစ်မှာ ကိုဗေဒါတွေ့တဲ့အတိုင်း တွေ့တယ်။

သူ့ဆီက အင်မတန် ထူးဆန်းတဲ့အကွက်တွေ၊ အသံတွေ ထွက် လာတာကလား၊ မကြားဖူးတာတွေ ကြားရတာ။ ဒါလောက် ချီးမွမ်းရမယ့် လူ ဘယ်တုန်းကမှ မတွေ့ဖူးပါဘူး။ သူ့ကိုရင်နှီးလို့ အထင်ကြီးတာ မဟုတ်ဘူး။ ဆရာတာကို တစ်ခါကမေးဖူးတယ်။ ရွှေရင်ဘောင် ငွေရင်ဘောင် ကို ဦးလေးဦးခင်မောင်ဒွေးနဲ့ မေက ဒေဝဣန္ဒာရဲ့အကွက်ကို တီးအပြီးမှာ–

"ဆရာတာ၊ ဒေဝဣန္ဒာ ဘယ့်နှယ်နေသလဲ" လို့ ဦးလေးက မေးတော့၊ သူတို့က ဦးလေးကို မောင်မောင်လို့ခေါ်တယ်။

"မောင်မောင် သူ့ကိုတော့ ပြောမဖြစ်တာပဲ" တဲ့။

www.burmeseclassic.com

www.burmeseclassic.com


"ဘာလို့တုန်း ဆရာရယ်" လို့ မေးတော့။

ဆရာတာက "မောင်မောင်ရယ်၊ သူများ အသံပြောင်းတွေ တီး ရရင် အသံကို ပြောင်းပြီး ညှိပြီးမှ တီးရတယ်။ သံရိုး၊ အောက်ပြန်၊ ပုလဲ၊ မြင်စိုင်းပြောင်းတိုင်း ညှိပြီးတီးနေရတာ၊ ဒေဝဣန္ဒာ မောင်မောင်ကြီး ကတော့ ဘယ်အသံထဲမဆို ၁၃ ကြိုး မှာ ၁ ကြိုးတည်းသာ မိပစေ၊ မိချင် တဲ့ကြိုးကို မိပစေ၊ အဲဒီကြိုး မူတည်ပြီး တီးသွားမှာပဲ" လို့ ပြောပါတယ်။

သူတီးလိုက်တယ်ဆိုရင် တစ်ခါတည်း ချောက်ချားကုန်ကြရတာ ပဲ။ ဦးလေးဦးခင်မောင်ဒွေးတို့လူသိုက် တီးဆိုနေကြတဲ့ဝိုင်းကို သူ ရောက် လာတယ်ဆိုရင် သူ့ကို စောင်းသင်ဖြုးခင်းပေးရတယ်။ သူက ထိုင်မသိမ်းနဲ့ ရွှေကျင်ခပ်ပဝါခေါင်းပေါင်းနဲ့ မန္တလေးပိုးပုဆိုး တောင်ရှည်နဲ့လာတာ။ အိုက်ရင် အားလုံးချွတ်ပြီး စွပ်ကျယ်နဲ့ ကလန်နဲ့ချည်းနေတယ်။ သူ့စောင်း က ကတ္တီပါအိတ်စွပ်ပြီး အသာချထားတာ၊ သူများ မတီးရဘူး။

ဦးလေး ဦးခင်မောင်ဒွေးတို့က ရှေ့တော်ပြေး မောင်မောင်သိုက်ရဲ့ အကွက်တွေကို ဒေါ်သူဇာဆီက ယူပြီး တီးနေကြတာ၊ မောင်မောင်ကြီး ရောက်လာတော့ အဲဒါတွေအားလုံးဖျက်ပြီး မောင်မောင်ကြီးအကွက်တွေကို ထပ်သင်ရတယ်။ ဒေဝဣန္ဒာရဲ့ အကွက်တွေက ဟန်ယူတဲ့နေရာမှာလည်း သူက ပိုကောင်းတာပဲ။ ဟန်မယူဘဲ ဝါးလတ်စည်းနဲ့ နေရာလည်း သူက ပိုကောင်းတာပဲ။ သူက မောင်မောင်သိုက်အကွက်တွေကို တစ်ခုစီ ပိုကောင်း အောင် လုပ်ထားတာကိုး။ နွဲ့ကြစို့ဆိုတော့လည်း ပိုနွဲ့တာပဲ။ လိုမ့်လိုက်တဲ့ နေရာများ ပတ္တလားဆရာတောင်မမီဘူး။ ကမ်းကုန်ရော။

မြမြမောင်းမောင်းထဲက 'သဇင်၊ ခယား၊ စကား၊ စပယ်' ကို တီးတဲ့လူက ပွတ်နေအောင် သွက်သွက်ကြီးတီးတာ၊ ဦးလေးတို့ ဒီလို လုပ်နေတုန်း သူကလာပြီး "မင်းတို့ဘာလုပ်နေကြတာလဲ" တဲ့။ "မြမြ မောင်းမောင်း တီးတာပဲ" လို့ ပြောတော့။ "အမယ် – မင်းက လိုမ့်တဲ့ ဉာဏ် လိုချင်လို့လား၊ ကိုင်း၊ ကိုင်း ဒါလောက် အလိုမ့်အမြန် လိုချင်ရင် လာ" ဆိုပြီး ဗျပ်စောင်းစားပွဲပေါ်ချပြီးလိုမ့်ပြတာ၊ မိကျောင်းတီးသလို တီးပြတာ၊ ဗျပ်စောင်းချပြီး၊ တစ်ခါ စောင်းနဲ့တီးပြပြန်ရော။ သူ့စောင်းက

www.burmeseclassic.com

www.burmeseclassic.com

ဗျပ်စောင်းထက်မြန်သေးတယ်။ ဦးလေးမှာ သူပြသွားတာကို ကျင့်လိုက်ရတာ သန်းခေါင်တိုင်ပါလေရော။

သူ့အထူးခြားဆုံး အကွက်တွေကတော့ ရှေးက ခွင်ချ ဖောက်ချပြီး မတီးနိုင်ဘူးဆိုတဲ့ ပတ်ပျိုးနေရာတွေမှာ သူက အကုန် ခွင်နဲ့ဝင်တီးတာပါပဲ။ သူ့အတီးက ဟန်ကြီးနဲ့ ဇွတ်ထိုးပြီး ဖွင့်ဝင်လာတာ၊ ဘယ်ကြီးနဲ့ ဒုံးနဲ့ဝင်တာ၊ လက်ညှိုးနဲ့တီးနေရာက ဒုံးကြီးနဲ့ လက်မနဲ့ တီးဝင်တော့ မခံ့ညားဘဲရှိမလား။ တခြားလူတွေက ကြောက်ကြတာပေါ့။ တကယ်ပဲ၊ ထမင်းလုတ် လက်ကလွတ်ကျအောင် ကောင်းတာပါ။

ဒေဝဣန္ဒာ မောင်မောင်ကြီးက ဦးလေးတို့အိမ် ရောက်လာတယ်ဆိုရင်၊ ခေါင်းပေါင်းချွတ်၊ ထိုင်မသိမ်းချွတ်ပြီး စောင်းယူညှိတယ်။ သူများက တျာ တေ တျောညှိတာ ၆ ကြိုးညီရင် ၇ ကြိုးညှိတယ်၊ ၇ ကြိုးညီရင် ၈ ကြိုးညှိတယ်။ ၈ ကြိုးညီရင် ၉ ကြိုးညှိတယ်။ ဒီလိုနဲ့ ၁၃ ကြိုးအထိ၊ ၁ ကြိုးစီတက်ညှိသွားပြီးတော့ ညီတော့ သီချင်းတီးတာပဲ။ ပဒေသာကလေးဘာလေးကောက်တီးပြီး စမ်းကြတာပါ။ ဒေဝဣန္ဒာကတော့ ပထမဆုံး ၆ ကြိုးညှိတယ်။ ညီရင် ၆ ကြိုးနဲ့ သီချင်းကလေးတစ်ပုဒ် စမ်းတယ်။ ပြီးတော့ ၇ ကြိုး၊ ညီပြီထင်တော့ သီချင်းတစ်ပုဒ် စမ်းပြန်ရော၊ ၈ ကြိုးညှိ၊ ညီရင် သီချင်းတစ်ပုဒ် စမ်းတီးပြန်ရော၊ ဒါမျိုးက ဘယ်သူမှ မလုပ်တဲ့ဟာတွေပါ။ ၉ ကြိုး၊ ၁၀ ကြိုး၊ ၁၃ ကြိုး ထိအောင်ပါပဲ။ ဒီအတိုင်းလုပ်သွားတာ အဲဒီလိုဟာမျိုး ဘယ်သူမှ မလုပ်နိုင်ပါဘူး။ ဆရာကိုဗေဒါဆိုင်းထဲမှာ လုပ်နိုင်တယ်။ အဲဒါ ဒေဝဣန္ဒာဆီကယူတာပဲ။ ဒေဝဣန္ဒာဆီက ဒီပညာ ကိုဗေဒါရလိုက်တယ်။

ဒေဝဣန္ဒာက လူအနေနဲ့ အလွန်ကျစ်လျစ်ပြီး ချစ်စရာကောင်းတယ်။ သူများအကြောင်း ဘယ်တော့မှ မပြောဘူး။ သူ့အကြောင်းလည်း မပြောဘူး။ စကားသိပ်နည်းတာ၊ အနေအထိုင်ကလည်း သန့်ရှင်းပါဘိသနဲ့၊ အသောက်အစားလည်း မရှိဘူး။ ပညာရှိ အင်မတန်ပီသပါတယ်။ လူက အရပ်မနိမ့်မမြင့်၊ ပိန်ပိန်သေးသေး၊ ဖြူဖြူနွဲ့နွဲ့၊ ဆံပင်က လူတစ်ရပ်ရှိတယ်။ အဋ္ဌကထာ ဆရာရှင် မဟာဗုဒ္ဓဃောသရဲ့ ပညာနဲ့ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com


သာသနာ့ဝန်ထမ်းမဆို မကင်းနိုင်သလိုပဲ။ သဘင်ဂီတနယ်က လူတွေက ဒေဝဏ္ဏနွာရဲ့ပညာနဲ့ မကင်းနိုင်ပါဘူး။ မန္တလေး အစ်မတော်ဘုရားဝင်းထဲမှာ ပထမ နေတာပါ။ ဘုန်းကြီးဝတ်တော့ မမာလို့ ကိုရင်ကြီးဝတ်နဲ့ နေရပါတယ်။ စစ်ကိုင်းက ဝါးချက်မှာ ပျံတော်မူတာပါ။

မှတ်မိသေးတယ်။ ၁၉၃၀–၃၁ ခုနှစ်ဆီလောက်က၊ မန္တလေး တရုတ်တန်းက ဘိလစ်ဦးထင်ရဲ့တိုက်ထဲမှာ ဆရာမောင်ရယ်၊ ဦးထွန်းအိုင်ရယ်၊ ပတ္တလားနဲ့ 'ရွှေရင်ဘောင် ငွေရင်ဘောင်' ကို တီးနေကြတော့ အနားထိုင်နေတဲ့ ဆရာတာက ဦးလေးရှိရာ ဦးထင်အိမ်ရှေ့ထွက်လာပြီး–

"မောင်မောင်–ရွှေရင်ဘောင် ငွေရင်ဘောင် ရသေးသလား၊ ခု သူတို့ တီးနေတာမဟုတ်ဘူး" တဲ့။

ဦးလေးက "ရတုန်းကတော့ ရတယ်၊ မေ့ကုန်ပြီ" လို့ ပြောတော့

"နည်းနည်းလေးမှ မရတော့ဘူးလား"

"မရတော့ဘူး၊ ခု သူတို့ တီးနေတာ မဟုတ်မှန်းတော့သိတယ်၊ ဘယ်လိုတီးသလဲတော့ မပြောတတ်ဘူး" လို့ပြောတော့–

"အမလေး နှမြောလိုက်တာ၊ မောင်မောင်လတ်ကော မရဘူးလား"

"အုတ်စက်ခင်လေးများ မှတ်မိမလား မပြောတတ်ဘူး"

"ဟုတ်လား၊ အုတ်စက်ခင်လေးတို့ နက်ဖြန် ဝါဆိုလပြည့်နေ့ ရွှေကျောင်းမှာဆွမ်းလောင်းလိမ့်မယ်။ ကနေ့ရွှေကျောင်းမှာရှိမယ်" လို့ ပြောလို့ ရွှေကျောင်းလိုက်သွားပြီး အုတ်စက်ခင်လေးဆီက တောင်းရတယ်။ ခင်လေးက ဆွမ်းလောင်းပြီးမှ တက်ပေးတာ။ သူတို့လူစု မနက်စောစော ပြင်ဦးလွင်မြို့ ပြန်တက်ဖို့လည်း သီချင်းတက်ပေးနေရလို့ ညနေ ၃ နာရီ ထိုးမှ တက်ဖြစ်တော့တယ်။ အုတ်စက်ခင်လေးဆီက အကွက်ရခဲ့တော့ စည်းမခွဲတတ်ပြန်လို့ ကိုဖေဒါကို အခွဲခိုင်းရပြန်ပါတယ်။ ကနေ့ တီးနေကြတဲ့ "ရွှေရင်ဘောင် ငွေရင်ဘောင်" ဟာ အုတ်စက်ခင်လေးဆီကရတဲ့ မောင်မောင်ကြီးအကွက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


မင်းတုန်းမင်းတရားကြီး လက်ထက်မှာ ရှေ့တော်ပြေး မောင်မောင် သိုက်အပြင် စောင်းဆရာ ၁၇ ဦးလောက် ရှိသေးတယ်။ ဒီလူတွေက ရှေ့တော်မှာတော့ မတီးရဘူး။ ဘုရင်မင်းမြတ် ဝင်တော်မူတော့မှ တီးကြ၊ ဆိုကြ ည ၉ နာရီလောက်အထိ ဝိုင်းမပျက်နေကြတာ။ ဒီလူသိုက်ထဲ ဒေါ်သူဇာရဲ့အဖေ ဆရာသိန်းကြီးတို့လည်းပါတယ်။ ဦးအုံးဘူးတို့လည်း ပါတယ်။

တစ်နေ့ ဘုရင်ဝင်တော်မူတော့ အခု မောင်မောင်ကြီးက မိကျောင်းချပြီး မောင်မောင်သိုက်ရဲ့စောင်းကို ယူတီးတယ်။ ပါရမီထူးတဲ့ လူဆိုတော့ လက်စွမ်းပြ တီးနိုင်တယ်။ ဒါကို မောင်မောင်သိုက်က "မင့်လက်ညှိုးနဲ့ကွာ၊ စောင်းဖြစ်မှာမဟုတ်ပါဘူး" လို့ ပြောလိုက်တယ်။ မိကျောင်းက လက်ညှိုးနဲ့ တီးရတာကိုး။ သွက်လည်း အင်မတန် သွက် ရတယ်။ မောင်မောင်သိုက်က မောင်မောင်ကြီးထက် အသက် ၁၀နှစ်၊ ၁၅ နှစ်လောက်လည်းကြီးတယ်။ လူကညှိုညှိုဖိုင့်ဖိုင့်၊ လက်ဖဝါး၊ ခြေဖဝါး က ရဲလို့။ မောင်မောင်ကြီးကို ခုလိုပြောလိုက်တော့ နှိမ်ပြောတယ်လို့ ထင်လို့ တော်တော်ခံပြင်းတယ်။ ဒါကြောင့် အဲဒီအချိန်ကစပြီး စောင်းတီး တော့တာပဲ။ စောင်းတတ်တဲ့အခါ သူက တော်လှန်ရေး လုပ်လာတယ်။ ရှေ့တော်ပြေးတီးနေတဲ့ အကွက်တွေကို အကုန်တော်လှန်ပစ်ပြီး သူ့အမြင် နဲ့သူတီးတော့ ဘုရင်မင်းမြတ်က မောင်မောင်သိုက်တီးတာက ရိုးတယ်။ မောင်မောင်ကြီးတီးစမ်းလို့ ခိုင်းလာတော့တယ်။ ရှေးက ငိုချင်းကို သံမှန် ဆိုတာပဲ။ နောက် ၅ ပေါက်နဲ့ ပြောင်းဆိုတော့ နားထောင်တဲ့လူက ၅ ပေါက်ကို ကြိုက်တာပေါ့။ မောင်မောင်ကြီးကလည်း ဒီလိုပဲ။ ဇမ္ဗူကျွန်း လုံး သီချင်းခံကြီးကို စည်းနဲ့ခုန်ဝင်တာပါ။ မောင်မောင်ကြီးရဲ့ အကွက်တွေ က ပိုမြိုင် ပိုစိုလာတော့ မောင်မောင်သိုက်က မောင်မောင်ကြီးနဲ့ မပြိုင်နိုင် ဘူး။ အဲဒီမှာ နောက်ယို့သွားတော့ ဘုရင်ကြီးကသိပြီး ရှေ့တော်မှာ မောင်မောင်ကြီးနဲ့ အဆိုတော် ဦးပေနဲ့ ဖြစ်သွားတာပေါ့။ မောင်မောင်ကြီး က စောင်းတီးတော့ မိကျောင်းတီးမယ့်လူမရှိဘူး။ အဲဒီအစား ကွမ်းဖိုးထိန်း ဦးမှိုက တယောနဲ့ ဝင်လာတယ်။ ရှေ့တော်တီးအဖွဲ့ဟာ သုံးယောက် ပြန်

www.burmeseclassic.com

www.burmeseclassic.com

ပြည့်သွားပါတယ်။ ဒီသုံးယောက်အဖွဲ့ဟာ လက်ထက်တော်ကလေးလို့ ခေါ်တဲ့ သီပေါမင်းလက်ထက်ကျတော့လည်း ဆက်ပြီး ရွှေတော်ပြေး အဖွဲ့အဖြစ်နဲ့ ရှိနေတာပဲ။ အဲဒီတော့မှ မောင်မောင်ကြီးကို ဒေဝဣန္ဒာဘွဲ့ပေးပြီး ရွှေတော်ပြေးခန့်တယ်။ မင်းတုန်းမင်းတရားလက်ထက်က ဘာဘွဲ့မှမပေးပဲ၊ ရွှေတော်မှာ တီးခိုင်းနေတာပါ။

အင်္ဂလိပ်ဝင်လာတော့ ဦးလေး ဦးခင်မောင်ဒွေးတို့ မိဘ ဘိုးဘွားများဆီ တီးကြ မှုတ်ကြတဲ့အခါ၊ မောင်မောင်သိုက် ရှိနေပါသေးတယ်။ နို့ပေမယ့် မလာဘူး။ ကွမ်းဖိုးထိန်းတော့ ရှာလို့မတွေ့ဘူး။ ဦးဖူးခေါင်ရယ်လို့ နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိသေးတယ်။ ဘိလစ်ဦးထင်ကတော့ ဦးဖူးခေါင်ဟာ ပလွေဆရာတဲ့။ ကိုဗေဒါကိုမေးတော့ ကိုဗေဒါကဘာမှမပြောဘူး။ ဆရာတာကို ဦးဖူးခေါင်အကြောင်းမေးတော့ ဆရာတာက ဦးဖူးခေါင် သီချင်းဆိုတတ်တယ်။ အညာ့ဖြူ ဦးတုတ်ဟာ ဦးဖူးခေါင် တပည့်အရင်းလို့ ပြောပြပါတယ်။ ဦးဖူးခေါင်ကို ရွှေပြည်ဆရာကြီး ဦးဘတင်ကတော့ မြဝတီမင်းကြီးဦးစကို သိမီလိုက်သူ၊ ဦးစရဲ့ အဆိုသမား ဖြစ်ခဲ့ဖူးတယ်။ ဦးဖူးခေါင်မှာ ရင်အောင့်တဲ့ရောဂါရလာတော့ အဆိုကိုရပ်နားပြီးစောင်းပြောင်းတီးတယ်လို့ ရေးပါတယ်။ ရွှေပြည်ဆရာကြီး ဦးဘတင်အဆိုသင်တဲ့ ဆရာဦးထွန်းအိုင်ဟာ ဦးဖူးခေါင်ရဲ့ တပည့်အရင်းလို့ မြဝတီဆောင်းပါးတွေမှာ ရေးသားဖော်ပြဖူးပါတယ်။ ဆရာကြီး ဦးဖူးခေါင်ဟာ အသက်ရှည်တယ်။ နောက်ပိုင်း မမာမကျန်းရှိနေတာတောင် အိပ်ရာထဲ၊ ခြင်ထောင်ထဲကနေပြီး တပည့်တပန်းတွေကို အတီးသင်ပေးသေးတယ်လို့လည်း ရေးသားပါတယ်။ ဦးဖူးခေါင်က အရပ်ပြတ်ပြတ် အသားနည်းနည်းညိုပါသတဲ့။

ဦးဖူးခေါင်ရဲ့ တပည့်တစ်ယောက်ကိုတော့ နောက်လူတွေက ကောင်းကောင်း သိမီလိုက်ပါတယ်။ အဲဒါကတော့ အညာ့ဖြူ ဦးတုတ်လို့လည်းခေါ်တယ်။ အမာဖြူ ဦးတုတ်လို့လည်း ခေါ်ကြတဲ့ ဦးတုတ်ပါ။ ဦးတုတ်က ဥဿဖရားကျောက် အရောင်းအဝယ်လည်း လုပ်တယ်။ ဝါသနာအရ သီချင်းလည်း ဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com


ရှေးက ဥသြဖရားကို အညံ့ဖြုလို့လည်း ခေါ်တယ်။ အမာဖြု ကျောက်လို့လည်း ခေါ်တယ်။ ဒါကြောင့် ဦးတုတ်နာမည်ရှေ့မှာ သူ ရောင်းတဲ့ ပစ္စည်းနာမည်ကို အခြားဦးတုတ်နဲ့ ကွဲအောင် ထည့်ခေါ်ကြတာ ဖြစ်တယ်။ ဒီဦးတုတ်က မြဝတီမင်းကြီးရဲ့ ပတ်ပျိုးကြီး ၄ ပုဒ်ထဲက 'ကုန်းဘောင်ပရမေ' ကို ဘိလစ်ဦးထင်ရဲ့ အိမ်မှာ ရတုလိုဆိုတာ ဦးလေး ဦးခင်မောင်ဒွေး၊ ဒေါ်စောမြအေးကြည်၊ ဒေါ်အောင်ကြည်၊ ဦးဘသင်၊ စိန်လှမောင်၊ ဒေါ်လှကလေးစိန်၊ သူ့အဖေ ဦးခန့်နဲ့ ဦးဘခင်တို့ ကြားကြ ဖူးတယ်။ အကွက်မပါဘူး။ အကွက်မပါရင် စောင်း ၇ ကြိုးနဲ့ လိုက်လို့ ရတာပဲ။ ဦးတုတ်က ဒီအဆိုကို ဦးဖူးခေါင်ဆီက ရခဲ့တယ်လို့ပြောသတဲ့။ အကွက်မပါရင် စောင်း ၇ ကြိုးနဲ့ တီးလို့ရတာပါပဲ။

ဒေဝဣန္ဒာက ရှေးသီချင်းမှန်သမျှ အကုန် စည်းနဲ့ချည်း တီးတာ၊ အဲဒီတော့ အားလုံးလည်းကုန်တာပေါ့။ တစ်ပုဒ်မှ မကျန်အောင် တော်လှန် ရေးလုပ်ပစ်တာပါ။ ရှေးကတော့ သီချင်းတွေက လှုပ်စည်းတွေနဲ့ များတာ ပဲ။ နရီစည်းနဲ့သီချင်းက နည်းပါတယ်။ နရီစည်းကို ဘယ်သူမှ မလုပ် တတ်ကြဘူး။ အဲဒါကို ဒေဝဣန္ဒာမောင်မောင်ကြီးက နရီစည်းချည်း လုပ်ပစ်တယ်။ သူက ခွင်တွေနဲ့ချည်း ဝင်တာ။ ရှေးကတော့ 'စုံနံ့သာမြိုင်' ရော၊ 'ဇမ္ဗူကျွန်းလုံး' ရော လှုပ်စည်းနဲ့ပဲ၊ ဆိုတော့လည်း ရတုဆိုချည်း ဆိုကြတာ၊ မောင်မောင်ကြီးကတော့ နရီစည်းနဲ့ အဆုံးအထိ ဆိုပစ်တယ်။ "ဘုံပျံနေနန်း၊ ကုန်းဘောင်ပရမေ" အားလုံး နရီစည်းချည်းပဲ။ ဘယ်သီချင်း မဆို နရီနဲ့ဝင်ရတယ်။ ပြီးတော့ ဒီသီချင်းတွေကို အရင်က ပတ္တလားဆရာ၊ ဆိုင်းဆရာဆိုတဲ့လူတွေက ဘယ်သူမှ မတီးရဘူး၊ ရှေ့တော်မှာတီးတဲ့ စောင်းကသာ တီးရတာ။ အရပ်ထဲလည်း ရှေးသီချင်းကို ဘယ်သူမှ တီး ရတာမဟုတ်ဘူး။ ဒေဝဣန္ဒာမောင်မောင်ကြီးက အဆိုလည်းရတယ်။ ဆရာမှန်းကို အဆိုသင်ပေးတာ မောင်မောင်ကြီးပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မောင်မောင်လတ်

ဦးလေး ဦးခင်မောင်ဒွေးက ဒေဝဣန္ဒာရဲ့ အချစ်ဆုံး တပည့်က မောင်မောင်လတ်ပဲ။ မောင်မောင်လတ်ကို ဒေဝဣန္ဒာက ပညာတွေ အများကြီးပေးခဲ့တယ်။ မောင်မောင်လတ်ကလည်း ဒီစောင်းပညာကို တစ်သက်လုံး မြတ်မြတ်နိုးနိုး သင်ယူတီးခတ်သွားတယ်။ ဘယ်အထိ မြတ်နိုးသလဲဆိုရင် ရှိပစ္စည်းအားလုံး ကုန်တဲ့အထိ စောင်းတီးသွားတာ။ ရှိပစ္စည်းဆိုတာ နှယ်နှယ်ရရမမှတ်ပါနဲ့။ စူရတီဘာရားဘဇာလို့ အရင်ခေါ်တဲ့ သိမ်ကြီးဈေးကို ပိုင်ဆိုင်တဲ့ အစု ၃၂ စုအနက်က သူအမွေရတဲ့ အစု ၇ စုစလုံး ကုန်တာကို ပြောတာပါလို့ ပြောပြပါတယ်။

မောင်မောင်လတ်ဆိုတာ ဂီတဝိသောဓနီကျမ်းကို ရိုက်နှိပ်ထုတ်ဝေတဲ့ မောင်မောင်လတ်၊ အင်္ဂလိပ်အစိုးရလက်ထက်က ရန်ကုန် အနုပညာကျောင်းမှာ စောင်းဆရာအဖြစ် ၃ နှစ်လုပ်ဖူးတဲ့ မောင်မောင်လတ်ပါ။ သူ့ဇနီး ဒေါ်မမလေး မန္တလေးမြို့ အာဠဝီစီလမ်းမှာ ရှိနေသေးတယ်။ မောင်မောင်လတ်ရဲ့ ဇနီးဆီမှာ ဒေဝဣန္ဒာမောင်မောင်ကြီးအကြောင်းနဲ့ မောင်မောင်လတ်အကြောင်းတွေ သွားမေးချေပါလို့ခိုင်းပါတယ်။ ဒေါ်မမလေးကို ကျွန်မသွားတွေ့တော့ ဝမ်းမြောက်ဝမ်းသာပဲ။ မောင်မောင်လတ်ရဲ့အဘိုးမြန်မာပြည် စရောက်လာပုံကချီပြီး ဒေါ်မမလေးပြောပြရှာတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်မမလေးက မောင်မောင်လတ်က အတီးအမှုတ်ကို ငယ်ကတည်းကဝါသနာပါတယ်။ သူ့ပထမဆရာဟာ ဒေဝဣန္ဒာမောင်မောင်ကြီး ပါပဲ။ မောင်မောင်ကြီးရဲ့ အချစ်ဆုံးတပည့်ပါ။ မောင်မောင်ကြီး ကိုယ်ဖိရင်ဖိ စသင်ပေးတဲ့ တစ်ယောက်တည်းသောတပည့်ဟာ မောင်မောင်လတ်ပါ။ ဒေဝဣန္ဒာမောင်မောင်ကြီးက အလွန်သဘောကောင်း၊ အလွန်အေးချမ်းပြီး စိတ်နေစိတ်ထား နူးညံ့သူပါ။ သူ့မှာ ဇနီးမယား စောစောသေသွားတော့ သားကလေးတစ်ယောက် မောင်လေးခင်ဆိုတာနဲ့ မုဆိုးဖိုဖြစ်ကျန်ရစ်ပါတယ်။ သားလေး မောင်လေးခင်က ရှမ်းပြည်နယ်က ရှမ်းမလေး တစ်ယောက်နဲ့ ရလာပါတယ်။ တစ်နေ့တော့ ကလေးမက ဖန် လက်ကောက်ကလေးတွေ ဝယ်ဝတ်သတဲ့။ အဲဒီတော့ ဖန်လက်ကောက်ဆိုတာ ကျိုးတတ်တာ အဖိုးတန်မဟုတ်ဘူး၊ ဒါမျိုး ဘာလို့ ဝယ်ဝတ်သလဲဆိုတာနဲ့ ကလေးမက စိတ်ဆိုးပြီး ရှမ်းပြည်နယ် ပြန်သွားရောတဲ့။ သားက မိန်းကလေးနောက်ကို လိုက်မယ်လုပ်တော့၊ ဒေဝဣန္ဒာမောင်မောင်ကြီးက ငါ့သား တစ်ယောက်တည်းမလိုက်နဲ့၊ အဖေလိုက်ပို့မယ်။ မိုးကုန်ပါစေဦး လို့ပြောပြီး ချော့ထားတယ်။ သားလေးက စိတ်ညစ်ပြီး ကျုံးထဲ ဆင်းသေတယ်။ တစ်ယောက်တည်းသောသား သေတော့ မောင်မောင်ကြီး သိပ် စိတ်ထိခိုက်ပြီး သင်္ကန်းဆီးလိုက်တာ သေတဲ့အထိပါပဲ။ ဒါနဲ့ အရိုးထုတ် မယ် ရသမျှကုသိုလ် သားအတွက်လို့ မောင်မောင်ကြီးက ဆိုပါတယ်။ သင်္ကန်းဆီးသွားပေမယ့် စောင်းပညာကို ဆက်ပြပေးဖို့ သူများတွေက ပူဆာ ကြတယ်။ ပူဆာပါများတော့ ဆရာတော်တွေကို လျှောက်ကြည့်တယ်။ လျှောက်ထားတဲ့ ဆရာတော်များက ဂီတလို မသင်ပြဘဲ ပညာလို သင်ပြရင် အပြစ်လွတ်နိုင်တယ်ဆိုလို့ သင်္ကန်းဝတ်နဲ့ ဆက်ပြီး စောင်းပညာကို ပေးပါတယ်။ မောင်မောင်လတ် အများဆုံးရတာပါပဲ။

ဒေဝဣန္ဒာမောင်မောင်ကြီး သင်္ကန်းဝတ်နဲ့ ၁၀ နှစ်ကြာပါတယ်။ သင်္ကန်းဝတ်ပြီးတော့ မမာဘူး။ သူ့မှာ ပန်းနာရင်ကျပ်ရောဂါရနေတော့ ရပ်ကျပ်ချောင်းဆိုးလာရင် ဆီးကို မထိန်းနိုင်တော့ဘူး။ မောင်မောင်လတ်က သူ့ဆရာကို သားအရင်းက ပြုသလို ပြုစုသုတ်သင်တယ်။ တပည့်တွေကို

www.burmeseclassic.com

www.burmeseclassic.com


မခိုင်းပါဘူး။ ပန်းနာက မနက် ၃ နာရီလောက်ဆိုရင် အေးလာလို့ မအိပ်နိုင်တော့ဘူး။ ဒီအချိန်မှာ မောင်မောင်လတ်လည်း အိပ်ရာကထပြီး သူ့ဆရာဖို့ ဆန်ပြုတ်တယ်။ ကျက်ရင် ငါးရံ့ခြောက်ဖုတ်ကလေးနဲ့ ကပ်တာပဲ။

မန္တလေးမှာ သီတင်းသုံးတဲ့အခါ အာဋ္ဌဝီက မောင်မောင်လတ်တိုက်မှာ အိပ်တာပဲ။ မောင်မောင်လတ်ကလည်း မရှုံမရှာ အားလုံး ဝတ်ကြီးဝတ်ငယ်ကို ပြုစုတယ်။ ဇနီး ဒေါ်မမလေးက သင့်ရာသင့်ကြောင်းရော၊ ရောဂါကိုပါ ဂရုစိုက်ပြီး ဒေဝဣန္ဒာကြိုက်တဲ့ဟင်းမျိုးနဲ့ ကပ်လှူတယ်။ မောင်မောင်လတ်ကို သူ့သား မောင်လေးခင်ကိုယ်စားတဲ့။ ဒေါ်မမလေးကိုတော့ သူ့ချွေးမကိုယ်စားတဲ့။

မောင်မောင်လတ်က သူအမွေရတဲ့ ပစ္စည်းတွေနဲ့ ဆန်စပါးလုပ်ငန်း၊ ကျောက်စိမ်းလုပ်ငန်းတွေ လုပ်ပါသေးရဲ့။ နို့ပေမယ့် သူက စောင်းပဲတီးနေတာ၊ အလုပ်ကို တပည့်တွေနဲ့ပစ်ထားပြီး ပြန်မကြည့်တော့ လုံးပါးပါးပြီး အားလုံးကုန်တာပဲ။ ရန်ကုန် အနုပညာကျောင်းမှာ စောင်းဆရာ ၃ နှစ်ဝင်လုပ်တော့ ပထမတစ်နှစ်ရတဲ့လခကို ငါ့ဆရာအတွက်ဆိုပြီး ဒေဝဣန္ဒာမောင်မောင်ကြီးကို ရည်စူးပြီး အားလုံး လှူပစ်ပါတယ်။ ကျန် ၂ နှစ်က ရတဲ့လခကို သူစားပါတယ်။ မောင်မောင်လတ်ဟာ အရက်မသောက်ဘူး။ မကစားဘူး၊ မယားငယ်မယူဘူး၊ အင်မတန် သဘောကောင်းတယ်။ တီးမယ့်ဆိုမယ့်လူရှာပြီး စောင်းပဲ တီးနေတာပဲလို့ သူ့ဇနီး ဒေါ်မမလေးက ကျွန်မကို ပြောပြလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မြန်မာတူရိယာများ

အင်္ဂလိပ်အောက် တစ်နိုင်ငံလုံး ရောက်သွားတော့ ယဉ်ကျေးမှုမှာ သူတို့ အစစ လွှမ်းမိုးချယ်လှယ်လာလိုက်တာ၊ မြန်မာမှာရှိတဲ့ ကိုယ်ပိုင် ပစ္စည်းတွေ လုံးဝပျောက်ကွယ်ကုန်တာ မနည်းဘူး။ အဲဒီအထဲမှာ မြန်မာ တူရိယာတွေလည်း ပါတယ်။ တချို့လည်း ကျန်ကောင်းကျန်ရာ၊ တချို့ လည်း ပုံပျက်ပန်းပျက်နဲ့ ကျန်ရစ်ကြတယ်။ ကိုယ့်ပစ္စည်းထက် သာတယ် ထင်လို့ စွန့်တာပဲ။ နို့ပေမယ့် ထင်တိုင်းမဟုတ်တာကို နောက်မှသိရ ရော၊ သိတော့ နောက်ကျကုန်တာတွေလည်း မနည်းဘူး။ တကယ်ကတော့ ကိုယ့်တူရိယာကို ပိုမိုဖွံ့ဖြိုးအောင်လုပ်ဖို့ ကြံရမှာပါ။ တရုတ်ပြည်မှာ၊ ဂျပန်ပြည်မှာ အမျိုးသား ရိုးရာတူရိယာတွေကို မြန်မာလို မစွန့်လွှတ်ဘူး။ ပိုမိုတိုးတက်အောင် လုပ်ဆောင်ပြီး နိုင်ငံတကာပွဲတွေမှာ တခမ်းတနား ပွဲထုတ်နေကြတာပဲ။ တစ်ဘက်ကလည်း အနောက်နိုင်ငံတွေက သံစုံတီးဝိုင်း တွေမျိုးကို တူရိယာသင်ကျောင်းတွေ ဖွင့်ပေးပြီး ဖွံ့စည်းတယ်။ တစ်ဘက် ကလည်း အမျိုးသားတူရိယာတွေကို ပိုမိုကောင်းမွန်အောင်၊ ခေတ်မီအောင် လုပ်ပြီး ပွဲထုတ်ပေးနေတာပဲ။ ဒါကြောင့် ရှေးကတည်းက ရှိခဲ့တဲ့ တရုတ် ကြိုးတပ်တူရိယာတွေ၊ လေမှုတ်ကိရိယာတွေ၊ ဂျပန်ကြိုးတပ်တူရိယာတွေ၊

www.burmeseclassic.com


လေမှုတ်တူရိယာတွေကို နိုင်ငံတကာက တခမ်းတနား ကနေ့ထိ နားထောင်နေကြရတာ၊ လေးစားနေကြရတာပေါ့။ ဒါဟာ လူမျိုးတိုင်း လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စပါ။ ကိုယ့်ယဉ်ကျေးမှုအမွေကို ကိုယ် ဒီလိုပဲ ထိန်းသိမ်းရမှာပေါ့။

စောင်း

စောင်းဆိုတဲ့ မြန်မာတူရိယာပစ္စည်းဟာ ပစ္စည်းတစ်ခုချင်းအနေနဲ့ ကမ္ဘာပေါ်မှာ ဘယ်တူရိယာနဲ့မဆို ပြိုင်နိုင် ပြိုင်ဝံ့တဲ့ ပစ္စည်း၊ တူရိယာအနေနဲ့ အလွန်အထက်တန်းကျတဲ့ ပစ္စည်းပဲ။

စောင်းရဲ့ ပုံပန်းကတော့ ကနေ့မြင်တဲ့စောင်းနဲ့ ရှေးကရှိတဲ့စောင်းနဲ့ ဘာမှ မကွာကြဘူး။ လက်ရုံးကောက်တာ အနည်းနဲ့အများလောက် ကွာချင်ကွာမယ်။ အိုးသေးတာကြီးတာ အနည်းအများ ကွာချင်ကွာမယ်။ ကြိုးတပ်တဲ့အရေအတွက်မှာ ရှေးစောင်းက နည်းပြီး နောက်စောင်းတွေက တဖြည်းဖြည်း များလာတယ်။ ဒါလောက်ပဲ ခြားနားမှုရှိပါတယ်။

ဂီတရဲ့ အခြေခံ၊ ဂီတရဲ့သဘောက နားသာယာမှုဆိုတာရဲ့အပြင် လူ့စိတ်ကို ဆွဲဆောင်မှုရှိအောင် လုပ်ဆောင်နိုင်မှုက ပိုလို့ အထက်တန်းကျတယ်။ စောင်းဟာ တူရိယာတစ်ခုချင်း လူ့စိတ်ကို ဆွဲဆောင်နိုင်အောင် တီးခတ်ကြစို့ဆိုရင် ဘယ်တူရိယာနဲ့မဆို ပြိုင်ပြီး တီးခတ်နိုင်တယ်။ စောင်းလောက် စွမ်းဆောင်နိုင်တဲ့တူရိယာ မရှိဘူး။ တယောဆိုတဲ့ တူရိယာက အနွဲ့နဲ့ချည်း စိတ်ကိုဆွဲတယ်။ အတွဲ့လေးတွေနဲ့ချည်း ဆွဲဆောင်တဲ့ တူရိယာမျိုး၊ စန္ဒရားကတော့ အရုပ်တို့ (၃ လုံး)၊ အသပ်တို့ (၅ လုံး) ဆက်တီးတာမှာ သူ့ကို သူများလိုက်မမီဘူး။

စောင်းကျတော့ တယောလောက် "တွဲ့မယ်၊ နွဲ့မယ်" စန္ဒရားလောက်လည်း စွက်ဖက်နိုင်တယ်။ စန္ဒရားမှာ သပ်ရင် ညာကသာ သပ်နိုင်တယ်။ ဘယ်က မသပ်လေ့ဘူး။ စောင်းကတော့ ဘယ်ရောညာပါ (၇) လုံးထိ သပ်နိုင်တယ်။ အဲဒီတော့ စောင်းကို တီးတဲ့အခါ "ထူးမခြားနား" ရောင်ခြည်တော်ဘွဲ့ခံကို တီးရင် တံခွန်ကုက္ကား မုလေးပွားနဲ့ ဘုရား

www.burmeseclassic.com

www.burmeseclassic.com


ရောင်ခြည်တော်တွေ ကွန့်မြူးလာတာကို စိတ်ထဲက မြင်လာအောင် တီးနိုင်တယ်။ "ထောင်ရောင်နေ" ဆိုရင်လည်း သီဟာသန ဘမယာသန ပလ္လင်တွေပေါ်မှာ မှူးတွေ မတ်တွေနဲ့ ဘုရင်ထိုင်နေတာကို မြင်အောင်တီးလို့ရတယ်။ စောင်းဟာ တူရိယာထဲမှာ ဘုရင်ပါ။ စောင်းရဲ့ ထူးခြားတဲ့ ဝိသေသလက္ခဏာကြီးကတော့ အသံပြောင်းပြီး တီးနိုင်မှု၊ လေးသံထိအောင်ပြောင်းပြီး တီးနိုင်မှုပဲ။ (၁) ညှင်းလုံး၊ (၂) အောက်ပြန်၊ (၃) ပုလဲ၊ (၄) မြင်စိုင်း၊ (၅) ဒူရကဒွေး၊ (၆) ခြောက်သွယ်ညွန့်၊ (၇) ပြည်တော်ပြန်ရယ်လို့ (၇) သံရှိရာမှာ ကြိုး၊ သီချင်းခံနဲ့ ဘွဲ့ကို ညှင်းလုံးမှာ တီးတယ်။ ပတ်ပျိုးကို အောက်ပြန်နဲ့ တီးတယ်၊ ဘောလယ်၊ တလိုင်း၊ ယိုးဒယားတို့ကို ပုလဲနဲ့တီးတယ်။ တေးထပ်တို့၊ ဒိန်းတို့ကို မြင်စိုင်းနဲ့ တီးတယ်။ ဒီလိုအသံ လေးသံပြောင်းလို့ရတာ စောင်းတစ်ခုတည်း ရှိတယ်။ ဘယ်လို ပြောင်းသလဲဆိုတော့ ညှင်းလုံးက အောက်ပြန်ကို ၅ ပေါက်နဲ့ပြောင်း၊ အောက်ပြန်က ပုလဲကို ၅ ပေါက်နဲ့ပြောင်း၊ ပုလဲက မြင်စိုင်းကို ၅ ပေါက်နဲ့ ပြောင်းသွားတာပဲ။

မဟာဂီတမှာ အထက်တန်းအကျဆုံး သီချင်းကြီးများက မြဝတီမင်းကြီးဦးစရဲ့ ပတ်ပျိုးကြီး ၄ ပုဒ်ပါ။ (၁) ဘုံပျံနေနန်း၊ (၂) မှိုင်းပြာမှုန်ဝေ၊ (၃) ကုန်းဘောင်ပရမေ၊ (၄) အထူးထူးငယ်နှင့်၊ ဒီ ၄ ပုဒ်ကို တကယ်တမ်း အကောင်အထည်ဖော်နိုင်တဲ့ တူရိယာက စောင်းပဲ။ စိန်ကွက်ကို မင်ခံပေးတော့ ပိုပြီး လှပ ဝင်းလက်လာသလို မြဝတီမင်းကြီးရေးခဲ့တဲ့ မဟာဂီတကိုလည်း စောင်းတူရိယာကမှ တောက်ပြောင်အောင် အကွက်ဖော်ပေးနိုင်တာပါ။

နောက်ပြီး ဒီသီချင်းကြီးတွေကို မင်းကြီး ဘယ်အထိ ခက်ခဲနက်နဲအောင် လုပ်ထားသလဲဆိုတာကိုလည်း စောင်းနဲ့ သရုပ်ဖော်ကြည့်မှ အသေအချာ သိနိုင်တယ်။ မင်းကြီးက ဒီသီချင်းကြီးတွေကို ဘယ်အထိ စောင်းတူရိယာနဲ့ ဟပ်အောင်ရေးထားသလဲဆိုရင် ဥပမာ 'ကုန်းဘောင်ပရမေ' ထဲက "လေးရောင်ခြည်လျှံလန်း၊ နတ်နန်းတည့်ဝေယံလယ်" ကို တီးတဲ့အခါ လေးရောင်ခြည်မှာတစ်ခါ၊ လျှံလန်းမှာတစ်ခါ၊ နတ်နန်းတည့်

www.burmeseclassic.com

www.burmeseclassic.com


ဝေယံလယ်မှာတစ်ခါ အတီးတွေ ဝင်ရတယ်။ အတီးဝင်တော့ စာနဲ့အတီးကလည်း လိုက်ဖက်နေအောင်ကို လုပ်ထားတာ၊ လေးရောင်ခြည်ကို ပါးစပ်ဖွင့်ဆိုတဲ့အခါ စောင်းကလည်း အဖွင့်တွေနဲ့ တီးပေးရတာ၊ သူ့အသွား၊သူ့အဓိပ္ပာယ် သူ့အတီးနဲ့ ဟပ်နေအောင် မြဝတီမင်းကြီးက လုပ်ခဲ့တာမျိုး၊ ဒါကြောင့် မဟာဂီတအတွက် စောင်းကို ဘယ်ဟာကမှ အစားမထိုးနိုင်ပါဘူး။

## မိကျောင်း

မိကျောင်းဆိုတဲ့ တူရိယာက ပုတ်သင်ညိုကလေး အိပ်နေသလိုပါပဲ။ ကုပ်ကုပ်ကလေးပါ။ သူက ကြိုးတပ်တူရိယာ၊ တကယ်ကတော့ သစ်တုံးတစ်ခုမှာ မိကျောင်းခေါင်းနဲ့ အမြီးတပ်ထားပြီး ခေါင်းက တီးမယ့်လူဘက် လှည့်ထားရတယ်။ အမြီးက ရှေ့မှာ ထားရမယ်။ ကိုယ်ပေါ်မှာ ကြိုးတပ်တာပါပဲ။ မိကျောင်းမှာ ကြိုး ၃ ကြိုးတပ်တယ်။ အကွက် ၆ ကွက်ရှိတယ်။ ဒါကြောင့် ၁၈ ကွက်ပေါ့။ ဒီ ၁၈ ကွက်စလုံးကို ထောက်တီးရတယ်။ ဒါကြောင့် အသံအစွက်အဖက်တွေ လွတ်များပါတယ်။ ဂီတာတို့ မယ်ဒလင်တို့က ပထမကြိုးအကုန် (၆) ကွက် တီးတယ်။ ဒုတိယကြိုးက (၃) ကွက်တီးတယ်။ တတိယကြိုးမှာ (၂) ကွက်လောက်ပဲ တီးတယ်။ အားလုံး (၁၁) ကွက်လောက် တီးတာပေါ့။ ကျန်အကွက်တွေကို ထောက်ကို မထောက်တော့ဘူး။ မထောက်ဘဲနဲ့ အလွတ်ထည့်တီးကြတယ်။ အဲဒီတော့ အလုံးတွေများပေမယ့် သိပ်မဟုတ်တော့ဘူးပေါ့။

ကိုဗေဒါရဲ့အမေ ဒေါ်မမလေးဟာ မိကျောင်းတီး အလွန်ကောင်းတယ်လို့ နာမည်ရခဲ့တယ်။ ကိုဗေဒါလည်း မိကျောင်းတီးခဲ့တယ်။ တီးတဲ့အခါ သူတီးတဲ့ မိကျောင်းကို သူက လှအောင် ဖန်ပါတယ်။ သူ့မိကျောင်းက ပါးစပ်ဖြဲပြီး မော့ထားတယ်။ အမြီးကလည်း ထောင်ထားတယ်။ ခလုတ်က မိကျောင်းခေါင်းမှာပါ။ ကိုဗေဒါရဲ့ မိကျောင်းက ရှေးမိကျောင်းနဲ့ ခြားနားပြီး လှနေ၊ ကော့ထောင်နေပါတော့တယ်။ ဒီမိကျောင်းဟာ မြန်မာသုံး တူရိယာတစ်ခု ဖြစ်တဲ့အကြောင်း ဆိုင်းမ်စ် (Symes) ရေးတဲ့ စာအုပ်ထဲမှာလည်း ဖော်ပြထားတယ်။

www.burmeseclassic.com

www.burmeseclassic.com


ညှင်း

မြန်မာတူရိယာမှာ ညှင်းဆိုတာ ရှိတယ်လို့ စာမှာတွေ့ရပေမယ့် အခုမသုံးကြတော့လို့ ညှင်းကို မြင်ဖူးသူ မရှိသလောက်ပဲ။ မြဝတီမင်းကြီး ဦးစ ရေးတဲ့သီချင်းထဲမှာလည်း "ညှင်းညှင်း ပခွင်စည်တံမွှာ" လို့ ပါတယ်။ နို့ပေမယ့် ကနေ့ခေတ်မှာ ညှင်းဆိုတာ ဘာလဲမေးရင် မမြင်ဖူးလို့ မပြော တတ်ကြဘူး။

လင်းပင်မင်းသားကို အင်္ဂလိပ်အစိုးရက ၁၉၁၇ ခုနှစ်မှာ အိန္ဒိယ ကို နောက်တစ်ခါပြန်ပို့တော့ မင်းသားက သူ့ပစ္စည်းတွေ သိမ်းနေရင်း ဦးခင်မောင်ဒွေးကို စောင်းရယ်၊ ညှင်းရယ်၊ တယောရယ်၊ မင်းယူတော့၊ ငါပြန်မယူသွားဘူးဆိုပြီး သေတ္တာထဲက ထုတ်ပေးတယ်။ ဦးခင်မောင်ဒွေး က သမက်လောင်းကိုး။ ဒါကြောင့် ညှင်းကို ဦးခင်မောင်ဒွေးက တွေ့လိုက် တယ်။ နို့ပေမယ့် အဲဒီတုန်းက ဘာလုပ်ရမှန်းမသိလို့ ယူတော့မထားလိုက် ဘူးတဲ့။ ညှင်းဆိုတာ ဘူးသီးခြောက်ဘူးဝိုင်းကို အပေါက် ၂ ခုဖောက်ပြီး ဝါးတံ ၂ တံ တပ်ထားတယ်။ ဒီဝါးတံမှာ အပေါက် ၃ ပေါက်စီ ဖောက် ထားတယ်။ မှုတ်ရမယ့်နေရာကတော့ နဲလိုပါပဲ။ အခင်နဲ့။ မှုတ်လိုက်တဲ့ အခါ လေက ဘူးသီးထဲအောင်းထားနိုင်တော့ အသံရှည်ထွက်လို့ရတာပေါ့။ ကုလား မြွေအလမ္မာယ်ဆရာရဲ့ဘူးက အတံတစ်မြွာပဲပါတယ်။ ညှင်းက အတံနှစ်မြွာပါတယ်။ ဒါကြောင့် အသံက ညှင်းညှင်းကလေးနဲ့ပြီး အမြွာ ကလေး ၂ ခုက ထွက်ပါတယ်။ ဘူးခြောက်ကို မှန်စီရွှေချထားတော့တာ ဘူးခြောက်မှန်းမသိရဘူး။ လှနေတယ်။

တယော

မြန်မာတယောက မျက်နှာမှာ သားရေ ကြက်ထားပြီး ကြိုး ၃ ချောင်း တပ်ပါတယ်။ ပုံပန်းကတော့ ဂီတာလို လုံးလုံးပါ။ လင်းပင် မင်းသားပေးမယ်ဆိုတဲ့ မြန်မာတယောအိမ်က ဘာသားနဲ့လုပ်ထားသလဲလို့ မမေးလိုက်မိလို့ မသိရဘူး။ ဘိုးတံက အင်္ဂလိပ် တယောတံမျိုးပါပဲ။ ဒါပေမဲ့ တယောကကြိုးရော၊ ဘိုးတံကကြိုးရော အားလုံးပိုးကြိုးတွေပါ။

www.burmeseclassic.com

www.burmeseclassic.com


မြန်မာတယောမှာ တခြားတယောနဲ့မတူ ထူးခြားချက်ကတော့ တယော ထိုးတဲ့အခါ တယောတစ်ဖက်က မြေစိုက်ထားလို့ရပြီး၊ မြေစိုက်နိုင်အောင် တုတ်ချွန်းကလေး ၂ လက်မလောက် တယောဖျားမှာ ပါနေတဲ့အချက်ပဲ။ မြေစိုက်စရာပါတဲ့အတွက် သူ့အသံက သူများတယောနဲ့မတူ တစ်မူထူးခြား မှုရှိနေတယ်။ ခုခေတ်တယောတွေ ပထမကြိုးမှာ ၄ ချောင်းနဲ့ဆိုတော့ တီးရလွယ်ပါတယ်။ ဒုတိယကြိုးကျတော့ ခက်ပါတယ်။ တတိယကြိုး ကျတော့ လက်မသုံးနိုင်ပါတယ်။ ပထမကြိုးမှာ အစွက်တွေ ကျပ်ပြည့် တီးနိုင်ပြီး ဒုတိယကြိုးမှာ ပထမကြိုးရဲ့ ၄၀ ရာခိုင်နှုန်းလောက် စွက်ပြီး တီးနိုင်ပါတယ်။ တတိယကြိုးကျတော့ အစွက်မတီးနိုင်ပါဘူး။ ဒါကို မြန်မာတယောက မကြိုက်ဘူး။ ဒါကြောင့် တယောကို မြေစိုက်ထားပြီး လှည့်ပေးတော့ ၃ ကြိုးစလုံး အစွက်တီးလို့ရလာပါတယ်။ ဒါကြောင့် တယောကို အစွက်နဲ့တီးကြစို့ဆိုရင် မြန်မာတယောကမှ ရနိုင်တာပါ။ အင်္ဂလိပ်တယောက တစ်သံတည်း မြန်မာတယောက အစွက်တွေပါရုံမက အသံလည်း လှလာတော့ အင်္ဂလိပ်တယော နေရစ်ပါလေရော။ နိုပေမယ့် ခု မြန်မာတယောမရှိတော့လို့ မြင်တောင်မမြင်ဖူးကြတော့ဘူး။

## စိန်ဗေဒါနဲ့ စောင်း

မန္တလေးမြို့မှာ ဦးစံဝင်းတို့ မဟာဂီတမပေါ်ခင်က ဒေဝဣန္ဒာ မောင်မောင်ကြီး တီးသွားတဲ့ သီချင်းခံ သီချင်းကြီး စောင်းကွက်တွေကို ဦးလေးဦးခင်မောင်ဒွေးလက်ထဲလည်း အများကြီးကျန်ခဲ့တယ်။ သူ့တပည့် မောင်မောင်လတ်လက်ထဲလည်း အများကြီး ကျန်ခဲ့တယ်။ ဒီအကွက်တွေ ကို မောင်မောင်လတ်က စောင်းဆရာမကြီးမေကို သင်ပေးပါတယ်။ တကယ် ကတော့ ဒေဝဣန္ဒာရဲ့အကွက်တွေက သိပ်လွယ်တာမဟုတ်ဘူး။ ပြီးတော့ အကွက်တွေရှိပေမယ့် စည်းနဲ့ မတီးတတ်ဘူး။ ဒီနေရာမှာ စည်းလား ဝါးလား မခွဲတတ်ဘူး။

မဟာဂီတကလူတွေနဲ့ ဦးခင်မောင်ဒွေးတို့နဲ့တွေ့တော့ အကွက် တွေရှိရဲ့နဲ့ စည်းနဲ့ဝါး မခွဲတတ်တဲ့ အခက်အခဲကို သိသွားရော။ အဲဒီတော့ ကိုဗေဒါနဲ့ ဆရာဘကလေး၊ ဆရာမောင်၊ ဆရာတာတို့က စောင်းကွက်

www.burmeseclassic.com

www.burmeseclassic.com


တွေယူပြီး စည်းနဲ့ဝါးဖြစ်အောင် လုပ်ပေးကြတယ်။ ဒီလိုလုပ်ရာမှာ ကိုဗေဒါရဲ့ကျေးဇူးက အများကြီးပါတယ်။ "ကိုယ်တော်နှင်းနှံ့' ပတ်ပျိုးက စောင်းကွက်မှာ စည်းနဲ့ဝါး ခွဲထည့်ပေးတာ ကိုဗေဒါပဲ။ အတီးရ အလွန် ခက်တဲ့ အတီးပါပဲ။ အဲဒါကို သူက မရရအောင် လုပ်ပေးသွားတယ်။

ရှေ့တော်ပြေးခေတ်က စည်းနဲ့ဝါး မဟုတ်ပါဘူး။ စောင်းက လှုပ်စည်းတွေပါ။ ဒေဝဣန္ဒာခေတ်ရောက်မှ စောင်းမှာ နရီစည်း ဖြစ်လာ တာပါ။ နရီစည်းကျတော့ စောင်းကွက်မှာ စည်းအထည့်ခက်ပါတယ်။ အကွက်က မူသေအကွက်တွေကိုး။ ဒီနေရာမှာ ဒါကျမှဖြစ်တာ၊ အဲဒါကို ဒေဝဣန္ဒာ မောင်မောင်ကြီးက လုပ်ပေးခဲ့ပေမယ့် သူမရှိတော့ မောင်မောင် လတ်တို့၊ ဦးခင်မောင်ဒွေးတို့ အုတ်စက်ခင်လေးတို့က မခွဲတတ်ဘူး။ တကယ်တမ်းပြောရရင် တစ်နိုင်ငံလုံးမှာရှိတဲ့ စောင်းကွက်တွေဟာ ဒေဝဣန္ဒာဆီကပေးလို့ မောင်မောင်လတ်ဆီရောက်တယ်။ မောင်မောင်လတ် ဆီက ဦးခင်မောင်ဒွေးတို့နဲ့ မဟာဂီတအသင်းကို ရောက်တယ်။ အဲဒီက နေပြီး တစ်နိုင်ငံလုံးကို ပျံ့နှံ့တာပဲ။ စည်းဝါး မခွဲတတ်တာတွေကိုလည်း ဆရာဘကလေး၊ ဆရာတာ၊ ဆရာမောင်နဲ့ ကိုဗေဒါတို့က ခွဲပေးရာမှာ ကိုဗေဒါရဲ့ကျေးဇူးတွေ အများကြီးပါတယ်။

တချို့အပိုဒ်တွေ စည်းဝါးထည့်ရလို့ တီးလို့ရလာတဲ့အခါ၊ တစ်နေ့တော့ တီးနေကြတုန်း ကိုဗေဒါက ပတ်လက်ကြီးလှန်အိပ်ပြီး ဦးလေးကို ဘာပြောသလဲဆိုတော့ "မောင်မောင်နှယ်၊ ကျွန်တော်က တော် တော့်လူ ဆရာတင်တာမဟုတ်ဘူး။ ကျွန်တော့အဖေက ပေးထားတဲ့ ပညာနဲ့ လုံလောက်နေပြီလို့ထင်ပြီး ငါဘယ်လိုလူမှ ကြောက်စရာမလိုဘူး လို့ ထင်မိတယ်။ ရတနာဂီရိခေါ်လို့ လိုက်သွားကြတော့ အဆိုတော် ဦးလူကြီးလည်း ပါတယ်။ ရှေ့တော်မှာ စောင်းလည်း တီးမယ်ဆိုတော့ ငါလည်း ငါ့ပညာနဲ့ပဲ စောင်းကို လှဲလိုက်မယ်လို့ ကြံတယ်။ "ကိုင်း ဘယ်သူအရင်တီးမလဲ" မေးတော့ ကိုယ်ကလှဲချင်တဲ့အကြံနဲ့မို့ ဒေဝဣန္ဒာ အရင်တီးပါလို့ ပြောလိုက်တယ်။

ညထမင်းစားပြီးတော့ မောင်မောင်ကြီးကိုလှဲဖို့ ကိုယ့်ပတ္တလားကို အစစပြင်ထားတယ်။ အဲ သူ့အရင် တီးခိုင်းတော့ မောင်မောင်ကြီးက အဆို

www.burmeseclassic.com

နဲ့ စတီးလိုက်တာ ၁ နာရီနီးနီးလောက် တီးပစ်လိုက်တယ်။ မောင်မောင်ရယ် ယုံပါတော့၊ သူတီးတာ ကျွန်တော်ကြားဖူးတဲ့အကွက် တစ်ကွက်မှ ပါမလာဘူး။ ပြီးတော့ မောင်မောင်ကြီးက စောင်းချပြီး ဆေးလိပ်သောက်နေတယ်။ ကဲ မောင်လေးတီးပါလို့ ကျွန်တော့ကို ခိုင်းတော့ ကျွန်တော် ချွေးတွေပြန်လာတယ်။ ဘာတီးရမှန်းမသိဘူး၊ ရှေ့တော်မို့ မတီးမဖြစ်လို့ သာတီးလိုက်ရတယ်။ ဘာတီးရမှန်းမသိဘူး။ ကျွန်တော့်အဖြစ်ကို ဘုရင်က သိထင်ပါရဲ့ "မောင်လေး မောပုံရတယ်၊ နားပါဦး" တဲ့။ မိနစ် ၂၀ လောက် တီးပြီး နားတာပဲ။ တစ်ညလုံး အိပ်မရတော့ဘူး။ မနက်လင်းတော့ မောင်မောင်ကြီးဆီ ထသွားပြီး ကျွန်တော် တစ်ခုပြောပါရစေ၊ စောင်းများ သင်ရင် တတ်ပါဦးမလား၊ တတ်ဦးမယ်ဆိုရင် ကျွန်တော့်ကို ကနေ့ကစပြီး တပည့်မှတ် သင်ပေးပါလို့ ပြောပြီး အဲဒီတုန်းကစ သူ့နောက်လိုက်နေတာ ကနေ့ထက်ထိပါပဲ။ မောင်မောင်ကြီးလိုဟာတော့ မရှိပါဘူးလို့ ကိုဗေဒါက ပြောတယ်။

၁။ စောင်းပညာမှာ ခက်တာက စောင်းဆိုတာက အဆိုကို လိုက်ပြီး တီးချင်တိုင်း မတီးနိုင်ဘူး၊ အဆိုလိုက်ပြီး တီးလို့ရတာက ဘာဂျာ၊ ပတ္တလား၊ နှဲ၊ ပလွေနဲ့ ဆိုင်း၊ ကြေးနောင်။

ဒီပစ္စည်းတွေက အဆိုအတိုင်း လိုက်တီး သဟဇာတဖြစ်ရင် ပြီးရော၊ စောင်းကတော့ ဒီလိုမဟုတ်ဘူး။ အဆိုမပါဘဲ တစ်ယောက်တည်းလည်း တီးတတ်ရတယ်။ ဒီနေရာစည်းဝင်၊ ဒီနေရာ ဝါးဝင်လို့ စောင်းက ချပေးနိုင်အောင် ကိုဗေဒါက လုပ်ပေးခဲ့တယ်။

၂။ စည်းဝါးပီပီနဲ့ အဆိုမပါဘဲ တီးတတ်ရာမှာ စောင်းကို ၁၃ ကြိုးတည်းနဲ့ တီးရမယ်။ မောင်မောင်ကြီး သူ့သား မောင်လေးခင် ရေထဲဆင်းသေတော့ စိတ်ထိခိုက်ပြီး အောက်ပိုင်း မြန်မာနိုင်ငံကိုဆင်းသွားတယ်။ ရန်ကုန်မှာ ဦးအောင်လှနဲ့ တွေ့တယ်။ ဦးအုံးဖေတို့ကို စောင်းသင်ပေးခဲ့တယ်။ ရန်ကုန်ကပြန်လာတော့ သူ့စောင်း ၁ ကြိုး ပိုတပ်ပြီး ၁၄ ကြိုး ဖြစ်လာတယ်။ ရန်ကုန်က ဦးချစ်ဖွယ်နဲ့ မစိန်ကျော့ကိုလည်း ခေါ်လာတယ်။ အဲဒီတုန်းက ချစ်ဖွယ်နဲ့ စိန်ကျော့တို့ မရသေးပါဘူး။ မောင်မောင်ကြီး

www.burmeseclassic.com

www.burmeseclassic.com

စောင်း ၁ ကြိုး ထပ်တိုးလာတာကို မန္တလေးက ဝိုင်းပြီး ကဲ့ရဲ့ကြတယ်။ အဲဒီအထဲ ဝက်မစွတ် ဝန်ထောက်တို့လည်း ပါတာပေါ့။ ဒီတော့ မောင်မောင်ကြီးက ၁ ကြိုး ပြန်ဖြုတ်ပစ်ပါတယ်။

၃။ စောင်းဆိုတာ သဘင်စကားနဲ့ပြောရရင် စောက်ချတီးရတာ။ သူ့ခွင်နဲ့သူ အံချပြီးတော့ ဒီခွင်ကို အကုန်ခပ်တီးရတာ။ ဒါကြောင့် စောင်းက အဆိုနောက် မလိုက်နိုင်တာ။ စောင်းဆိုတာ ရှေ့သွား၊ သူကဖြင့် မပြင်ဘူး၊ ဘယ်တော့မှ မပြင်ဘူး။

၄။ စောင်းကထွက်တဲ့အသံမျိုး ဘယ်ကြိုးတပ် တူရိယာကမှ မထွက်နိုင်ဘူး။ ဒီအသံမျိုး တခြားတူရိယာ ထွက်မရဘူး။ အဟုတ်ကျပ်ပြည့် စောင်းသံထွက်ဖို့ဆိုရင် နိုင်လွန်ကြိုးနဲ့တောင် မရဘူး၊ ပိုးကြိုးနဲ့မှ ရတယ်။ အန္တွဲ့အထွေ့ကလေးတွေမှာ စောင်းကို ဘယ်သူမှ မမီဘူး။ တူရိယာက ကြိုးဖြစ်တဲ့အထဲ လက်မက ထောက်ထောက်တီးတော့ အထွေ့ကလေး ငေါ့ကလေးတွေက ပါနေတယ်။ လက်မထောက်ပေးနိုင်အောင် စောင်းမှာ အသံပြည့်မထားဘူး၊ အသံဝှက်ထားတယ်။ ထောက်နိုင်အောင် ဝှက်ထားတယ်။ ဘယ်လိုအတီးမျိုးမဆို ၇ သံရှိတယ်။ ပတ္တလား၊ စောင်း ၇ သံပဲ။ ပတ္တလားဒင်ပြည့်တီးတော့ ၂၁ လုံး၊ ၇ သံသုံးလီ၊ အဲဒီ ၂၁ သံကို စောင်းက ၁၃ ကြိုးနဲ့တီးတာ၊ ထောက်တီးသွားတာကိုး။ ထောက်တိုင်း အန္တွဲ့နဲ့အထွေ့က သဘာဝအလျောက် ပါတာချည်းပဲ။ ဒါကြောင့် စောင်း ကောင်းရင် ဘယ်သူနဲ့မှမတူဘူး။ ဆိုင်းမှာလည်း ဝှက်သံတွေပါတယ်။ ဒါပေမဲ့ စောင်းလောက်မပါဘူး။

၅။ အနောက်နိုင်ငံက မြန်မာတူရိယာဟာ Note တစ်ဝက်သံ မပါဘူးလို့ စွပ်စွဲတယ်။ ဒီစွပ်စွဲချက်ဟာ ဆိုင်းတို့၊ ပတ္တလားတို့မှာ မှန်တယ်၊ စောင်းတော့ မမှန်ဘူး။ စောင်းမှာ တစ်ဝက်သံအပြင် Note တစ်မတ်သံတောင်ပါတယ်။ ဒါကြောင့် ခက်စရာရှိသမျှ ကမ်းကုန်တာပေါ့။ တစ်မတ်သံက မြန်မာမပြောနဲ့ အင်္ဂလိပ်မှာတောင် မရှိဘူး။ သင်္ကေတနဲ့ စောင်းကွက်ကို စန္ဒရားထဲရောက်ဖို့ ၁၉၀၈ ခု၊ ၁၉၀၉ ခုနှစ်ဆီက တစ်ခါ ကြိုးစားဖူးသေးတယ်။ အဲဒီတုန်းက ဘင်မတ်စတာ မစ္စတာဆော်လတာခေါ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

စောင်းကွက်ကို သင်္ကေတနဲ့ စန္ဒရားပေါ်တင်ဖို့ လုပ်ကြတယ်။ ဒါပေမဲ့ မရဘူး။ အားလုံးပေါင်း သီချင်း ၄ ပုဒ် စမ်းကြည့်ခဲ့ကြတာ (၁) ကိုယ်တော်နှင်းနံ့၊ (၂) စံရာ တောင်ကျွန်းလုံး၊ (၃) ဘုံဆောင်နဲ့ နောက်ထပ်တစ်ပုဒ်။ မဖြစ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ စောင်းထဲက ဖြစ်ပေါ်လာတဲ့အသံ စန္ဒရားပေါ် ကူးလို့မရလို့ပါ။

ဦးစော ဝန်ကြီးချုပ်ဖြစ်တဲ့ခေတ်က အစိုးရက မြန်မာသီချင်းကြီးများကို သင်္ကေတနည်းနဲ့ စန္ဒရားနဲ့တီးနိုင်အောင် လုပ်ချင်တယ်။ အဲဒါ ဘယ်လိုလုပ်ရင် ကောင်းမလဲလို့ မန္တလေး မဟာဂီတအသင်းကို အကြံဉာဏ်တောင်းဖူးတယ်။ အသင်းက ဒီကိစ္စကို အလေးအနက် စဉ်းစားပြီးတော့ အစိုးရဆီ စာပြန်တယ်။ စာရဲ့ အကျဉ်းချုပ်ကတော့ မဟာဂီတပါ သီချင်းကြီးတွေကို သင်္ကေတနည်းနဲ့ စန္ဒရားပေါ်တီးနိုင်အောင်ဆိုတာ ဒေဝဣန္ဒာ မောင်မောင်ကြီးတို့လို Science of Music ဂီတရဲ့ သိပ္ပံပညာသဘောကို နားလည်တဲ့ ပုဂ္ဂိုလ်မျိုးရှိမှ ဖြစ်နိုင်ပါလိမ့်မယ်။ ဒီအချိန်မှာ မောင်မောင်ကြီးလည်းမရှိတော့၊ နောက်ထပ် မြန်မာထဲက ဂီတရဲ့ သိပ္ပံပညာကို နားလည်သူလည်း ထွက်မလာတော့ ဒီကိစ္စ ဖြစ်နိုင်မယ်မထင်ဘူးလို့ ရေးထားပါတယ်။

မြန်မာသီချင်းကြီးပညာဘက်က နောက်နောက်ကလည်း မရှိခဲ့ဘူး။ အခုလည်းမရှိဘူး၊ နောင်လည်း ပေါ်ဖို့ရာ မလွယ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်သုံးယောက်ရှိတယ်။ အဲဒါ ဘယ်သူတွေလဲဆိုတော့ –

၁။ မြဝတီမင်းကြီးဦးစ

၂။ ဒေဝဣန္ဒာ မောင်မောင်ကြီး

၃။ ဆရာကိုဖေဒါ

လူတစ်ယောက်ဟာ တီးရာမှာ ဘယ်လိုကောင်းကောင်း၊ အယူအငင် အထားအသိုကျတော့ တစ်ယောက်နဲ့တစ်ယောက် ကွာတယ်။ ပညာချင်းမတူလို့၊ အမြင်ချင်း သဘောပေါက်ထားပုံချင်းမတူလို့ ကွာတာ။ ကိုဖေဒါတို့က ပညာဆည်းပူးရာမှာ ပညာသာဆိုရင် လာခဲ့၊ ဘယ်လိုဆီကမဆိုယူမှာပဲ။ ဒေဝဣန္ဒာ မောင်မောင်ကြီးလည်း ဒီလိုပဲ။
www.burmeseclassic.com

www.burmeseclassic.com



ဦးလေး မှတ်မိသေးတယ်။ တစ်နေတော့ ဗျပ်စောင်း ကိုကြွယ်က ဒေဝဣန္ဒာ မောင်မောင်ကြီးဆီက အကွက်တွေကို လိုချင်လို့ ဦးလေး ဦးခင်မောင်ဒွေးအိမ်လာပြီး မောင်မောင်ကြီးကို စောင့်တယ်။ စောင့်ရင်းနဲ့ အပျင်းပြေ အောင်ဗလရဲ့ "မူပါတယ် တစ်ပါးလင်သယ်" သီချင်းကို တီးနေကြတယ်လေ။ အောင်ဗလသီချင်းက –

"မူပါတယ်၊ တစ်ပါးလင်သယ်၊ မောင်စိန့်လင် မဟာရင်ခွင်ထဲ၊ နှစ်ယောက်တွဲလို့ နွဲ့ပါတယ်။ very little small girl ဗဲရီးလစ်တဲစမော ဂဲ၊ မောင်စိတ်ထဲဝယ် အလိုလို မင်းမယားခင်အောင်ဗလရယ်၊ လင်မောင်စလို နှစ်ကိုယ်ကျီစယ်၊ (မောင်ရယ်)[၄] ကညာမေခင် အင်္ဂလန်သူလေးရယ် – ရယ် – ရယ် (နှစ်ကိုယ်ကျီစယ်)[၂] ခွဲပါခွဲပါဘူး တကယ်၊ မောင်ရယ်, မောင်ရယ် ရှောင်ဖယ်သွေမလိမ်တယ်။

အို...တစ်ပါး ပျိုရယ်၊ ကိုသနားဖို့ တကယ်၊ (မောင်ရယ် မောင်ရယ်)[၂] လေလေး၊ လေလေး၊ လေးလေးလေး။ လေး။ လေးလေ။ လေးလေးလေ"

ဒီသီချင်းတီးနေတုန်း ဒေဝဣန္ဒာမောင်မောင်ကြီးက ကလန့်ကြီး ဝတ်ပြီး ပေါက်လာတယ်။ ကြိုက်လို့တဲ့ သူ့အိမ်ခေါ်သွားပြီး ကိုကြွယ်ဆီက အောင်ဗလသီချင်းကို စောင်းနဲ့ ကူးယူတယ်။

စိန်ဗေဒါကလည်း စောင်းကို ဘယ်လောက် မြတ်နိုးသလဲဆိုရင် ဆိုင်းတီးခဲ့ရလို့ ဘယ်လောက်ပင်ပန်းပြီး ဘယ်လိုဝေးတဲ့နေရာက ပြန်ခဲ့ရ ပါစေ စောင်းမတီးဘဲမနေဘူး။ အလှူမှာ ညဆိုင်းဝင်ပြီး အိမ်ပြန်ခဲ့ကြရော။ ဘယ်လောက်ဝေးဝေး ပြန်တယ်။ မြစ်သားလိုနေရာကတောင် ညချင်း အိမ်ပြန်တယ်။ အိမ်ရောက်ရင် စိန်ဗေဒါက ရေချိုးတယ်။ သူရေချိုးနေတုန်း ရေချိုးအပြီးမှာစားဖို့ တရုတ်တန်းက ကြက်ဥခေါက်ဆွဲနဲ့ မီးသတ်စက်နား က ဖာလူဒါကို တပည့်တစ်ယောက်က ပြေးဝယ်ထားရတယ်။ ရေချိုးလည်း ပြီးရော အဲဒါကိုစားတယ်။ စားပြီးရင် သူ့လက်ကို ပါးစပ်ထဲ ငုံထားတယ်။ စောင်းတီးဖို့ လက်ပျော့လာအောင် လုပ်တာပါ။ လက်ပျော့လည်းလာရော၊ သူက စောင်းကောက်ကိုင်ပြီး တီးတော့တာပဲ။ အဲဒီမှာ တပည့်တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com


က ခြင်ခတ်ပေးရတယ်။ မောင်စိန်လှမောင်က ဂီတ ဝိသောဓနိကိုလှန်ပြီး သူ့ကို စာထောက်ပေးရတယ်။ အစာ,စားပြီးကတည်းက တီးလိုက်တာ မနက်လင်းအားကြီး ၃ နာရီ၊ ၄ နာရီထိ သွားရော။ မနက်မလင်းခင် အလှူဝင်ပြီး တီးရဦးမှာဆိုတော့ ညက အိပ်လိုက်ရတယ်လို့ မရှိဘူးပေါ့။ ၅ နာရီ အလှူပြန်လာရတာကိုး။ အဲဒါ တစ်နေ့အမှုမဟုတ်ဘူး။ နေ့တိုင်းလို ဒီအတိုင်း တီးတာပဲ။ သူအမြတ်နိုးဆုံးက စောင်းတဲ့။ တစ်ရက်မှ စောင်းနဲ့ သူ့လက် အကွာမခံဘူး။

ဒေဝဣန္ဒာ ရဟန်းမဝတ်ခင်က တစ်နေ့တော့ စိန်ဗေဒါနဲ့ နှစ်ယောက်သား ဓာတ်ရထားစီးပြီး အိမ်တော်ရာဘုရား သွားကြသတဲ့။ ဘုရားဝင်တော့ ဖိနပ်ချွတ်တဲ့အခါ၊ ဗေဒါက ဒေဝဣန္ဒာရဲ့ဖိနပ်ကို ကောက်ကိုင်ပြီး နောက်ကလိုက်တော့ မြင်တဲ့လူတွေက "ဗေဒါကြီးကတောင် ဖိနပ်ကိုင်လိုက်ရတာ၊ ဒီလူကြီးက ဘာတုံးဟ" လို့ မေးကြသတဲ့။ ဈေးချိုသွားတော့လည်း စိန်ဗေဒါက ဒေဝဣန္ဒာကို ထီးမိုးပေးပြီး နောက်ကလိုက်တော့ "ဗေဒါကြီးထီးမိုးပေးရတဲ့လူကြီးက ဘယ်သူတုံးလို့" ဈေးထဲက လူတွေက တစ်ယောက်ကိုတစ်ယောက် မေးကြသတဲ့။ ကိုဗေဒါက ပညာယူတဲ့နေရာမှာ တရိုတသေ တလေးတစားသိပ်ရှိတယ်။]

www.burmeseclassic.com

www.burmeseclassic.com

|

အဆိုတော် ဘုန်းကြီးပေ

ဒေဝဏ္ဏန္ဒာနဲ့ တွဲသွားတဲ့ အဆိုတော်တစ်ဦးက ဦးပေပါ။ ရှေ့တော်ပြေး အဆိုတော် ဦးပေက နောင်တော့ သင်္ကန်းဝတ်လို့ လူတွေက ဘုန်းကြီးပေလို့ ခေါ်ကြတယ်။

ဘုန်းကြီးပေရဲ့ သီချင်းဆိုသံနဲ့ တခြားလူတွေရဲ့ ဆိုသံကို ယှဉ်နားထောင်ရင် ပုလွေကို ပင့်ကူမြှေးတပ်ပြီး မှုတ်တာနဲ့ စက္ကူကပ်ပြီး မှုတ်တာတို့ ကွာသလောက် ကွာတယ်။ ပင့်ကူမြှေးတပ် မှုတ်တဲ့အသံက နှာခေါင်းသံကလေးတောင်မှ ကြည်ပြီး ထွက်လာတာမဟုတ်လား။

ဘုန်းကြီးပေနဲ့ ဆင်တူရိုးမှားကလေးရှိတဲ့ အဆိုတော်က ဆီကျော် စိန်တင်ပဲ။ စိန်တင်ရဲ့ အသံလေးက အင်မတန်သာတယ်။ အဆိုနဲ့ပတ်သက်လို့ ဘုန်းကြီးပေရဲ့ အဆို ယူပုံဆပုံတွေဟာ အခုလူတွေနဲ့ တစ်ယောက်နဲ့မှ မတူကြဘူး။ အဆိုသမားရဲ့ ပညာက သိကြားမင်းက ပဉ္စသိခ်နတ်သားကို ဘုရားဆီလွှတ်တဲ့အခါ၊ နတ်သားက စောင်းတီးတော့ ဘုရားက ပဉ္စသိခ် သင်၏စောင်းသံသည် သီချင်းသံနှင့် ကိုက်ညီပါပေ၏။ သီချင်းသံသည် လည်း စောင်းသံနှင့် ကိုက်ညီပေ၏။ သင်၏စောင်းသံသည် သီချင်းသံကို မလွန်ပေ။ သီချင်းသံသည်လည်း စောင်းသံကိုမလွန်ပေ။ ပဉ္စသိခ် သင်သည်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားနှင့် စပ်သော၊ တရားနှင့် စပ်သော၊ သံဃာနှင့် စပ်သော၊ ရဟန္တာတို့နှင့်စပ်သော ကာမဂုဏ်နှင့်စပ်သော ဂါထာတို့ကို ဘယ်အခါက သီကုံးထားသနည်းလို့ မဟာဝင်မှာပါသလိုပဲ၊ ဘုန်းကြီးပေရဲ့အဆိုနဲ့ မောင်မောင်ကြီးရဲ့အတီးက တစ်ဦးနဲ့တစ်ဦး သိပ်ပြီး သဟ္ဂာယဖြစ်ကြပါတယ်။

ဒီအတွဲမျိုး ဘယ်သူနဲ့မှ မကြားဖူးပါဘူး။ အဆိုနဲ့အတီး သဟ္ဂာယဖြစ်အောင်၊ မလွန်အောင် လုပ်ကြတယ်ဆိုတာ ခက်တယ်၊ ကျင့်ယူရတာ။ ဘုရင့်ရှေ့တော်မှာ ဆိုကြ တီးကြတော့လည်း ဒီအတိုင်းပဲ အလုပ်,လုပ်ကြရတယ်။ တစ်ယောက်က တစ်ယောက်ကို မလွန်တော့ အရသာထူးပုံက– အကောင်အထည်ပေါ်အောင် လုပ်တဲ့အခါ၊ အဆိုကလည်း အတီးကို အားပေးရတယ်။ အတီးကလည်း အဆိုကို အားပေးရတယ်။ သူ့ထက်ငါ မလုရဘူး။ ဆိုတဲ့လူက လုဆိုရင် သီချင်းကာရန်ပျက်ကရော၊ တီးတဲ့လူက လုပြီးတီးရင် အတီးရဲ့ ဟန်နဲ့ အကွက်ပျက်ကရော။

တစ်ယောက်နဲ့တစ်ယောက် ပို့ပြီး ဆိုကြတီးကြရတယ်။ အဆိုသမားက သူတီးလိုက်တဲ့အခါ ကောင်းသွားအောင် ငါကဆိုပေးတာလို့ စေတနာထားရမယ်။ အတီးသမားကလည်း သူဆိုလိုက်တဲ့အခါ ကောင်းသွားအောင် ငါက တီးပေးတာလို့ စေတနာထားတီးတယ်။ တစ်ယောက်နဲ့တစ်ယောက်ကို အရောင်တင်ပေးတာဆိုတာမျိုးနဲ့ ဆိုကြ တီးကြရင် အကောင်းဆုံး အကောင်အထည်ပေါ်လာတာပဲ။ ဒီစေတနာ ဒီလုပ်ရပ်တွေက နှစ်ယောက်စလုံးက ပညာပြည့်မှဖြစ်တာ၊ တော်ရုံနဲ့ မရဘူး။

အဆိုနဲ့ အတီးရယ်လို့ ရှိရာမှာ အတီးသမားက အဆိုကို (၁) ခေါ်ပြီးတီးတယ်၊ (၂) ခင်းပြီးတီးတယ်၊ (၃) စောင့်ပြီးတီးတယ်၊ (၄) ဟန်နဲ့တီးတယ်။ အဲဒီလိုပဲ အဆိုသမားက အတီးသမားကို (၁) ခေါ်ပြီးဆိုပေးတယ်။ (၂) ခင်းပြီးဆိုတယ်။ (၃) စောင့်ပြီးဆိုတယ်။ (၄) ဟန်နဲ့ဆိုတယ်၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် စေတနာထား အလုပ်လုပ်ကြရတယ်။

နောက်ပိုင်းမှာ ဘုန်းကြီးပေလောက် မကောင်းပေမယ့် အဆိုတော်ဦးမှန်းနဲ့ မောင်မောင်ကြီးတို့ တစ်ခါတစ်ခါ ဆိုတာတီးတာ တော်တော်

www.burmeseclassic.com

www.burmeseclassic.com


ကောင်းပါတယ်။ အတီးကို ပို့ပြီး အဆိုက အတီးထက် မလွှမ်းအောင်၊ အတီးကလည်း အဆိုထက် မလွှမ်းအောင် ဆိုနိုင်တာဖြင့် ဒီနှစ်ယောက်ပဲ တွေ့ရတယ်။

အဆိုပညာဆိုတာ 'မှိုင်းပြာမှုန်ဝေ' ပတ်ပျိုးထဲက "ရွှေပြည်သိင်္ဂါ၊ ဒါဟာ စံပျော်နှုန်းတမျှသည်နှင့်လေး၊ မြနန်းပျော် ကိုယ်တော်မြင်လှည့်စမ်း ပါလှည့်လေး" ဆိုတဲ့ သီချင်းအပိုဒ်ထဲက 'ကိုယ်တော်' ဆိုတာက ရသေ့ကို မစွပ်စွဲဝံ့လို့ တောင်ပေါ်က ပြန်ဆင်းလာပြီး တောထဲရောက်မှ ပွတ်စပါး မင်းသမီးက ရင်ဖွင့်ပြီး လှမ်းခေါ်လိုက်တဲ့အသံလိုဆိုရတယ်။

အီနောင်ဇာတ်မှာ ဒါဟာ မင်းကြီးက အီနောင်နဲ့ သမီးတော် ပွတ်စပါးကို ပေးစားမယ်လုပ်တော့ အီနောင်က ဘီလူးမနဲ့ သွားပြီးပျော်ပါး နေတယ်။ ဒါကို မင်းကြီးသိတော့ သမီးတော်ကို အီနောင်နဲ့ မပေးစားတော့ ဘူး။ စရကားကုလားနဲ့ ပေးစားမယ်ဆိုပြီး မဏ္ဍပ်ထိုးပါတယ်။ အီနောင် ပြန်လာတော့ ဒီအစီအစဉ်ကိုသိရော အဲဒီမှာ ပွတ်စပါးကို ပန်းရထားနဲ့ ဝင်ခိုးပြီး ထွက်ပြေးရော၊ ပန်းရထားပေါ်ကနေ မြင်ရပုံကို ဦးစက "အာကာ ယံထဲ" ချီတဲ့ ပတ်ပျိုးရေးပါတယ်။

အီနောင်လုပ်ပုံကို သိကြားမင်းက မကြိုက်ဘူး။ ပေးစားတုန်းက မယူဘူး။ ဒါ မတရားတာပဲလို့ဆိုပြီး လေမုန်တိုင်းတိုက်ပြီး ခွဲထုတ်လိုက် တော့၊ အီနောင်နဲ့ ပွတ်စပါး မာလာကျွန်းရဲ့ ဟိုဘက်ဒီဘက် တခြားစီ ကွဲ သွားရော၊ အဲဒီမှာ မိန်းမပျောက် ယောကျ်ားပျောက် နှစ်ယောက်စလုံးက တစ်ယောက်ကိုတစ်ယောက် လိုက်ရှာကြတယ်။ ရှာတော့ ပွတ်စပါးက မိန်းမသားအနေနဲ့ လိုက်ရှာလို့ မလွယ်ဘူးဆိုပြီး မင်းသားလိုဝတ်ပြီး အီနောင်ကို ရှာတယ်။ အီနောင်ကလည်း ရသေ့ဝတ်ပြီး တောသား ပန်းရီ ရသေ့နာမည်နဲ့ ပွတ်စပါးကိုရှာတယ်။ ရှာတော့ ပွတ်စပါးက ပဇာင်နီ တောင်ပေါ်မှာ သူ့ယောကျ်ားကို ပန်းရီရသေ့အသွင်နဲ့ သွားတွေ့ပါလေ ရော တူပါတယ်လို့ နှစ်ယောက်စလုံးက ကြည့်နေရင်းက အီနောင်က ကွမ်းအကပ်ခိုင်းပြီးစမ်းတော့ မိန်းမမှန်းသိရော၊ ပွတ်စပါးကလည်း ရသေ့ ဟာ သူ့ယောကျ်ားမှန်း သေချာရော၊ နို့ပေမယ့် ရသေ့ကို မစွပ်စွဲဝံ့လို့

www.burmeseclassic.com

www.burmeseclassic.com

ပဇာတ်တောင်ပေါ်က ပြန်အဆင်းမှာ အိမ်နောင်က “ဖြူပြာမှုယာ” ပတ်ပျိုး ကိုဆိုတယ်။ ပွတ်စပါးက “မှိုင်းပြာမှုန်ဝေ” ကိုဆိုပြီး ဆင်းခဲ့ရတယ်။ ဒီအဆိုမှာ “ရွှေပြည်သိင်္ဂါ၊ ဒါဟာ စံပျော်နှုန်းတမျှသည်နှင့်လေ၊ ကြာနန်းပျော် ကိုယ်တော်မြင်လှည့်စမ်းပါလှည့်လေး” ဆိုတဲ့အထဲက “ကိုယ်တော်” ဟာ ပွတ်စပါးက သူ့ယောက်ျားကို ရင်ထဲရှိတဲ့အတိုင်း တောထဲရောက်မှ ထုတ် ခေါ်လိုက်တဲ့အသံမို့ ဆိုသူက ဒီသရုပ်ပေါ်အောင် ဆိုရတယ်။ သီချင်းတွေ က ပန္နက်နဲ့ ခိုင်ခိုင်မာမာ ရေးခဲ့တာတွေကို ဆိုတဲ့လူက ရေးသူရဲ့ ရည်ရွယ် ချက် အကောင်အထည် ပေါ်အောင်ဖော်ပြီး ဆိုနိုင်ရတယ်။ ဘုန်းကြီးပေတို့ က ဒီလိုပေါ်အောင် အလုပ်လုပ်သွားနိုင်သူတွေကလား။

အိမ်နောင်ဇာတ်ကြီးကို ခင်းကျင်းပြဖို့ မြဝတီမင်းကြီးကို ဇာတ်ချင်း တွေ၊ ဇာတ်ဝင်ချင်းတွေ ရေးစေရာမှာ–ဥပမာ ဇာတ်သိမ်းခန်းမှာ ကျောက် ကောက်ခန်းဆိုတာပါတယ်။ အဲဒီမှာ တီးတဲ့ဆိုတဲ့ “မှိုင်းမှုန်ပြာ ညိုရီမှောင်” ဟာ ပြင်စည်မင်းကြီးရေးတဲ့ ယိုးဒယားမဟုတ်လားလို့ တချို့က မေးကြ တယ်။

မြဝတီမင်းကြီး ဦးစနဲ့ ပြင်စည်မင်းသားကြီးနဲ့က တစ်ခေတ်တည်း အသက်ချင်း မတိမ်းမယိမ်းရှိကြတဲ့ ဝါသနာတူ ပုဂ္ဂိုလ်နှစ်ယောက်ပဲ။ မြဝတီမင်းကြီးကို ဆင်ဖြူရှင်နန်းတက်စမှာ မွေးတယ်။ ဘိုးတော်ဘုရား တစ်ခေတ်လုံး၊ ဘကြီးတော်ဘုရား တစ်ခေတ်လုံး၊ ရွှေဘိုမင်းနဲ့ ပုဂံမင်းတို့ တစ်ခေတ်လုံးမှာ မြဝတီမင်းကြီး ကောင်းစားခဲ့တယ်။ အသက် ၈၇ နှစ် အရွယ်မှာမှ ကွယ်လွန်ခဲ့တာမို့ နှစ်ပေါင်း ၆၀ ကျော် စာပေတွေကို ရေးသား ပြုစုသွားခဲ့တယ်။ ပြင်စည်မင်းသားကြီးဆိုသူက ကုန်းဘောင် ဆင်ဖြူရှင်နဲ့ သံလျင်မြို့စား မင်္ဂလာဒေဝီရဲ့ သားတော်၊ ငယ်မည်က မောင်နဂါးတဲ့။ မင်းတုန်းမင်းလက်ထက်မှာမှ ကွယ်လွန်တာ။ ဦးစနဲ့ အရွယ်ချင်းကလည်း မကွာလှဘူး။ အနိစ္စရောက်ကြတာချင်းလည်း မကွာဘူး။ တစ်ခေတ်တည်း မှာ ကြီးပြင်းကြပြီး နေကြတော့လည်း တစ်မြို့တည်းနေပြီး၊ ဝါသနာတူ၊ အတတ်တူကြတာမို့ သီချင်းတွေ ရေးသားကြရာမှာ တစ်ခါတလေ တစ်ယောက်က စာရှာတယ်၊ တစ်ယောက်က အသံရှာပေးတယ်။ တစ်ခါ

www.burmeseclassic.com



တလေ တစ်ယောက်က အသံရှာတယ်။ တစ်ယောက်က စာရေးပေးတယ် ဆိုတာမျိုးတောင် ရှိနိုင်တယ်။ ပြီးတော့ အိနှောင်ဇာတ်ကြီး စင်တင်ပြတဲ့ အခါ လိုရာကို ဖြည့်ကြစွက်ကြဖို့ မင်းကြီးဦးစကလည်း ခွင့်ပြုတယ်။ ဒါကြောင့် ပြင်စည်မင်းသားကြီးရဲ့ ကျော်ကြောက် ယိုးဒယားကို အိနှောင်ဇာတ်သိမ်းမှာ သုံးတာမဆန်းဘူးပေါ့။

ဦးလေးက မြန်မာရှေးသီချင်း (Classical Songs) တွေကို ရှေးလူကြီးတွေက "မဟာဂီတ" လို့ ခေါ်တာမကြိုက်ဘူး။ 'သီချင်းကြီး သီချင်းခံ' လို့ ခေါ်တာကိုပဲကြိုက်တယ်။ ဦးလေးလက်ထဲမှာ ဦးလေးအဖေ ရွှေပြည်မောင်မောင်လေးနဲ့ လွှတ်တော်က သံတော်ဆင့်မင်းတို့လက်ရေးနဲ့ ရေးထားခဲ့တဲ့ သီချင်းကြီး သီချင်းခံ စာအုပ်တစ်အုပ် ရှိခဲ့ဖူးတယ်။ ဖူးစကတ်နဲ့ စာမျက်နှာ (၂၀၀) လောက်ရှိပြီး ဂျပ်ထူနဲ့ ဖုံးထားတဲ့ စာအုပ်။ ဒီစာအုပ်ထဲမှာ ညာဘက်ကသီချင်းတွေကို သံတော်ဆင့်မင်းရဲ့ လက်ရေးနဲ့ ရေးထားတယ်။ လက်ရေးက လှကလှနဲ့။ ဘယ်ဘက်မျက်နှာမှာတော့ ရွှေပြည်မောင်မောင်လေးက ဒီသီချင်း ဘယ်တုန်းက ဘာကိုအကြောင်းပြုပြီး ရေးသားသီကုံးတယ်၊ အဓိပ္ပာယ်အနှစ်သာရ ဘယ်လိုရှိတယ်ဆိုတဲ့ ဝေဖန်ချက်တွေပါတယ်။ ဥပမာ– 'လွမ်းခလေ့ ပတ်ပျိုး' ကို မြဝတီမင်းကြီး ငယ်ငယ်တုန်းက သူ့ရည်းစား မယ်နှောင်း (ဒုတိယဇနီးလောင်း) အတွက် ရေးတဲ့ မယ်ဘွဲ့ အလွမ်းပတ်ပျိုး ဖြစ်တယ်ဆိုတာမျိုး ရေးမှတ်ထားတယ်။ ဒီစာအုပ်ကို ကမ္ဘာစစ်မဖြစ်ခင် ၁၉၃၅ ခုကဖွင့်တဲ့ ပန်တျာကျောင်းကို ပေးလိုက်တယ်လို့ ဦးလေးက ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အဆိုသမား ဦးလူကြီး

အင်္ဂလိပ်ခေတ်မှာ သီချင်းကြီး သီချင်းခံတွေဖြစ်တဲ့ မဟာဂီတ သီချင်းတွေကို ဆိုကြတဲ့ ယောကျ်ားအဆိုတော်တွေထဲမှာ ဦးလူကြီးဟာ အဆိုကောင်း အဆိုကျော်ကြီးပါပဲ။ ဥပမိရုပ်ကြီးကလည်း ကောင်းပါဘိသနဲ့ အသားကဖြူဖြူ အသံကြီးကလည်း လှတယ်။

ဦးလူကြီး အဆိုကောင်းတယ်လို့ ပြောရာမှာ ဆရာမှန်းလောက်တော့မကောင်းတတ်ဘူး။ ယောကျ်ားဆိုရာမှာ ဘုန်းကြီးပေပြီးရင် ဦးပေါ်ဦး (စင်တော်ကြီးမင်းသမီး) ပဲ။ သူ့နောက်မှာ ဆရာမှန်းပဲ၊ ပြီးမှ ဦးလူကြီးလာလိမ့်မယ်။ နို့ပေမယ့် သူ့ထက် တော်သူတွေကို မကြားဖူးရင်တော့ သူလည်း ကြက်သီးထလောက်ပါတယ်။ ကိုကြွယ် (အဆိုသမားတစ်ယောက်) ကပြောဖူးတယ်။ ဦးလူကြီးများ “ထောင်ရောင်နေ” ဆိုရင် ထောပတ်ထမင်းစော်ကို မွှေးလာသတဲ့။ ရှေးက မန္တလေးမှာ သားရှင်ပြု အလှူပေးရင် ထောပတ်ထမင်းကျွေးပြီး လှူလေ့ရှိကြတော့၊ ဦးလူကြီး ဒီအလှူမျိုးတွေမှာ ဆိုလေ့ရှိတဲ့ မြဝတီမင်းကြီးရေးတဲ့ ဘုန်းဘွဲ့သီချင်းခံကြီး “ထောင်ရောင်နေ” ကသာ သီချင်းအလှရဲ့ ခံစားချက်တွေနဲ့ အလှူစော် နံလာစေတယ်လို့ ပြောတာပါ။ ဦးလူကြီးက ဦးချစ်ဖွယ်နဲ့ ဒေါ်စိန်သုံရဲ့ အငြိမ့်မှာလည်း

www.burmeseclassic.com

လိုက်ပြီး သီချင်းဆိုပေးတယ်။ နောက်တော့ ဦးချစ်ဖွယ်နဲ့ ဒေါ်စိန်သုံတို့ နှစ်ယောက်စလုံးကို သီချင်းကြီးအဆိုတွေသင်ပေးတယ်။ ဦးချစ်ဖွယ်ရော၊ ဒေါ်စိန်သုံရော အဆိုကောင်းတွေ၊ ဌာန်ကရိုဏ်းကျအောင် ဆိုနိုင်သူတွေ ဖြစ်လာပါတယ်။ ဦးလေး ဦးခင်မောင်ဒွေးက မစိန်သုံများ "ထောင်ရောင်နေ" ကို ဆိုရင် အဲဒီအထဲက ညွှတ်ခလာရာမင်းမင်း၊ ဘွေသီဟာမြင့်မှာ ဖြာလင်းလင်း၊ ဖြန့်ရှစ်ဆိုင်ကာ 'ထီးစင်း' ဆိုတဲ့အပိုဒ်ကို သူ့အသံကလေးနဲ့ အသာလေးမျှောပြီး ဝဲဆိုချသွားလိုက်တာ ရှင်ဘုရင်ရော၊ ပြာသာဒ်တော်ကြီးရော၊ မှန်နန်းတော်ကြီးရော မြင်ယောင်လာတာပဲလို့ ပြောပါတယ်။ ဦးလူကြီးရဲ့ တပည့်အရင်းကတော့ ဆီကျော်ဒေါ်စိန်တင်ပါ။ ဘုရင်ပါတော်မူသွားတော့ ပြည်သူတွေနဲ့တကွ ကျန်ရစ်တဲ့ ဆွေတော်, မျိုးတော်တွေရဲ့စိတ်ထဲမယ် ယူကျုံးမရ ဖြစ်နေချိန်မှာ ဦးလူကြီးက ဖော်ကွာဝေး အလိုက်နဲ့ ပါတော်မူ သီချင်းတစ်ပုဒ်ရေးပြီး ဆိုပါသတဲ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဦးလူကြီးရေးတဲ့ ပါတော်မူသီချင်း

## ( ဖော်ကွာဝေးအလိုက် )

*“မျှော်သူကျွမ်းပါလို့၊ လွမ်းသူကမလာ၊ ဘယ်ကံမှေးပါလိမ့် ရေးကြုံတော့သာ၊ မြတ်ပရမေဘုရားငယ်နှင့် နှစ်ပါးငဲ့ကံ၊ ရတနာဝေယံ ဖွေစံခန်း၊ မြမန်းလေပြည်နှင့်ကွာ အဏ္ဏဝါ ရေလေကခြား၊ အို ဒီပြင်ကျယ် လှိုင်းဘောင်ဘင်လယ်၊ ရွှေသက်ကယ် ကျွေလု ခမန်း ”*

ဒီသီချင်းကို ကြားရရင် ဆွေတော်, မျိုးတော်၊ မှူးနွယ်, မတ်နွယ်တွေနဲ့ ဘုရင်ကို တ, သလွမ်းဆွတ်ကြသူတိုင်း မျက်ရည်မကျဘဲ မနေနိုင်ဘူး။ ပါတော်မူပြီး မန္တလေးမှာ ဦးလူကြီးရဲ့ ဒီသီချင်းက သိပ်နာမည်ကြီးပါတယ်။

ရတနာဂီရိမှာ စံတော်မူတဲ့ နန်းကျဘုရင်နဲ့ မိဖုရားက မြန်မာနိုင်ငံက ဆိုင်းနဲ့ အဆိုတော်အတီးအဖွဲ့ကို ခေါ်တဲ့အခါ၊ ဦးလူကြီးတို့လည်း စိန်ဗေဒါတို့၊ ဒေဝဏ္ဏနွှာမောင်မောင်ကြီး၊ ဦးပေါ်ဦးတို့နဲ့အတူ ပါသွားရတယ်။ နာမည်ကျော်လှတဲ့ ပါတော်မူသီချင်းကို ဆိုပြပါဦးခိုင်းလို့ ဆိုပြတဲ့အခါ သီပေါဘုရင်လည်း မျက်နှာမကောင်းဘူး၊ စိတ်ထိခိုက်တယ်လို့ ပြောပါတယ်။ ရတနာဂီရိမှာ ဦးလူကြီးက သူကိုယ်တိုင်ရေးတဲ့ တေးထပ်

www.burmeseclassic.com

www.burmeseclassic.com


တစ်ပုဒ်နဲ့ အသုံးတော်ခံခဲ့သေးသတဲ့။ ဒါကတော့ 'အားမတန်မာန်လျှော့ပါ ဘုရား' ဆိုတဲ့ တေးထပ်ပါပဲ။ ဦးလူကြီးရဲ့တပည့် ဆီကျော်ဒေါ်စိန်တင်က ကျွန်မကို ဒီတေးထပ်ဆိုပြသွားခဲ့လို့ ကူးထားပါတယ်။ ဦးလူကြီးရေးပြီး ရတနာဂီရိမှာဆိုခဲ့တဲ့ တေးထပ်က –

*"လောကခံ တရားကျင့်၊ မကြွားသင့်ပါပြီ၊ ဘုရားနှင့် အာဏာညီ တောင်မာဂန္ဓီစွပ်စွဲ၊ မုယောဆွမ်းဝေယန္တမှာ နေရှင်ကာ ပျော်မြဲ၊ မြေငလျင်ခါအောင်ကွဲလို့၊ တော်လည်းမျှတုန်ဟီး၊ သုံးလူ့ ရှင်ပရမေမြတ်၊ ဒေဝဒတ်သတ်ဖို့ကြံစည်၊ သင်းကျောက်လုံး မြတည်တည်ငယ်၊ ဖျော့ပန်ပြီ၊ အမှန်ရှိရှော့သလော့၊ ကံဝိဘက် ဒွာဒသာ ပြေးမလွတ်သာ၊ ရှေးဝဋ္ဋုနည်းမှန်ရှာလျှင် သည်းခံတာ မြတ်ဆုံး ဘုရာ့လေး။"*

ဦးလူကြီးမှာ စန္ဒရားတစ်လုံးရှိတယ်။ ဒီစန္ဒရားကို ဦးလူကြီးက အမြတ်တနိုး သူ့အိမ်ဦးမှာ ထားတယ်။ သီချင်းလိုက်ဆိုပေးရတာနည်းလို့ စားရေးသောက်ရေး နည်းနည်းခက်လာရင် ဦးလူကြီးက သူ့စန္ဒရားကို လက်နဲ့ အသာပုတ်ပြီး "အဖေပိုက်ဆံမရှိဘူး၊ လုပ်ဦး" လို့ ပြောလိုက်ရင် အဆိုငှားမယ့်လူက ပေါက်လာရောတဲ့။ ဦးလူကြီး မဟာတော့ သူမြတ်နိုးလှ ရှာတဲ့ စန္ဒရားကို တရုတ်တန်းက ဘိလစ် ဦးထင်ဆီမှာ လာပေါင်ရတယ်။ ပွဲကုန်းရပ်မှာ သူဆုံးတော့ ဂူမသွင်းဘဲ မီးသင်္ဂြိုဟ်ပြီး သမီးအကြီး ဒေါ်စိန်းက သူ့အဖေမြတ်နိုးရှာတဲ့ စန္ဒရားကို ပြန်ရွေးယူသွားပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ရှေ့တော်ပြေး မိန်းမအဆိုတော်များ

မင်းတုန်းမင်းတရားကြီးလက်ထက်က မင်းတရားကြီး ရှေ့တော်ဖျော်ဖြေတဲ့ ယောကျ်ားအဖွဲ့ရှိသလို မိဖုရားခေါင်ကြီး ရှေ့တော်မှာ ဖျော်ဖြေတဲ့ နန်းမတော်အဖွဲ့လို့ခေါ်တဲ့ အမျိုးသမီးအဖွဲ့လည်း ရှိတယ်။ ဒီအဖွဲ့မှာ ရှေ့တော်ပြေး အဆိုတော်က တပယ်ခင်သစ်။ မိန်းမပိုင်းက လှိုင်ထိပ်ထားရေးတဲ့ သစ္စာထားပတ်ပျိုးမျိုးကို သိပ်ကြိုက်ကြတာကိုး။ အဲဒီတော့ နန်းမတော်ကြီးရှေ့မှာ လွမ်းချင်းတို့၊ သစ္စာထားတို့ နေ့တိုင်း တီးတာဆိုတာပဲ။ ဒါကြောင့် တပယ်ခင်သစ် အဆိုအကောင်းဆုံးသီချင်းက လှိုင်ထိပ်ခေါင်တင်ရေးတဲ့ "သန်းရုံခြွေ" ပတ်ပျိုးပါ။ လှိုင်က အိမ်ရှေ့ကိုယ်တော်ကြီးကို ကြည့်ရေးထားတဲ့ ပတ်ပျိုး။

သန်းရုံခြွေပတ်ပျိုးကို မဟာဂီတမှာ မင်းကြီးကတော် ခင်ဆုံရေးတယ်လို့ ဖော်ပြပါတယ်။ ဦးလေးဦးခင်မောင်ဒွေးက လှိုင်ရေးတာလို့ ဆိုပါတယ်။

တပယ်ခင်သစ်က ဘာကောင်းတာတုံး၊ ဘာမှာသန့်တာတုံး ဆိုတော့ ငေါက်ဆိုတဲ့ အဆိုမှာ သိပ်ကောင်းတာပေါ့။ ဒီ 'သန်းရုံခြွေ' ပတ်ပျိုးကို ဒေါ်စောမြအေးကြည် အဆိုကောင်းလှတယ်ဆိုတာ တခြား

www.burmeseclassic.com

www.burmeseclassic.com


ကြောင့်မဟုတ်ဘူး၊ တပယ်ခင်သစ်ရဲ့ အငေါက်ဆိုကို ယူဆိုလို့ တပယ်ခင်သစ်မှုကို ယူလို့ ကောင်းတာပေါ့။ ဒီပတ်ပျိုးက လင်္ကာကို အပြစ်တင်ပြီး ဒေါသကလေးနဲ့ ရေးထားတဲ့ ပတ်ပျိုး၊ အဆိုသမားက နာသာခံချက်မို့ ငေါက်ဆိုတဲ့ အဆို၊ သီချင်းရဲ့ ရည်ရွယ်ချက်နဲ့ ကိုက်ညီနေတော့ ကမ်းကုန်အောင် ကောင်းရောပေါ့။

သံမှန်နဲ့ ငါးပေါက်မတူသလိုပဲ။ ရိုးရိုးဆိုတဲ့အဆိုနဲ့ ငေါက်ဆိုတဲ့ အဆိုလည်းမတူဘူး။ အငေါက်ဆိုမှာ တပယ်ခင်သစ်ကို ဘယ်သူမှ လိုက်မမီဘူး။ နို့ပေမယ့် သီချင်းတိုင်းကိုတော့ ငေါက်ဆိုလို့မရပေဘူး။ အဲ့– ငေါက်ဆိုလို့မရတဲ့သီချင်း ငေါက်မိရင် မှောက်ကရော၊ ဥပမာ–ဦးစရဲ့ ပတ်ပျိုးကြီး ၁ ပုဒ်ဖြစ်တဲ့ 'ကုန်းဘောင်ပရမေ' လိုဟာကို ငေါက်ဆိုဖို့ ကြိုးစားရင် ငါးပါးမှောက်ဖို့သာပြင်ရော့၊ ဒါကြောင့် ဒေါ်စောမြအေးကြည်က 'ကုန်းဘောင်ပရမေ' ကို ဆိုခဲ့တယ်။ ဒေါ်အောင်ကြည်တို့ကျတော့ 'ကုန်းဘောင်ပရမေ' လို သီချင်းမှာ ကောင်းပြန်ရော၊ စောမြအေးကြည်နဲ့ မအောင်ကြည်က ယှန်နဲ့လိပ်လိုပဲ။ စောမြအေးကြည်က အခုန်အပေါက်နဲ့ ပရိသတ်အဆွဲမှာ ပထမတန်း၊ စောမြအေးကြည်က စီသံနဲ့ဆိုတော့ အဆိုမှာ ကျက်သရေရှိအောင် ဆိုတဲ့နည်း၊ အဓိပ္ပာယ်ရှိလာအောင် ဆိုတဲ့နည်း၊ ကြွရွလာအောင် ဆိုတဲ့နည်း၊ အသံတူပေမယ့် စာလိုက်ပြီး သရုပ်ဖော်ဆိုနည်းတွေရှိတယ်။ ဒီလိုရှိရာမှာ စာကိုလိုက်ပြီး ဆိုတဲ့လူက ဟန်ထားဆိုတာပဲ။

တပယ်ခင်သစ်ကို မမအုံတို့၊ မမမှန်တို့က ငေါက်ဆိုတဲ့အဆိုကို ဟန်ကုန်သင်ပေးထားတယ်။ သူတို့ကတော့ လူကြီးတွေမို့ မလုပ်ဘူး။ တပယ်ခင်သစ်က အဲဒီသွန်သင်ချက်တွေနဲ့ ဆိုတာ။

နန်းမတော်အဖွဲ့က လွမ်းချင်းတွေ၊ သစ္စာထားတွေကို အားကြီးဆိုတာ၊ အဲဒီမှာ တပယ်ခင်သစ်ရဲ့ အငေါက်ဆိုတာ အလွန်လိုက်ဖက်တယ်။ ဘုရင်ကြီးရှေ့တော်မှာ တီးတဲ့အဖွဲ့တွေကျတော့ ဒါမျိုးမလုပ်ရဘူး။ ဒီသီချင်းမျိုးလည်း မဆို မတီးရဘူး။ ဒီအဆိုမျိုးလည်း မဆိုရဘူး။ နောက် တပယ်ခင်သစ်ရဲ့ ငေါက်အဆိုက နာမည်ကြီးလွန်း၊ ပွဲကျလွန်းလို့ မင်းတရားကြီးက ရှေ့တော်ခေါ်ပြီး ဆိုစမ်းလို့တောင် ခိုင်းရဖူးသတဲ့။ လိုင်သီချင်းကို ခင်သစ်

www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့အခါ ရှေ့တော်မှာတီးခဲ့တဲ့ ဒေဝဏ္ဏနွာနဲ့ အဆိုတော် ဘုန်းကြီးပေတို့ ကတောင် ကြောက်ရသတဲ့။ ကြောက်ရမှာပေါ့။ လိုင်ရဲ့ အရေးအသားက ရိုးရိုးစင်းစင်းကောင်းမှ မဟုတ်ဘဲ။ ပလီပလာနဲ့ အငေါက်နဲ့ ကောင်းတဲ့ဟာမျိုးကိုး။

အရိုးအသားဆိုမှာ ဒေါ်အောင်ကြည်တို့၊ ဒေလီညွှန့်တို့ ကောင်းတာပေါ့။ ဏ္ဍေရရနဲ့ ခွံခွံထည်ထည် ကောင်းတယ်။ အဆန်းဆို၊ အညွှန့်ဆို၊ အကွန့်ဆိုကျတော့ ဒေါ်စောမြအေးကြည်က ကောင်းတယ်။ အဲဒီမှာ အစားဆုံးက ငေါက်တာပဲ။ ငေါက်တာက ပရိသတ်ထဲကျတော့ အင်မတန်ကြီးကျယ်တဲ့ လက်နက်ကလား၊ သီချင်းက ကြွလာ၊ ရွလာတာကိုး။

တပယ်ခင်သစ်က ငေါက်ဆိုတဲ့အပြင် သံကူးသံပြောင်းတွေလည်း လုပ်ချင်လို့ သီချင်းကို ဆုံးအောင်မဆိုဘဲ ဟိုခုန်ကူးဒီခုန်ကူး လုပ်သေးတယ်။ အငေါက်ဆိုနဲ့ ပဒေသာနဲ့ကလည်း အင်မတန်ဟပ်တာ။ တပယ်ခင်သစ်က အသံပြောင်းမှာတော့ ပထမတန်းပဲ။ ငေါက်ရာက ငါးပေါက်ကူးလိုက်တယ်။ ပထမညှင်းလုံးထည့်လိုက်တယ်။ ညှင်းလုံးရဲ့ ငါးပေါက်က အောက်ပြန်၊ အောက်ပြန်ရဲ့ငါးပေါက်က ပုလဲ၊ ပုလဲရဲ့ငါးပေါက်က မြင်စိုင်း၊ မြင်စိုင်းရဲ့ ငါးပေါက်က ဒူရကဒွေး၊ ဒူရကဒွေးရဲ့ ငါးပေါက်က ခြောက်သွယ်ညွှန့်၊ ခြောက်သွယ်ညွှန့်ရဲ့ ငါးပေါက်က ပြည်တော်ပြန်။

တပယ်ခင်သစ်နဲ့ စောမြအေးကြည်တို့ "မျှော်တိုင်းခုဝယ်" ပတ်ပျိုးလည်း ကြိုက်တယ်။ ဒီပတ်ပျိုးက ငေါက်လည်း ငေါက်တယ်၊ အသံပြောင်းတွေလည်းပါတယ်။ အဲဒီတော့ ကမ်းကုန်အောင် ကောင်းတာပေါ့။ "မျှော်တိုင်းခုဝယ်" က ဘောလယ်မှာတောင် ငေါက်ဆိုတာပါ။ တပယ်ခင်သစ်အဆိုက သီချင်းပြောင်းတယ်၊ အပိုဒ်ပြောင်းတယ်၊ အသံပြောင်းတယ်။ သုံးမျိုးစလုံးလုပ်တယ်။ မရိုးအောင် ဆိုနည်းတွေပေါ့။ အဲဒီသုံးမျိုးစလုံးမှာလည်း အငေါက်နဲ့ချည်း ဆိုတယ်။

ကိုဇေဒါက ဂီတရဲ့ သိပ္ပံပညာသဘောကို ကောင်းကောင်း နားလည်တယ်။ အတီးဆိုတာ စိုက်လိုက် မတ်တတ် တီးလို့မကောင်းဘူး။ အတီးလည်း ငေါက်တီးမယ်၊ အဆတ်ကလေးတွေ ထည့်တီးမယ်ဆိုရင်

www.burmeseclassic.com



ကြွလာတာပေါ့။ သာလာတာပေါ့။ စိန်ဗေဒါက ဒါကြောင့် သူ့အတီးမှာ ဒီပညာကိုလည်း သုံးတယ်။

သီပေါစော်ဘွားကြီး ဆာစောချယ်က မန္တလေးမှာ ဘုရင် ပါတော်မူတဲ့အခါ၊ ဂီတနယ်က ရှိသမျှလူတွေ သီပေါကို ခေါ်တယ်။ အဲဒီမှာ တပယ်ခင်သစ်တို့လည်း ပါသွားတယ်။ ဦးလူကြီးတို့လည်း ပါသွားကြတယ်။ စောမြအေးကြည်ကို သင်ပေးကြတော့ ဟော်ထဲမှာ တပယ်ခင်သစ်ဆီက ဒီအငေါက်ဆိုကို စောမြအေးကြည်က အရယူလိုက်တယ်။

ရတနာပုံခေတ်တုန်းက "ချစ်သမျှကို" ပတ်ပျိုးက ခုခေတ် လောက် ရေပန်းမစားဘူး။ "ယမုံနာ" တို့၊ "ချစ်သမျှကို" တို့က မြေလတ်ပတ်ပျိုးတွေ။ "သန်းရုံခြွေနဲ့ မျှော်တိုင်းခုဝယ်" ကို နန်းတွင်းသူတွေက သိပ်ကြိုက်ကြတယ်။ နို့ပေမယ့် နန်းတော်ရဲ့ အတီးအဆိုအဖွဲ့တွေက မိန်းမတွေရေးတဲ့ သီချင်းတွေကို တော်တော်ကြီး စုံလင်အောင် အကောင်အထည်ဖော်ပြီး တီးသွား ဆိုသွားခဲ့ပါတယ်။

ပါတော်မူပြီးတဲ့နောက်မှာ နန်းမတော်ကြီး အဖွဲ့ဝင်တွေဖြစ်ကြတဲ့ မမအုံကြီး၊ မမမှုန်၊ မမဥနဲ့ တပယ်ခင်သစ်တို့ လှသိုက်ကို မောင်မောင်ဆိုင်က တတ်နိုင်သလောက် ကျွေးမွေးထောက်ပံ့ထားပါတယ်။ မောင်မောင်ဆိုင်ဆိုတာက ယောအတွင်းဝန် ဦးကြိုင်ရဲ့သားပါ။ မောင်မောင်ဆိုင်ရဲ့သမီး အုတ်စက်ခင်ခင်လေးက အတီးတွေ အဆိုတွေတတ်တာ ဒီနန်းမတော်အဖွဲ့ဝင်တွေရဲ့ သွန်သင်ချက်တွေ ရလိုက်လို့ပါ။ အုတ်စက်ခင်ခင်ကြီးက လမ်းဘက်က ဝန်ထောက်မောင်မောင်ဦးနဲ့ အကြောင်းပါပါတယ်။ အုတ်စက်ခင်ခင်လေးက စောင်းကို ကောင်းကောင်းသင်ထားလိုက်ပါတယ်။ လူတစ်ယောက် စောင်းတီးတတ်တယ်ဆိုရင် အဆိုမပါဘဲ တီးတတ်ကဲ့လားလို့ မေးတဲ့လူကမေးလိမ့်မယ်။ စောင်းသမားကလည်း တီးတတ်ရမယ်။ အုတ်စက်ခင်ခင်လေးက 'ဘုံပျံနေနန်း' ကို တစ်ယောက်တည်း ခြင်ထောင်ချပြီး စောင်းနဲ့တီးတယ်။ စောင်းဆရာမှန်ရင် အဆိုမပါဘဲ တစ်ယောက်တည်း တီးတတ်ရမယ်။ အဆိုသမားကျတော့လည်း ဒီလိုပဲ အတီးမပါဘဲနဲ့ စည်းတစ်လက်နဲ့ ဆိုနိုင်ရတယ်။ သူများဆိုပေးမှ တီးတတ်တယ်။ သူများတီးပေးမှ ဆိုတတ်တယ်ဆိုရင် အဲဒါ အတတ်မခေါ်ဘူး။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## အီနောင်ကိုစံတုတ်

ပါတော်မူပြီးတဲ့နောက် ဘုရင့်ရှေ့တော်မှာ ကပြဖျော်ဖြေရတဲ့ သဘင်သည်တွေလည်း ကစဥ့်ကရဲနဲ့ ဆင်းဆင်းရဲရဲ ဖြစ်ကုန်ကြတယ်။ နောက်တော့ မှူးသား မတ်သားတွေက အီနောင်နန်းတွင်းဇာတ်တော်ကြီးကို ပြန်ကမယ်ဆိုပြီး လူစုယူတယ်။

အီနောင်မင်းသားလုပ်တဲ့ ကိုစံတုတ်က မြစ်သားမှာ လယ်လုပ်နေရတယ်လို့ကြားလို့ မြစ်သားလိုက်ခေါ်ရတယ်။ ကိုစံတုတ်ဆိုတဲ့လူက ညိုညိုကလေး၊ ဂေါ်ရင်ဂျီကလေး ကျနေတာပဲ။ လူလုံးလူဖန်ကလည်း သေးသေးရယ်။ ဒါပေမဲ့ သူ့ပခုံးက 'က' နေတာ။ တောင်ခွင်မင်းကြီးကတော်က ထီးဖြူရုံကြီးထိုးပြီး (၄၅) ရက် ကခိုင်းတယ်။ ပွဲကစရာ အကြောင်းရှိလို့ ကကြရတာမဟုတ်ဘူး။ သက်သက်မဲ့ သဘင်သည်တွေ စားရမဲ့၊ သောက်ရမဲ့ဖြစ်နေလို့ အကခိုင်းတာပဲ။ အဲဒီကပြီးတော့ ဆိုင်းတန်းမှာ (၄၅) ရက် ကကြသေးတယ်။ ဦးလေးတို့မိဘများက ညနေ ၆ နာရီလောက်ဆိုရင် ထမင်းစားကြရော။ စားပြီးရင် စာဥကြော်တို့၊ ခနွန်ထုပ်တို့၊ လက်ဖက်တို့၊ ချင်းသုပ်တို့ကို အုပ်ကြီးတွေနဲ့ ထည့်ယူသွားပြီး တစ်အိမ်လုံး တရုတ်ကတ်လှည်းနဲ့ ပွဲကြည့်သွားကြတယ်။ မနက်လင်းမှ ပြန်လာကြတာ။ ဒီပွဲတွေ

www.burmeseclassic.com

www.burmeseclassic.com


လည်း ကြည့်ပြီးရော၊ ဂီတဝါသနာပါလာပြီး သမီးတွေ ဂီတ သင်ပေးတော့တာပဲ။ တနင်္ဂနွေနေ့ဆိုရင် သင်ကြတီးကြပြီပေါ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မယင်းတော်

ရွှေပြည်မင်းကြီးကတော် ခင်ဖြူက သူ့မြေးအကြီးဆုံး ခင်ခင်ကြီးကို နားထွင်းမယ်ဆိုတော့၊ အိမ်ကို ယင်းတော်မလေး ခဏခဏ ပေါက်လာလို့ ဦးလေးတို့ငယ်ငယ်တုန်းက မယင်းတော်ကို မြင်ဖူးလိုက်တယ်။ မျက်စိတစ်ဖက် ပျက်နေရှာပြီ။ ဒါကြောင့် ကျောက်မျက်လုံးတစ်ဖက် တပ်ထားရတယ်။ ဦးလေးတို့က ကျောက်မျက်လုံးဘက်က နည်းနည်းပိုကြီးနေတာကို ကြည့်ပြီး ကလေးအရွယ်မို့ ကြောက်တယ်။ မယင်းတော်ရဲ့ ကိုယ်လုံးကိုယ်ဖန်က ငယ်ငယ်ကလေးပါ။ ကလေးတွေက ကြည့်ချင်တယ်ဆိုလို့ အတီးမပါဘဲ ကပြရရှာတယ်။ အချိုးအဆစ်က တယ်ပြီးပြေပြစ်တာပဲ။ ကတဲ့ခါ တကယ့်အရုပ်ကလေးအတိုင်းပဲ။ လက်ဟန် ခြေဟန်ယူပုံက တယ်လှတာပဲ။ သူ့အကကို ကြည့်ဖူးရင် မထွေးလေးတို့ ကောင်းတယ်ဆိုတာ အလကားဖြစ်သွားမှာပဲ။

အဆိုမှာလည်း မယင်းတော်က ရှေးခေတ် သံဆန်းဆိုမှာ အလွန်ကောင်းတာပဲ။ ရုပ်သေးမင်းသား ကိုသာပြောနဲ့ မယင်းတော်နဲ့ တွဲလိုက်ရင် ဘယ်သူမှ လိုက်မမီဘူး။ ဒီနောက် ပေါ်ကြတဲ့ အဆိုသမားတွေအားလုံး ဖိုးစိန် ခေတ်ထတဲ့အချိန်ထိဟာ ယောက်ျားဆိုရင် ကိုသာပြောရဲ့ အဆိုမူ၊

www.burmeseclassic.com

www.burmeseclassic.com


မိန်းမဆိုရင် မယင်းတော်ရဲ့ အဆိုမူတွေကို သံဆန်းဆိုမှာ ယူဆိုကြရတာပဲ။ မယင်းတော်ကို စပြီးဖျက်ဆီးတာ ကနောင် အိမ်ရှေ့ကိုယ်တော်ကြီးပါပဲ။ မယင်းတော် စင်ပေါ်က ဆင်းတာနဲ့တစ်ပြိုင်နက် ကိုယ်တိုင် ဝင်ပွေ့ပြီး ခေါ်သွားတာတဲ့။ အိမ်ရှေ့ကိုယ်တော်ကြီးမှာ ဒါမျိုးတွေ အများကြီးပါ။ လင်းပင်မင်းသားဟာ ကနောင်အိမ်ရှေ့ကိုယ်တော်ကြီးနဲ့ ကချေသည်ခင်ဖော့တို့က မွေးတာပဲ။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ကိုသာပြော

ရှေးသီချင်းအဆိုမှာ ဘုန်းကြီးပေနဲ့ တပယ်ခင်သစ်တို့ ကျော်သလို ရှေးသံဆန်း (အဲဒီတုန်းကတော့ ခေတ်သီချင်းပေါ့) အဆိုမှာလည်း ကိုသာပြောက နာမည်သိပ်ကြီးပါတယ်။ သူ့ကို ဘယ်သူမှ လိုက်မမီဘူး။ အငေါက်ဆိုမှာ အလွန်ကောင်းတာပေါ့။ ဒါကြောင့် မင်းတရားကြီးတို့ နန်းတွင်းက ဘုန်းကြီးပေတို့ တပယ်ခင်သစ်တို့ အဆိုမျိုးကို ဘယ်လောက် ကြိုက်ကြိုက် အရပ်ထဲကတော့ ကိုသာပြောတို့ မယင်းတော်တို့ အဆိုကို ကြိုက်ကြတာပဲ။ သူတို့အဆို၊ သူတို့မူက နောက်ဆက်ပြီး ဦးကျော်ဒွေး မထွေးလေး၊ မစိန်သုံ၊ ဆီကျော်စိန်တင်၊ စိန်ဆင်၊ မငွေမြိုင်၊ ဦးဘကျော့၊ ကိုစိန်ခိုတို့အထိ ဆိုပုံ ပြုပုံ၊ ယူပုံ ဆပုံတွေဟာ ကိုသာပြောကလေး ဟန်ချည်းပဲ။ သံရိုးပေါ်မှာ မူတည်ဆိုကြတဲ့ အဆိုတွေပေါ့။

ကိုသာပြောက နှာသံတော့ နည်းနည်းပါသတဲ့။ 'နားခံခြု' လိုပဲ တဲ့။ နားခံခြုဆိုတာက နှာသံကြီးနဲ့ ဘယ်သူ့ဆီမှမရှိတဲ့ အသံကြီးမျိုး ရှိတယ်။ ထူးလိုက်တာ၊ ပြီးတော့ နားခံခြုရဲ့အသံကြီးက ကျယ်လိုက်တာ လွန်ပါရော။

www.burmeseclassic.com

www.burmeseclassic.com


မင်းတရားကြီးတို့ခေတ်က အငေးရောက် ၄ ယောက်ရှိတယ်။ ဒီ ၄ ယောက်မှာ ဦးစီးတာက နားခံခြုပဲ။ အငေးရောက် ဦးအောင်ကြီးက နားခံခြုတို့အဖွဲ့ထဲက အငေးရောက် တစ်ယောက်ပေါ့။ အငေးကလာတဲ့ သတင်းမှန်သမျှ ဒီလူတွေဆီကို ရောက်ရတယ်။ သူတို့က လာသမျှ သတင်းစုပြီး နားခံခြုဆီပို့ရတယ်။ နားခံခြုက ဘုရင့်ကို တင်ရတယ်။ သူ တင်လျှောက်တာကို ဘုရင်က နားနဲ့ခံလို့ နားခံလို့ခေါ်တာ။ အငေးက လျှောက်လို့ အငေးလျှောက်၊ အငေးရောက်လို့ခေါ်တာ။ နားခံက ဘုရင့်ကို တင်တော့ ရတုသွားလုပ်ပြီး တင်လျှောက်တယ်။ ဒါကြောင့် နားခံဟာ အသံလည်း ကောင်းရတယ်။ ခုခေတ်တော့ ရတုဆိုရင် အငေးရောက်လို့ ထင်နေကြတယ်။

BURMESE CLASSIC .com

## ဦးကျော်ဒွေး

ကိုသာပြောတို့နောက်မှာ ခေတ်သံဆန်း နာမည်ကြီးတာက ဦးကျော်ဒွေး။ ဦးကျော်ဒွေးက ဒေါ်သူဇာရဲ့အဖေ ဆရာသိန်းနဲ့ သိပ်ချစ်ကြတယ်။ ဦးကျော်ဒွေးကို ဆက်ခံပြီး ဦးကျော်ဒွေးလို အတူတူကောင်းလာတဲ့ အဆိုတော်တစ်ယောက်က ဘာဂျာဆရာ ဆရာလွှား။

ကိုသာပြောက ရှေးသံဆန်းပထမခေတ်၊ ဦးကျော်ဒွေးက ရှေးသံဆန်း ဒုတိယခေတ်၊ ဘာဂျာဆရာ ဆရာလွှားတို့က တတိယခေတ်ပေါ့။ အဲဒီ အဆိုသမားတွေဟာ အားလုံး သံရိုးသံမှန်ပေါ်မှာ မူတည်ဆိုကြတာ ချည်းပဲ။ အဲဒီခေတ် သံဆန်းအဆိုသမားတွေက ၈၀ ပေါ်တေးထပ်ကို အချိုတ်ကလေးတွေထည့်ဆိုတဲ့အခါ ဘုန်းကြီးပေတို့ ဘယ်လိုကောင်းပေမယ့်၊ ခေတ်သံဆန်း ဆရာတွေကိုမမီတော့ဘူးပေါ့။ သူတို့က ကလက်ပြီး ဆိုလာတာကိုး။ ကောင်းရောပေါ့။ ခေတ်နားက ကြိုက်ရောပေါ့။ နောက်တော့ ဖိုးစိန်ပေါ်လာရော၊ ဖိုးစိန်က အဆိုကို သံမှန်ပေါ်မတည်ဘဲ အသံတစ်သံပြောင်းပြီး ၅ ပေါက်ပေါ် တည်ဆိုလိုက်တယ်။ အဲဒီမှာ သံရိုးသံမှန် သမားတွေ အဆိုပညာမှာ ဘယ်လောက်တော်လို့ သူတို့ပညာ ဘယ်လောက်ကြီးကြီး၊ အသံပိုလွင်တဲ့၊ အသံပိုကြည်တဲ့ ၅ ပေါက်သမားကို ပရိသတ်က ပိုကြိုက်လာပြန်ရော။

www.burmeseclassic.com

www.burmeseclassic.com



ဖိုးစိန်ကလည်း ဘယ်လောက်အထိ လုပ်လိုက်သလဲဆိုရင် ငိုချင်းမှန်သမျှ ၅ ပေါက်နဲ့ချည်းဆိုချတယ်။ အဲဒီတော့ သံမှန်ပေါ် မူတည်ဆိုကြသူများက ကောင်းတော့ကောင်းပါရဲ့။ သူတို့နဲ့ ယှဉ်လို့မရတော့ဘူး။ “ရေမျော၍အလာတွင် တေဇောဗျပါ အပူဆိုက်ပါလို့၊ ယူပိုက်ခါဆယ်တင်မိပါပေါ့၊ ငယ်လင်မရှိပါပြော”။ (တက္ကပဏ္ဍိတငိုချင်း) တဲ့၊ ၅ ပေါက်နဲ့။ ရတုကို အားလုံးက ၄ ပေါက်နဲ့ချည်း ဆိုခဲ့ကြတာကို ဖိုးစိန်က မဲဇာတောင်ခြေကို ၅ ပေါက်နဲ့ ဆိုပါတယ်။ ဖိုးစိန်က ဒီလိုလုပ်လိုက်တော့ တစ်ခေတ်လုံး အသံပြောင်းပြီး အငြိမ့်ကလည်း ၅ ပေါက်နဲ့ ဖြစ်လာတယ်။ နန်းတော်ရှေ့ဆရာတင်ကလည်း ၅ ပေါက်နဲ့ ရေးလာတော့တယ်။ အဲဒါသာပြောခေတ်ကို ဖိုးစိန်ခေတ်ဖြစ်အောင် ပြောင်းလိုက်ပုံပါပဲ။ ဖိုးစိန်ဟာ သာပြောကို အဆိုပညာနဲ့ မပြိုင်တော့ဘဲနဲ့ မူတည်သံကိုပြောင်းပြီး အသံပြောင်းနဲ့ သာပြောခေတ်ကို တော်လှန်လိုက်ပါတယ်။

နောက်တော့တစ်ခါ မြို့မတို့၊ မာဃတို့ စတဲ့ ခေတ်တူရိယာဝိုင်းတွေပေါ်လာပြီး အသံနဲ့မပြိုင်ဘဲ တူရိယာနဲ့ ပြိုင်ပြန်တယ်။ ပတ္တလားနဲ့ စန္ဒရားယှဉ်ထားရင် စန္ဒရားက သာတာပေါ့။ နှဲနဲ့ ဆက်ဆိုဖွန်းလည်း နှဲနေရစ်ရှာတာပေါ့။ ပလွေဘယ်လောက်ကောင်းကောင်း ကလဲရီနက်ကို ပြိုင်ရင် ရှုံးပြီပေါ့။

BURMESE CLASSIC .com

အဲဒီမှာ ခေတ်တူရိယာတွေကို အထင်ကြီးပြီး အမျိုးသားတူရိယာတွေကို တဖြည်းဖြည်း ချောင်ထိုးလာ၊ ပစ်ပယ်လာတယ်။ ခုတစ်ခါ နိုင်ငံခြားက ခေတ်အသံတွေ မြန်မာ့နားနဲ့ ဝင်ဆံ့တယ်၊ မဝင်ဆံ့တယ် ဆိုတာကို မစဉ်းစား၊ မြန်မာ့နားနဲ့ မယဉ်ပါးဘဲနဲ့ ဇွတ်အတင်း သွင်းလာပြန်ပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com


မဟာဂီတရဲ့ ရှေးဟောင်းနှောင်းဖြစ်

(ဒုတိယပိုင်း)

မဟာဂီတမိခင် ဒေါ်စောမြအေးကြည်

မိုးရာသီက ရောက်ပြန်ဦးတော့မယ်။

မိုးတွင်းရောက်ပလားဆိုမှဖြင့် မြန်မာ့အသံက *"ဖြေမရှင်ဆွေးစေဖို့၊ အရေးတော်ကြုံ၊ ခများကိုအမှုန်က မာန်ဟုန်တော်ဖြိုး၊ မျက်မာန်တော်ညှိုးပါနဲ့ ခိုကိုးသူပါ၊ မိုးနတ်ဒေဝါ, ဒေဝါ ရှာတော်ရေး ကိုလေး ဆွေးချင့်လိုက်ပါ"* ဆိုတဲ့ မလှရွှေအသံကလေးကို ကြားရလာပါရော့မယ်။ ကြားရရင် ကျွန်မတို့အညာမှာ မိုးနှောက်ကျလို့ ဘယ်လောက်ပဲ ပူပြင်းနေပေမယ့် ရန်ကုန်မှာတော့ မိုးတွေရွာလှရော့မယ်၊ ပြည်လမ်းက အသံလွှင့်ရုံကြီးလည်း မိုးရေတွေအောက် ရောက်နေပြီ။ တို့အညာလည်း မိုးဝေးတော့မှာ မဟုတ်ဘူးလို့ အောက်မေ့ရစမြဲပါ။

မတ်သုံမိုးတွေက ဖြိုးဖြိုးရွာနေပြီဆိုမှဖြင့် မိုးကလည်း ရွာနိုင်ကောတော်လို့ မိုးများတဲ့နေရာတိုင်းမှာ မိုးနဲ့ ရန်ဖြစ်ကြရစမြဲ၊ အဲဒီမှာ စာရေးတတ်သူတွေက မိုးကို ရန်ထောင်တဲ့စာတွေ ရေးကြစမြဲပဲ။ နို့ပေမယ့် မိုးကို ရန်ထောင်သမျှထဲမှာ ဒေါ်ဒေါ် ဒေါ်စောမြအေးကြည်ရဲ့ မိုးဒေဝါလည်း ဒီသီချင်းနဲ့ ဘယ်လိုများ လိုက်ဖက်မှန်းမသိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်ဆုံးသွားရှာတာ ခုဆို (၂၂) နှစ် ရှိပါပြီ။ ဒေါ်ဒေါ့်သီချင်း 'မိုးဒေဝါ' ကတော့ နှစ်စဉ်နှစ်တိုင်း ကြားနေရဦးမှာပါပဲ။ မဟာဂီတဝင် သီချင်းကောင်းတစ်ပုဒ် ဖြစ်တော့မှာပါ။

ကျွန်မက မဟာဂီတကို ဘာမှ နားလည်တာမဟုတ်ဘူး။ နေရှင်နယ်ကျောင်းမှာနေတုန်းက "ဆရာရွှေပြည်" လို့ ကျွန်မတို့က ချစ်စနိုးခေါ်ကြတဲ့ ရွှေပြည်ဆရာ ဦးဘတင်က ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းကို မြန်မာစာနဲ့ ရာဇဝင်သင်ပေးရင်း ကျောင်းကို ပတ္တလားတစ်လုံး ယူလာပြီး နေရှင်နယ်ကျောင်းရဲ့ အောက်ဆုံးထပ် မြေတိုက်ထဲမှာထားတယ်။ အဲဒီမှာ သူ့အဆိုဆရာ ဦးထွန်းအိုင်ကို ခေါ်လာပြီး ဆရာက အဆို, အတီး သင်တယ်။ သူတော်တော်တတ်တော့ ကျွန်မတို့ တပည့် ၄-၅ ယောက်ကို သီချင်းကြီးအဆို သင်ပေးတယ်။ ဒါကြောင့် ကြိုးရော၊ ဘွဲ့ရော၊ ပတ်ပျိုးရော၊ သီချင်းခံ့ရော တစ်မျိုး ၄-၅ ပုဒ်စီ ဆရာနဲ့အတူလိုက်ဆို၊ လိုက်အော်လိုက်ဖူးတာပဲရှိတယ်။ ဆရာရပ်ရင်ရပ်ပြီး အတောဝင်တာကို နားထောင်တာပဲ။ ဆရာဆိုရင် လိုက်ဆိုတာပဲ။ ဒါကြောင့် သီချင်းတွေတော့ အလွတ်တော်တော်ရသားပဲ။ နို့ပေမယ့် စည်းလည်းမကိုင်တတ်၊ ဝါးလည်း မကိုင်တတ်၊ အဝင်အထွက်လည်း မသိခဲ့ပေါင်။ ဒါ ကြိုးခံလား၊ ဘွဲ့ခံလား ဆိုတာတောင် အနိုင်နိုင်ပါ။ ဒါနဲ့များတောင် နေရှင်နယ်ဒေးလုပ်တဲ့နှစ်တစ်နှစ်မှာ ကျွန်မတို့ ဆရာတပည့်တွေ ဇာတ်ခုံပေါ်တက်ပြီး သီချင်းဆိုခဲ့ကြသေးတယ်။

ကျွန်မ ၉ တန်းနှစ်ကပေါ့။ လက်သင်တွေမို့ ထံတျာတေရှင်လောက်များဆိုတယ်မအောက်မေ့ပါနဲ့။ ဇမ္ဗူကျွန်းလုံး သီချင်းခံနဲ့ သိကြားခလုတ်ကြိုး "ရွှေပင်ရွှေဘုန်း ပပဝင်း" ကို ဆိုကြတာပါ။ ကွယ်လွန်ရှာသူ အမျိုးသား ကျောင်းသားဟောင်း ဦးစိန်ညိုက စန္ဒရားတီးတယ်။ ဆရာရွှေပြည်ရယ်၊ သက်သက်ရယ်၊ မမြတင်ရယ်၊ ကျွန်မရယ်က သီချင်းဆိုတယ်လေ။ ဆရာက စည်းကိုင်လို့၊ ဆိုလိုက်ကြတာ သီချင်းတွေတော့ ဆုံးသွားပါရဲ့ အတီးသမား ကိုစိန်ညိုခမျာတော့ ချွေးတွေ ပြန်ကျန်ရစ်ပါလေရော။ အောက်က နားထောင်နေကြတဲ့ ရွာစားကြီး စိန်ဗေဒါတို့

www.burmeseclassic.com


ကလည်း ရင်,မပြီး အသက်ရှူမှားကုန်ကြရောတဲ့။ ကျွန်မတို့ကဖြင့် ဘာဖြစ်ရစ်တယ်မသိပေါင်။ အတော်ကြာတော့မှ ကျွန်မတို့ဆရာတပည့်တွေ ဆိုသွားကြတာ စန္ဒရားသံနဲ့ သီချင်းသံနဲ့ မကိုက်ဘူး၊ တစ်သံစီဖြစ်နေတယ်ဆိုကိုး။ ဂီတဆိုတာ ဒီလိုတက်အော်လို့ မရမှန်းတောင် မသိခဲ့ဘူး၊ ဒါလောက် နားဝေးခဲ့ပါရဲ့။ နိုပေမယ့် မလှရွှေရဲ့ "မိုးဒေဝါ" ကောင်းမှန်းတော့ ဒီကျွဲနားက အသိသား၊ ခံစားနိုင်သားကလား။

ဒါကြောင့် မိုးဒေဝါကိုဖန်ဆင်းတဲ့ ဒေါ်စောမြအေးကြည်ဆိုတာကိုလည်း အခါအခွင့်များကြုံရင် တွေ့ချင် မြင်ချင်မိတယ်။

၁၉၆၇ ခုနှစ်ထဲမှာ တစ်နေ့တော့ ဒေါ်ဒေါ် ဒေါ်စောမြအေးကြည်နဲ့ ရကန်ဆရာ ဦးတင်လို့ခေါ်တဲ့ ဦးလေးတင်တို့ ကျွန်မတို့ မန္တလေးကိုရောက်လာကြတယ်။ ဒါကြောင့် ကျွန်မတို့က ဘုရားတွေ ဝမ်းသာအားရလိုက်ပို့တယ်။ အိမ်ကိုခေါ်ပြီးဧည့်ခံတယ်။ ဒေါ်ဒေါ် သီချင်းဆိုချင်ရင်ဆိုရအောင် မန္တလေးက မဟာဂီတသမားတချို့နဲ့ စန္ဒရားကိုဘသိန်းတို့ကိုဖိတ်ပြီး တီးပေးစေပါတယ်။ ပြီးတော့မှ မိုးဒေဝါကို ဖန်ဆင်းခဲ့တဲ့ ဒေါ်ဒေါ့်ကို စိတ်ဝင်စားလွန်းလို့ ဒေါ်ဒေါ်နဲ့ စကားစမြည် ပြောကြည့်ခဲ့ပါတယ်။

ဒေါ်ဒေါ့် မိုးဒေဝါက သိပ်လှတယ်ဟုတ်လား၊ ဖွဲ့သီထားတဲ့ စကားလုံးလေးတွေက လှလည်းလှ၊ စုံလည်းစုံ၊ တိလည်းတိကျတယ်လေ။ ကျွန်မတို့ စာလေးဘာလေး ရေးတတ်တဲ့လူတွေက အကြောင်းအရာ တစ်စုံတစ်ခုကို ရေးမယ်ဖွဲ့မယ်ဆိုရင် ဒီအကြောင်းအရာနဲ့ ဆိုင်ရာ စကားလုံးတွေကို ရွေးထုတ်ပြီး ဖွဲ့ကြ သီကြရတာပဲ။ နို့ပေမယ့် ဝေါဟာရကြွယ်တိုင်း အတွေ့အကြုံရှိတိုင်း စာကောင်းဖြစ်ချင်မှ ဖြစ်လာတာကလား၊ တချို့စာများ သိသမျှ တတ်သမျှတွေကို လျှောက်ထည့်ရေးထားလို့ စကားလုံးတွေ ဘုံးဘောလအော ထည့်ထားပေမယ့် အမြှုပ်ထနေတဲ့ စာပွယောင်းယောင်းကြီးပဲ ထွက်လာတာပဲ။ ဘာမှ မပြောင်မြောက် မပီပြင်ဘူး။ မိုးဒေဝါကတော့ မိုးရွာနေတဲ့မြင်ကွင်းကို ပီပီပြင်ပြင် ပြောင်ပြောင် မြောက်မြောက်ရှိပြီး စာတွေက တိတိရိရိ ကျစ်ကျစ်လျစ်လျစ်နဲ့ ကျော့ကျော့ရှင်းရှင်း သိပ်ရှိပါတယ်။ စာလုံးကလေးတွေ နပုံနွဲ့ပုံကလည်း လွန်ပါရောလား။ တကယ့် ချစ်စရာအဖွဲ့လေးပါ။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ–ဒေါ်ဒေါ်ရွှေပြီး သီထားပုံကလေးကို–

မိုးဒေဝါပတ်ပျိုး

*အို …မိုးဒေဝါ ရုစ်ခွင်တိုင်းမှိုင်းဆင်ကာ၊ ခိုးလှည့်မှုံပြာ၊ ညှိုးဘွယ်ကြုံလာ၊ စာနာသင့်ပါငဲ့၊ ငြိုးမာန်တော်ဝင့်ပါနဲ့ ရွာသင့်မှရွာ၊ အိုကြုံရမယ့်ဗျူပါ၊ ကိုယ်ထည်းညည်းယောင်မိသာ၊ မှိုင်းပြာပြာမြူခိုးငယ်၊ မိုးပတ်လည်ဝိုင်း။ အို–တိုင်းနယ်ရုစ်ခွင်၊ ဈော်ရမ်းဘယ်မမြင်၊ လွမ်းလေအင် ရွှေဘဝင်ကျွန်း၊ ရွာသွန်းချမိုးပန္နက်၊ ခြုံခြုံထွေးဘယ်မလုံ၊ ရွှေသည်းဆတ်ဆတ်ခုန်၊ ဖော်မစုံ၊ တော်ရုံသာ ရွာတန်သင့်ပါငဲ့၊ အို–သခင့် မိုးနတ်ဆွေရယ်၊ ငြိုးမာန်တော်ပွေ့ပါနဲ့ တိတ်ပါစမ်း၊ အေးကုန်လို့ချမ်း။*

*ရုစ်တိုင်းနယ်ဝင်နယ်ခွင်နယ်ခွင်၊ မြူမင်းလွှင်ဆိုင်းပါလို့ ခြုံခြုံ သင်တိုင်းရယ်နှင့် မှိုင်းအုံ့လို့ဆင်၊ ကိုးရပ်နယ်ခွင်၊ ကြုံအင်ကပ် အောင်လေး လွမ်းထပ်သည့်အင်။*

*ဖြေမရှင် ဆွေးစေဖို့ အရေးတော်ကြုံ၊ ခမျှားဟိုအမွှန်က၊ မာန် ဟုန်တော်ဖြိုး မျက်မာန်တော်ငြိုးပါနဲ့ ခိုကိုးသူပါ၊ မိုးနတ်ဒေဝါဒေဝါ၊ ရွာတော်ရေးကိုလေး တွေးချင့်လိုက်ပါ။*

*ငွေနှင်းမှုန်ပြာပြာ၊ ငွေနှင်းမှုန်ပြာပြာ၊ ဘယ်ကိုမှာမှ သိနိုင်ပဲ၊ အို–မစဲရွာစွေစွေ၊ ဟိုတိမ်ခြေကသာ၊ လေညှင်းသွေး၊ ထက်ကျေး အာကာ၊ မှိုင်းတမို့မို့၊ ရုတိုင်းမြင်ရာကဝိုင်းအစို့စို့၊ မိုးလုံးဆင်ပြင်၊ ကိုးခွင်ဝိုက်ကာ ခြုံ၊ ဟိုအမွှန်ကမှုံရီဆိုင်း၊ နှင်းမြူခြေဆိုင်း သိုင်းဟန် နွဲ့ချီ၊ အို–အို–မျှော်လေ တိုင်းမှိုင်းဆင်ခဲ့ပြီ၊ မြူဝန်းလို့ရီ၊ ဖြေဆီ တော့နိုင်ရေး၊ သည်ရဂုံစုံမြိုင်ကျေးမှာ၊ ဘုန်းကြုံရသေး။ ဖော်ဝေး သူမှာ ပူပါဘိတရေး၊ မြနှင်းရည် လေပြည်ဖြန်းတယ်၊ လွမ်းသူ့ အဆွေး။*

ဒီပတ်ပျိုးကို အသံနားမလည်လို့ ဂီတမှာ ဘယ်လောက်ကြီးပဲ ထုံထိုင်းတဲ့သူဖြစ်ပါစေ၊ ကဗျာအနေတစ်ခုတည်းနဲ့ ဘယ်ကလောက် ချစ်နှစ်သက်စရာကောင်းတဲ့ ကဗျာလည်းဆိုတာ အလွန်သိသာပါတယ်။ ဒီအထဲ

www.burmeseclassic.com

www.burmeseclassic.com


မှာ ကျွန်မတို့ငယ်ကတည်းက မေသန်းလို့ခေါ်ခဲ့တဲ့ မလှရွှေရဲ့ အသံ သာသာယာယာ၊ စည်းစည်းလုံးလုံး အောင်အောင်မြင်မြင်နဲ့ ပိုင်ပိုင်နိုင်နိုင် ကြီး သီဆိုပုံကို ကြားရတော့ ဘယ်နား၊ ဘယ်ဘဝင်ကိုမှ မခွေ့ဘဲမရှိတော့ ဘူးပေါ့။

အမရပူရနန်းဆောင်ထဲက ကုန်းဘောင်မင်းရဲ့ မိဖုရား အနောက် နန်းမတော် မမြကလေး၊ ရတနာပုံနန်းတော်ထဲက ကနောင် အိမ်ရှေ့ ကိုယ်တော်ကြီးရဲ့ လှိုင်ထိပ်ထားတို့ ဖွဲ့ခဲ့တဲ့ သီချင်းတွေထက် ဒေါ်ဒေါ် မိုးဒေဝါက ကာလဆန်တယ်။ ကာလပေါ်နားကပ်နေတဲ့ သီချင်းပဲလို့ မဟာဂီတဆရာကြီးတွေက ဘယ်လိုပဲသတ်မှတ်ပေမယ့် ကာလနားဖြစ်တဲ့ ကျွန်မတို့လို ကာလသားသမီးတွေအတွက် အလွန်ကို သာယာငြိမ့်ညောင်း တဲ့ မဟာဂီတသီချင်းတစ်ပုဒ်ပါ။

ဒါကြောင့် ဒီသီချင်းကို ရေးဖွဲ့ခဲ့တဲ့ ဒေါ်ဒေါ် ဒေါ်စောမြအေးကြည် ကို ကျွန်မက စိတ်ဝင်စားနေတယ်။ ဘာကြောင့် ဒါလောက်ကောင်းတဲ့ သီချင်းမျိုးကို သူရေးနိုင်တာလဲ။ ဒီသီချင်းအပြင် တခြား ဘာတွေ ဒေါ်ဒေါ် ရေးဖွဲ့သေးသလဲ။ ဒေါ်ဒေါ်နဲ့တွေ့ရင် ဒါတွေမေးမယ်လို့ စိတ်ထဲမှာ တေး ထားမိတယ်။

၁၉၆၇ ခုနှစ်က ဒေါ်ဒေါ် ကျွန်မတို့ဆီရောက်လာတော့ ဒေါ်ဒေါ့် ကို မေးချင်မှုတွေ မိုးဒေဝါကစပြီး မေးမိပါတော့တယ်။ ဒေါ်ဒေါ်က သူ ဒီသီချင်းကို သီပေါစော်ဘွား ဆာစောချယ်ရဲ့ စောသခင်ကလေး မြအေးကြည်ဘဝတုန်းက သီပေါ စခန်းသာဟော်ထဲမှာ ရေးဖွဲ့ခဲ့တာပါတဲ့။ သီပေါစော်ဘွား ဆာစောချယ်က သူခရီးထွက်တဲ့အခါ သုံးရက်ထက်ပိုကြာ မယ့်ခရီးဆိုရင် သူ့ခါးပိုက်ဆောင်မလေး မြအေးကြည်ကို ဟော်မှာမထားခဲ့ ဘူး၊ သူသွားရာ ခေါ်သွားလေ့ရှိသတဲ့။ တစ်ခါတော့ စော်ဘွားက ခရီး ထွက်စရာရှိတယ်။ မြအေးကြည်က နည်းနည်းနေမကောင်းဘူး၊ ဒါကြောင့် မင်းမလိုက်ခဲ့နဲ့လို့ပြောတာနဲ့ ဟော်မှာ ကျန်ရစ်ရတယ်။ စော်ဘွားနဲ့အတူ တခြားစော်ဘွားကတော်တွေကတော့ အများကြီးပဲ။ တပျော်တပါး လိုက် သွားကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


နေမကောင်းလို့ ကျန်ရစ်တာကို မကျေမချမ်းရှိရတဲ့အထဲမှာ မိုးတွင်းကြီးမို့ သီပေါစခန်းသာမှာ မိုးကလည်း ရွာနေလိုက်တာ၊ တစ်ရက်နဲ့မပြီး၊ နှစ်ရက်နဲ့မပြီး၊ ၉ ရက်၊ ၁၀ ရက်ကြာအောင် ဆွေနေတယ်။ မိုးမရွာလို့ လင်းသွားပြန်တော့လည်း ကြည်ကြည်လင်လင် ကင်းကင်းစင်စင်လင်းတာမဟုတ်ဘူး၊ တောင်ခိုးတွေဆိုင်းပြီ မြူနှင်းတွေက ဝိုင်းဆို့နေတယ်။ ရှမ်းပြည်နယ်ဆိုတာ မိုးရွာထားတော့ ချမ်းကလည်းချမ်းတာမို့ ဘယ်သူမဆို တတ်နိုင်ရင် မီးဖိုနားကွေးပြီး ကုပ်နေကြတာ။

ဒါကြောင့် ခြေခင်းလက်ခင်းမသာလို့ ဘယ်မှာမှ မထွက်နိုင်ကြ အတူတူဆိုပြီး ဟော်မှာ ကျန်ရစ်တဲ့ စောမြဝ္ဂမ်းသခင်မက စောင်းကို မီးကင်ပြီး ကောက်တီးပါတယ်။ အဲဒီမှာ အဆိုကောင်း စော်ဘွားကတော်တစ်ဦးဖြစ်တဲ့ စောရွှေမြူသခင်မနဲ့ ဦးစိန်အုပ်တို့က တစ်ယောက်တစ်လှည့် စည်းကိုင်ပြီး သီချင်းဆိုနေကြတယ်။ ဦးစိန်အုပ်ကြီး ဆိုတဲ့အလှည့် ရောက်တော့ ဦးစိန်အုပ်က သဖြန်တစ်ပုဒ်ခံပြီး "ရဝိန်ဒေါင်းယာဉ်ပျံ" ပတ်ပျိုးကို ကောက်ဆိုလိုက်ပါတယ်။ ဒီပတ်ပျိုးက မြဝတီမင်းကြီးဦးစ တောတောင်ရာသီကို ဖွဲ့ထားတဲ့ ပတ်ပျိုးကိုး။ အဲဒီအချိန်မှာ စော်ဘွားနောက် ပါမသွားရတာနဲ့ မိုးရွာလို့ ခြေခင်းလက်ခင်းမသာတာနဲ့ ဒွေးရော၊ ဥပါဒ်ရောရောနှော ပြီး စိတ်ချဉ်ပေါက်နေတဲ့ စောမြအေးကြည်က "ရဝိန်ဒေါင်းပျံ" ပတ်ပျိုးသံ ကြားလိုက်တော့ စိတ်နည်းနည်းကြည်လာပြီး ဒီအသံ တယ်သာတဲ့အသံပါ ကလားလို့ ဂီတသံထဲစိတ်ဝင်စားလာတယ်၊ နားထောင်ရင်း နားထောင်ရင်း ဒီပတ်ပျိုးသံထဲ ယစ်မူးလာတယ်။ နောက်တော့ ကျေနပ်လွန်းလို့ ဒီပတ်ပျိုးမျိုး တစ်ပုဒ်လောက် ငါရေးကြည့်စမ်းမယ်ဆိုတဲ့ စိတ်ကူးပေါက်လာပြီး စိတ်ထဲမှာ သီကုံးကြည့်နေမိသတဲ့ ။

အဲဒီအတောအတွင်းမှာ မိုးက တိတ်သွားပြီး နေရောင်ခြည်ပါ လင်းလာပြန်တော့ စောစောကရွာထားလို့ ကျထားတဲ့ မိုးသီးမိုးပေါက်ကလေးတွေ မြကော်ဇော မြက်ခင်းပေါ်မှာ စိန်ကလေးတွေ သီးနေတာကို မြင်ရပြန်တယ်။ ဒါပေမဲ့ နေရောင်က စခန်းသာ ဟော်တစ်ဝိုက်မှာသာ ပြူနေတာ။ အဝေးဆီကို မျှော်ကြည့်လိုက်တော့ တောင်ခိုးတွေကဝေပြီး

www.burmeseclassic.com

ဆိုင်းနေတယ်၊ အဲဒီ တောင်ခိုးလွန်ပြန်တော့ မိုးသက်နှင်းတွေကျပြီး မြူတွေ ပါ ဝိုင်းနေလို့ အရပ်ရှစ်မျက်နှာက ဘာမှ မကြည်လင်ဘူး။

ဒါကြောင့် စောမြအေးကြည်က တီးဆိုနေကြသူတွေရဲ့ရှေ့မှာပဲ မိုးဘွဲ့ပတ်ပျိုးတစ်ပုဒ်ကို စိတ်ထဲမှာ စ,ရေးကြည့်တယ်။ အငြိမ့်တော် ပြီးသွား တော့ ညဘက်မှာ စက္ကူပေါ် ချပြီးရေးတယ်လေ။ နေ့ခင်းကမြင်ရတဲ့ရှုခင်း ကို ပြန်ပြီး မြင်ယောင်လိုက်၊ စာရှာလိုက်၊ အသံရှာလိုက်နဲ့ရေးတာ သုံးရက် ကြာတော့ ဒီပတ်ပျိုး ပြီးသွားပါရောတဲ့။ ပြီးတော့ စည်းနဲ့ ဝါးနဲ့ တစ်ခါ ပြန်ဆိုကြည့်ပြီး လိုတာကိုဖြည့်၊ ပိုတာကိုဖြုတ် လုပ်ပြန်ရောတဲ့။

သီချင်းရေးလို့ လက်စမသတ်ခင်မှာဘဲ စော်ဘွား ပြန်ရောက်လာ တယ်။ စောမြအေးကြည် စာရေးနေတာမြင်တော့ စော်ဘွားက "ဟော့– ပိန်မ၊ ဘာတွေရေးနေသတုန်း" လို့ မေးသတဲ့။ ဒေါ်ဒေါ်က ပိန်ပိန် သေးသေးလေးမို့ စော်ဘွားက ချစ်စနိုး 'ပိန်မ' လို့ပဲ ခေါ်တတ်သတဲ့။

"ပတ်ပျိုးတစ်ပုဒ် ရေးနေပါတယ်ဘုရား"

"ဘာဖွဲ့တာတုန်း"

"မိုးဘွဲ့ရေးပါတယ်"

"တန်တော့၊ ဘယ်မှ မသွားရလို့ မိုးနဲ့ ရန်ဖြစ်ပြီထင်တယ်" လို့ပြောပါတယ်။

ဟိုတုန်းက စော်ဘွားတွေဟာ မြန်မာဂီတ အနည်းနဲ့အများကို တတ်ကြသတဲ့။ မိုးမိတ်စော်ဘွားဆိုရင် ဆိုင်းဝိုင်းကြီး ကောင်းကောင်း တီးတတ်တယ်လို့ ကျွန်မတို့ မှတ်သားရဖူးတယ်။

မန္တလေးမှာ ထီးနန်းပျက်သုဉ်းသွားတော့ နန်းတော်သုံး သဘင် သည်တွေအားလုံး အရှင်မဲ့ သခင်မဲ့ ဖြစ်ကျန်ရစ်ပြီး ပေးမယ့် ကမ်းမယ့် ကျွေးမွေးမယ့်သူမရှိ၊ ဘယ်သူကမှ တီးလှည့်ပါ ဆိုလှည့်ပါ ကလှည့်ပါလို့ မငှားရမ်းနိုင်လို့ စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်ကြတယ်။

နန်းတွင်းမှာ ကပြတဲ့ ယိုးဒယားအိနောင်ဇာတ်၊ ရာမဇာတ်ကြီး တွေက ဇာတ်ဖွဲ့ဝင်တွေဆိုတာ သာဆိုးတာပေါ့။ တစ်ဇာတ်ကို (၄၅) ည ကပြရတာမျိုး ဘယ်ဆင်းရဲသားက ပွဲသွင်းပြီး ကြည့်နေနိုင်မှာလဲ။ အဲဒါ
www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဓာတ်သမားတွေ (၁၀၀) ကျော်လောက် အားလုံး ဒုက္ခရောက်တဲ့ အခါ ပခန်းမင်းကြီးကတော်က တတ်နိုင်သလောက် ပေးကမ်းထောက်ပံ့နေရသတဲ့။ အဲဒီသတင်းတွေကို သီပေါကကြားတဲ့အခါ သီပေါကိုခေါ်ပြီး စော်ဘွားက ဆက်လက်စောင့်ရှောက်တယ်။ ဒါကြောင့် ယိုးဒယားဆရာမောင် (ရာမ)၊ ဆရာပေါ်၊ ယိုးဒယားဦးစိန်အုပ်တို့ သီပေါရောက်ကုန်ကြတယ်လေ။

သီပေါစော်ဘွားက ရာမ၊ အီနောင်ဓာတ်အဖွဲ့သားတွေကိုသာမက မဟာဂီတဘက်က အတီးအဆိုသမားတွေကိုလည်း ခေါ်ပြီး ကျွေးမွေးပေးကမ်းတယ်။ သီပေါမှာ အမြဲနေနိုင်သူကို အမြဲတမ်းအလုပ်ပေးထောက်ပံ့တယ်။ မနေနိုင်သူတွေကို သွားချေပြန်ချေနေစေပြီး ထောက်ပံ့ပါတယ်။ ပြီးတော့ ဟော်ထဲမှာ တီးကြ၊ ဆိုကြ၊ ပွဲလမ်းသဘင်တွေ ကကြပြကြပေါ့။ စော်ဘွားက အတီးအဆိုကို တော်ရုံဝါသနာပါတာမဟုတ်ဘူး။ ထမင်းစားနေရင်း အတီးအဆိုသံမကြားရရင် ထမင်းမမြိန်ဘူးတဲ့။ ဒါကြောင့် စော်ဘွား ပွဲတော်တည်ချိန်မှာ အငြိမ့်တော် အမြဲတမ်း တက်ရတယ်။ စော်ဘွားကြီး စောကြာခိုင်ရော၊ သူ့သား စော်ဘွားစောချယ်ရော ကိုယ်တိုင် တီးရုံ ဆိုရုံ ရေးစပ်ကြရုံမကဘူး၊ တီးတတ် ဆိုတတ်သူတွေကို စော်ဘွားကတော်အဖြစ်နဲ့ ထားတာတွေလည်း မနည်းဘူး။

ဗြိတိသျှ အစိုးရလက်ထက်မှာ သီပေါစော်ဘွား စောချယ်ကို တစ်နေ့တော့ ဗြိတိသျှအစိုးရက ဆာဘွဲ့ပေးပါတယ်။ ဒါကြောင့် ဆာစောချယ်လို့ပဲ ခေါ်ကြတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မြအေးကြည်

သီပေါမှာ သီတင်းကျွတ်ပွဲ တစ်နှစ်မှာ လုပ်မယ်ဆိုတော့ စော်ဘွား ဆာစောချယ်က သူ့နားခံတော် အမတ်ကြီး ဦးထူးကို မန္တလေးဆင်းစေပြီး ပွဲဌားခိုင်းသတဲ့။ ပွဲဌားသွားရင်း မန္တလေးမှာ ဆွေကောင်း မျိုးကောင်းထဲက ဂီတပညာ ဝါသနာပါတဲ့ ကလေးမလေးများတွေ့ရင် ခေါ်ခဲ့ မွေးစားထား ချင်တယ်လို့ မှာလိုက်သတဲ့။

နားခံတော် ဦးထူး မန္တလေးရောက်တော့ ဦးထူးက သူနဲ့ မြဲတိုက်မှာ အမှုထမ်းဘက် ကိုဘိုးဒင်ရဲ့မိန်းမ မုဆိုးမ ဒေါ်ခင်ဖွားနဲ့ ပွဲကုန်းမှာ တွေ့တယ်။ တွေ့တော့ မိတ်ဟောင်းဆွေဟောင်းမို့ နေရေးထိုင်ရေး မေးတဲ့ အခါ ဒေါ်ခင်ဖွားက သူ့မှာ စားဝတ်နေရေးလည်း မချောင်လည်ဘူး၊ သား တစ်ယောက် သမီးတစ်ယောက် ကျန်ရစ်တယ်။ သမီးကလေး အေးကြည် က အဆိုအက ဝါသနာပါပြီး ဒီပညာ သင်ချင်လှတယ်ဆိုလို့ ပဲပုပ်တန်း က အဆိုတော် ဦးလူကြီးဆီမှာ ပညာသင်နေတယ်လို့ပြောပြီး မျက်ရည် လည်တယ်။ ဦးလူကြီးက သူ့အိမ်မှာ အဆိုအကသင်ချင်တဲ့ ကလေးတွေ ကို အဆိုအက သင်ပေးတယ်။ ယောကျ်ားလေးဆိုရင် ဇာတ်ဝင်ချင်းတို့၊ ငိုချင်းတို့၊ ဇာတ်စကားတို့ ပြောတတ်အောင်လည်း သင်ပေးတယ်။ ဟိုခေတ်

www.burmeseclassic.com

www.burmeseclassic.com

ပန်တျာကျောင်းပေါ့။ ဒါကြောင့် အေးကြည်ကလေး ဦးလူကြီးဆီ ပညာလာသင်တော့ နောင်ခါ ဆီကျော်စိန်တင်လို့ နာမည်ကျော်လာတဲ့ မင်းသမီး မစိန်တင်လည်း ပညာသင်နေတာတွေ့တယ်။ အေးကြည်ကလေးက (၁၂) နှစ်သမီးရှိသေးသတဲ့။

ဒေါ်ခင်ဖွားပြောတဲ့စကားကို ဦးထူးကကြားတော့ "ကဲပါအေ စိတ်မကောင်းမရှိပါနဲ့၊ ညည်းသမီး ဒီပညာနဲ့ လုပ်မစားစေချင်ရင်လည်း ငါတစ်ခုပြောပါရစေ။ ညည်းသမီးကို သီပေါစော်ဘွားဆီထည့်လိုက်ပါလား၊ စော်ဘွားက မွေးစားမှာပေါ့၊ ဒီလိုမိန်းကလေးတွေ စော်ဘွားက မွေးစားချင်နေတာပါ" လို့ ပြောပြီး ဒေါ်ခင်ဖွားကို စိတ်ချမ်းသာအောင် အားပေးစကားပြောတယ်။ ပြီးတော့ နောက်အပတ် တန်ဆောင်မုန်းလမှာ သူလာတော့ သားအမိ သီပေါလိုက်ခဲ့ကြ၊ ရှမ်းပြည်နယ်တက်ဖို့ အဝတ်အစားအနွေးထည်ဝယ်ရအောင် ငွေ ၂၅ဝ ယူထားလိုက်လို့ ပေးခဲ့ပြီး ပြန်သွားတယ်။

ဦးလူကြီးဆီ ပညာသင်တော့ ရှေးက ပညာသင်ပုံစံအတိုင်းပေါ့။ ဦးလူကြီးမိန်းမ သနပ်ခါးလိမ်းဖို့ ပညာသင်မိန်းကလေးတွေက ယောက်သွားထဲ သနပ်ခါးသွေးထည့်ပေးရသတဲ့။ ဦးလူကြီး အိမ်အောက်ကဇွက်ကို ဆန်စက်က ဖွဲပြာသယ်ပြီး ဖွဲပြာနဲ့ ဖို့ပေးရသတဲ့။ ပန်းကန်ခွက်ယောက်လည်း ဆေးပေးရတာပဲတဲ့။ ဦးလူကြီးက ကလေးတွေကို အဆိုပညာ၊ အတီးပညာလည်း သင်ပေးပါရဲ့၊ အကလည်း သင်ပေးတာပဲတဲ့။

ဦးထူးက နားခံတော်ဆိုပေမယ့် သီပေါစော်ဘွားရဲ့ အဝယ်တော်လည်း လုပ်ရတယ်။ တန်ဆောင်မုန်းလ နောက်တစ်ခေါက် မန္တလေး ဆင်းလာတော့ အေးကြည်တို့သားအမိ ဦးထူးနဲ့အတူ သီပေါလိုက်သွားကြရော။ သီပေါမှာ တန်ဆောင်တိုင်ပွဲကြီး ခင်းနေပြီမို့ ဇာတ်မင်းသမီးတွေက ဖြီးလိမ်းပြီး စော်ဘွားရှေ့မှာ အငြိမ့်တော်ကဖို့ ပြင်နေကြပြီ။ အဲဒီအချိန်မှာ အဆိုတော် ဦးလူကြီးနဲ့ စော်ဘွားကတော့ စစ်တုရင်ထိုးနေကြတယ်။ အေးကြည်ကလေးလည်း ရှင့်မိးနဲ့ သူ့ဆရာအနားနေကြာစေ့စားရင်း စစ်တုရင်ကစားတာကို မလှမ်းမကမ်းက ငေးကြည့်နေသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



စော်ဘွားဆိုတဲ့လူက လူချော လူခံ့ကြီး၊ စိန်တစ်လုံးနားကပ်ကြီးနဲ့၊ ရွှေကြင်ခတ်ပဝါနဲ့ ပန်းရောင်စင်းပုဆိုးကြီးနဲ့တဲ့။ စစ်တုရင်ထိုးရင်း စော်ဘွားက ဦးလူကြီးတပည့်ဆိုတဲ့ အေးကြည်လေးကို လှမ်းမြင်တော့ ခေါ်ပြီး –

"တလိုင်း စိန်ခြယ်ရလား၊ မြမြမောင်းမောင်းကောရလား"

"ရပါတယ်"

"ဟဲ့ – ရပါတယ်ဘုရားလို့ပြော၊ နည်းနည်းပါးပါး ရပါသေးတယ်" လို့ ဦးလူကြီးက ဝင်ပြောတယ်။

"ကဲ ဒါဖြင့် တလိုင်းစိန်ခြယ်ဆိုစမ်း" လို့ စော်ဘွားကခိုင်းတော့ အေးကြည်က စည်းကိုင်ပြီး ရဲရဲဆိုပြလိုက်တယ်၊ ဆုံးသွားတော့

"မြမြမောင်းမောင်းဆိုဦး" တဲ့

အဲဒါလည်း ဆိုပြလိုက်တာပဲ။

"ဘောလယ်ရသလား ဆိုစမ်း" ခိုင်းတော့လည်း ဆိုပြလိုက်တာပဲ။ ဘောလယ်မဆုံးခင် ကိန္နရာကတွေရောက်လာလို့ သူ့အနား တီးနေတဲ့ အငြိမ့်တော်ကို သိမ်းလိုက်တယ်။ ဒါပေမဲ့ စော်ဘွားက စစ်တုရင်ခုံနားက မခွာသေးဘူး၊ ပြီးတော့ –

"မင်းဘယ်မှာနေသလဲ"

"ဓားဝယ်ဆောင်မှာပါ"

"စောင်လုံလောက်ရဲ့လား၊ ဘာစားနေသလဲ၊ နေကြာစေ့လား"

"ဟုတ်ပါတယ်"

အဲဒီလို ဖြေပြီး သူက ရှမ်းလိုပြောလိုက်တော့ လူတစ်ယောက်က နေကြာစေ့ဖိုးဆိုပြီး ငွေ ၂၀ဝ လာပေးတယ်၊ ပြီးတော့ တော်ဘုရားက မတဲ့တာတွေ မစားနဲ့လို့လည်း မှာလိုက်တယ်လို့ ပြောသတဲ့။ သီပေါမှာ ၃ ရက်နေမိတော့ ပွဲပြီးလို့ မန္တလေးက ငှားလာတဲ့ပွဲတွေက ပြန်ဖို့ ပြင်ကြတဲ့အခါ ဒေါ်ခင်ဖွားက သူတို့လည်း ပြန်တော့မယ်လို့ စော်ဘွားကို ကန်တော့တော့ စော်ဘွားက ဒေါ်ခင်ဖွားလည်း မပြန်နဲ့ဦး၊ အေးကြည်ကိုလည်း သီပေါမှာပဲထားခဲ့ပါလို့ ပြောပြီး သူ့စော်ဘွားကတော်တွေရှိရာ

www.burmeseclassic.com

www.burmeseclassic.com

အတွင်းဆောင်ထဲ ခေါ်သွားပြီး သူ့မဟာဒေဝီကို ဒီကလေးမကို သူ မွေးစားချင်တဲ့အကြောင်း ပြောတော့ မဟာဒေဝီက မွေးစားမယ်ဆိုရင် ကန့်ကွက်စရာ မရှိပါကြောင်းနဲ့ ပြန်ပြောသံကို ကြားလိုက်ရသတဲ့။

နောက်မကြာခင်မှာပဲ စော်ဘွားကတော်တစ်ယောက်က အေးကြည်ရဲ့ကိုယ်ကို ပေကြိုးနဲ့တိုင်းတာပြီး အဝတ်အစားတွေချုပ်ပေးဖို့ လုပ်တော့တာပဲ၊ နောက် ငွေ ၂၅ဝိ နဲ့ ဘန်ကောက်လုံချည်၊ ကုလားဖဲလုံချည်၊ စူရတီလုံချည်၊ မန္တလေးပိုးလုံချည်တွေ၊ ချော့ကလက်ဘူးနဲ့ အရုပ်တစ်ရုပ်ပါ ပေးပြီး သူ့အမေ ဒေါ်ခင်ဖွားရှိရာ ဧည့်ဝယ်ဆောင်ကို ပြန်လွှတ်လိုက်သတဲ့။

အေးကြည်က ဝမ်းသာအားရ "အမေရေ စော်ဘွားက ပေးလိုက်တာတွေ ကြည့်ပါဦး" လို့ အော်ပြောပြီး ပြတယ်။ စော်ဘွားဆီက နောက်ရက်တွေမှာလည်း အဝတ်အထည်တွေသာမက ရွှေထည် လက်ဝတ်လက်စားတွေပါ ပေးသေးတယ်။ စော်ဘွားက သူ့ကို ဘာကြောင့် ဒီပစ္စည်းတွေ ပေးတယ်ရယ်လို့ အေးကြည်က နားမလည်၊ သားအမိ သူမျှားပြန်လို့ ပြန်ကြစို့လို့ ပြောရင်တော့ ဟိုနှယ်ဒီနှယ်နဲ့ ပြန်စကားမစပ်ဘူး။ အမေနဲ့ ဦးထူးတို့ ပြောတဲ့စကားထဲမှာ စော်ဘွားက သိမ်းပိုက်တယ်ဆိုတာတော့ ကြားမိသတဲ့။ ပြီးတော့ သူ့အမေလက်ထဲ သိပ်မနေရတော့ပဲ၊ အထိန်းတော်မိန်းမကြီးတစ်ယောက်က အဝတ်အစားလဲပေးတယ်၊ နေမကောင်းရင် ဆေးတိုက်တယ်၊ ဖြီးလိမ်းပြင်ဆင်ပေးတယ်၊ ရိုက်စရာရှိရင် ရိုက်တယ်၊ ဒီမိန်းမကြီးလက်ထဲ တဖြည်းဖြည်းနဲ့ လုံးဝရောက်သွားရောတဲ့။ အေးကြည်ကို မြအေးကြည်၊ နောက် စောမြအေးကြည်လို့ နာမည် တဖြည်းဖြည်းပြောင်းတယ်၊ သီပေါဟော်ထဲမှာ သူ့အဓိကအလုပ်က အဘွားကြီးတွေဆီ သီချင်းဆိုသင်ရတာပဲ။

သီပေါစော်ဘွားရဲ့ ဟော်ထဲမှာ အဲဒီတုန်းက အဆို အတီး ပညာရှင်တွေကလည်း ပေါလိုက်တာ။ ဒီပညာသည်တွေက စော်ဘွားရဲ့ သားတော်, သမီးတော်တွေ၊ စော်ဘွားကတော်တွေကို အဆို, အတီးပညာတွေ သင်ပေးနေရတယ်။ မြအေးကြည်ဟာ ငယ်ပေမယ့် ဂီတပါရမီ ရှိတယ်ထင်လို့ စော်ဘွားက အဆိုသာမက စောင်းတီးပါ အသင်ခိုင်းတယ်။
www.burmeseclassic.com

www.burmeseclassic.com

## စောမြအေးကြည်ရဲ့ ဆရာတွေ

သီပေါစော်ဘွား ဆာစောချယ်ဆီမှာ မဟာဂီတနဲ့ပတ်သက်လို့ ပညာသည်တွေ အများကြီးရှိပါတယ်။ မိန်းမအဆိုဘက်ကဆိုရင် တပယ်မင်းသားရဲ့ ကိုယ်လုပ်တော်တွေဖြစ်တဲ့ တပယ်ခင်ဥနဲ့ တပယ်ခင်သစ်တို့ ရှိကြတယ်။ ပန်းဆက်ခင်လေးလည်းရှိတယ်။ မင်သမီး မယင်းတော်တို့၊ မဆင်ခိုးတို့လည်း ရှိကြတယ်။ မယင်းတော်တို့၊ မဆင်ခိုးတို့ကတော့ သီပေါမှာ အမြဲမနေကြဘူး၊ မကြာမကြာ သွားလိုက်ပြန်လိုက်ပဲ။ တပယ်ခင်သစ်နဲ့ တပယ်ခင်ဥ ပန်းဆက်ခင်လေးတို့ကတော့ အမြဲနေတွေပါ။

ယောကျာ်း အတီး အဆိုသမားတွေထဲကလည်း စောင်းဆရာ မောင်မောင်ခန့်၊ ဒေဝဏ္ဏဒ္ဒါ မောင်မောင်ကြီး၊ အဆိုတော် ဦးလူကြီးတို့ ရှိတယ်။ မောင်မောင်ခန့်က အမြဲနေသမား၊ မောင်မောင်ကြီးနဲ့ ဦးလူကြီးတို့က တစ်ခါတလေ လာကြ သွားကြတယ်။ သီပေါမှာ ပညာရှင်တွေ စုံတယ်။ စော်ဘွားကလည်း အားပေးချီးမြှောက်တယ်ဆိုတော့ မြန်မာတစ်ပြည်လုံးက ပညာသည်တွေဟာ အခါအခွင့်ကြုံရင် ကြုံသလို သီပေါကို ရောက်တတ်ကြတယ်။ ရောက်တယ်ဆိုရင်ပဲ တီးကြ မှတ်ကြ၊ ဆိုကြ သီကြနဲ့ ပညာချင်းပြိုင်သလို၊ ပညာချင်း ဖလှယ်မှုတွေလည်း ရှိကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com


သီပေါစော်ဘွားဆီမှာ တီးသံ ဆိုသံက ဆိတ်တယ်မရှိဘူး။ ဒါကြောင့် မြအေးကြည်ကလေးကို အလားအလာရှိတဲ့ မိန်းကလေးဆိုပြီး စော်ဘွားက ဒီပညာတွေ အသင်ခိုင်း၊ အယူခိုင်းတယ်လေ။ မြအေးကြည်က အချိန်ရှိတိုင်း လူကြီးတွေဆီက ပညာကို ယူနေရတယ်။(၁၂) နှစ်သမီးက သီပေါရောက်တယ်။ စော်ဘွားသိမ်းပိုက်ထားသူမို့ အသက် (၁၇) နှစ်သမီးရောက်တော့ စော်ဘွားနဲ့ လင်ခန်း, မယားခန်းဝင်တယ်။ စော်ဘွားကတော်အဖြစ်နဲ့လည်း ဂီတပညာ သင်နေ ယူနေရသေးတာမို့ ပညာယူတာချည်း အနှစ် (၂၀) ထက်မနည်းဘူး။ ဒါကြောင့် ဒေါ်ဒေါ်ဟာ မဟာဂီတကို စီးပွားရေးငဲ့စရာမလိုဘဲ စိတ်ရှိလက်ရှိ သင်ချင်တိုင်း သင်ခဲ့ရတဲ့ အမျိုးသမီးပေပဲ။

www.burmeseclassic.com

www.burmeseclassic.com

# မိုးဒေဝါရဲ့ အောင်ပွဲ

ဒေါ်ဒေါ် ဒေါ်စောမြအေးကြည်ရေးစပ်တဲ့ မိုးဒေဝါပတ်ပျိုးကို စော်ဘွားလက် ဆက်ပြီးတဲ့ နောက်နေ့ရောက်တော့ စော်ဘွားက ဒီသီချင်း ဆိုပြစမ်းလို့ ဒေါ်ဒေါ့်ကို ခိုင်းပါတယ်။ အဲဒီရက်က သီပေါမှာ မြို့ခံအငြိမ့် တစ်ငြိမ့် ရှိနေတယ်။ ဒီအငြိမ့်အပြင် ဘာဂျာဆရာတာ၊ စန္ဒရား ဆရာ မောင်နဲ့ ဆရာဘကြီးတို့ကို ခေါ်ထားပြီး သူတို့ရှေ့မှာ ဒေါ်ဒေါ့်ကို ဒေါ်ဒေါ် စပ်တဲ့ မိုးဒေဝါပတ်ပျိုး ဆိုအပြခိုင်းတာပါ။ ဒေါ်ဒေါ်ဆိုပြတာကို အစအဆုံး နားထောင်ပြီး သီချင်းဆုံးသွားတော့ စော်ဘွားက ကောင်းတယ် မကောင်း ဘူး ဘာမှမပြောဘဲနဲ့ "အာဂမိန်းကလေး၊ မိုးနဲ့တောင် ရန်ဖြစ်တယ်" လို့ ပဲ ပြောပါတယ်။

နောက်နေ့ကျတော့ စော်ဘွားက ဟော်ပေါ်ကို လူစုံဖိတ်ပြီး ဒေါ်ဒေါ့်ကို ပွဲထုတ်ပါလေရော။ သူဖိတ်ထားတဲ့အထဲမှာ မြို့ဝန်ကြီး စောလွန်းဆိုင်၊ ဘဏ္ဍာအတွင်းဝန် ဦးခွန်လိပ်၊ သံတော်ဆင့် ပညာရှိ ဦးမောင်မောင်၊ အတွင်းဝန် ဦးဘသောင်းတို့လို အရာရှိတွေလည်း ပါတယ်။ သီပေါမှာရှိတဲ့ ကဗျာဆရာတွေလည်း ပါတယ်လေ။ ဒေါ်ဒေါ့်ကိုတော့ "ကောင်းကောင်းမွန်မွန် ဝတ်စားထား၊ ဒီနေ့ မင်း ဗန်းလက်ဖက်ပဲ" လို့

www.burmeseclassic.com

www.burmeseclassic.com


စော်ဘွားက ပြောထားသတဲ့။ ပရိသတ်စုံတော့ စော်ဘွားက "ဟော့ မိန်းမ လာလကွာ၊ ဆိုစမ်းပါ မင့်သီချင်း" လို့ ပြောပြီး "သူ့သီချင်းကို ဝေဖန် ဆုံးဖြတ်ပေးကြပါ" လို့ လှမ်းပြောပါတယ်။

ဒေါ်ဒေါ် သီချင်းဆိုလို့ ပြီးသွားတော့ စော်ဘွားက "သူဟာ သဒ္ဒါလည်းမတတ်၊ သင်္ဂြိုဟ်လည်း မတတ်ဘူး၊ ပရိတ်ကြီးလောက်ပဲ တတ် တယ်။ ခု သူဆိုတဲ့ မိုးဒေဝါပတ်ပျိုးကို ခုလိုရေးတော့ တစ်ညလုံး သူ့ဉာဏ် ကို ချီးကျူးလို့မကုန်ဘူးလို့ စော်ဘွားက ပြောပါတော့တယ်။ ဒေါ်ဒေါ်က ကျောင်းမှာ ၄ တန်းပဲအောင်ခဲ့တာပါ။ စော်ဘွား ဒီစကားပြောတော့ စော်ဘွားခေါ်ထားလို့ သူ့စော်ဘွားကတော် ၃, ၄၀ လောက်လည်း သူ့အနား မှာ အားလုံး အစုံအညီရှိပါတယ်။ ထိပ်ဆံတွေတခါခါနဲ့ ကြိုးထဘီတွေ ဒယဉ်တိုက်နေကြသူတွေပါ။ ပရိသတ်အလယ်မှာ ဒေါ်ဒေါ့်ကို ဒီလိုချီးကျူး တော့ သူတို့က မခံချင်ကြဘူး။ နို့ပေမယ့် စော်ဘွားက သူချီးကျူးရုံမက သူများချီးကျူးတာကိုပါ ကြားချင်သေးလို့ "ကိုင်း–ပညာရှိတွေ ဝေဖန်ပါ ဦး" လို့ ပြောပြန်တော့ ပညာရှိဦးမောင်မောင်က "သခင်မ စောမြအေးကြည် ရဲ့သီချင်းဟာ အရင်ကသီချင်းတွေနဲ့ မတူပါဘူး၊ အသွားရော၊ စာရောပါပဲ" လို့ ပြောပါသတဲ့။ စော်ဘွားက ဒီသူငယ်မလေးကို ပြုထိုက် မပြုထိုက် ဝေဖန်ပါလို့ ပြောပြန်တဲ့အခါ ဆရာတာက "ကုန်နေပါပြီဘုရား၊ မရှိတော့ ပါဘူး" လို့ ပြောပါသတဲ့။

ဒေါ်ဒေါ်ဟာ မိုးဒေဝါပတ်ပျိုးကို ၁၂၇၆ ခုနှစ်မှာ ရေးစပ်တာ ဆိုတော့ အသက် ၂၃ နှစ်ပဲရှိသေးတယ်လေ။ တော်တော်ငယ်သေးတာပဲ။ စော်ဘွားက ဘဏ္ဍာတော်သခင်မဘက်ကိုလှည့်ပြီး တစ်နေ့က ပန်းခိုင်ကြီး ယူခဲ့စမ်းလို့ ရှမ်းလိုပြောလိုက်သတဲ့။ ယူလာတဲ့ စိန်ပန်းခိုင်ကို ဟိုလူ့ခေါင်း ကိုကပ်ကြည့် ဒီလူ့ခေါင်းကပ်ကြည့်ပြီးမှ ဒေါ်ဒေါ်ရဲ့ လ,လယ်ယုန် ထုံးထားတဲ့ ဆံထုံးလာကပ်ပြီး မင်းနဲ့မှလိုက်ပါတယ်၊ မင်းပဲယူပါလို့ ဆုချသတဲ့။ ဒီစိန်ပန်းခိုင်က သီပေါဘုရင်ကို ကုလားဝန်က ဆက်တဲ့ပန်းခိုင် ပါ။ အိန္ဒိယမှာလုပ်တဲ့လက်ရာ၊ ပုလဲရော၊ ကျောက်နီရော၊ မြရော၊ စိန်တွေနဲ့ အတူပါသေးတယ်။ ခေါင်းမှာပန်ဆင်တာမို့ ဥက္ကင့်ခေါ်တယ်။ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com

ပါတော်မူတော့ ဘယ်နည်းဘယ်ပုံရယ်မသိဘူး ကုလားဝန်ရဲ့သမီး၊ မူလာ မောင်မောင်လေးရဲ့အစ်မ ခင်ခင်ကြီးတို့လက်ကို ဒီဥက္ကင့် ပြန်ရောက်လာ သတဲ့။ ခင်ခင်ကြီးဆီက စော်ဘွား ဝယ်ထားလိုက်တာတဲ့။

စော်ဘွားက အဲဒီနေ့က ကြေးမြှင့်မိဖုရားဆီက ဝယ်ထားတဲ့ ၅ ရတီ စိန်လက်စွပ်ကိုလည်း စောမြအေးကြည်ကို ဆုချပါသေးသတဲ့။ ပြီးတော့မှ စော်ဘွားက သူကိုယ်တိုင်စာရေးနိုင်သူမို့ မိုးဒေဝါရဲ့ အတိမ်အနက်ကို သိလေတော့ "နောက်ထပ် မင်းရေးချင်သလောက်ရေးစမ်းကွာ" လို့လည်း ဖွင့်ဟ အားပေးတိုက်တွန်းပါသတဲ့။ နောက်တော့ ဒေါ်ဒေါ်ရေးသမျှတွေကို စာအုပ်ရိုက်ပြီး မန္တလေးမြို့တော်မှာရှိတဲ့ ဦးရီးတော် ဝက်မစွပ်ဝန်ထောက် မင်းဆီပို့ပြီး ဝေဖန်ပေးဖို့ ပန်ကြားပါသတဲ့။ ၃ လလောက်ကြာတော့ ဝက်မစွပ်ဝန်ထောက် သီပေါကြွလာပြီး ဒီစာရေးတဲ့ကလေးမ ခေါ်ခဲ့စမ်းလို့ ပြောလို့ ဝန်ထောက်မင်းရှေ့ ဒေါ်ဒေါ်က သွားရတယ်။ ဝန်ထောက်မင်းက "မင်း မြန်မာမှုတ်လား၊ ဘယ်ကလဲ၊ မင့်မိဘဘယ်သူလဲ"။

"မြန်မာပါဘုရား၊ အဖေက ဖြဲတိုက်သံတော်ဆင့် ကိုစံဒင် (မောင်မောင်ဒင်)၊ အမေက မင်းတုန်းမင်းသမီးတော် စောလှထိပ်ခေါင်တင် ရဲ့ဘဏ္ဍာစိုး မခင်ဖွားပါဘုရား"။

"လက်စသပ်တော ငါ့တပည့်ကိုးကွဲ့" လို့ ပြောပါတယ်။ ဒေါ်ဒေါ့် အဖေ့နှမတွေက မှန်နန်းအပျိုတော်တွေ၊ အဖေ့အဘိုးက ဝေါကြီးမှူးပါလို့ ဒေါ်ဒေါ်က ပြောပြတယ်။ ဦးလေးတင်ကတော့ ဒေါ်ဒေါ့်အဖေ ဦးဘိုးဒင်က ပတ္တလားတီးကောင်း၊ စာရေးကောင်းတစ်ယောက်၊ အဖေ့ဆီ ဆရာမှန်းတို့ ဝင်ထွက်နေကြတာပဲ၊ ဆရာမှန်းက ရုပ်သေးမင်းသမီးဘဝက သီချင်းကြီး ဘက်ကူးတာလို့ ဖြည့်စွက်ပါတယ်။

ပြီးတော့ ဦးလေးတင်က သီပေါစော်ဘွားက သီချင်းတွေ ဝက်မစွတ်ဝန်ထောက်မင်းဆီကို ပို့တာက ဂိုဏ်းမလွတ်တာတွေ ပါမှာ၊ ဂိုဏ်းသင့်မှာစိုးလို့ ဦးရီးတော် ခုရေးတဲ့ကလေးမက စာမတတ်ဘူး။ ဂိုဏ်း လွတ်မလွတ် စစ်ဆေးပေးတော်မူပါလို့ အပ်တာ၊ ဝန်ထောက်မင်းက သတ်ပုံသတ်ညွှန်းကို ပြင်ပေးပြီး သူကြိုက်တဲ့ စကားလုံးတွေကို မင်နီနဲ့

www.burmeseclassic.com



တားပြတယ်၊ စာရေးတဲ့လူရဲ့ဝမ်းထဲ ဘာအခိပ္ပာယ်ရှိတယ်ဆိုတာမသိလို့ အပြစ်ဆိုဖို့မရှိဘူး၊ နို့ပေမယ့် စာလုံးတွေကတော့ ကြီးကျယ်တယ်၊ ခံ့ညားတယ်လို့ မှတ်ချက်ချပြီး စောမြအေးကြည်ကို ဘွဲ့တစ်ခုပေးဖို့ စဉ်းစားပေးပါသတဲ့။ စော်ဘွားက "စောဥက္ကါ" ဆိုတဲ့ ဘွဲ့ပေးရရင် မကောင်းဘူးလားလို့ အကြံပေးတော့၊ အဲဒါ ပူပြင်းတယ်၊ "သီရိဥက္ကာဠ္ဍဝတီ" ဆိုတဲ့ဘွဲ့ကို ပေးဖို့ အကြံပေးတာနဲ့ စော်ဘွားက ဒေါ်ဒေါ်ကို ဒီဘွဲ့ပေးတာပါတဲ့။

ဒေါ်ဒေါ်ရေးတာ 'မိုးဒေဝါ' ပဲလား၊ နောက်ကော ဒိပြင် ရေးသေးသလားလို့ ကျွန်မကမေးတော့ ဒေါ်ဒေါ်ရေးတဲ့သီချင်းတွေ အများကြီးပဲ၊ ဘွဲ့၊ ပတ်ပျိုး၊ ယိုးဒယား၊ ဘောလယ်၊ တေးထပ် အားလုံး အပုဒ်ပေါင်း (၁၀၀) ကျော်တယ်။ ဘောလယ်နဲ့ တေးထပ်တွေက စရေးတာပဲ။ စော်ဘွားခိုင်းလို့ ရေးတဲ့သီချင်းတွေက (၆) ပုဒ်လောက်ပါတယ်။ သူက အဲဒီအထဲ လေ့တော်သံထဲ့၊ ချတော့ (၈၀) ပေါ်နဲ့ ချဆိုတာမျိုး ပြောပေးတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်းမှာ သီပေါကို ဂျပန်တွေ ဝင်လာတော့ ဘဏ္ဍာတိုက်ထဲဝင်ပြီး လုယက် ယူငင် ဖျက်ဆီး မီးရှို့သွားလို့ ဒေါ်ဒေါ်ရေးထားတဲ့ သီချင်းတွေ မီးထဲပါကုန်တယ်။ ရသလောက် ပြန်စုထားတာ မင့်ဦးလေးတင်ဆီမှာ အပုဒ် (၄၀) ကျော်လောက်တော့ ရှိသေးတယ်။

ဒေါ်ဒေါ် စာရေးဖြစ်တာက အကြောင်းမျိုးမျိုးကြောင့်ပဲ စိတ်ထဲကြည်နူးလို့ရေးတာ၊ စော်ဘွားအပေါ် မကျေနပ်လို့ ရေးတာ၊ စိတ်ညှိုးနွမ်းလို့ ရေးတာ၊ စော်ဘွားခိုင်းလို့ ရေးတာတွေပဲ။

"ဒေါ်ဒေါ် ဟော်ထဲကထွက်ပြီး ရန်ကုန်ရောက်လာတော့ သီချင်းရေးဖြစ်သေးလား"

"သိပ်မရေးဖြစ်တော့ဘူး၊ အသံလွှင့်ရုံက ဦးခင်ဇော် အရေးခိုင်းလို့ ရေးပေးတာလေးမျိုး နည်းနည်းပါးပါးပဲ ရှိတော့တယ်" လို့ ဒေါ်ဒေါ်က ပြောပြပါတယ်။

ဒေါ်ဒေါ်ရေးသမျှထဲမှာ အကောင်းဆုံးနဲ့၊ ဒေါ်ဒေါ် အကြိုက်ဆုံးကတော့ 'မိုးဒေဝါ' ပတ်ပျိုးပါပဲတဲ့။ စော်ဘွားက စောင်းတီးကောင်းတဲ့ ရှမ်းအမျိုးသမီး စောမြဝ္မ်းနဲ့ ဒေါ်ဒေါ်ကို သိပ်ချစ်တယ်။ ဒါကြောင့် ငါ

www.burmeseclassic.com

www.burmeseclassic.com


သေရင် ဒီနှစ်ယောက်ကို ငါ့ခေါင်းထဲ ထည့်မြှုပ်လိုက်ကြလို့တောင် ပြောဖူးသေးသတဲ့။ ပြီးတော့ မင်း စာရေးကောင်းပုံနဲ့ ဘုရင်သာရှိရင် မင့်ကိုငါ ဆက်လိုက်ရပြီလို့လည်း ပြောသေးသတဲ့။

သီချင်းထဲမှာ မိုးပဖွန့်ဟာ ဒေါ်ဒေါ် ပထမဆုံးရေးတဲ့ သီချင်းပဲ။ 'မိုးဒေဝါ' ကိုရေးတော့ မင့်ဦးလေးတင် သီပေါကို လာနေပြီ။ 'မိုးဒေဝါ' ထဲမှာ အသွားသစ်ကလေးတွေပါတယ်။ ဒါဟာ ဘယ်ပတ်ပျိုးမှာမှ အရင်က မပါဖူးဘူး။ ဥပမာဆိုပါတော့ "အို... တိုင်းနယ်ရှစ်ခွင်၊ ရော်ရမ်းဘယ်မမြင်..." ပြီးရင် အတောဝင်တယ်။ ဒီအတောမျိုး ပတ်ပျိုးနယ်ထဲမှာ မရှိသေးဘူး။ 'ရွာသွန်းကြ မိုးပဖွန့်...' ဒီအတောက ခက်တယ် တော့, တောတောရမှာ? 'ရွှေသည်းဆတ်ဆတ်ခုန်'၊ အတီးဆရာများက ဒီအသွားရောက်ရင် တောရမလား၊ ဘာလားမသိဘူး၊ မျက်စေ့လည်တယ်။

"စာနာသင့်ပါငဲ့၊ ငြိုးမာန်တော် ဝင့်လိုက်ပါနဲ့၊ ရွာသင့်မှ ရွာ" ဆိုတာကလည်း အင်မတန်လှတဲ့ စကားကလေးတွေ "ကိုယ်ထီးငြိုးရောင်မိသာ၊ ငွေနှင်းမှုန်ပြာပြာ၊ ဘယ်ကိုမှာမှ သိနိုင်ပဲ" ဆိုတာကလေးတွေက လှတယ်လို့ ဒေါ်ဒေါ်က ထောက်ပြသွားတယ်။ ပြီးတော့ တီးကွက် အသွားအလာက ရှင်းရှင်းနဲ့ စုံစုံလင်လင်ပါတယ်။ ဒီပြင်ပတ်ပျိုးနဲ့မတူဘူး။ 'မိုးဒေဝါ' က မျှတတယ်။ ဒါကြောင့် ဒေါ်ဒေါ်ကြိုက်တာတဲ့။ စာရေးဆရာကြီး ဦးသက်တင်ကတော့ 'မိုးဒေဝါ' သီချင်းမှာ–'အို ... မိုးဒေဝါ... ကစပြီး၊ ရွာသင့်မှရွာ' အထိတော့၊ 'ရဝိန်ဒေါင်းယဉ်ပျံ' အလိုက်ပဲ။ အို...ကြုံရမယ့်ဗျာပါ၊ ကိုယ်ထီးငြိုးယောင်မိသာ၊ အို... တိုင်းနယ်ရှစ်ခွင်၊ ရော်ရမ်းဘယ်မမြင် ဆိုတာကတော့ အသွားဆန်းကလေးတွေ၊ ပတ်ပျိုးတို့၊ ယိုးဒယားတို့ ရေးကြရင် မူလ ဥပဒေအသံထဲက အဖွဲ့အဖက်ထဲက လွတ်ထွက်သွားရင် ပျက်တယ်။ အဲဒါနဲ့ ကျွမ်းဝင်ရတယ်။ 'မိုးဒေဝါ' က ပတ်ပျိုး ဥပဒေကလည်း မလွန်ဘူး၊ မလွန်တဲ့အပြင် သာတောင့်သာယာရှိတဲ့ အသံသစ်ကလေးတွေ ထည့်ထားတယ်။ ဒီအထည့်မျိုးဟာ မလွယ်ဘူး။ ပတ်ပျိုးသံတွေကို အင်မတန်နားလည်နေလို့ ထည့်နိုင်တာ။ 'မိုးဒေဝါ' ကောင်းပုံက စင်စင်ကြယ်ကြယ် ကောင်းတာလို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ဒေါ် ဒုတိယအကြိုက်ဆုံးက 'လမင်းသော်တာ' ပတ်ပျိုးတဲ့။ 'လမင်းသော်တာ' ရေးတုန်းက ဟော်ပေါ်မှာ လမင်းကလည်း သာလိုက်တာ ထိန်လို့၊ စော်ဘွားက သူ့မယားတွေနဲ့ ဟော်အောက်ဆင်းပြီး ပျော်ပါးနေတယ်။ ဒေါ်ဒေါ်နဲ့ စောင်းတီးကောင်းတဲ့ စောမြဂွမ်းတို့က မဆင်းဘူး၊ နေရစ်ကြတယ်။ သူ့တို့အသံတွေက ရယ်ကြမောကြနဲ့ ဆူနေတော့ ဒေါ်ဒေါ်က အိပ်လို့မရဘူး။ ရာသီက ဆောင်းခါကြီး၊ စပယ်ရုံတွေကလည်း လရောင်ထဲမှာ ပွင့်နေကြတာ ဖွေးလို့၊ အိပ်မရတာနဲ့ စောမြဂွမ်းနဲ့ 'စိန်ခြူးကြာညောင်' ဆိုကြတယ်။ စော်ဘွားတက်လာတော့ ဒေါ်ဒေါ်က တံခါးပိတ်ထားလိုက်ပြီး မီးဖိုနားထိုင်နေရင်း လ,ကြည့်ပြီး သူ့ မခံချင်တာတွေရော၊ လသာတာရော၊ ရောထွေးပြီး ရေးတဲ့ သီချင်းပဲတဲ့။

ဒီသီချင်း နောက် ၂ ရက်ကြာလို့ စော်ဘွားကို ဆိုပြတော့ စော်ဘွားက "တမြန်နေ့က ငါ့ကို မခံချင်လို့ ရေးတာမှတ်လား အေး – ဝေဿန္တရာကတော့ မယားကလွဲရင် အကုန်လှူပစ်တယ်၊ ငါကတော့ မယားပါလှူမယ်" တဲ့လေ။ ဒေါ်ဒေါ်က "မယားမကြိုက်တဲ့ လူနဲ့တော့ မလှူပါနဲ့" လို့ ကလိလိုက်သေးတယ်။ စော်ဘွားရဲ့ ဘုန်းတော်ဘွဲ့တွေ ဒေါ်ဒေါ်ရေးခဲ့တာကတော့ သီတင်းကျွတ်တို့၊ တန်ဆောင်မုန်းတို့မှာ စော်ဘွားဆီကို ကျေးကျွန်တွေက လာကန်တော့ရတဲ့ အကန်တော့ခံပွဲကြီး ရှိတယ်။ အဲဒီလိုအခါတွေမှာ ရေးတာပါတဲ့။ ဒေါ်ဒေါ်ရေးတဲ့ သီချင်းတွေ ဦးလေးတင်ဆီမှာ စုဆောင်းထားသလောက်ကို စာရင်းကောက်ကြည့်တော့။

## ဘွဲ့ သီချင်းများ

၁။ လကျာ်တော်က စန္ဒာ – ချီ – ထီးဖြူတော် (၈) စင်းဘွဲ့၊

၂။ လက်ဝဲတော်က သာလှ အမည်ရံ – ချီ – လက်ဝဲထီးဖြူ (၄) စင်းဘွဲ့

၃။ ကျက်သရေမင်္ဂလာ ချီ – ဂန္ဓမာတောင်ဘွဲ့အလိုက်ဘွဲ့၊

၄။ မြတ်ပရမေ သီရိအောင် ဇေယျုံချီဘွဲ့၊

၅။ တောင်ကျွန်းသပြေညှာချီ ဘုန်းတော်ဘွဲ့သံစုံ၊

၆။ ရွှေမြို့တော် မင်္ဂလာမှာချီ ဘုန်းတော်ဘွဲ့သံစုံ၊

www.burmeseclassic.com

www.burmeseclassic.com



၇။ အို – အောင်စေမင်္ဂလာချီ ဘုန်းတော်ဘွဲ့သံစုံ၊
၈။ မြို့တော်ကျက်သရေချီ ဘုန်းတော်ဘွဲ့သံစုံ၊ ပေါင်း (၈) ပုဒ် တွေ့ရတယ်။

## ပတ်ပျိုးသီချင်းများ

၁။ ဒေဝါမိုးအမွန်၊ ချီ – ညိုညိုဆိုင်းအလိုက် မိုးဘွဲ့ ပတ်ပျိုး၊
၂။ အို – မိုးဒေဝါချီ မိုးဘွဲ့ ပတ်ပျိုး (၁၂၇၆ ခု)
၃။ မိုးပဇ္ဇုန်ချီ မိုးဘွဲ့ပတ်ပျိုး
၄။ သည်းရွှေဘဝင် ကျွမ်းမြမြ (တောဘွဲ့ ပတ်ပျိုးကြီး၊ သည်းလောင် ကြွေအလိုက်)
၅။ သန်းယံကျော် (သန်းယံခြွေကို အနည်းငယ်လိုက်ရေး)
၆။ လမင်းသော်တာ (စက်လဲမရှင်အလိုက်)
၇။ နွယ်ရင်းမှန်သီပေါအုန်းဘောင်ပြည်ဘွဲ့ ပတ်ပျိုးကြီးသံစုံ၊

(၂၆–၁၂–၁၆) နေ့မှာ တော်ဘုရားကြီး အမိန့်အရ ပတ်ပျိုးက စ၍ အသံမျိုးစုံပါလေအောင် အချမှာ ရတုညှပ်၍ (၈၀) ပေါ်နှင့် အဆုံး သတ်ရမယ်ဆိုလို့ အမိန့်အတိုင်းရေးတဲ့ ပတ်ပျိုးတွေက –

၈။ ပြည်အုန်းဘောင် ကြငှန်းရယ်က – ချီ သီပေါအုန်းဘောင်ပြည်ဘွဲ့ ပတ်ပျိုးကြီးသံစုံ။

၉။ မြို့ကြီး မင်္ဂလာ – ချီ ပတ်ပျိုးကြီး သံစုံ (၁၂၈၇ – ခုနှစ် ရေးတာ၊ ရေသံ၊ ရတု၊ အဲ၊ ဟန်ချင်း၊ လေ့သံ၊ သံချပ်၊ သံချပ်တိုင်၊ ယိုးဒယား သံထောက်တွေပါတဲ့ ပတ်ပျိုးကြီးဖြစ်ပါတယ်) အားလုံး ပတ်ပျိုး ၉ ပုဒ် တွေ့ပါတယ်။

## ဘောလယ်များ

၁။ လာနိုးမျှော်ရောင် – ချီ – (မိန်းမဆို) ဘောလယ်။
၂။ စုလျားရယ်တဲ့ တူနှစ်သွယ် – ချီ – (ယောကျ်ားဆို) ဘောလယ်။

## ယိုးဒယား

၁။ နွေဂိမှာန်အခါတွင်းပေမို့ ချီ – (ယိုးဒယားကပိ)။
၂။ မြပန်းခွာညိုချီ – ယိုးဒယား မရိုးမဆန်း။

www.burmeseclassic.com

www.burmeseclassic.com


တောဝလေ့ ပုံထောက်သံ

၁။ ဖျင်အင်္ကျီလက်တိုလေးနဲ့

တေးထပ်များ

၁။ မြဂေါယာ နေကွယ်လုပြီမို့
၂။ နေရီရီ ကေသီချပါလို့
၃။ ရွှေလကို တမ်းတလို့
၄။ နှစ်ကိုယ်တူ မေတ္တာကြီးသော်လည်း
၅။ စက်ပါသော်လည်း
၆။ မြတောင်တော်ဟော်နန်း
၇။ စိမ့်စမ်းမြိုင် ရေကြည်ကျ
၈။ တော်ပါဆို တိတ်စမ်းပါ့
၉။ ရှာတော့မည့် ဟန်ခင်း၍
၁၀။ နီလာပြင် မင်မှောင်ဆိုင်း
၁၁။ ချစ်မယ်ဆို အပေါ်ယံမဝင့်လိုက်ပါနဲ့
၁၂။ ယုံနိုင်ရန် တစ်မေခက်ပါဘိ
၁၃။ ရွှေဗဟို နှစ်ချက်တီးသော်မှ
၁၄။ မျှော်တော်ယောင် မျှော်မိတော့
၁၅။ ရွှေသစ္စာ လွှဲမပျက်ပါဘု
၁၆။ ရွှေဘောတော် မှန်သမျှကိုလ
၁၇။ ဘမရာညာစံထားကိုလ
၁၈။ ချစ်အာရုံ ဓာမသတ်နိုင်ဘု
၁၉။ နှုန်းတစ်ဆောင်ဘုန်းရောင်ကင်းပါဘိ (ဘုန်းတော်ဘွဲ့) တေးထပ် (၁၉) ပုဒ် တွေ့ရတယ်။

စော်ဘွား ဆာစောချယ် ဂီတကို ဝါသနာပါတယ်ဆိုတာက တော်ရုံမဟုတ်ဘူး၊ တကယ်မြတ်နိုး၊ တကယ်လေးစားပြီး ဝါသနာပါတာ။ ဂီတပညာသည်မှန်ရင် သူက ပေးကမ်းထောက်ပံ့မှုလည်း လက်မနှေးဘူး။

www.burmeseclassic.com

www.burmeseclassic.com


သီပေါကို သီတင်းကျွတ် တန်ဆောင်မုန်းရောက်ရင် မြန်မာပြည်က ဆိုင်း, ဇာတ်, ရုပ်သေး စတာတွေ တစ်ခုမဟုတ်တစ်ခု ကပြဖို့ ရောက်လာကြတာပဲ။ ပွဲကိုလာပြီး တီးကြ မှုတ်ကြ ကပြကြရင် စော်ဘွားက သူကိုယ်တိုင် ထွက်ပြီးမကြည့်ရင်တောင် သူ့နားက အမြဲစွင့်နေတာ၊ ဆိုင်းမှာ ဝါးလက်ခုပ်နဲ့ ဘင်ထည့်တာကိုတောင် သူကလက်မခံဘူး၊ ဒီအသံတွေ၊ ဆိုင်းထဲမှာ မကြားချင်ဘူးတဲ့။ တစ်ခါတော့ ဆိုင်းတစ်ဖွဲ့က အောင်မြေသာစံ ပတ်ပျိုးကို ဗုံထောက်လုပ်ဆိုလို့တဲ့ ချက်ချင်းထွက်တားပြီး "ဒီလိုလုပ်တာ ကျုပ်မကြားရက်ပါဘူး၊ ဒါမျိုးမလုပ်ကြနဲ့" လို့ မေတ္တာရပ်ခံဖူးပါတယ်။

ပညာသည်ဆိုရင်လည်း လာခဲ့၊ အဲဒီပညာသည်ကို ချီးမြှင့်မြှောက်စားမယ်။ သူတို့ဆီက ပညာယူဖို့ရှိရင်လည်း ရအောင်ယူမယ်ဆိုတဲ့ လူ၊ သူက ဒီဘက်မှာ အပေးအကမ်းလည်း သိပ်ရက်ရောပါတယ်။ အဲဒီတော့ မြန်မာမင်းမရှိတဲ့အခါမှာ ဆင်းရဲနွမ်းပါးဖြစ်ကျန်ရစ်တဲ့ ပညာသည်တွေဟာ သူ့ဆီ တော်တော်များများ စုနေတော့တာပဲ။ ဒေါ်ဒေါ်တို့ ငယ်ငယ်တုန်းက မယင်းတော်တို့၊ မဆင်ခိုးတို့၊ ပန်းဆက်ခင်လေးတို့၊ မထွေးလေးတို့ဆိုတဲ့ မိန်းမကြီးတွေ တပယ်ခင်ဥတို့၊ တပယ်ခင်သစ်တို့ တစ်တွေ စော်ဘွားဆီမှာ တွေ့ဖူးတာပဲ။ မယင်းတော်နဲ့ မဆင်ခိုးက သီပေါကို မကြာမကြာ လာတတ်တယ်။ မယင်းတော်နဲ့ မဆင်ခိုးတို့က တေးထပ်ဆိုမှာ သိပ်ကောင်းတယ်။ ပန်းဆက်ခင်လေး၊ တပယ်ခင်ဥနဲ့ တပယ်ခင်သစ်တို့က သီပေါမှာ အမြဲနေတယ်တဲ့။ သူတို့အကြောင်း ဒေါ်ဒေါ် ပြောပြတာကတော့ –

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## တပယ်ခင်ဥ ၊ တပယ်ခင်သစ်

တပယ်ခင်ဥနဲ့ တပယ်ခင်သစ်တို့က အဆိုတော် ဦးလူကြီးတို့လို ဘုရင့်ရှေ့တော်က အဆိုတော်မဟုတ်ဘူး။ မိဖုရားခေါင်ရဲ့ ရှေ့တော်မှာ ဆိုကြတဲ့ မိန်းမပိုင်းဆိုင်ရာ အနောက်ဆောင်က အဆိုတော်တွေပါ။ သူတို့က တပယ်မင်းသားရဲ့ ကိုယ်လုပ်တော်တွေမို့ တပယ်ခင်ဥ၊ တပယ်ခင်သစ်လို့ သူတို့နာမည်ရဲ့ရှေ့မှာ တပယ်တပ်ခေါ်ကြတာ။ အဆိုမှာ အလွန်ကောင်းကြတယ်။ အထားအသိုလည်း သိပ်ကောင်းတယ်။ သူတို့ဆရာက ကွမ်းဖိုးထိန်းကြီးတဲ့။ ကွမ်းဖိုးထိန်းဆိုတာ အင်္ဂလိပ်လို (Stamp Vendor) ပေါ့။

တပယ်ခင်သစ်ကတော့ အဆိုသာမဟုတ်ဘူး၊ အကလည်း ကောင်းတယ်။ ယိုးဒယားက သိပ်ကောင်းတဲ့ အမျိုးသမီးကြီး၊ ဒေါ်ဒေါ်ကို ဆီမီးခွက်ကသင်ပေးတာ တပယ်ခင်သစ်ပဲတဲ့။

တပယ်ခင်ဥ နာမည်ကျော်တာက သီချင်းတွေ သိပ်ရတဲ့အပြင် ဟန်ထားအဆိုမှာ သူမတူလို့ နာမည်ကျော်တယ်။ ခင်ဥရဲ့ ဟန်ထားအဆို မန္တလေးမှာ မကျန်ရစ်ဘူး။ သူတို့ သီပေါရောက်လာပြီး ဒေါ်ဒေါ်က သူတို့ဆီမှာ ပညာယူရမယ်လို့ ၁၃ နှစ်ကစပြီး စော်ဘွားက အပ်ထားတော့

www.burmeseclassic.com

www.burmeseclassic.com

သူတို့ သေဆုံးကြတဲ့နှစ်အထိ နှစ်ပေါင်း (၂၀) ကျော် ဒေါ်ဒေါ်က သူတို့ အဆိုပညာတွေကို ရယူလိုက်တယ်။ တပယ်ခင်သစ်က တေးထပ်အဆို သိပ်ကောင်းတဲ့ အမျိုးသမီးကြီး၊ သူဆိုပုံက ဆတ်တယ်။

ဒေါ်ဒေါ် အသက် ၃၄ နှစ်ရောက်မှ ဒီအဘွားကြီးတွေ သိပေါ်မှာ ဆုံးကုန်တာ။ အနိစ္စရောက်ကြပြန်တော့လည်း တစ်ယောက်ဆင့်ကဲပဲ အသက်တွေက ၇၀ ကျော်ကြပြီ။ ဒေါ်ဒေါ်ဟာ အဲဒီကျမှ ဆရာနဲ့ ကွာတာ ပါပဲ။ စော်ဘွားအနား အတွင်းတော်မှာ တီးခဲ့တဲ့ ဆိုင်းဆရာဆယ်ဆယ်ကြီး တို့လည်းရှိတယ်။ ဆယ်ဆယ်ကြီးက ဒီအဘွားကြီးတွေကို "မမ" လို့ ခေါ်တယ်။ တစ်ခါတလေ "ခင်လေး" လို့ ခေါ်တယ်။ သီချင်းနဲ့ ပတ်သက်လို့ အငြင်းပွားရင် အဘွားကြီးတွေက ဆယ်ဆယ်ကြီးကို မောင် တို့က ဆိုင်းတော်ဆိုပေမယ့် လက်ဝဲဆိုင်းပါ။ ဘုရင့်ဖင်နား ကပ်တီးရတာ မဟုတ်ပါဘူးလို့ ငေါက်တတ်တယ်။ ဒေဝဏ္ဏဩကလည်း သူတို့ကို ရိုသေ တာပဲ။ တွေ့ရင် ခြေမကို နဖူးနဲ့ထိပြီး ကန်တော့တယ်။

တီးရင်း ဆိုရင်း ဒေဝဏ္ဏဩက မဟုတ်တာလုပ်တတ်တယ်ထင်ရင် အဘွားကြီး တပယ်ခင်ဥက "ကိုဒေဝ ဘယ့်နှယ်လုပ်တာလဲ" လို့ ဆိုတတ် တယ်။ သူ သိပ်စိတ်ဆိုးလာရင် "ကိုဘိုးလုံး" ဆိုတဲ့ ငယ်နာမည်ကို ခေါ်လိုက်ပြီး သီချင်းတွေကို မောင်ပဲ ဖျက်တော့မှာလို့တောင် ပြောတတ် ပါတယ်။

တပယ်ခင်ဥက သီချင်းဆိုရင် ဒရန့်ကလေးတွေ ထည့်ဆိုတယ်။ သူ့ဟန်ထားအဆို ဒရန့်နဲ့ အဆိုတွေကို ဒေါ်ဒေါ်ပဲ အရယူထားတယ်။ တပယ်ခင်ဥက 'ဂန္ဓမာတောင်' ကိုဆိုရင် ဂန္ဓမာတောင် အောင်–အောင်– အောင်' လို့ ဒရန့်ခတ်တာလို့ ဒေါ်ဒေါ်က ပြောပြပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# အဆိုတော်ဦးလူကြီး

'မရုသဒ္ဒရွှေတောင်' ဘွဲ့ရ အဆိုတော် ဦးလူကြီးကတော့ ကွမ်းသိပ်စားတယ်။ ပတ္တလားကို တီးတတ်ရုံမကဘူး လုပ်လည်း လုပ်တတ်တယ်။ သင်ရာမှာ စိတ်တိုရင် "နင့်အမေ" လို့ ဆဲပြီး သင်တာတဲ့။ ဦးလူကြီးအသံက ဘုရင်က ဘွဲ့ပေးမယ်ဆိုရင်လည်း ပေးလောက်ပါရဲ့၊ သိပ်ကောင်းတဲ့အသံလို့ ပြောပြပါတယ်။ အငြိမ့်ဆိုတဲ့သဘင်ကို ဆရာဦးလူကြီးတို့ စထောင်တာပါပဲတဲ့။ သူတို့အဖွဲ့မှာ ဦးပေါ်ဦးရယ်၊ ဦးထွန်းအိုင်ရယ်၊ ဦးလူကြီးရယ်၊ ဆရာမှန်းကြီးရယ် ပါသတဲ့။ ဆရာမှန်းကြီးက သဘင်အလုပ်မရှိတော့ ဆေးအစ်ကြီးနဲ့ ဆေးကုနေရရှာတာဆိုကိုး။ သူက ဆေးကုတာ ပလွေနဲ့လည်းကုသတဲ့။ "ပလွေတဲ့ပလွေ၊ ရွာကိုပတ်လို့ ရပ်ကိုမွှေ၊ သည်ပလွေမှ ပလွေကောင်း ..." ဆိုတာလေးမှုတ်ပြီး သူ့ပလွေသံနဲ့ ကုပေးတာမျိုးလည်း ရှိသတဲ့။ ဆရာမှန်းက ပထမ ရုပ်သေးမင်းသမီး၊ နောက်မှ သီချင်းကြီးဘက်ကူးတာ။ အဲဒီခေတ်တုန်းက အငြိမ့်ဆိုတဲ့ သဘင်ရန်ကုန်မှာ မရှိသေးဘူးတဲ့။ နောက်တော့ ဆရာဦးလူကြီးက ကိုချစ်ဖွယ်နဲ့ကို လူကြိုက်များလာတော့ မန္တလေး ပြန်လာကြပြီး ကကြပြန်ရောတဲ့။

www.burmeseclassic.com



နောက်တော့ ကိုချစ်ဖွယ်နဲ့ မစိန်သုံတို့က စန္ဒရား ဆရာမောင်နဲ့ တွဲပြီး တစ်ငြိမ့်ထောင်တယ်။ ဆရာဦးလှူကြီး၊ ဆရာမှန်း၊ ဦးထွန်းအိုင်၊ ဦးပေါ်ဦး၊ ဒေဝဣန္ဒာတို့က တစ်ငြိမ့်ဖွဲ့ကြပြန်ရောတဲ့။

ဒေါ်ဒေါ် ဦးလှူကြီးဆီမှာ ပညာယူနေတုန်းက တစ်ခါမှာ မင်းသား ကိုဖုန်းမိုက ဆရာဦးလှူကြီးဆီကို လာပြီး 'ဧယျာရွှေမြေ' တက်ပေးစမ်းပါ ဆရာရယ်လို့ ပြောလာတယ်။ ဆရာဦးလှူကြီးက "မင်းက ဇာတ်မင်းသား လုပ်နေတာပဲ၊ ပရိသတ်က မင့်ကို 'ဧယျာရွှေမြေ' ရသလားလို့ မမေးပါ ဘူး၊ မတက်ချင်ပါနဲ့" လို့ ပြန်ပြောတယ်၊ အဲဒီတော့ ကိုဖုန်းမိုက "ကျွန်တော် ရပ်သေးစင်တက်ချင်တက်မှာပါ၊ ဒီသီချင်း တက်ပေးပါဆရာ" လို့ ပြောပြီး ရွှေဒင်္ဂါး ၅ ပြား၊ အဖြူနဲ့ ပန်းကွက်တုံး ပုဆိုးရှည်တစ်ထည်၊ ရွှေဒင်္ဂါးရောင် ပဝါတစ်ထည် ကန်တော့ပြီး ဧယျာရွှေမြေကို တက်ယူ တယ်။ ပတ္တလားနဲ့ ဆရာဦးလှူကြီးက ကိုဖုန်းမို ရပြီဆိုတော့ "ရရုံရတာ လား၊ ကျေကျေလည်လည် ဆိုနိုင်ပလား" လို့ မေးပါသေးတယ်။ နောက် မန္တလေးဆိုင်းတန်းရုံမှာ ကိုဖုန်းမိုနဲ့ စောင်းတော်ပိုက် ခင်ညွန့်တို့ ကကြ တော့ ဆရာဦးလှူကြီးက "ဒီည ကိုဖုန်းမို 'ဧယျာရွှေမြေ' ဆိုလိမ့်မယ်၊ တို့ သွားနားထောင်ရအောင်" လို့ ဒေါ်ဒေါ့်ကိုခေါ်ပြီး ပွဲကြည့်သွားကြ တယ်။ ပွဲမှာ ကိုဗေဒါက ဆိုင်းဆရာ၊ ဆရာဖေကြီးက ကြေးနောင်တီးနေ တာ၊ နှစ်ပါးသွားခွင်ထဲမှာ ကိုဖုန်းမိုက "ကျွန်တော် ပညာကို ရှိသေကြောင်း ပြချင်လို့ နှစ်ပါးသွားနဲ့မဆိုင်ပေမယ့် 'ဧယျာရွှေမြေ' ကို ဆိုပြပါရစေ" လို့ ပရိသတ်ကို ခွင့်တောင်းပြီး ဆိုမယ်လုပ်တော့ ဆရာဖေကြီးက ဆိုင်းထဲ ဝင်ပြီး ကိုဗေဒါက ကြေးနောင်တီးပေးပါတယ်။ အဲဒီအချိန်က ကိုဗေဒါက စောင်းမလိုက်စားသေးဘူး၊ ရတနာဂီရိကပြန်လာမှ စောင်းသင်တာကလား။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## မယင်းတော်

ဒေါ်ဒေါ်တို့ရှိတုန်းက မယင်းတော်လည်း သီပေါကို ရောက်လာသေးတယ်။ မယင်းတော်က လှတာမဟုတ်ဘူး၊ ယဉ်တာ။ ကြာလည်းကောင်းတဲ့မင်းသမီး။ သူ့သီချင်းဆိုရင် မေးကလေးထိုးထိုးပြီး လက်ညှိုးကလေးနဲ့ ဆိုတတ်တယ်။ သူ့လက်ညှိုးက တစ်ထောင့်ကို ထိုးထားပြီး မျက်စေ့ကတော့ လက်ညှိုးနောက်ရော၊ တခြားထောင့်ကိုရော လှမ်းဖမ်းထားတာပဲ။ မယင်းတော် ဆိုတဲ့သီချင်းကလေးက "နေမှိန်မှိန်ဆင်ဘောင်းတော် ရွှေပုသိမ်နဲ့ လာချိန်တန်ပေါ့၊ ထပ်ထပ်ကယ်မျှော်၊ ပြာသာဒ်ဆောင်ဘုံပေါ်က အကြိုတော် သည်မယ်ထောက်ရတယ် ကိုးခေါက်ပြန်ပေါ့ . . ."။

"ဟိုရှေ့က ဆင်ကပေါင်း၊ ကျွန်မရဲ့ ကြင်စဟောင်း" လို့ ဆိုပြီး သူက လက်ညှိုးထိုးလိုက်ရင် အထိုးခံရတဲ့လူကတော့ အဲဒီနေရာက မရွှေ့နိုင်တော့ဘူးသာ မှတ်ပေရော့။ သူ့ကြာက အလွန်ကောင်းတာ။ မင်းသမီး မထွေးလေး ကြာကောင်းတယ်ဆိုတာ မယင်းတော်ဆီက ရတာတဲ့။

❖ ❖ ❖

www.burmeseclassic.com

မထွေးလေး

မထွေးလေးကတော့ ရုပ်လှတယ်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း သိပ်လှတယ်။ တကယ့် မဟာဆီမဟာသွေး မင်းသမီးလေးပဲ။ မထွေးလေး သီပေါကိုလာတော့ စော်ဘွားနဲ့ အပါးတော်အတွင်းဝန်နဲ့က ရုံးကိစ္စတွေ လုပ်နေကြတယ်။ စော်ဘွားက အတွင်းဝန် ထိုးထိုးပေးတဲ့ စာရွက်တွေပေါ် မှာ လက်မှတ်လိုက်ထိုးနေတာ။ အဲဒါကို ဒေါ်ထွေးလေးက "သမီးကြည့် နော်၊ ကြည့်နော်၊ အဲ ဟိုအတွင်းဝန်ကို အမေလုပ်ပြလိုက်မယ်၊ အမေ့ဘက် တကြည့်ကြည့် ဖြစ်နေလိမ့်မယ်" လို့ ဒေါ်ဒေါ့်ကို ပြောတယ်။ ပြီးတော့ သူဘာလုပ်ပြလိုက်တယ်မသိဘူး၊ အတွင်းဝန်က စော်ဘွားကို လက်မှတ် ဖြောင့်ဖြောင့် အထိုးမခိုင်းနိုင်ဘူး၊ ဒေါ်ထွေးလေးကိုပဲ လှည့်ကြည့်လှည့်ကြည့် ဖြစ်နေတယ်။ အတော်ကြာတော့ ဒေါ်ထွေးလေးက "အခု အမေလုပ်ပြမယ့် ကြာကတစ်မျိုး၊ တစ်ခါမှမကြည့်တော့အောင် အမေက ကြာရှုံ့လုပ်ပြလိုက် မယ်" လို့ ပြောပြီး ဒေါ်ထွေးလေး ဘာလုပ်ပြလိုက်တယ်တော့ မမြင် လိုက်လို့ မပြောတတ်ဘူး၊ စောစောက လှည့်တကြည့်ကြည့် လုပ်နေတအတွင်းဝန်ကတော့ တစ်ခါတည်း လှည့်ကို မကြည့်တော့ဘူးတဲ့။

www.burmeseclassic.com


သူ သီပေါကို တက်လာတော့ အသက် ၆၀ လောက်ရှိပါပြီ။ အဲဒီအချိန်က ဦးဘိုးကွန်းလည်း အနိစ္စရောက်ပြီးပြီ၊ နောက် အိမ်ထောင် အိကင်း ကိုမောင်ကြီးလည်း ဆုံးပြီးပါပြီ။ ကိုမောင်ကြီးမဆုံးခင်က မန္တလေး တောင်ခြေ သစ်ဆိမ့်တိုက်ထဲမှာ ဘုံ (၇) ဆင့်နဲ့ အသားကျောင်းကြီး တစ်ဆောင် ဆောက်လှူတယ်။ ကိုမောင်ကြီးဆုံးပြီးတော့ ဒီကျောင်းတိုက်ရဲ့ အရှေ့ဘက်မှာ လောကတန်ဆောင်ဘွဲ့ချီတဲ့ စေတီတစ်ဆူတည်ပြန်တယ်။ ဘုရားတည်ရင်း ငွေလိုနေလို့ စော်ဘွားဆီက ငွေကြေးအကူအညီလိုချင်လို့ သူ့ရှိတဲ့ ၁၀ ရတီ စိန်လက်စွပ်ကို စော်ဘွားက ဝယ်ပါလို့ လာပြောတယ်။ အဲဒီမှာ စော်ဘွားက တန်မတန် မတွက်ဘဲ ငွေ ၂၀၀၀ိ/– ပေးလိုက်တယ်။

ဒေါ်ထွေးလေးက သူမန္တလေးမှာ သီဆိုနေပြီဖြစ်တဲ့ သီချင်းတစ်ပုဒ် နဲ့ သီပေါမှာ ကတယ်။ သူ့သီချင်းက –

"ဓာတ်အလုပ်ကို ပယ်မည်၊ (ထွေးခင်ကြံစည်) ဖြတ်လိုက်ပါ တော့မည်၊ စန္ဒရားထဲသာ (ထွေးခင်လိုက်ပါ) ပြောကြတာ" ဆိုတဲ့ အပိုဒ် တစ်ပိုဒ်တည်းပါတယ်။ ဒါကို စော်ဘွားကကြားတော့ စိတ်မချမ်းသာဘူးတဲ့။ ဒေါ်ဒေါ်နဲ့ သီချင်းနဲ့လည်း လမိုင်းမကပ်ပါဘူးလို့ ပြောပါတယ်။ ဒေါ်ထွေးလေးက လူကသာ အသက် ၆၀ နားကပ်နေတာ က,ပါဦးဆိုလို့ က,တဲ့အခါ ပေါ့လိုက်တာ၊ သူ့ကိုယ်ကလေးနဲ့ ပျံလိုက်လှည့်လိုက်တဲ့အခါ လည်း သိပ်လှတာပဲ။

သီပေါမှာရှိနေတဲ့ ဦးစိန်အုပ်ကြီးက ဦးဘိုးကွန်းရဲ့ တပည့်ကိုး။ အဲဒီတော့ ဒေါ်ထွေးလေးက "ဟဲ့–ဖိုးအုပ် လာစမ်း၊ နှိပ်ပေးစမ်း" ဆိုပြီး လူပုံလယ်မှာ ခြေဆင်းခံတဲ့အခါ၊ ဦးစိန်အုပ်က "မမကလည်း အိမ်ဆို တော် သေးရဲ့" လို့ ပြောပြီး နှိပ်ပေးရှာရသတဲ့၊ ဒေါ်ထွေးလေး သီပေါ လာတုန်း က ဒေါ်ဒေါ်က 'မိုးဒေဝါ' ပတ်ပျိုးကို ဆိုပြတော့ ဒေါ်ထွေးလေးက ဦးဘိုးကွန်းတို့၊ ကိုမောင်မောင်ကြီးတို့ သတိရတယ်ဆိုပြီး မျက်ရည်ကျ သတဲ့။ ပြီးတော့ ဒီသီချင်း သူရချင်တယ်ဆိုပြီး ဒေါ်ဒေါ်တို့ဆီက တက်ယူ သွားတယ်။ ဒေါ်ထွေးလေးက သီချင်းကြီးဆိုမယ်ဆိုရင် ရှေ့က ခြေဆင်း လိုဟာတစ်ခု သူ့ဘာသာ ထည့်ဆိုတတ်တယ်။ အဲဒါ သူ့မူပဲ။ 'ဖော်ကွာဝေ' ယိုးဒယားကို ဆိုမယ်လို့တဲ့။

www.burmeseclassic.com

www.burmeseclassic.com


"ရုံရွှေတော်အပေါင်းနဲ့ ပျော်ညောင်းခုဖြေဖျော်၊ မြခြူးတဲ့ သလွန်ပေါ်မှာ၊ စက်တော်ခေါ်ပျော်ဘူး၊ နှင်းသတ်တဲ့ ဘုံသဉ်မှာ၊ ကုန်စီစဉ်အောက် မေ့စိတ်ကူး၊ မှန်နန်းမြင့် သီဟာဖွေမှာ သာစွာ့ငယ်ရင့်ကျူး၊ ဘမရာဘုံဦးက ကြည်နူးတဲ့အသံ၊ ရွှေနားတော် တင်ဆက်မြဲ၊ အငြိမ့်ပွဲခင်းသသည့်ဟန်၊ မေ့ပျော်လုစက်ရာဝယ်၊ သီချင်းမှာ ဖော်ကွာဝေးရယ်နှင့် ယဉ်ကျေးပါတဲ့ နတ်စောင်းသံ၊ တွဲဆိုလိုက်ပြန်၊ ရွှေစိတ်တော် လွမ်းအောင်ဖန်သည့်၊ သန်းခေါင်ယံ အကျူးမို့လေး...၊

အို ဖော်ကွာဝေးသူမို့ ဆွေးပူလိမ့်မယ်..." ဆိုတဲ့ ယိုးဒယားကို ဆက်ဆိုတာပါတဲ့။ သူ့သီချင်းတွေက ကျေးစေတို့၊ ဗျိုင်းစေတို့လည်း ပါတာပဲလို့ ဒေါ်ဒေါ်က ပြောပြပါတယ်။

## ဒေါ်ဒေါ့် အသံ

ဒေါ်ဒေါ်ဟာ သီချင်းလည်း ရေးဖွဲ့နိုင်တယ်။ စောင်းလည်း အထိုက်အလျောက် တီးနိုင်တယ်။ ဒါပေမဲ့ နာမည်အကြီးဆုံးနဲ့ ဒေါ်ဒေါ် အသန်ဆုံးကတော့ အဆိုပဲ။ ဒေါ်ဒေါ် အဆိုနာမည်ကြီးလို့ အသံကောင်းထဲ ကလားလို့မေးရင် အသံကောင်းတော့မဟုတ်ဘူး၊ ဆရာစုံလှသူမို့ အဆို တတ်တစ်ယောက် အဆိုကို သူပိုင်မှုတစ်ခုနဲ့ ဆိုသူတစ်ယောက်လို့ပဲ ပြောရမယ်ထင်ပါတယ်။

## ဦးတင်အပြော

ဒေါ်ဒေါ့်ယောကျ်ား ဦးလေးတင်က ဒေါ်ဒေါ့်အဆိုနဲ့ပတ်သက်ပြီး ကျွန်မကမေးတော့ –

"မင့်ဒေါ်ဒေါ်အသံက ထူးကောင်းလှတယ်တော့ မဟုတ်ဘူး၊ သူလို ငါလိုအသံပဲ၊ ဒါပေမဲ့ ဆိုပေါက်မှာ အင်မတန်လှအောင် ဆိုတတ် တယ်။ စည်းဝင် စည်းထွက် သိပ်ကျင်လည်တယ်။ သူဆိုနေတဲ့အခါ နားထောင်နေတဲ့လူက ကြက်သီးမွေးညင်း ထလာစေတဲ့ ပရိယာယ်တွေ သူ့ဆီက ထွက်လာတယ်။ သူ စိတ်ပါလက်ပါဆိုနေရင် ကြားရသူစိတ်ထဲ ထိခိုက်လာနိုင်လောက်တဲ့ အသုံးအနှုန်းမျိုးတွေ ထွက်လာတယ်။ သူ့အသံ

www.burmeseclassic.com

www.burmeseclassic.com


ကြားတဲ့ပညာသည်တိုင်းက ဒါကို သတိပြုမိတတ်တယ်။ လင်မယားချင်းတောင် "ဟယ်" ခနဲဖြစ်ရတတ်တယ်လို့ ပြောပါတယ်။ ဆိုင်းဆရာကြီး ဦးဟန်ပက "အမယ်လေး ကောင်းလိုက်တာ ကြည်ရယ်" လို့ လိုက်လိုက်လှဲလှဲ ပြောဖူးသတဲ့။

သံပြောင်း သံလွှဲတွေမှာ ဘယ်သူမှ မသုံးတတ်တာတွေကို သုံးနိုင်တယ်။ ဥပမာ– အသံ ၇ သံ ရှိတဲ့အနက် ၇ သံစလုံးကို လည်သွားအောင်ဆိုပြီးမှ မူလအသံကို ပြန်ရောက်အောင် ပေါင်းတတ်တဲ့ပါရမီနဲ့ စိတ်ကူးဉာဏ်ရှိတယ်လို့ ပြောပြပါတယ်။ ဂီတဝိသောဓနီကို တည်းဖြတ် သုတ်သင်ထုတ်ဝေခဲ့တဲ့ ဆရာကြီး ဒီးဒုတ်ဦးဘချိုကတော့ စောမြအေးကြည်ရဲ့အသံက "မဟာလေ" ပါတယ်။ မခင်ကြည်ဟာ ဂီတပါရမီမြောက်တဲ့ မိန်းမလို့ဝေဖန်သတဲ့။ ဒေလီညွှန့်ရဲ့ အသံကတော့ "ဇာတ်လေ" ပါတယ်လို့ ဦးဘချိုက ဝေဖန်ပါသတဲ့။ မြန်မာ့အလင်းအယ်ဒီတာကြီး ဦးစိန်းကတော့ ဒေါ်ဒေါ့ကို "ရှာ–ရှား" လို့ နာမည်ပေးထားပါသတဲ့။

ဟိုအရင်ခေတ်ကတော့ သီချင်းကြီးတွေ ဆိုတယ်ဆိုရင် ခြေဆင်းရယ်လို့ တယ်မရှိကြဘူး၊ အတီးခံပေးပြီး တစ်ငေါက်ထ ဝင်ဆိုကြတာပဲ။ ဒေါ်ဒေါ့ခေတ်ရောက်တော့ ဒေါ်ဒေါ်က ခြေဆင်းထည့်ဆိုလာတယ်။ နောက်တော့ သီချင်းဝင်ရော၊ ဝင်ပြန်တော့လည်း သီချင်းနည်းနည်းအေးသွားတယ်ထင်ရင် အသံနီးရာကူးပြီး ဗုံထောက်ရော၊ တေးထပ်ရော၊ ဒိန်းသံရော၊ ဒိုးပတ် အိုးစည်သံရော၊ ရတုရကန်ရော၊ နတ်သံပါမကျန် သံစဉ်ကြည့်ပြီးကူးဆိုသွားတယ်။ ပြီးတော့မှ မူလသံကို ပြန်ဝင်တယ်။

ဒီခေတ်မှာ ဒီလို ဟင်းလေးကျိုဆိုနည်းကို ဒေါ်ဒေါ်စဆိုတာပဲ။ ဒီလိုဆိုတော့ သီချင်းက မူလရှိတာထက် ကြွရွလာပြီး နားထောင်ရတဲ့လူက စိတ်ဝင်စားတာပေါ့၊ ဒေါ်ဒေါ့နည်းကို ခုတော့ လိုက်ဆိုနေကြပါပြီ။

မန္တလေး မဟာဂီတအဖွဲ့ကြီးထဲမှာ လူငယ်တစ်ယောက်အနေနဲ့ရှိခဲ့တဲ့ အခုကွယ်လွန်ပြီဖြစ်တဲ့ နန်းတော်တောင်ဆရာခင်ကတော့ ဒေါ်ဒေါ်ဆိုသံကို "ဒေါ်အမာ့နယ် ဒေါ်စောမြအေးကြည်ရဲ့အသံက အသံ သိပ်မကောင်းတော့ တစ်ပုဒ်ဆိုတာ နားထောင်မိရင် ပြန်မှ ကောင်းမှာထင်ပါရဲ့

www.burmeseclassic.com


လို့ အောက်မေ့မိတယ်။ အဲဒါ မပြန်ဘဲ ဆက်နားထောင်နေလိုက်ရင်တော့ မပြန်နိုင်တော့ပါဘူးခင်ဗျာ။ သူ့အဆိုက ပညာသား သိပ်ပါတာကိုး။

မြန်မာပြည်မှာတော့ မရှိသလောက်ရှားတဲ့ အဆိုသမားပါ။ ပရိသတ်က မပျင်းဘူး။ ဘောလယ်ကူးပြီးဆိုလိုက်၊ ဗုံထောက်ကလေးကူးဆိုလိုက်၊ ပတ်ပျိုးကလေးဆိုလိုက်နဲ့ လင်းသာလင်းပါရော၊ ခနိုးခနဲ့ကလေးတွေလည်း ပါလိုက်သေး" လို့ ဆရာခင်က ပြောပါတယ်။ သူက စိန်ဗေဒါကြီးနဲ့ ညလုံးပေါက်ဆိုတာ၊ ဆရာဘကြီးနဲ့ ညလုံးပေါက်ဆိုတာတွေကို နားထောင်ရဖူးတာကိုး။

ဆိုင်းဆရာ ဆရာနွဲ့ကြီးရဲ့တပည့် စိန်ဗေဒါရဲ့ သီချင်းရေးဆရာကြီး (၁၉–၃–၈၂) နေ့ကမှ ကွယ်လွန်ရှာသူ ဦးသက်တင်ကတော့ "ဒေါ်စောမြအေးကြည်က ဆရာကောင်းတွေဆီက စနစ်တကျ သင်ကြားလေ့လာခဲ့တာဆိုတော့ ဥပဒေသတွေကိုလည်း အလွန်တတ်ကျွမ်းတယ်။ အင်္ဂလိပ်ခေတ်ကစပြီး ကနေ့အထိ အဆိုမှာအတော်ဆုံး စနစ်တကျအရှိဆုံး အဆိုတော်ကြီးပဲ။

ဒေါ်စောမြအေးကြည်က ည ၇ နာရီလောက်ကစပြီး မနက် ၅ နာရီလောက်အထိ မသမ်းမဝေဘဲ ရှိုးရှိုးဆိုသွားနိုင်တယ်။ ဟုမ်းလမ်းက ဦးဘဒင်အိမ်မှာ စောင်းက ဦးအောင်လှ၊ ပတ္တလားက ဆရာနွဲ့၊ တယောက ဆရာတင်နဲ့ ၁၂၉၃ ခုလောက်က ဆိုတာတစ်ခါ၊ ၁၃၀၀ ခုဆီလောက်က မန္တလေး ဘိလစ် ဦးထင်တိုက်မှာတစ်ခါ မနက်လင်းအထိ သူဆိုတာကို ကြားဖူးတယ်။ ဒေါ်စောမြအေးကြည်က ပထမ စကောက်တဲ့အသံကနေပြီး ကြားထဲ အသံဘယ်နှစ်မျိုး ပြောင်းခဲ့ပြောင်းခဲ့ မူလသံ ပြန်ရောက်အောင် ဆိုနိုင်တယ်။ အသံအမှတ်အသားကောင်းလို့ စနစ်ကောင်းလွန်းလို့ ဒီလို ဆိုနိုင်တာပဲ။ စောင်းနဲ့မဟုတ်ဘဲ ပတ္တလားနဲ့ဆိုရင် အောက်ပြန်ကို စဆိုရင် ပုလဲကို ကူးတယ်၊ ပြီးတော့ မြင်စိုင်းကိုကူးတယ်၊ ပြီးတော့ မူလဆိုခဲ့တဲ့ အောက်ပြန်ကို ပြန်ထွက်နိုင်တယ်။ သံစဉ်အတိုင်း ဝင်နိုင် ထွက်နိုင်တဲ့ အဆိုပဲ" တဲ့။

မဟာဂီတအသင်းဝင် ဦးဘသင်ကတော့ ဒေါ်စောမြအေးကြည်ဟာ ရေးကျတဲ့ ပဒေသာအဆိုတော်ထဲမှာတော့ နံပါတ် (၁) ပါပဲတဲ့။

www.burmeseclassic.com

www.burmeseclassic.com

သူက အသံပြောင်း အသံလဲနဲ့ တီးတဲ့လူ ချောက်ချားသွားအောင်ဆိုနိုင်တာ၊ အသံ (၇) သံထဲက ကြိုက်ရာအသံကို အလွယ်တကူ ပြောင်းဆိုနိုင်တဲ့ သတ္တိက နည်းတာမဟုတ်ဘူး။ အဆိုမှာ နိုင်လွန်းလို့၊ အသံကို နိုင်လွန်းလို့ လုပ်နိုင်တာ။ မစုသဒ္ဒ ရွှေတောင်ဘွဲ့ရ ဆရာဦးလူကြီးက စောမြအေးကြည် ကို ဆီကျော်စိန်တင်တို့ မစိန်ဆင်တို့နဲ့အတူ အငြိမ့်စင်တင်ကြည့်ဖို့ စိတ်ကူး တာ၊ စောမြအေးကြည်က သီပေါရောက်သွားပြီး တပယ်ခင်ဥတို့နဲ့ သွား တွေ့တော့ ပထမတန်းအဆိုကျော် ဖြစ်သွားရော။ ခုခေတ်မှာ သူ့ပညာ အဆင့်အတန်းမျိုး မရှိပါဘူး။ ဝါအရင့်ဆုံး၊ ရှေးအမီဆုံး အဆိုသမားပါ။ ပြီးတော့ စောမြအေးကြည်က စောင်းလည်း တတ်တယ်မှတ်လား။ အဆို သမားတစ်ယောက်အနေနဲ့ စောင်းတတ်တယ်ဆိုတာ သိပ်အရေးပါ အရာ ရောက်တယ်။ ခုအချိန်အထိ ရှေးဆရာကြီးတွေကိုမီတာ သူပဲရှိတယ်။ အသံ အပြောင်းအလဲနဲ့ စည်းဝါးကို တကယ်နိုင်နင်းတာလည်း သူပဲရှိတယ်။

"အဆိုမှာ တချို့ကကောင်းတယ်၊ မတတ်ဘူး၊ တချို့က တတ် တယ်။ မကောင်းဘူး။ စောမြအေးကြည်က ကောင်းလည်းကောင်းတယ်၊ တတ်လည်းတတ်တယ်။ ပညာဆိုတာ ကုန်တယ်လို့တော့ မရှိဘူးပေါ့။ ဒါပေမဲ့ စောမြအေးကြည်က တော်တော်ကြီးပြည့်စုံတဲ့ အမျိုးသမီးပါ" လို့ ပြောပါတယ်။

အသံ (၇) သံစလုံး လည်သွားအောင် ဆိုပြီးမှ မူလသံကို ပြန် ရောက်အောင် ပေါင်းတတ်တာမျိုး တပယ်ခင်ဥကြီး အနည်းအပါး လုပ်လေ့ရှိတယ်။ အဲဒါကို အတုယူပြီး ဒီထက်ကောင်းအောင် ဒေါ်ဒေါ်က သီဆိုတာတဲ့။ ဒေါ်ဒေါ်သီဆိုတဲ့အခါ တီးပေးရတဲ့ လူငယ်တွေကတော့ "သီချင်းကြီး တီးရမယ်ဆိုရင် အမေနဲ့မှ တီးချင်တော့တယ်။ တခြားလူတွေ နဲ့ မတီးချင်တော့ဘူး။ အမေနဲ့တီးရတာက ပျော်စရာကောင်းတယ်။ ကိုယ် မတီးတတ်တဲ့ သီချင်းမျိုးဆိုရင် အမေက ရှေ့ကခေါ်ပြီး ဆိုပြသွားတယ်။ အမေ့အထားအသိုတွေက သူများနဲ့မတူဘူး" လို့ ပြောကြပါတယ်။

ဒေါ်ဒေါ်က အဆိုကို သူ့ပထမ ကန့်ကူလက်လှည့်ဆရာ ဦးလူကြီးဆီက "တံတျာက ဇေယျာရွှေမြေအထိ" သင်ရိုးသင်ခဲ့သတဲ့။ နောက် သီပေါမှာ တပယ်ခင်ဥတို့ဆီက အနှစ် ၂၀ ကျော် ပညာတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆက်ယူတယ်။ ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ မော်ကွန်း၊ သာချင်း၊ လေးချိုးနဲ့ သံချိုဆိုနည်းတွေကိုတော့ ရွှေဘိုက နေမျိုးမင်းထင်ကျော်ခေါင်ဘွဲ့ရ အဝေးရောက်မင်းဆီက သင်ရသတဲ့။ ရတုနဲ့ ရကန်ကို စကားစိမ်းမိဖုရားရဲ့ ပညာရှိ ဆရာကြွေကြီးဆီကလည်း သင်ယူဖူးတယ်လို့ ကျွန်မကို ပြောပြပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်စောမြအေးကြည်နဲ့ စောင်း

ဒေါ်ဒေါ်က တူရိယာတွေအားလုံးထဲမှာ စောင်းတူရိယာကို သူ အကြိုက်ဆုံးပဲတဲ့။ စောင်းက ဘယ်တူရိယာနဲ့မှမတူဘူး သာယာညင်း ပျောင်းအရှိဆုံးမို့တဲ့။ တခြားတူရိယာတွေက အသံစဉ်မယ် သံလုံး သံခွဲ ရှိမယ်ဖြစ်ပေမယ့်လို့ ကြိုး ၁၃ ကြိုးနဲ့သာတီးတဲ့ စောင်းသံက ဝိုင်းကြီးနဲ့ တီးနေသလို ထင်ရအောင် အသံတွေ ထွက်နိုင်တယ်လို့ ပြောပါတယ်။

စောင်းကသိက္ခာရှိတယ်၊ ဣန္ဒြေရတယ်၊ ယဉ်ကျေးသိမ်မွေ့တယ်၊ တံ တျာ တေ တျောကစပြီး ညှင်းလုံးခေါ်တဲ့ သံရိုးသံဟာ သာယာတယ်။ ကြိုး၊ ဘွဲ့ကြီး၊ ဘွဲ့ကလေး၊ သီချင်းခံတွေကို သူ့တစ်သံတည်းနဲ့ တီးနိုင် တယ်။ ‘စုံသာမြိုင်လယ်’ နဲ့ ‘ဓေယျာရွှေမြေ’ အထိ တီးနိုင်တယ်။ တခြား တူရိယာတွေက တီးနိုင်တယ်ဆိုပေမယ့် စောင်းကိုမမီကြဘူး။ စန္ဒရား၊ ဂီတာ၊ တယောတွေနဲ့မတူဘူး၊ သူက ပိုလို့ကောင်းသတဲ့။ သူ့ကို တီးတော့ မယ်လို့ ရင်မှာပွေ့ထားလိုက်တာနဲ့တစ်ပြိုင်နက် လူနဲ့စောင်း လိုက်ဖက် လွန်းလို့ ကြည့်မငြီးနိုင်ဘူးတဲ့။

မြန်မာတူရိယာတွေထဲမှာ ဆိုင်းဝိုင်းကြီးရှိတယ်။ ဒီဆိုင်းဝိုင်းကို ဝိုင်းဆရာက တီးတော့မယ်ဆိုရင်၊ လူက အပေါ်ကနေပြီး ပတ်လုံးတွေကို

www.burmeseclassic.com

www.burmeseclassic.com


တီးတာ။ စန္ဒရားဆိုပြန်ရင်လည်း ဒီလိုပဲ လူကစီးပြီး တီးတာပဲ။ စောင်းကလေးကျတော့ ကိုယ်ကိုယ်တိုင် ၁၀ ကြိုး ၁၀ လလွယ်ပြီး မွေးထားရတဲ့ သားသမီးလို ရင်ဝယ်ပိုက်ပြီးမှ နှစ်နှစ်ခြိုက်ခြိုက် တီးရတာတဲ့။

ဆိုင်းသံ ဘယ်လောက်မြည်မြည် ဆိုင်းဝိုင်းနဲ့ စောင်းနဲ့ ရောပြီး တီးရင် တန်ခိုးချင်း မတူကြလို့ စောင်းသံက ဆိုင်းသံကိုလွှမ်းပြီး ထွက်လာတယ်။ နားထောင်ကြည့်ပါ၊ အနီးအဝေး ကြိုက်ရာက နားထောင်ကြည့်၊ ဆိုင်းသံကြားထဲက စောင်းသံကို ပေါ်ပေါ်လွင်လွင် ကြားရလိမ့်မယ်။ စောင်းတန်ခိုးက ဒီလိုကြီးတာ။ သူ့အကြိုက်ဆုံး တူရိယာဟာ စောင်းပါပဲလို့ ပြောပြပါတယ်။

သီပေါစော်ဘွားက သူ့ဇနီး စော်ဘွားကတော် စောမြဂွမ်းကို ဒေဝက္ကန္နာဆီမှာ စောင်းသင်ခိုင်းတယ်။ စောမြအေးကြည်က ပျင်းတဲ့အခါ အပျင်းပြေ စောမြဂွမ်းဆီက စောင်းသင်တယ်။ နောက် ဦးဖူးခေါင်ရဲ့ တပည့်ရင်း မောင်မောင်ခန့်နဲ့တွေ့တော့မှ ဒီပညာ တကယ့်အဖိုးတန်ပဲ ဆိုပြီး မောင်မောင်ခန့်ဆီက စောင်းပညာကို အလေးအနက် သင်ယူတာ။ သီပေါစော်ဘွားက သူ့သမီးတော်တွေကိုလည်း မောင်မောင်ခန့်ဆီက စောင်းပညာအသင်ခိုင်းတယ်။

## ဦးဖူးခေါင်

ဦးလေးတင်က ဒေါ်ဒေါ်ဟာ 'သာနိုး ပျော်ဘွယ်' ကြိုး ၅ ပုဒ်၊ 'ထောင်ရောင်နေ' နဲ့ 'ထူးမခြားနား' သီချင်းခံ 'စုံသာမြိုင်လယ်' ပတ်ပျိုးနဲ့ နောက်တစ်ပုဒ်၊ နှစ်ပုဒ်လောက် ဦးဖူးခေါင်ရဲ့မူကို သူ့တပည့် မောင်မောင်ခန့်ဆီက သင်ယူထားလိုက်သတဲ့။

ဦးဖူးခေါင်ရဲ့ ပညာတချို့ မန္တလေးက ဘိလစ်ဦးထင်ဆီမှာ ကျန်ရစ်တယ်၊ ဦးထင်ဟာ ဦးဖူးခေါင်ရဲ့ တပည့်ရင်းတစ်ယောက်ပဲ၊ နို့ပေမယ့် ဦးဖူးခေါင်ရဲ့ပညာက ခဲရာခဲဆစ်တွေများတာမို့ မေ့သွားရင် တစ်ဦးနဲ့တစ်ဦး မေးလို့မရတော့ဘူး။ ဦးဖူးခေါင်က သင်ပြပေးရာမှာလည်း သူကိုယ်တိုင်က ပညာကျယ်တဲ့လူမို့ တပည့်တစ်ယောက်ကို တစ်မျိုးပြတတ်တယ်။ ဒါကြောင့် သူ့ပညာ မန္တလေးမှာ ကောင်းကောင်း အဖတ်မတင်ရစ်ဘူးလို့ ဦးလေးတင်က ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဦးလေးတင်က ဦးဖူးခေါင်ဟာ မြဝတီမင်းကြီးဆီမှာ နန်းမတော် မမြကလေးနဲ့ ပညာသင်ဖက်ပါပဲ။ ဦးဖူးခေါင်က ပညာဝှက်တယ်၊ ဒါကြောင့် သူ့ပညာက ကောင်းကောင်း မကျန်ရစ်ဘူးတဲ့။ ဦးဖူးခေါင်ရဲ့ ပညာက ဘယ်သီချင်းဖြစ်ဖြစ် သူက ဆန်းဆန်းကြယ်ကြယ် ခဲရာခဲဆစ် တီးကွက် တစ်ခုနှစ်ခုတော့ ပါအောင်တီးတယ်။ သီပေါစော်ဘွားရဲ့ သမီးတွေကို ဆိုင်းဆရာ ဆရာနွဲ့ကြီးက ပတ္တလားသင်ပေးနေတယ်၊ ဆရာနွဲ့က တစ်နေ့တော့ ဆရာခန့်ရဲ့ 'ထူးမခြားနား' က စည်းဝါးကျိုးတယ် မမှန်ဘူးလို့ အပြစ်ပြောသတဲ့၊ ဆရာခန့်က စည်းနဲ့ဝါးနဲ့ တီးတဲ့အခါ တစ်ခါတလေ စည်းဝါးနည်းနည်းပျက်တတ်တာကိုး၊ အဲဒီတော့ ဒီအဘိုးကြီးပညာက ကောင်းတော့ကောင်းပါရဲ့၊ ဒါပေမဲ့ စည်းကျိုး ဝါးကျိုးကြီးပါလို့ ဟိုတုန်းက ဝေဖန်မိတာပေါ့။ ဒီဝေဖန်သံကို ဒေါ်ဒေါ်က ကြားတော့ ကဲ ဒါဖြင့် ဆရာနွဲ့ကဆို ကျွန်မတီးမယ်ဆိုပြီး ဒေါ်ဒေါ်တီးတဲ့အခါ စည်းဝါးက ကိုက်နေရောတဲ့၊ "ဒီလိုဖြစ်ရတာက ဟောဒီ ဟောဒီအကွက်တွေက ကွက်ပျောက်တွေမို့ပါ" လို့ ဒေါ်ဒေါ်က ရှင်းပြသတဲ့။

ဦးဖူးခေါင်ပညာကောင်းပါရဲ့နဲ့ ထီးနန်းနဲ့ ကင်းကွာရပုံကိုလည်း ဦးလေးတင်က ဘယ်လိုပြောပြသလဲဆိုတော့ မင်းတုန်းမင်းကြီးရှိတုန်းက သူ့သားတော်တွေက ဦးဖူးခေါင်ဆီမှာ စောင်းသင်ကြတယ်၊ တစ်နေ့တော့ သီပေါမင်းသားက သူလည်း သင်ချင်တာနဲ့ လူပျိုတော်သားတစ်ယောက်ကို ဦးဖူးခေါင် အရှာခိုင်းတော့ "မင်းတို့မင်းသားက ပိုက်ဆံပေးသင်မှာလား" လို့ မေးမိသတဲ့။ ဒါကို နောင်ခါ ဘုရင်ဖြစ်လာသူ သီပေါမင်းသားက မှတ်ထားတယ်။ တစ်နေ့ သူမင်းဖြစ်ချိန် နန်းတော်ထဲမှာ အိနောင်ဇာတ်ကို ကတယ်၊ အုံနာကာရီတို့အခန်းမှာ အိနောင်မင်းသားက စောင်းတီးမှာ 'သည်းလောင်ကျွေကျွမ်း' ပတ်ပျိုးကိုတီးမှာ၊ ဒီပတ်ပျိုးကို ဘယ်သူတီးနိုင်သလဲ လိုက်ရှာတော့ ဦးဖူးခေါင်ကို တွေ့ရော၊ တွေ့လို့ အတီးခိုင်းတော့ သီပေါဘုရင်က သိပ်သဘောကျသတဲ့။ ဒါကြောင့် ဒါဘယ်သူတီးတာလဲလို့ မေးတဲ့အခါ ဦးဖူးခေါင်တီးတဲ့အကြောင်း လျှောက်တော့ ဘုရင်က ဘာဆုမှ မချဘဲ အတွင်းတော်ကို ဝင်သွားသတဲ့။ ဒါကြောင့် ဦးဖူးခေါင်ဟာ ထီးနန်းနား မကပ်နိုင်ဘဲဖြစ်သွားရတာ မောင်မောင်သိုက်တို့ မောင်မောင်ကြီးတို့က မင်းအသုံးခံတွေ ဖြစ်နေကြတာလို့ ဦးလေးတင်က ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြဝတီမင်းကြီး ဦးစက (၁၁၂၈ ခု) မွေးပြီး၊ အသက် ၈၇ နှစ် (၁၂၁၅ ခု) မှာ အနိစ္စရောက်တယ်။ ဦးဖူးခေါင်က (၁၁၈၀ ခု) မှာ မွေးပြီး၊ အသက် ၈၇ နှစ်အရွယ် (၁၂၆၇ ခု) မှာ ဦးပေါ်အိမ်မှာ အနိစ္စ ရောက်တယ်။ အသက် ၂၀ အရွယ်တုန်းက အနောက်နန်းမတော် မမြလေး နဲ့အတူ မြဝတီမင်းကြီးဆီမှာ ပညာယူတယ်။ ဒေဝဣန္ဒာက ဦးဖူးခေါင်ဟာ သူ့ပထမဆရာဖြစ်တယ်လို့ ဒေါ်စောမြအေးကြည်ကို ပြောဖူးသတဲ့လို့ ဦးလေးတင်က ပြောပြပါတယ်။ နို့ပေမယ့် တချို့က ဦးဖူးခေါင်ကို အဆိုသမားလို့ပဲ သိနေကြတယ်၊ အတီးသမားမှန်း မသိကြဘူးတဲ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

စောင်းဆရာ မောင်မောင်ခန့်

ဒေါ်ဒေါ်, ဒေါ်စောမြအေးကြည်ရဲ့ စောင်းဆရာ၊ နောက်ဆုံးဆရာ ကတော့ မောင်မောင်ခန့်ပါ၊ မောင်မောင်ခန့်က မန္တလေး ရွှေလှန်ရပ်သား၊ သီပေါဘုရင် ပါတော်မူသွားတော့ ဘာမှ လုပ်မစားတတ်တာနဲ့ ဒုက္ခဖြစ်နေ ပြီး ရွှေဘိုတောင်လက်မှာ တောင်သူလုပ်ရင်း တောသားဖြစ်နေရတယ်။

သီပေါစော်ဘွားက သီပေါမြို့ဟာ ရှမ်းပြည်ကမြို့ပေမယ့် ပူအား ကြီးတယ်ဆိုပြီး စခန်းသာမှာ မြို့သစ်လာတည်တယ်။ တည်ရင်းနဲ့ ယောမင်းကြီးရဲ့မြေး ကိုခင်မောင်ကို သီပေါစော်ဘွားက ငါ ရွှေဘိုဖုံကြီး နားထောင်ချင်တယ်လို့ ပြောပါတယ်။ ပြောတော့ ကိုခင်မောင်က ဖုံကြီး ရှာဝယ်ပါ့မယ်၊ တီးမယ့်လူပဲ ရှာရမှာပါလို့ ပြောတော့ ရွှေဘိုတောင်လက် မြောက်လက်ကလယ်သမား ဖုံကြီး တီးတတ်ဆိုတတ်သူတွေရှာခဲ့၊ ဖုံကြီး လည်း ကိရိယာစုံဝယ်ခဲ့လို့ ခိုင်းပါတယ်။ ခိုင်းတဲ့အခါ ရွှေဘိုတောင်လက် က ဂျုံစိုက်သမား တစ်ယောက်ဆိုပြီး မောင်မောင်ခန့် သီပေါ ပါလာတယ်။ စော်ဘွား စခန်းသာကိုသွားတော့ ဒေါ်ဒေါ်နဲ့ စောမြဝှမ်းသခင်မတို့က လိုက်မသွားကြဘူး။ မိုးတွင်းမို့ ဟော်ထဲက မီးဖိုနားမှာပဲ တီးမှုတ်နေကြ တယ်။ ဥတုက အေးလိုက်တာလွန်ပါရော၊ မိုးသက်နှင်းတွေကလည်း

www.burmeseclassic.com

www.burmeseclassic.com


ကျလို့။ ဒါကြောင့် အမြဲနေ ရှမ်းတိုင်းရင်းသားတွေတောင်၊ ခိုက်ခိုက်တုန်အောင် ချမ်းနေကြတယ်။ ဒေါ်ဒေါ်တို့ စောင်းတီးချင်ရင် အေးလွန်းလို့ စောင်းကို မီးကင် တီးရတယ်။

တစ်နေ့တော့ စောင်းတီးနေတုန်း၊ ဖျင်အင်္ကျီ လက်တိုလေးနဲ့ မျက်နှာသုတ်ပဝါတစ်ထည် ခေါင်းပေါင်းထားတဲ့လူတစ်ယောက် အဆောင်လှေကားနားမှာထိုင်ရင်း ခိုက်ခိုက်တုန်အောင် ချမ်းနေတာကို မြင်ရတယ်။ အဲဒီအချိန်မှာ ဒေါ်ဒေါ်တို့က 'မှိုင်းပြာမှုန်ဝေ' ပတ်ပျိုးကြီးကို တီးနေကြတယ်။

တီးရင်း လူကြီးတစ်ယောက် ချမ်းနေတာ မြင်ရတော့၊ ဒေါ်ဒေါ်က "ဘကြီးရယ် ကျွန်မတို့တောင် ချမ်းလွန်းလို့၊ ဒီဘာလာလုပ်တာလဲ၊ အပေါ်တက်ခဲ့ပါလား" လို့ ပြောတော့ "မတက်ပါဘူး၊ အသံကြားရတာ ချမ်းသာလွန်းလို့ပါ" တဲ့။

"ဘကြီး ဘာတတ်သလဲ" လို့ မေးတော့–

"ဘာမှမတတ်ပါဘူး၊ ဒီအသံကြားရတာ ချမ်းသာလို့ပါ" တဲ့။ ခေါ်တော့ ခေါ်လို့မရဘူး။ ဒါပေမဲ့ လူကြီးက မျက်ရည်ကျလာတယ်။ နောက်တစ်နေ့ကျတော့လည်း စောင်းတီးရင် ဒီလူကြီး ရောက်လာရော၊ အထဲခေါ်တော့လည်း မဝင်ဘူး၊ မေးရင်လည်း စောင်းကို မမြင်ဖူးပါဘူးလို့ ချည်းဖြေတယ်။ ဒီလိုနဲ့ သုံးလေးရက်နေတော့ စောမြဂွမ်းတို့တီးနေတဲ့ စောင်းက စောင်းကြိုးနဲ့ ဘွဲ့ကြိုးတချို့ပြတ်လို့ စော်ဘွားက အတီးခိုင်းတဲ့အခါ ကြိုးပြတ်နေလို့ မတီးနိုင်ကြောင်းပြောတော့၊ စော်ဘွားက စောင်းကြိုးကျစ်တတ်တဲ့လူရှာတယ် မတွေ့ဘူး။ ဒါနဲ့ ရွှေဘိုသားတွေထဲက နွားနဖားကြိုး ကျစ်တတ်သူတော့ ပါမှာပဲဆိုပြီး ကိုခင်မောင်ကို ဗိုကြီးသမားတွေထဲမှာ အရှာခိုင်းတော့၊ လူတစ်ယောက်က ကျွန်တော်ကျစ်တတ်ပါတယ်လို့ ပြောလိုက်သတဲ့။ ဒါနဲ့ အကျစ်ခိုင်းတော့ နှစ်ရက်ကြာတဲ့အခါ စောင်းကြိုးရော ဘွဲ့ကြိုးရော အကောင်းစား ကျစ်ပေးတာကို ယူလာတယ်။ ကြိုးမြင်ကတည်းက ဒေါ်ဒေါ်တို့က ဒါ နဖားကြိုးကျစ်တဲ့လက်ရာ မဟုတ်နိုင်ဘူးလို့ တွက်တယ်။ ဒါကြောင့် ကြိုးကျစ်ပေးတဲ့လူကို အခေါ်ခိုင်းတော့ အဆောင်နား လာနားထောင်တဲ့ အဘိုးကြီး ဖြစ်နေတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com


ဒေါ်ဒေါ်နဲ့ စောမြဝွမ်းတို့က အဘိုးကြီးကို ဇွတ်မေးကြရော၊ ဘကြီးစောင်းတတ်ရမယ်လို့လည်း စွပ်စွဲကြတာပေါ့။ လူကြီးက ငြင်းတုန်းပဲ။ ဒါနဲ့ စောင်းကို ကြိုးတပ်ပေးဖို့ ထိုးအပ်လိုက်တော့၊ စောင်းကိုင်ပုံကိုက သူများလိုမှမဟုတ်ဘဲ၊ ချပ်ချပ်ရပ်ရပ်၊ ဒေဝဣန္ဒာက ပြောဖူးတယ်၊ စောင်းဟာ တီးတတ်သူကိုင်ပုံနဲ့ မတီးတတ်သူ ကိုင်ပုံချင်းကိုက တခြားစီတဲ့။

ဒေါ်ဒေါ်တို့က ဆက်ပြီး အတင်းမေးကြတယ်။ ရှင်ဘယ်သူလဲ၊ ဘယ်သူ့တပည့်လဲပေါ့။ အဲဒီတော့ မျက်ရည်တွေကျလာပြီး သူဟာ ဆရာကြီး ဦးဖူးခေါင်ရဲ့တပည့် မောင်မောင်ခန့်ပါ၊ အသက် (၂၀) ကစပြီး ဒီပညာကို ဦးဖူးခေါင်ဆီက ယူပါတယ်။ သူ အသက် (၄၀) ကျမှ ဦးဖူးခေါင်နဲ့ ခွဲပါတယ်လို့ ပြောပြတယ်။

ဒေါ်ဒေါ်တို့လည်း ဝမ်းသာအားရနဲ့ စောင်းကိုထိုးအပ်ကြတာပေါ့၊ သူနဲ့ စောင်းနဲ့ကွဲနေတာ အနှစ် ၂၀ ရှိပါပြီ၊ တီးလို့ ရချင်မှရပါတော့မယ်လို့ ပြောသေးတယ်။ ဒေါ်ဒေါ်တို့ကတော့ ကံကောင်းထောက်မလို့ မောင်မောင်ခန့်နဲ့ တွေ့ရတာပဲဆိုပြီး ရွှေဘိုမှာ ကျန်ရစ်တဲ့ သူ့မိန်းမကိုလည်း အခေါ်ခိုင်းတယ်၊ သူ့ကိုလည်း လက်ပြန်ကျင့်ခိုင်းပြီး အတီးခိုင်းတယ်၊ 'ဘုံဆောင်မြင့် စိန်ကြောင်' ကြိုးကစပြီး ပြန်အတီးကျင့်တာပဲ။ မောင်မောင်ခန့် ပတ်ပျိုးတွေ ပြန်တီးလို့ရလာတော့ အကျိုးအကြောင်း စော်ဘွားကို အသိပေးကြတယ်။

ဒေဝဣန္ဒာမောင်မောင်ကြီးလည်း စောင်းကို ဦးဖူးခေါင်ဆီမှာ ပထမ သင်တာပဲတဲ့။ ဦးဖူးခေါင်က သိပ်မပြချင်တာနဲ့ ယောက်ဖ မောင်မောင်သိုက်ဆီက သင်ရတယ်လို့ ဒေဝဣန္ဒာက ပြောပြဖူးသတဲ့။ ဒေါ်ဒေါ်တို့ မောင်မောင်ခန့်ဆီက ရသမျှပညာ ယူကြတယ်လေ။

စောင်းဆရာကြီး မောင်မောင်ခန့်ဟာ အသက် ၇၄–နှစ်မှာမှ စခန်းသာမှာ အနိစ္စရောက်ရှာတယ်။ စခန်းသာမှာ ဒေါ်ဒေါ့်အမေ ဒေါ်ခင်ဖွားရဲ့ဂူ၊ ဒေါ်ဒေါ့်မောင်, မောင်မောင်လှရဲ့ဂူ၊ တပယ်ခင်ဉနဲ့ တပယ်ခင်သစ်တို့ရဲ့ဂူနဲ့ မောင်မောင်ခန့်တို့ဂူတွေ ရှိကြတယ်။

❖ ❖ ❖

www.burmeseclassic.com

# ဒေဝဣန္ဒာ မောင်မောင်ကြီး

ဒေါ်ဒေါ်က ဒေဝဣန္ဒာ မောင်မောင်ကြီးကတော့ ဓာင်းဆရာ ဆိုပေမယ့် အနေအထိုင်က မင်းညီမင်းသားလိုပဲ သိပ် သိမ်မွေ့တယ်၊ အသန့် အရှင်း အလှအပကလည်း ကြိုက်ပါဘိသနဲ့လို့ ပြောပြပါတယ်။ စကား ပြောတဲ့အခါကျတော့ စကားပရိယာယ်မရှိဘူး တဲ့ထိုးပြောတာပဲ။ နို့ပေမယ့် စကားပြော အင်မတန်ညင်သာတယ်၊ မာနလည်းမရှိဘူးတဲ့၊ ဒေါ်ဒေါ်တို့ကို ဓာင်းသင်ပေးနေရင်းက ဘာပြောဖူးသလဲဆိုတော့ "ကျုပ်နဲ့ အာလျှမပြတ် ရင် ဘိလစ်စာရေးကြီး ဦးအောင်လှဆီမှာ ဆက်သင်ဦး၊ သူက ကျုပ်ထက် ကောင်းတယ်၊ ကျုပ်က မိကျောင်းကလာတဲ့သူဆိုတော့ လက်ညှိုး ကောင်း တယ်၊ လက်မသိပ်မကောင်းဘူး" တဲ့ သူက ဦးအောင်လှလောက် လက်မ, မကောင်းဘူးဆိုပေမယ့်, သူ့လက်မလည်း ကောင်းပါတယ်၊ တပည့်တွေကို သင်တဲ့အခါ သေသေချာချာသင်တာပါ။ သူ့ဓာင်းက ဦးဖူးခေါင်လို ခဲရာခဲဆစ် တီးတာမဟုတ်ဘူး၊ နားလည်းထောင်ကောင်းအောင် တစ်ဖက် သားလည်း တီးနိုင်အောင်သင်တာ။ သူ့ကို ဒေါ်ဒေါ်က အဆိုတော် ဦးလူကြီးဆီ သီချင်းသင်တုန်း ၁၂ နှစ်၊ ၁၃ နှစ် သမီးလောက်ကတည်းက စတွေ့ဖူးတယ်၊ အဲဒီတော့ သူ့အသက် ၄၀ လောက်ရှိဦးမှာ။

www.burmeseclassic.com

www.burmeseclassic.com


ပညာပေးရာကျတော့ ဒေဝဣန္ဒာက တစ်ဖက်သားကို သနား တတ်ပါတယ်။ သီပေါမှာ ရကန်ဦးတင်နဲ့ ဒေဝဣန္ဒာနဲ့ ဆုံမိတော့ ဦးတင် က ဒေဝဣန္ဒာဆီမှာ စောင်းသင်ပါတယ်။ သင်တဲ့အခါ ရှေ့ကသင် နောက် ကမေ့လို့တဲ့ "မင့်ငါမသင်ချင်ဘူးကွာ" ဆိုပြီး ငေါက်ထုတ်သတဲ့။

ဒါနဲ့ ဦးတင်က မယ်ဒလင်ကလေးကိုင်ပြီး တီးနေတော့ (ဒေဝဣန္ဒာက ဘုန်းကြီးဝတ်နဲ့ဖြစ်နေပြီ) သင်္ကန်းခေါင်းမြီးခြုံရာက ထလာ ပြီး "ဒီလိုတော့လည်း အဟုတ်သား ခုမှတော့ ပြန်တီးပါတော့ကွာ" ဆိုပြီး သင်ပေးရှာပြန်ပါရောတဲ့။ ဒေဝဣန္ဒာမောင်မောင်ကြီးက ပညာဆို ပညာပဲ သိတာ၊ လူက လူရိုး၊ ပညာကလွဲပြီး တခြားဘာမှ ဂရုစိုက်ထားတာ မဟုတ် ဘူး၊ မန္တလေး အိမ်တော်ရာအရှေ့ပေါက်ကနေပြီး သူ့အိမ်ရှိရာ ညောင်ပင်ဈေး ကို ခြေကျင်ပြန်တာ မပြန်တတ်ဘူး၊ အဲဒါလောက်ရိုးတာ၊ အစာစားရင် လည်း ပူပူနွေးနွေးကြီးမှ ကြိုက်တယ်၊ လူဝတ်နဲ့တုန်းက တော်တော်သည်းခံ သေးပေမယ့် သင်္ကန်းဝတ်တဲ့အချိန်ကျတော့ စားစရာမပူရင် ငေါက်တယ်၊ အော်တယ်။

သီပေါကို နောက်ဆုံးရောက်တဲ့အခေါက်မှာ သင်္ကန်းဝတ်ကြီးနဲ့ ကြွလာတော့၊ ဒေါ်ဒေါ်က 'စုံနယ်သာစွ' နဲ့ 'သန်းရုံခွေ' ကို ဆိုချင်ပါ တယ်လို့ ဘုန်းကြီးကို ပူဆာတယ်။ ဒီပတ်ပျိုး ၂ ပုဒ်က တေးထွက် ပတ်ပျိုးတွေ၊ တီးကွက်ကြီးနဲ့ ထင်းထင်းကြီးလာတာမျိုးမဟုတ်ဘူး၊ သံထောက်တွေနဲ့ကပ်လာတာ၊ ဒါကြောင့် အသုံးနည်းကြတယ်။ ဒီသီချင်း ကို ဒေါ်ဒေါ်က ဆိုချင်ပါတယ်၊ တီးပေးပါလို့ ဒေဝဣန္ဒာကို လျှောက် တော့ "မဆိုချင်ပါနဲ့ ဖြစ်ပုပ်ကြီးပါ၊ မန္တလေးမှာလည်း မောင်မှန်းတို့၊ မောင်ထွန်းအိုင်တို့ ဆိုတယ်၊ ဦးပဥ္စင်း တီးကိုမတီးချင်ဘူး" တဲ့ သီချင်း တွေက တွဲ့အားကြီးတော့ မျောတယ်၊ စောင်းနဲ့တီးတော့ ခက်တာပေါ့။ ပတ္တလားနဲ့ဆိုရင် တော်သေးတယ်။ ပတ္တလားက သိုင်းလို့ ဝိုင်းလို့ ဖြီးလို့ ရသေးတာကိုး။ ဆိုချင်ပါတယ် အတင်းပူဆာတော့ ဒေဝဣန္ဒာက တီးပေး တယ်။ ဒေါ်ဒေါ်ဆိုလို့ပြီးတော့ ဒေဝဣန္ဒာက "ဒီလိုကောင်းမှန်းသိရင် ဦးပဥ္စင်းတီးတာပေါ့။ ဒီသီချင်းက ခုတော့ ဖြစ်မွေးဖြစ်သွားပြီ" လို့ ပြောသတဲ့။

www.burmeseclassic.com

www.burmeseclassic.com


နောက် ဒေါ်ဒေါ်က 'ရဝေနန်း' သီချင်း တက်ချင်ပါသေးတယ် ပြောတော့၊ ဝါဆိုနားကပ်နေတာလည်း တစ်ကြောင်း၊ သီချင်းက ရှည်တာလည်း တစ်ကြောင်းမို့ အစကတော့ မရနိုင်ပေဘူးလို့ ဘုန်းကြီးကထင်နေတာ။ နို့ပေမယ့် ပတ္တလားနဲ့ ကျောင်းခေါ်ပြီး ဘာဂျာဆရာလွှားနဲ့ တီးကွက်ရှာပေးတာ နှစ်ရက်၊ သုံးရက်နဲ့ ပြီးသွားတယ်။ နောက် ဘုန်းကြီးက ပတ္တလားနဲ့တီးပြတော့ ဒေါ်ဒေါ်က ဒါတော့ မကြိုက်ဘူးဘုရား၊ အရှင်ဘုရားဟာ လိုက်တီးတွေပဲ၊ အတုံးအကွက်မှ မပါဘဲလို့ လျှောက်တော့ စိတ်ရှည်လက်ရှည် တစ်ကြိမ်ပြန်ပြီး လုပ်ပေးတယ်။ ပြီးသွားတော့ ဒါ ဘုန်းကြီးလက်စွမ်းကုန်ပဲတဲ့။

ဒေါ်ဒေါ်က စောင်းကို မောင်မောင်ခန့်ဆီက သင်အပြီး စော်ဘွားက ဒေဝဣန္ဒာဆီက ဆက်ယူဖို့ ပြောတယ်။ အဲဒီအချိန်မှာ ဒေဝဣန္ဒာက သင်္ကန်းဝတ်ကြီးနဲ့ဖြစ်နေပြီ။ ဒါကြောင့် 'သင်္ကန်းဆီးတာ ပါဏု ပေတံ အသက်ထက်ဆုံးလား' လို့ လျှောက်တော့ လူဝတ်လဲဦးမယ်တဲ့။ ပြီးတော့ ဝါးချက်ပြန်ကြွသွားတယ်။ ဒေဝဣန္ဒာ လူဝတ်လဲမယ်ဆိုလို့ ပုဆိုးအင်္ကျီ၊ ဖိနပ် ပဝါအစုံနဲ့ ငွေ ဘုန်းကြီးဆီ သွားပို့ဖို့ ဆရာဦးလူကြီးကို အပ်တယ်။ ဦးလူကြီးက နက်ဖြန်ရထားနဲ့ လိုက်မယ်လို့ ပြင်နေတုန်း စော်ဘွားဆီ ကြေးနန်းရောက်လာတာပဲ။ ဒေဝဣန္ဒာ ဆေးရုံမှာဆုံးပြီတဲ့။ သိပ်နှမြောစရာကောင်းပါတယ်လို့ ဒေါ်ဒေါ်ကပြောတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## စောင်းဆရာ ဆရာငြိမ်း

ဆရာငြိမ်းက စောင်းမှာ ပုလဲတော့ ဝိဇ္ဇာပဲ။ အဲဒီအချိန်က မန္တလေးကလူတွေက သံရိုးသမားတွေ၊ မန္တလေးကို သံရိုးဂိုဏ်းလို့ပဲ ပြောလေ့ရှိကြတယ်။ မြေလတ်နဲ့ အောက်ကတော့ ပုလဲသုံးကြတယ်။ မန္တလေးကတော့ စောင်းမှာ အခြေခံကသံရိုး၊ အောက်ပြန် ပုလဲပဲ။ ဘွဲ့ကြိုး ပတ်ပျိုးတို့မှာ ဒါနဲ့တီးတော့ မန္တလေးက ထိပ်ပဲ။ မြေလတ်ကတော့ပုလဲပဲ။ ပုလဲနဲ့ သောင်းပြောင်းသီချင်းဆန်းနဲ့ ယိုးဒယားတို့ကို တီးကြတယ်။ ဒီလို တီးတဲ့အခါ နားစိမ်းကတော့ ပုလဲကြိုက်တာပေါ့။ မြေလတ်သားတွေက ပုလဲထဲမှာပဲ သံရိုးနဲ့ အောက်ပြန်ကို ဖြစ်နိုင်သရွေ့ ကုတ်ကတ်တီးကြတယ်လေ။ ဒါပေမဲ့ မန္တလေးလို မသပ်ရပ်ဘူး။ မန္တလေးက အခြေခံကို နိုင်ထားကြတယ်ဟုတ်လား၊ သူတို့က မင်းသုံးတွေကိုး။ မင်းမရှိတော့လည်း ချမ်းသာတဲ့လူတွေက ဆက်ပြီး နားအရသာ ခံနေကြတာ။

တစ်ကြိမ်တော့ မန္တလေးက ဘာဂျာဆရာလွှား ရန်ကုန် ရောက်လာတယ်။ လာတဲ့အခါ ဆရာငြိမ်းက မန္တလေးက စောင်းအခြေခံ ပညာတွေကို ဆရာလွှားဆီက ရယူတယ်။ ဆရာလွှားက အင်းဝသားပါ။ သူ့အဖေက ကူးတို့အုပ်ကြီး ဦးရွှေဂံတဲ့။ ကူးတို့အုပ် ဦးရွှေဂံက စောင်းတတ်

www.burmeseclassic.com

www.burmeseclassic.com

တယ်။ ရကန်ဖတ်လည်း ကောင်းတဲ့ပုဂ္ဂိုလ်။ ဘာဂျာဆရာ ဆရာလွှားက သူ့အဖေဆီက ပညာတွေရလိုက်တယ်။ ဆရာလွှားက ပတ္တလားလည်း တတ်တယ်။ အဆိုလည်း တတ်တယ်လေ။ မအေးမိက ဆရာလွှားဆီမှာ သီချင်းကြီး တက်ဖူးသေးတယ်။ ဆရာလွှားနဲ့ စောင်းဆရာ ဆရာငြိမ်းနဲ့ ရန်ကုန်မှာ ပေါင်းမိနေချိန်၊ တစ်နေ့တော့ သီပေါစော်ဘွား ဆာစောချယ်နဲ့ ဆက်မိကြပါလေရော၊ အဲဒီတော့ ဆရာငြိမ်းက သူနဲ့ ဆရာလွှားချည်း မကဘဲ ပန်တျာ ဦးတင်ရော၊ ရွှေပြည်အေးကိုရော သီပေါကို ခေါ်သွားတယ်။ ရွှေပြည်အေးက အဲဒီတော့ ၁၂ နှစ်သား ရှိပါသေးတယ်။ လူကသာ ၁၂ နှစ်သား၊ ရွှေပြည်အေးက ဒီအရွယ်နဲ့ကိုပဲ အဆိုကောင်းနေပြီ။ စည်းဝါးလည်း နိုင်နေပြီ။

သီပေါမှာ စော်ဘွားက နံနက်စာပွဲတော်တည်ရင် အငြိမ့်တော်နဲ့ အမြဲတည်တာ၊ နံနက် (၁၁) နာရီ လောက်မှာပေါ့။ (၁၂) နာရီလောက် ရောက်တော့ ပွဲတော်တည်လို့ပြီးပြီ။ စော်ဘွားက တစ်မှေးအိပ်ချိန် အငြိမ့်တော်က နားရော၊ စော်ဘွားနိုးပြီဆိုတော့ စောမြအေးကြည်တို့က နေ့လယ် (၁) နာရီ၊ (၂) နာရီထိုးလောက် အဆောင်ထဲက ထွက်လာကြပြီး တီးကြ မှုတ်ကြပြန်ရာမှာ ဒေါ်ဒေါ်က စည်းကိုင်ပြီး ဝင်ဆိုတာပဲ။ ဆိုတာကတော့ တစ်ခါဆိုပါပဲ။ ဒါပေမဲ့ ဒေါ်ဒေါ်စောမြအေးကြည် တစ်ခါဆိုရင် အနည်း (၂) နာရီလောက် ကြာတာကိုး။ အဲဒီတော့ သူဆိုပြီးရင် ညနေ (၄) နာရီ လောက်တိုင်ပြီမို့ အတီးအဆိုတွေ သိမ်းလိုက်ကြတာပဲ။ ဒါ ဟော်ထဲမှာ နေ့တိုင်းအလုပ်ပါ။ မန္တလေးက, ရန်ကုန်က အဆိုအတီးသမားတွေ ရောက် လာရင်လည်း ဒီအချိန် ပွဲတက်ကြရတာပဲ။

ဘာဂျာဆရာ, ဆရာလွှားမှာ သူများနဲ့မတူဘူးဆိုပြီး အသားယူ ထားတဲ့ သီချင်းတစ်ပုဒ်ရှိတယ်။ အဲဒါက ‘ထူးမခြားနား’ အကွက်ဆန်းပဲ။ ဒီကွက်ဆန်းကို ဆရာလွှားက ရန်ကုန်မှာ သူပိုင်အဖြစ်နဲ့ ဖြန့်ဖြူးတယ်။ တော်တော်ပြန့်သွားတော့ တီးသံကြားရင် ဒါ ဆရာလွှားအကွက်ပဲဆိုတာ လူသိလာကြပြီ။ ဆရာလွှားက ဒီအကွက် ကိုဗေဒါကိုလည်း ပြဖူးသတဲ့။

သီပေါမှာ တစ်ချိန်ကျတော့ စောမြငွမ်းနဲ့ စောမြအေးကြည်တို့ တီးကြဆိုကြလုပ်နေတုန်း ဆရာငြိမ်းတို့၊ ဦးတင်တို့ ရောက်လာတော့

www.burmeseclassic.com

www.burmeseclassic.com

စောမြအေးကြည်က ဆရာငြိမ်းကို "ဆရာရယ် အပျင်းပြေစမ်းချင်လို့ သံရိုးညှိပေးစမ်းပါ" လို့ စောင်းကို လှမ်းပေးတယ်။ သီချင်းခံတို့၊ ဘွဲ့တို့၊ တီးချင်လို့ပေါ့။ ညှိပေးလိုက်တော့ ဒေါ်ဒေါ်က 'ထူးမခြားနား' ကို ကောက်တီးတယ်။ သူတီးတဲ့ 'ထူးမခြားနား' က ဆရာလွှားရဲ့ ကွက်ဆန်းဆိုတဲ့ အကွက်ကလား။ အဲဒီတော့ ဆရာငြိမ်းကရော၊ ဆရာလွှားကရော၊ ဦးတင်ကရော အံ့အားသင့်နေကြပြီး "သခင်မ ဒီအကွက် ဘယ်ကရသလဲ" လို့ မေးကြတော့တာပေါ့။

ဒေါ်ဒေါ်က စောင်း ဦးဖူးခေါင်ရဲ့တပည့် မောင်မောင်ခန့်ဆီက ရတယ်လို့ ပြောတယ်။ ဒါကြောင့် မောင်မောင်ခန့်လည်း သီပေါမှာ ရှိနေတာမို့ အခြေခံကို လိုက်ကြတဲ့အခါ၊ ဆရာလွှားမူရော၊ မောင်မောင်ခန့်ရဲ့မူရော၊ ဦးဖူးခေါင်ဆီကထွက်လာမှန်း အားလုံးသိကြရတာပေါ့။ ဆရာလွှားကလည်း သူတီးတဲ့ 'ထူးမခြားနား' ဟာ သူ့အဖေဆီကရတာ၊ သူ့အဖေ ဦးရွှေဂုံက ဦးဖူးခေါင်ဆီက ရတာဖြစ်နေတယ်လို့ ဒေါ်ဒေါ်ယောက်ျား ဦးလေးတင်က ပြောပြပါတယ်။ ဒေါ်ဒေါ့်ပညာတွေ အဝင်ဆုံးကတော့ စောင်းဦးဘသန်းပဲ။ သူက ဒေါ်ဒေါ်ဆိုတာကို တီးမိတော့ အဆိုမှာ သူကြောက်ရမယ့်သူ မရှိတော့ဘူးတဲ့။ ငယ်ကတည်းက စသင်ပေးခဲ့တဲ့ တပည့်တွေ ဘယ်သူလဲလို့ ကျွန်မကမေးတော့ မလှရွှေ၊ တင်တင်မြ၊ မခင်မြင့်နဲ့ မောင်ဌေးအောင်တို့ကို ဒေါ်ဒေါ်က သူတို့ ငယ်ကတည်းက ပညာသင်ပေးခဲ့တာတဲ့။

ဒေါ်ဒေါ့်မှာ မဟာဂီတနဲ့ပတ်သက်လို့ ဆရာစုံဆီက နှစ်တွေအကြာကြီး ပညာယူခဲ့သူဖြစ်လေတော့ တချို့သီချင်းရှိတယ် တီးမရဘူး။ တချို့သီချင်းပါ ပျောက်ကွယ်နေတယ်ဆိုတာတွေ ဒေါ်ဒေါ်ပြန်ဖော်ပေးလို့ ခုထိ တီးမှုတ်နေကြတဲ့ သီချင်းတွေ၊ တချို့ နောက်ရိုက်တဲ့မဟာဂီတစာအုပ်တွေထဲ ဖော်ပြလာနိုင်တဲ့ သီချင်းတွေလည်းရှိပါတယ်။ ဒေါ်ဒေါ် ရှမ်းပြည်နယ်ကဆင်းလာပြီး ရန်ကုန်ရောက်တော့ ဒီးဒုတ်ဦးဘချိုအိမ်မှာ သုံးလလောက် နေသေးတယ်၊ အဲဒီအချိန်မှာ ဦးဘချိုက မဟာဂီတစာအုပ်ထုတ်ဖို့ စိုင်းပြင်းနေချိန်ပေါ့။ ဒေါ်ဒေါ်သီဆိုတဲ့ သီချင်းတွေ ဦးတင်ဆီမှာ

www.burmeseclassic.com

အစုံအလင်ရှိတာမို့ အဲဒါကို ဦးဘချိုက ဖတ်ကြည့်တယ်။ ကြည့်တဲ့အခါ 'မန်းတောင်လက်ျာ' ဆိုတဲ့ သီချင်းတစ်ပုဒ် သွားတွေ့တယ်။ ဒီသီချင်းက စာကိုယ်ရှည်တဲ့သီချင်း၊ ဦးဘချိုက ဖတ်ကြည့်တော့ သူစုထားတဲ့ သူ့ရှိတဲ့ သီချင်းနဲ့မတူဘဲ မန္တလေးမြို့ကို ဖွဲ့ဆိုထားတာ အလွန်ပြည့်စုံနေတာ တွေ့ရလို့ "မလှမေရေ လာစမ်း၊ ဒီစာဖတ်ကြည့်စမ်း၊ စာတွေက မန္တလေး ဘွဲ့အလွန်ပီပြင်တယ်" လို့ ပြောပါသတဲ့။

ဦးဘချိုက ဒီသီချင်း ဘယ်ကရသလဲလို့ ဒေါ်ဒေါ်ကို မေးတယ်။ အဆိုတော် ဦးလူကြီးဆီက ရတဲ့အကြောင်း ဒေါ်ဒေါ်က ပြောပြတော့၊ အသွားရသလား ရရင်ဆိုပြစမ်းပါပြောလို့ ဒေါ်ဒေါ်ကဆိုပြတယ်။ ဒေါ်ဒေါ် ဆိုတာက ဦးဘချိုဆီမှာ ရှိပြီးအသွားနဲ့ မတူဘူး ကွဲနေတယ်။ ဒါကြောင့် ဦးဘချိုက သူ့ချပေးပါခိုင်းလို့ ဒေါ်ဒေါ်က ချပေးလိုက်သတဲ့။ ဦးဘချိုက ဒီသီချင်း သူတတ်တဲ့အခါ မောင်မောင်လတ် ရိုက်မယ့်စာအုပ်ထဲ ထည့်ချင် တယ်ပြောပြီး ဒေါ်ဒေါ်ဆီ ခွင့်တောင်းတော့ ဒေါ်ဒေါ်ကခွင့်ပြုလို့ ဦးဘချို တည်းဖြတ်ရိုက်တဲ့ မောင်မောင်လတ်ရဲ့ 'ဂီတဝိသောဓနီ' မှာ 'မန်းတောင် လက်ျာ' သီချင်းပါသတဲ့။

ဒေါ်ဒေါ် သီပေါမှာရှိတုန်းကလည်း အဆိုတော် ဦးလူကြီးတို့ သီပေါတက်လာကြတဲ့တစ်ချိန်မှာ ဦးလူကြီးက "သမီးရေ ကိန္နရာ ချောင်း ခြားပတ်ပျိုး ၄ ပုဒ် ဆိုရာမှာ ၃ ပုဒ်ပဲရှိပြီး တစ်ပုဒ်ပျောက်နေတယ်၊ ငါ့သမီးဆီများ မမဥက ပေးထားတာရှိသလား" လို့ မေးတယ်။ ဒေါ်ဒေါ်က "ရှိပါတယ်အဖေရယ်၊ အဲဒီပျောက်နေတဲ့ ပတ်ပျိုးက 'မယ်သေချင်လိုက် ပါဘိ' လို့ အစချီပါတယ်" လို့ ပြောပြီး ဦးလူကြီးကို ဒီသီချင်းပေးလိုက် သတဲ့။

နောက်တစ်ခါ အဆိုတော်ဆရာမှန်း သီပေါကို လာပြန်ပြီး ဒေါ်ဒေါ် ဆီက "မယ်သေချင်လိုက်ပါဘိ" ကို တက်ယူပြန်ရော။ ဆရာမှန်းကတော့ သီချင်းတက်ပြီးတဲ့အခါ "မယ်သေချင်လိုက်ပါဘိ" ဆိုတာ မင်္ဂလာမရှိဘူး၊ နိမိတ်မကောင်းဘူး၊ "မယ်ရွှေဘဝင်ခိုက်ပါဘိ" လို့ ပြင်ဆိုမယ်လို့ ပြော သတဲ့။ ဦးလေးတင်လည်း ဒီသီချင်းကို ဒေါ်ဒေါ်ဆီ တက်ယူတာပဲ။

www.burmeseclassic.com

www.burmeseclassic.com


ရန်ကုန်ရောက်တော့ ဦးပြုံးချိုက မဟာဂီတစာအုပ်ရိုက်မယ်လို့ သီချင်းစုနေတာကြောင့် ဒေါ်ဒေါ်တို့ဆီက ကူးယူပြီး သူ့မဟာဂီတစာအုပ်မှာ "တစ်မျိုးကိန္နရာ ချောင်းခြားကြီးပတ်ပျိုး" လို့ ခေါင်းစဉ်တပ်ပြီး ထည့်တယ်။ အဲဒီမှာ "သည်းငယ်လောင် မြမြောက်တောင်" လို့ မှားပါနေတယ်။ အမှန်က "သည်းငယ်လောင် မြေ့မြောက်တောင်" လို့ ဖြစ်ရမှာလို့ ဒေါ်ဒေါ်က ပြောပြပါတယ်။

နောက်ပြီး 'အချုပ်' 'အခြာ' 'အခရာ' လို့ ခေါ်တတ်ကြတဲ့ ကြိုးသီချင်း ၃ ပုဒ် ရှိတယ်။ သပြေပင်ဝန်းလို့ အစချီတဲ့ 'နဝရတ်' ရေဆင်းသံကြိုးက 'အချုပ်'၊ ပုံပမာလို့ အစချီတဲ့ သိကြားခရုသင်းသံကြိုးက 'အခြာ'၊ ညာသပြေဘောင်အစချီတဲ့ ကြေးခရာသံကြိုးက 'အခရာ'၊ အဲဒီ ၃ ပုဒ်မှာ စည်းနဲ့ ဗျောက်နဲ့ ထပ်တူလိုက်ပြီး ဝါး ၃ ချက် ရိုက်ရလို့ တုတ်သုံးချက် ကြိုးလို့ တီးတဲ့လူတွေက နာမည်ပေးထားကြရာမှာ မူလက တစ်သံတည်းယူပြီး ဆိုတီးနေကြတယ်။ အဲဒါကို ဒေါ်ဒေါ်က တုတ်သုံးချက်ရိုက်ပုံကို သင်ပြတယ်၊ ဘယ်လိုပြသလဲဆိုတော့ "သပြေပင်ဝန်း" ထဲမှာ "ရံကာတည့် ထူးထူးဆန်းဆန်း၊ တောင်စဉ်တည့် ဆိုင်းဆိုင်းမှိုင်းမှိုင်း၊ သာယာတည့်များတောင်း၊ သိန်းသောင်းနှင့်" ဆိုတဲ့နေရာမှာ စည်းနဲ့ ဗျောက် ထပ်တူလိုက်ပြီး ဝါး ၃ ချက်ရိုက်ရတယ်။ ဒီလို စည်းထားပုံကို ဒေါ်ဒေါ်က တပယ်ခင်ဥဆီက ရထားလိုက်တာ။

"ညာသပြေဘောင်" ထဲမှာလည်း "ဉာဏ်ပဒေသာ၊ မှန်မသွေလာ၊ ဖန်ရဝေချာ၊ စံတထွေခါ" မှာ တုတ် ၃ ချက် ရိုက်ရတယ်။ တစ်ခါတော့ ဒေါ်ဒေါ်က ရွှေပြည်အေးကို "ဟဲ့ကောင်လေး လာ ငါ တုတ် ၃ ချက် တီးသင်ပေးမယ်" လို့ ပြောပြီး သင်ပေးဖူးတယ်။ ဒီ တုတ် ၃ ချက်ကြိုးကို ဦးလေးတင်လည်း ဟင်္သာတက အဆိုတော်တစ်ဦးဆီက တက်ယူထားဖူးတယ်။ ဟင်္သာတဆိုတာ မန္တလေးမှာရှိသမျှ ဆရာတွေကို ခေါ်ပြီးသင်တဲ့ မြို့ကိုး။

ဒီကြိုးတွေရဲ့ အထားအသို သုံးပုံသုံးနည်းကလည်း အများနဲ့ မတူပြန်ဘူး။ အခြေခံအသံကို ၄ ပေါက်မှာထားပြီး အဆုံးကျတော့ ကြိုးပြန်ပေါင်းရပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဒေါ်တို့သီပေါကို အဆိုတော်တွေကလည်း စုံနေအောင် ရောက်ကြတယ်ဟုတ်လား၊ ရတနာပုံခေတ်က အဆိုတော်တွေဖြစ်ကြတဲ့ တပယ်ခင်ဥ၊ တပယ်ခင်သစ်၊ ပန်းဆက်ခင်လေး၊ ဘုရင့်ရှေ့တော်မှာ ဆိုခဲ့ရတဲ့ အဆိုတော် ဆရာဦးလူကြီး၊ ဦးပေါ်ဦး၊ နောက် မန္တလေးခေတ် အဆိုတော်တွေဖြစ်ကြတဲ့ ဆရာမှန်း၊ ခံလှိုဝင်းဆရာဆင်၊ ဦးထွန်းအိုင်၊ ခံဝင်းဦးဘ၊ အင်းဝဈေးချိုက ဆရာဆင့် စသည်ဖြင့် လူတော်တော်စုံတယ်လေ။

အဆိုတော် ဦးပေါ်ဦးဆိုတာက ရုပ်သေးမင်းသား ဦးသာပြော့ရဲ့သား၊ ဦးပေါ်ဦးသားတွေလည်း သီချင်းဆိုကြတာပဲ။ ဦးစံမှုန်တဲ့၊ ဦးစံခြုံတဲ့၊ ဆရာမှန်းဆိုတဲ့ အဆိုတော်က ရုပ်သေးမင်းသမီးကနေပြီး သီချင်းကြီးဘက် ကူးလာတာ၊ သူက သီချင်းဆိုရာမယ် ထားတာ ထေ့တာ တွဲ့တာ နွဲ့တာမှာ သိပ်ကောင်းတယ်။ ဦးဘသင်ကို တစ်ခါတော့ ဆရာမှန်းကြီးက ဘာပြောဖူးသလဲဆိုတော့ –

အသံဆိုတာ သီချင်းဆို မပြောထားနဲ့ 'ဘုရား' ထူးတာတောင် အသံအမျိုးမျိုးရှိတယ်။ ခေါ်လိုက်တဲ့အခါ ဆင်းရဲသား ထူးတဲ့ဘုရားက တစ်သံ၊ ရာဇဝင်ဇာတ်ကကြလို့ မင်းညီမင်းသား လင်ဖြစ်သူကခေါ်တော့ ထီးသံနန်းသံနဲ့ ထူးတဲ့ဘုရားက တစ်သံ၊ နောက်ပိုင်း ညီတော်ကို စစ်ထွက်ခိုင်းပြီး ခဲအိုက ခယ်မကြဲချင်လို့ ခေါ်တဲ့အခါ အရှက်အကြောက်နဲ့ ထူးတဲ့အသံကတစ်မျိုး၊ ဗုဒ္ဓဝင်ဇာတ်ခင်းကြတော့ မြတ်စွာဘုရားက "ဘုရားဒကာမကြီး" လို့ ခေါ်လို့ ထူးရပုံက တစ်မျိုး၊ ဘုရားဗျာဒိတ်ပေးတော့ ထူးပုံက တစ်သံ၊ ငါထူးတာမျိုး တူအောင်ထူးတတ်ရင် ငါက တစ်သက်လုံး ကျွန်ခံမယ်လို့ ပြောဖူးသတဲ့။ ဆရာမှန်းကြီးက နောက်ပိုင်းမှာ ဥက္ကလာအေးကြည်ရဲ့ အငြိမ့်ထဲလိုက်ပြီး သီချင်းကြီး ဆိုရှာတယ်။

ဦးပေါ်ဦးနဲ့ စိန်ဗေဒါ၊ ဦးလူကြီးနဲ့ ဒေဝဣန္ဒာ ဒီအဆိုနဲ့ ဒီအတီးဟာ သိပ်လိုက်ဖက်တဲ့ အတွဲအဖက်တွေပဲလို့ ဒေါ်ဒေါ်က ပြောတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

# စိန်ဗေဒါ

ဒေါ်ဒေါ်နဲ့ ရွှာစားကြီး စိန်ဗေဒါနဲ့ တွေ့ကြပုံကို ပြောပြပါဦးလို့ ကျွန်မက ဒေါ်ဒေါ့်ကို မေးပါတယ်။ ပြည်သူချစ်သော အနုပညာသည်စာအုပ်ထဲမှာ ဦးဗေဒါအကြောင်း ကျွန်မရေးတော့ ဦးဗေဒါနဲ့ ဒေါ်စောမြအေးကြည်တို့တွေ့ကြပုံကို မန္တလေးက ဦးဗေဒါနဲ့ နီးစပ်သူတွေဆီက ကြားရသမျှကို ထည့်ရေးခဲ့တယ်။ ဒေါ်ဒေါ်ကိုယ်တိုင်က ပြောပြတဲ့ ဒီအကြောင်းကို ကျွန်မက သိချင်သေးတယ်။ ဒါကြောင့် ဒေါ်ဒေါ့်ကို မေးတာပါ။

ဒေါ်ဒေါ်က ဒေါ်ဒေါ်နဲ့ စိန်ဗေဒါ တွေ့တွေ့ဆိုင်ဆိုင် မတွေ့ခင်ကတော့ ကြားစကားတွေကြောင့် တစ်ယောက်နဲ့တစ်ယောက် နည်းနည်းတော့ စိမ်းနေကြပါတယ်။ နို့ပေမယ့် ဒေါ်ဒေါ်က စိန်ဗေဒါရဲ့ လက်သံကို ကြားဖူးနေပါတယ်။ စိန်ဗေဒါကတော့ ဒေါ်ဒေါ်ဆိုတာကို အရင်က ကြားဖူးတယ်မထင်ပါဘူး၊ ဒေါ်ဒေါ် မန္တလေးကို ၆ ခေါက်၊ ၇ ခေါက် ရောက်ဖူးပေမယ့် ကိုဗေဒါနဲ့ မဆုံကြရဘူး၊ တစ်ခါတော့ စော်ဘွားကတော်ဘဝနဲ့ တောင်ကြီးကို သွားမယ်လို့ မန္တလေးကို စောမြဂွမ်းနဲ့ နှစ်ယောက်ဆင်းလာကြတယ်။ ဘူတာရုံထဲမှာ ဦးဘိုးရုံက စီစဉ်လာလို့ အတီးဝိုင်းတစ်ခု ဖြစ်တယ်။ ဆရာမှန်းက ‘စိုးအမွှန်မှုး’ ကိုဆိုတယ်။ ဆရာဉာဏ်ကြီးက

www.burmeseclassic.com

www.burmeseclassic.com

'တောင်ယံတော' ကို ဆိုတယ်။ ဘာဂျာဆရာလွှားလည်းပါတယ်။ ကိုဖေဒါက ပတ္တလားတီးတယ် အဲဒီမှာ ကိုဖေဒါ့လက်သံကို ဒေါ်ဒေါ် ကြားဖူးပါတယ်။ နောက်တစ်ခါ သီပေါမှာ အင်ဂျင်နီယာမင်းကြီးက အလှူပေးလို့ သြဘာသောင်းအငြိမ့်နဲ့ ကိုဖေဒါဆိုင်းကို ငှားတော့လည်း ကိုဖေဒါက ငြင်းလို့မရလို့ သီပေါလိုက်လာပါတယ်၊ လူပြက်က ခတ်ဆီတို့ပေါ့။

ပွဲမထွက်ခင် ကိုဖေဒါတီးလိုက်တာ၊ နားထောင်လို့လည်း ကောင်းလိုက်တာ၊ နို့ပေမယ့် ကိုဖေဒါရဲ့ပညာကို နားမလည်သူတွေက ပွဲထွက်ပါတော့ဗျို့လို့အော်တာနဲ့ လေပြေထိုးပစ်လိုက်ရတယ်။ ကိုဖေဒါက ငှက်ဖျားကို သိပ်ကြောက်တယ်။ ဒါကြောင့် သူ ရှမ်းပြည်နယ် မလာလိုဘူး။ အဲဒီအခေါက်ကတော့ မလာရင်မကောင်းတတ်လို့ လာရတာ။ လာတော့ ငှက်မဖျားအောင်လို့တဲ့၊ အရက်တစ်ခွက်ကို အော့အန်ပြီး သောက်သွားတယ်။ ဒေါ်ဒေါ် မန္တလေးကို ဆင်းတဲ့အခါ ဘိလစ်ဦးထင်တိုက်မှာ တီးကြဆိုကြလို့ ကိုဖေဒါကိုဖိတ်ရင် ကိုဖေဒါက မလာလေ့ဘူး။ ဒါကလည်း ကြားစကားရှုပ်ထားလို့ စိမ်းနေတာပါ။

နောက် တွေ့ကြတော့ ကိုဖေဒါက ကျေနပ်လွန်းလို "ကြည်ကြည်သာ အလုပ်,လုပ်မယ်ဆိုရင် ကျွန်တော် ဆိုင်းမတီးတော့ဘူး၊ စောင်းနဲ့ ကြည်ကြည်နဲ့ အလုပ်, လုပ်မယ်" လို့တောင် ပြောရှာပါတယ်။ ကိုဖေဒါက ဆိုင်းထဲမှာတော့ သူ့လိုလူမရှိပါဘူး။ အဲ သူက ပညာတော့ဝှက်တယ်။ ပညာသည်မှန်သမျှ အကုန်ယူနိုင်မယ့်လူဆိုရင် အကုန်မပြဘူး၊ ဆရာစားချန်ပြတတ်တယ်။ ဘာလို့လဲဆိုတော့ နောင်ခါမှာ ကိုယ့်လှံနဲ့ ကိုယ့်ပြန်ပြီး ထိုးတတ်ကြတာကိုး။ ပညာမာနလည်း အလွန်ကြီးတဲ့လူပဲ။ သူ့ သဘောမကျတဲ့ အဆိုသမားကျရင် လက်ကိုင်ကို ပစ်ချလိုက်တာ၊ ဆက်မတီးဘူး။ ဒေါ်ဒေါ်နဲ့တွေ့တော့ သူက အင်မတန် သဘောကျတယ်။ အဆိုနဲ့အတီးဆိုတာ ခံစရာရှိရင် အတီးကခံရတာချည်းပတ်လား။ အဆိုက လမ်းပြ၊ အတီးက နောက်လိုက်၊ စည်းက အလွန်အရေးကြီးတယ်လေ။ ဒေါ်ဒေါ်နဲ့ ဆိုကြတီးကြတုန်းက ဒေါ်ဒေါ်က သူကစားချင်တိုင်း ကစားရအောင် ဆိုပေးတော့ တီးလိုက်တာ တပြုံးပြုံးနဲ့။ သူနဲ့ ဒေါ်ဒေါ်က တစ်ဆရာတည်း

www.burmeseclassic.com

www.burmeseclassic.com

တပည့်တွေကလား။ အဲဒီတော့ ပထမအကြိမ် တွေ့ကြတာဆိုပေမယ့် တီးလိုက်ရင် အဆိုနဲ့ ချပ်ခနဲပဲ။

စောင်းပညာရဲ့ အတိမ်အနက်ကို လိုက်စားတဲ့ ဆိုင်းဆရာဟာ ကိုဗေဒါပဲရှိတယ်။ ကိုဗေဒါကို 'ပူးကလေး' လို့ ချစ်တဲ့လူတွေက ခေါ်ကြတယ်လေ။ ဒေဝဏ္ဏနွာက စောင်းနဲ့၊ ကိုဗေဒါက ပတ်ဖျားနဲ့၊ ဆရာသက်က ပုလွေနဲ့၊ ဦးလူကြီးက ဆိုပေးတဲ့အခါမျိုး သိပ်ကောင်းတာ။ ကိုဗေဒါက ပတ်လုံးပေါ်လက်တင်လိုက်ရင် ပတ်လုံးကလေးတွေက ကိုဗေဒါကို အလိုလို ကြောက်နေကြသလိုပဲ။ ကိုဗေဒါက စောင်းပညာ မလိုက်စားခင်ကသာ ပတ်လုံးတွေကို ရိုက်နှက်တီးနေတာ။ စောင်းပညာ လိုက်စားလာတော့ ပတ်လုံးကို အရင်လို နင်လား, ငါလား မရိုက်တော့ဘူး၊ ညင်သာလာပြီး အနုပဲတီးတယ်။ စောင်းသံနဲ့တူအောင် အကောင်းတီး၊ အလှတီး၊ အနုတီးတွေပဲတီးတယ်။

ကိုဗေဒါက ပညာနဲ့ကျရင် သူ့အစ်ကို ဆရာစိမ့်ကိုတောင် ပြိုင်တဲ့လူ။ မန္တလေးမြို့မှာ ဝန်ထောက်ဦးဘိုးနီဆိုတာ ဟိုတစ်ခေတ်ကတော့ သိပ်ဩဇာကြီးတာ။ မန္တလေး ရှင်ဘုရင်ပဲ။ သူ့အလှူမှာ ဆရာစိမ့်ဆိုင်းနဲ့ ဗေဒါ့ဆိုင်း နှစ်ဆိုင်းစလုံးဌားပြီး ညီအစ်ကို ဆိုင်းပြိုင်တီးစေတော့၊ အစ်ကိုက ယဉ်ယဉ်ကလေးတီးတယ်။ ကိုဗေဒါကတော့ နင်လား, ငါလား တီးပစ်တာပဲ။

ကိုဗေဒါ စောင်းဘက်လိုက်စားလာတာကတော့ ရတနာဂီရိမှာ သီပေါဘုရင်က သမီးတော်တွေ နားထွင်းပွဲကိုခေါ်တော့မှ စောင်းဘက်ကို သူညွှတ်လာတာ။ အဲဒီတုန်းက အဆိုတော် ဦးလူကြီးလည်း ပါတယ်။ သူ့အရှင်ဟောင်း၊ သခင်ဟောင်းအလှူကိုး။ ဆိုင်းက ကိုဗေဒါ၊ နဲ့က ဦးသာကြိုင်၊ စောင်းက ဒေဝဏ္ဏနွာ၊ ဇာတ်မင်းသမီး မစန်းကြည်နဲ့ သူ့အဖေ ဦးကြွင်းတို့ လိုက်သွားကြတယ်။

ဒေဝဏ္ဏနွာနဲ့ ဦးလူကြီးကိုတွေ့တော့ ကျေးဟောင်းကျွန်ဟောင်းမို့ ဘုရင်က ပြုံးရာက မဲ့သွားသတဲ့။ ရှေ့တော်မှာ တီးကြတော့ ဘုရင်က "ရွှေဘုန်း၊ ရွှေဘုန်းတော် လေတည့်မှ လွန်ကဲစည်ထွန်းပေါ်..." ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com

'သာနိုးပျော်ဘွယ်' ကြိုးကို အတီးခိုင်းသတဲ့။ ပြီးတော့ ဘာတီးကြမလဲလို့ ဘုရင်ကမေးတော့ ဦးလူကြီးက အားလုံး အသင့်ဖြစ်ခဲ့ပြီးပါဘုရားလို့ လျှောက်ထားပြီး 'ဖြူပြာမှုယာ' ပတ်ပျိုးကိုတီးသတဲ့။ ဒီပတ်ပျိုးထဲက "တစ်နိုင်ငံ မြင်ယံခြား၊ ကြံအားဆောင်လို့ ကြိုးနှောင်ရှာတယ်..." ဆိုတဲ့ အပိုဒ်ရောက်တော့ ဘုရင်က "ဒါကို မဆိုပါနဲ့ကွယ်" လို့ ပြောသတဲ့။

ကျွန်မတို့ငယ်ငယ်က ဗေဒါကြီးကို သရော်ရှုတ်ချချင်သူတွေက ဗေဒါတို့များ ဘယ်လောက်အ,သလဲဆိုရင် ရတနာဂီရိလိုက်သွားပြီး ဘုရင့်ရှေ့တော်မှာ "တစ်နိုင်ငံမြင်ယံခြား" ကို တီးသတဲ့။ အဲဒီတော့ ဘုရင်က မျက်နှာပျက်သွားပြီး ဒီသီချင်းဖြင့် မဆိုပါနဲ့ကွယ်လို့ အတားခံရသတဲ့လို့ ပြောသံ ခဏခဏကြားရဖူးတယ်။ ခု ဒေါ်ဒေါ်ပြောပြတော့မှ ဒီသီချင်းကိုတီးတာ စိန်ဗေဒါမှာချည်း တာဝန်ရှိတာမဟုတ်ဘဲ၊ ဦးလူကြီး ဒါမှမဟုတ် တစ်ဖွဲ့လုံးက ရွေးထားတာကို တီးကြတာမှန်း သိရပါတော့တယ်။ ဘုရင်က ဗေဒါကို အဲဒါတီးမိလို့ စိတ်ကွက်သွားရင် 'နေမျိုးဗလကျော်သူ' ဘွဲ့ကို ချီးမြှင့်လိုက်မယ်မဟုတ်ပါဘူး။ ဒေါ်ဒေါ်ကပြောတာဖြင့် ဒီဘွဲ့သာမက အဲဒီတုန်းက ငွေဆိုင်းကြီးတစ်ခုကိုပါ ကိုဗေဒါကိုပေးဖို့ ဘုရင်က စီစဉ်နေတုန်း ဒေဝက္ကန္ဒာက "ကျွန်တော်မျိုးများလည်း ပြန်ပါရစေ" လို့ တင်လျှောက်သတဲ့။ ဘာလို့ ပြန်ချင်တာလဲလို့ ဘုရင်ကမေးတော့ "သီပေါက ပေးထားတဲ့ မြင်းကလေး ကြည့်မယ့်လူ မရှိလို့ပါဘုရား" လို့ တင်တော့ "အေး ဒါဖြင့် ပြန်ကြ" လို့ ပြောပြီး ငွေဆိုင်းမပေးလိုက်တော့ဘူးတဲ့။ ဒေဝက္ကန္ဒာ အင်မတန်ရိုးတယ်ဆိုတာ ဟုတ်မှာပဲ။

ကိုဗေဒါကို 'နေမျိုးဗလကျော်သူ၊' မစန်းကြည်ကို 'မဓုသက္ကမဟေ' ဘွဲ့ပေးလိုက်တယ်။ မစန်းကြည်အဖေ ဦးကြွင်းက ဓာတ်လူကြမ်းကြီး အင်မတန်တော်တယ် ကောင်းတယ်လို့ ဒေါ်ဒေါ်က ပြောပြတယ်။ ရတနာဂီရိကအပြန် ကိုဗေဒါက ဒေဝက္ကန္ဒာကို ကျွန်တော် စောင်းသင်ပါရစေလို့ပြောတော့ ဒေဝက္ကန္ဒာက မင့်လက်ကြီးနဲ့ မတီးချင်ပါနဲ့လို့ ပြောသတဲ့။ ကိုဗေဒါရဲ့ စောင်းသံဟာ ပညာခန်းပြည့်ပေမယ့် လက်ကမပါဘူး။ သူ့စောင်းဟာ သဘာဝလောက်ပါပဲ။ နင်လား၊ ငါလားတော့မရှိဘူး၊

www.burmeseclassic.com

www.burmeseclassic.com

ကိုဖေဒါတီးတာက လက်မ, မပါဘူး။ လက်ညှိုးတော့ကောင်းတယ်။ ကိုဖေဒါက ခွဲကောင်းတယ် ပညာကောင်းတယ်လို့ ဒေါ်ဒေါ်က ပြောပြပါတယ်။

ပတ္တလားကျတော့ ဦးဟန်ပက ကိုဖေဒါထက် ပိုကောင်းတယ်။ ဦးဟန်ပနဲ့ ကိုဘသန်းတို့အတီးနဲ့ ဒေါ်ဒေါ်သီချင်းသွင်းထားဖူးတယ်။ အဲဒီသီချင်းကို ဦးဟန်ပ သွက်ချာပါဒဖြစ်လို့ ကိုယ်တစ်ခြမ်းသေနေတုန်း ဖွင့်ပြတော့ ဦးဟန်ပက စိတ်မကောင်းလွန်းလို့ နားမထောင်ချင်ဘူးလို့ ပြောသတဲ့။ "ကြည်ကြည်မရှိတဲ့အချိန်များ ဒါကိုဖွင့်ပြရင် ကျွန်တော်တော့ နားမထောင်ရက်ဘူး၊ နား ၂ ဖက်ကို ပိတ်ထားမှာပဲ" လို့ ပြောရှာတယ်။ ခုတော့ ဦးဟန်ပက ဒေါ်ဒေါ့်အရင်သွားတယ်လို့ ဒေါ်ဒေါ်က ပြောတယ်လေ။

ဦးဖေဒါကိုတော့ ဒေါ်ဒေါ်က အကြံအဖန် အင်မတန် ကောင်းသတဲ့။ အဆစ်ကို အင်မတန်သိ၊ အင်မတန်ကောင်းတဲ့လူ၊ တစ်ဘက်သားကို 'ဟယ်' ခနဲဖြစ်အောင် လုပ်နိုင်တာ၊ ဖေဒါတီးသွားတယ်ဆိုရင် တစ်ဘက်သားနားထဲ စွဲကျန်ရစ်တာ တစ်ခုမကစေရဘူး၊ ဒီလိုတီးနိုင်သူက အလွန်ရှားသတဲ့။

ဦးဖေဒါအသေစောလို့ ဒေါ်ဒေါ်က "နှမြောလိုက်တာ၊ နှမြောလိုက်တာ၊ သူက တီးလိုက်ရင် မျက်နှာက ပြုံးတက်လာတယ်။ လူ အရုပ်ဆိုးသလောက် မျက်နှာက ချိုလာတယ်။ ဒေါ်ဒေါ်က ကူးမှာကို သူကသိနှင့်နေပြီ၊ သူကကူးမှာကို ဒေါ်ဒေါ်က သိနှင့်နေပြီ၊ ဒေါ်ဒေါ်တည်းနေတဲ့ ဦးခင်မောင်ဒွေးအိမ်ကိုတောင် သူလာပြီး၊ 'ကြည်ကြည်ဆိုမယ်ဆိုရင် ထိုင်ဆို အငြိမ့်ကြီးထောင်မယ် ဆိုင်းမတီးတော့ဘူး' တဲ့။ ကိုဖေဒါက ဒေါ်ဒေါ့် အပေါ် တစ်ခု အသာယူသွားတာရှိတယ်။ နှစ်ယောက် တစ်ညလုံး ဆိုကြတီးကြလို့ ပြီးသွားကြတော့ ကိုဖေဒါက 'ကြည်ကြည်မောသွားပလား' တဲ့၊ မမောသေးပါဘူးလို့ဖြေတော့ ဒါဖြင့် 'ဇေယျာရွှေမြေ' ဆိုပေးစမ်းပါဦးလို့ ပြောပြီး 'ဇေယျာရွှေမြေ' ကို အလွန်ကောင်းတဲ့အကွက်တွေနဲ့ တီးပြသတဲ့။ ပြီးသွားတော့မှ "ကျွန်တော်တတ်တဲ့ ဇေယျာရွှေမြေကတော့

www.burmeseclassic.com


ဒါပါပဲ” လို့ ပြောသွားသတဲ့။ ဒေါ်ဒေါ်က မဟာဂီတမှာ ပတ္တလားကွက် ရယ်လို့မရှိပါဘူး၊ ပတ္တလားက တူရိယာသူခိုး၊ သူက ကျဘန်း လိုက်တီးတဲ့ တူရိယာပါ၊ ကိုဗေဒါ ပတ္တလားနဲ့တီးသွားတဲ့ အလွန်ကောင်းတဲ့ ‘ဇေယျာ ရွှေမြေ’ က စောင်းကထွက်တဲ့ ‘ဇေယျာရွှေမြေ’ ပါလို့ ဒေါ်ဒေါ်က ပြောပြ ပါတယ်။

ဦးလေးတင်ကတော့ ဒီအကြောင်းကို ဘယ်လိုဖြည့်စွက်ပြောသလဲ ဆိုတော့ ကိုဗေဒါက ‘ဇေယျရွှေမြေ’ ကို သူကြိုက်တဲ့အကွက်တွေနဲ့ တီးလည်းပြီးရော၊ ပတ္တလားလက်ခတ်တွေကို ပစ်ချလိုက်ပြီး ဒီကဆရာကြီး တွေ ဇေယျာရွှေမြေကို အကုန်တတ်ကြပါတယ်၊ ကျွန်တော်တတ်တဲ့ ဇေယျာ ရွှေမြေကတော့ ဒါပါပဲ” လို့ ပြောသွားပါသတဲ့။

ဒေါ်စောမြအေးကြည်နဲ့ စိန်ဗေဒါတို့ မတွေ့စဖူး တွေ့ကြ တီးကြ ဆိုကြတဲ့ ညအကြောင်းကို ဒေါ်ဒေါ့်ခင်ပွန်း ဦးလေးတင်က ဖြည့်စွက်ပြောပြ တာကတော့ –

ဦးလေးနဲ့ ဒေါ်ဒေါ်အကြောင်းဆက်ပြီးတဲ့အချိန် ဒေါ်ဒေါ် အသက် ၄၆ နှစ်လောက် (၁၉၃၈ ခု) က ဦးလေးတို့နှစ်ယောက် မန္တလေးကို လာကြပြီး စာရေးကြီး ကိုဘသင်အိမ်မှာ တည်းကြတယ်။ အဲဒီအခါက်မှာ ဘီလစ်ဦးထင်နဲ့ မန္တလေးပညာသည်တွေအကုန်က စောမြအေးကြည်နဲ့ စိန်ဗေဒါ တွေ့ကြစေချင်တယ်၊ နှစ်ယောက် တစ်ခါမှ မတွေ့ဆုံဖူးသေးလေ တော့ ဘီလူးတွေ့ ဒူးတွေ့ တွေ့တာမျိုး တွေ့စေချင်ကြတာပေ့ါ။ စိန်ဗေဒါ က မန္တလေးမြို့ရဲ့ မျက်နှာဖုံးဟုတ်လား၊ အဲဒီတော့ စောမြအေးကြည်ဆိုလို့ စိန်ဗေဒါ ကျိုးသွားတယ်၊ ခလုတ်တိုက်သွားတယ်ဆိုရင် မန္တလေးမြို့ပါ နာတယ်၊ ဒါကြောင့် စိန်ဗေဒါက ရှောင်တာပါပဲ၊ တကယ်ကတော့ စောမြအေးကြည်ကလည်း မန္တလေးအနွယ်ပါပဲ။

မန္တလေးက ပညာသည်တွေက စောမြအေးကြည် ဘာကျော်တာ လဲလို့ သီပေါတက်ကြည့်ကြတယ်။ ကိုဗေဒါကတော့ မလာဘူး။ ဆရာတာ့ ကို ကိုဗေဒါက စောမြအေးကြည် ဘယ့်နှယ့်လဲ ဦးလေးတာလို့ မေးသတဲ့။ ဆရာတာက “မောင်သွားတော့ မောင်တွေ့လိမ့်မပေါ့” လို့ ပြောသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

ဆိုင်းဆရာဘကြီးကတော့ "ဟော့ – မင်းတို့ ဒီမှာ တော်နေတယ်ဆိုတာ သတ္တိရှိရင် ရှမ်းပြည်နယ်တက်ကြကွာ" လို့ ပြောသတဲ့။ ကိုဗေဒါကတော့ ငှက်ဖျားလည်းကြောက်လို့၊ ဂုတ်ထိပ်လည်း မဖြတ်ချင်လို့ ရှမ်းပြည်နယ်ကို မလာပါဘူး။

မန္တလေး မဟာဂီတအသင်း ဥက္ကဋ္ဌဦးထင်၊ ဦးစံဝင်းတို့က စောမြအေးကြည်တည်းတဲ့ ဦးဘသင်အိမ်ကို လာဖိတ်ပြီး ကိုဗေဒါနဲ့ ဆုံပေးဖို့ စီစဉ်ကြတယ်။ ဦးတင်က ကိုဗေဒါကို သွားဖိတ်တော့ ကိုဗေဒါက "မင်းမင်းရယ်၊ ကျွန်တော် ရင်တုန်ရောဂါရှိနေလို့ တီးတော့ မတီးပါရစေနဲ့၊ နို့သော်လည်း နားထောင်ဖို့တော့ လာပါ့မယ်" လို့ ပြောလိုက်သတဲ့။ ဖိတ်တဲ့နေ့မှာ မောင်မောင်လတ်တို့၊ ဦးခင်မောင်ဒွေးတို့ လာကြတယ်။ လူတွေက အစုံပဲ။ နို့ပေမယ့် ဆိုကြ တီးကြမယ်လို့ပြင်တော့၊ ကိုဗေဒါ ရှိနေလို့ ပတ္တလားသမားတွေက ဘယ်သူမှ ပတ္တလားထဲ ဝင်မထိုင်ကြဘူး။ ပွဲကြီးပွဲကောင်း ကြည့်ချင်ကြတယ်လေ။ ကိုဗေဒါက မဝင်လာတော့ ဆိုင်းဆရာဝင်ပါလို့ ဖိတ်တဲ့လူက ဖိတ်တယ်။ ကိုဗေဒါက "ကျွန်တော် နားထောင်ချင်လို့လာတာပါ" လို့ပဲ ဖြေတယ်။ နို့ပေမယ့် "ဆိုင်းဆရာ တီးပါ" လို့ တခြားလူတွေက ဝိုင်းပြောကြတော့ ကိုဗေဒါက "ဦးလေး ဘကြီးကိုခေါ်ပါ" လို့ ပြောတယ်။ ဦးတင်က ဒီနေ့ပွဲမှာ ဆရာဘကြီးကို မဖိတ်ဘူး၊ တမင်ချန်ထားတာ၊ ဆရာဘကြီးလာရင် ဦးဗေဒါ တီးရမှာ မဟုတ်ဘူး၊ သူချည်းတီးနေမှာ၊ ဒါကြောင့် ကြိတ်ဝိုင်းလုပ်မယ်လို့၊ ဆရာဘကြီးကလည်း မဖိတ်ဘဲထားတာသိလို့၊ ဒေါပွနေပြီ၊ ပတ္တလားရှိရာကို ဘယ်သူမှ မဝင်ဘဲဖြစ်နေတော့ ဦးထင်က ဆရာဘကြီးကို သွားအခေါ် ခိုင်းလိုက်တယ်။ လာခေါ်တဲ့လူကို ဆရာဘကြီးက "ဟော့ – ဒီကောင်ကြီး သိတယ်၊ သတ္တိရှိရင် ချပါလားကွ၊ ငါ့လို ဘီလူးတွေ့ ဒူးတွေ့" လို့ ပြောသတဲ့။ ဦးထင်ရဲ့ တိုက်ဆင်ဝင် ဆရာဘကြီးရောက်တော့ "ဆရာကြီး မျှော်နေတာပဲ" လို့ ဝိုင်းဖြီးကြသတဲ့။ ကိုဗေဒါက ပတ္တလားနားမှာ ထိုင်လျက် ရှိတယ်။ ဆရာဘကြီးဝင်လာပြီး လက်ခတ် ၆ စုံလောက် ခါးထိုးရင်း ပတ္တလားရှေ့ ဝင်ထိုင်တော့၊ ဒေါ်ဒေါ်က ခြေဆင်းတစ်ပုဒ် ကောက်ဆိုလိုက်
www.burmeseclassic.com

www.burmeseclassic.com


တယ်။ ဆရာဘကြီးက သမားရိုးကျ သောင်းပြောင်းပတ်ပျိုး ခံကိုမခံဘဲ သံဆန်းလတ်သဘောနဲ့ ဝမ်းစာနဲ့ ပတ်ပျိုးခံတော့ ဒေါ်ဒေါ်က "အဘရယ်၊ ကျွန်မဆိုတဲ့အခါ ဆန်းဆန်းပြားပြားတွေ မလုပ်ပါနဲ့၊ သမားရိုးလုပ်ပါ" လို့ အပြစ်တင်သလို ပြောသတဲ့။ ဆရာဘကြီးက "သမီးရယ်၊ အဘက ပျော်လို့လုပ်တာပါ" လို့ ပြောတယ်။

ဒေါ်ဒေါ်စဆိုတော့ ဆရာဘကြီးဝါဒက အတီးကြမ်းတယ်။ ဒေါ်ဒေါ်က အလုပေးဆိုတော့ ကိုဗေဒါကဝင်ပြီး စုပ်သတ်လိုက်၊ ဦးလေးတင် မျက်နှာကြည့်လိုက်နဲ့ ဖြစ်နေသတဲ့။ ဦးလေးတင်က တယောနဲ့ လိုက်နေတာ။ သီချင်းတစ်ပုဒ်ဆိုချလိုက်တာကို ဆရာဘကြီး တီးချလိုက်သံ ကြားတော့ ကိုဗေဒါက နှမြောပြီး သွားရည်များကျသတဲ့။ သူ့စိတ်ထဲ ငါသာ တီးလိုက်ရရင် ဘယ်လောက်များ ကောင်းမလဲလို့ ခံစားရတဲ့ပုံပဲ။ ဒေါ်ဒေါ်က တစ်ချီတည်း ၃ နာရီလောက် ဆိုချလိုက်တယ်။

ဆုံးသွားတော့ ဦးခင်မောင်ဒွေးတို့၊ မောင်မောင်လတ်တို့၊ ကိုဗေဒါတို့က ကြည်ကြည်ဆိုတာ ခတ်ပြားထဲကြားရတော့ အထင်သေးမိတယ်။ အခုမှ ကြည်ကြည်အကြောင်း သိရတယ်လို့ ပြောကြတယ်။ နေ့, နားနားပြီး ညနေတစ်ချီ ဝင်ပြန်တော့လည်း ဆရာဘနဲ့ပဲ တီးကြ ဆိုကြပြန်ရော။ အဲဒီတော့လည်း "ဆိုင်းဆရာတီးပါ၊ ကြည်ကြည်နဲ့ အလွန် ဟပ်ပါလိမ့်မယ်" လို့ ဝိုင်းပြောကြပြန်ရော။ ဒီတော့လည်း ကိုဗေဒါက ငြင်းသေးတာပဲ။ "ကြည်ကြည်ဆိုတာ နားထောင်ချင်လို့လာတာပါ" လို့ပဲ ပြောတာပဲ။

နံနက်မိုးလင်းလို့ အားလုံး ပြန်ကြတော့မယ်ဆိုမှ ကိုဗေဒါက "နောက်အပတ်ကို မိုးကြိုးသတ်ပါတော့မယ်" လို့ ပြောပြီး ပြန်သွားတယ်။ ဟိုခေတ်က လက်ဖွဲ့သမား မိုးကြိုးတို့၊ စက်ကလေးတို့ဆိုတဲ့ လက်ဖွဲ့သမား နာမည်ကြီးတွေရှိတယ်။ သူတို့ သတ်တဲ့ပွဲတွေဟာ ပွဲကြီး, ပွဲကောင်းတွေပဲ။ နောက်အပတ် မိုးကြိုးသတ်မယ်ဆိုရင် ပွဲကြီး, ပွဲကောင်းတော့ ဖြစ်ပြီမို့၊ ကြည့်ကြရပြီပေါ့။ မန္တလေးမှာ အဲဒီခေတ်က စနေ၊ တနင်္ဂနွေနေ့တိုင်း မဟာဂီတအသင်းသားတွေက ဥက္ကဋ္ဌ ဘီလစ်ဦးထင်တိုက်မှာတစ်လှည့်၊

www.burmeseclassic.com

www.burmeseclassic.com

ရုံပိုင်ကြီး ဦးစံဝင်းအိမ်မှာတစ်လှည့် စုပြီး အလှည့်ကျ သီဆို တီးမှုတ်လေ့ရှိတယ်။

ကိုဖေဒါနဲ့ တီးမယ့်နေ့က ဦးစံဝင်းရဲ့ ဘူတာရုံနားကတိုက်မှာပေါ့။ အဲဒီနေ့မှာ ကိုဖေဒါက ဦးစံဝင်းကို ဘာဂျာဆရာတာကို ခေါ်ပေးပါလို့ ပြောတယ်။ ဆရာတာက ဘာဂျာဆွဲရင် သူမရတဲ့သီချင်းပေမယ့် ညာဖြန်းပြီး ဆွဲနိုင်တယ်။ စည်းဝါးလည်း အင်မတန်တတ်တယ်။ ကိုဖေဒါက အထိန်းရအောင်လို့ ဆရာတာကိုခေါ်တာ။ ဆရာတာကလည်း ညနေ (၅) နာရီကကျော်ရင် ငွေတစ်ထောင်ပေးတောင် မလိုက်ဘူးဆိုတဲ့လူစား၊ ခေါ်မရတော့ ဦးလေးနွံ့ သံပတ္တလားတီးပါ။ ဦးလေးနွံ့က ရှမ်းပြည်နယ်မှာ အမြဲတီးနေတဲ့လူပါ။ ဦးတင်က တယောထိုးပါ။ ဘေးကလူတွေက တောင်လိုက်မြောက်လိုက် မလုပ်ကြပါနဲ့၊ ကြည်ကြည်နဲ့ မတီးဖူးလို့ နားစောင့်ထားရပါလိမ့်မယ်လို့ ကိုဖေဒါက ပြောတယ်။ အဲဒီနေ့က သူ့တပည့်ကြီးနှစ်ယောက်ဖြစ်တဲ့ နဲ့ ကိုမြလေးနဲ့ မြန်မာညွန့် ကိုချစ်မောင်တို့လည်းပါတယ်။

ကိုဖေဒါက အဲဒီနေ့က ပတ္တလားတီးတဲ့လောကမှာ ဘယ်သူမှမလုပ်တဲ့ အလုပ်တစ်ခုလုပ်တယ်။ ပတ္တလားကြီးကို တန်းနေအောင်ဆွဲပြီး ပတ္တလားအိမ်ကို နဲ့ကိုမြကလေးကို အကိုင်ခိုင်းလို့ ကိုမြကလေးက အိမ်ကြီးကို ကိုင်ထားရတယ်။ ဒေါ်ဒေါ်က ပတ္တလားရှေ့ကထိုင်နေတော့ ကိုဖေဒါက ပတ္တလားစမ်းရင်း တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြတယ်။ ဒေါ်ဒေါ်ကလည်း စည်းကိုင်ရင်း သူခံတာ ငါဆိုမယ်ပေါ့။ ကိုဖေဒါကလည်း သူဆိုတာငါတီးမယ်ပေါ့။ ဘယ်သူကမှမစတော့ တစ်ထစ်စီလျှော့ပြီး တစ်ခါစောင့်ကြပြန်ရော။ ဒါလည်း မစသေးဘူး။ အဲဒီတော့ ပရိသတ်က "ဟယ် – လုပ်ကြပါလေ၊ လုပ်ကြပါ၊ လုပ်ကြပါ" နဲ့ ပြောလာပြီ။ ဒီတော့ ဒေါ်ဒေါ်က "ဆိုင်းဆရာ ဆိုရတော့မလား" လို့ မေးတယ်။ ကိုဖေဒါက "ဆိုပါ ဆိုပါ ဆိုပါ ဆိုပါ" တဲ့။ အဲဒီမှာ ဒေါ်ဒေါ်က လေးချိုးကြီးတစ်ပုဒ်ကောက်ဆိုလိုက်တယ်။

အဲဒီခေတ်က ရတု ရကန်၊ မော်ကွန်း အဲအန်တွေကို သဘင်သမားက အဖိုးတန်တယ်မထင်ဘူး။ ဒေါ်ဒေါ်ကတော့ တတ်ထားတာ။

www.burmeseclassic.com



'မြမြမောင်းတော့' လေးချိုးကြီးကို ခြေဆင်းသဘောနဲ့ ကောက်ဆိုလိုက်တော့ ကိုဗေဒါက ဘာလိုက်ရမှန်းမသိသေးဘဲဖြစ်နေပြီး 'အောင်စည်အောင်မောင်းက စစ်ပါဘိ' လို့ ဆုံးတော့မှ ကိုဗေဒါက ဒီအကျကို မန်းတော၊ တောလိုက်တယ်။ အဲဒီမှာ ပညာသည်တွေက ကိုဗေဒါတောပေးတဲ့ အတောက နုတ်ရမလားလို့ သူ့ကို ဝိုင်းကြည့်နေကြတော့ ကိုဗေဒါက "ကြည်ကြည် ဘာခံရမလဲ" လို့ မေးတယ်။ "ပတ်ပျိုးခံပါ ဆိုင်းဆရာ" လို့ ပြောတော့ ကိုဗေဒါက ဆိုင်းမှာတီးတဲ့ သံဆန်းတစ်ပုဒ် တီးချလိုက်ပြီး 'မြမန်းဂီရိ သေလာတောင်' အပိုဒ်ကိုတီးတယ်။ အဆုံးမှာ ပတ်ပျိုးကို ရှေးသမားရိုးခံကြီးကို ခံပေးတယ်။ သူခံပေးတဲ့လက်ရာက ပညာအင်မတန်ပါတဲ့လက်ရာမို့ ဒေါ်ဒေါ်က သိပ်ချီးကျူးတယ်။

နောက် ဒေါ်ဒေါ်က 'စုံနယ်သာစွ' တေးထွက် ပတ်ပျိုးကြီးကို ဆိုတယ်။ ဒီပတ်ပျိုးက အင်မတန် ပညာသည်ကြီးတွေမှတီးနိုင်တဲ့ပတ်ပျိုး၊ ကိုဗေဒါက ဒီပတ်ပျိုးကို သူတီးချင်တာ ကြာလှပါပြီလို့ပြောပြီး တီးလိုက်တာ၊ အဆိုကို ဆိုမရအောင် အမွှေတွေ အနှောက်တွေနဲ့လည်း တီးတယ်။ ဒေါ်ဒေါ်က နှောက်ပေးပေမယ့် စည်းဝါးမပျက်ဆိုတယ်။ အခြောက်အလှန့်တွေ လုပ်တီးပေမယ့်လည်း ဒေါ်ဒေါ်ကမလန့်ဘူး။ အဲဒီတော့ ကိုဗေဒါက စိတ်ချလက်ချ တီးတော့တယ်။ ဒီတော့လည်း ဆိုရင်း၊ ဆိုရင်း တစ်ယောက်နဲ့တစ်ယောက် နေသားကျသွားလိုက်တာ အချင်းချင်း တိုက်ထားတဲ့အတိုင်း ဖြစ်နေတယ်။

ဒီလိုဖြစ်ရတာ ဒေဝဣန္ဒာ၊ ဦးလူကြီး စတဲ့ ပုဂ္ဂိုလ်တွေဆီက ပညာခန်းတွေ ယူထားကြတာဆိုတော့ မူတွေမှာ အများဆုံး တူနေလို့ပဲ။ ဘေးက နားထောင်သူတွေက ဘီလူးတွေ့ဒူးတွေ့ တွေ့ကြတာကိုကြည့်ချင်တာ ခုတော့ တိုက်ထားတဲ့အတိုင်းပါပဲကလားလို့ ပြောကြတယ်။ နောက်ပိတ်ဆုံးမှာ အခုခေတ်စားနေတဲ့ "ကိုယ်တော်နှင်းနံ့" ပတ်ပျိုးနဲ့ "မြန်မြေနယ် ဇမ္ဗူဘောင်" ကို ဆိုတီးကြတော့ အကွက်တွေဟာ ဒေဝဣန္ဒာရဲ့ မူမို့ ၂ ယောက်သား တစ်ခါတည်း ထပ်တူဖြစ်နေတယ်။ အဲဒါကို နားထောင်ကြသူတွေက တို့ရထားတာနဲ့မတူဘူး။ ကိုဗေဒါနဲ့ စောမြအေးကြည်

www.burmeseclassic.com

www.burmeseclassic.com

တို့ဟာက တယ်ကောင်းပါကလား၊ ဘယ်တုန်းက တိုက်ထားကြသလဲလို့ အံ့အားသင့်ကြတယ်။ ဦးစံဝင်းကြီးကလည်း သူ့မူနဲ့မတူလို့တဲ့။ မခင်ကြည် ကိုဗေဒါသုံးတဲ့ 'ကိုယ်တော်နှင်းနံ့' နဲ့ 'မြန်မြေနယ်ဇမ္ဗူဘောင်' ကို 'ကျွန်တော့်တက်ပေးပါ' လို့ ပြောလာတယ်။ ခု ကိုဗေဒါရဲ့ အဲဒီမူဟာ ပန်တျာရောက်နေပါပြီ။ အားလုံးပြီးပြီဆိုတော့မှ ကိုဗေဒါက ကြည်ကြည် မောပလားမေးပြီး သူ့သမားဂုဏ်ပြ 'ဇေယျာရွှေမြေ' ကို သူစိတ်တိုင်းကျ တီးပြသွားတာပါလို့ ဦးလေးတင်က ပြောပါတယ်။

နောက် စနေ တနင်္ဂနွေရောက်တော့ –

ကိုဗေဒါက ဦးထင်အိမ်ပေါ်မှာ ကျွန်တော်နဲ့ ကြည်ကြည်နဲ့ နှစ်ယောက်တည်း ဆုံပေးစမ်းပါလို့ တောင်းခံတယ်။ ဒါကြောင့် ဆုံပေးတော့ ကျွတ်ကျွတ်လွတ်လွတ် ၂ ယောက်သား ပညာချင်း နှီးနှောကြတာပါပဲ။ ဒေါ်ဒေါ်တို့နှစ်ယောက် ယိုးဒယားတွေကို နှီးနှောတာက များပါတယ်။ ပတ်ပျိုးတွေကိုလည်း နှီးနှောတယ်။ သူ့မူနဲ့ ဒေါ်ဒေါ့်မူနဲ့ ချိန်ထိုးကြည့်တယ်လေ။ ဒီလိုချိန်ထိုးကြည့်လိုက်တော့ များသောအားဖြင့် တူတာများတယ်။ ရာခိုင်နှုန်း ၈၀ – ၉၀ လောက်ကို တူပါတယ်။ ဒေါ်ဒေါ်ကလည်း ဒေဝဣန္ဒာဆီက ယူထားတာ၊ သူကလည်း ဒေဝဣန္ဒာဆီက ယူထားတာ ဆရာတူတော့ တူကြတာပေါ့။ တပယ်ခင်ဥဆီက ယူတာကျတော့ မတူကြဘူး၊ မတူတဲ့အခါ သူကလည်း တီးပြတယ်။

'ကိုယ်တော်နှင်းနံ့' မှာ ဆိုင်းလောကက တီးတာတစ်မျိုး၊ ဒေဝဣန္ဒာဆီက စောင်းနဲ့ဟာက တစ်မျိုး၊ မတူဘူး။ အဲဒါကို ကိုဗေဒါက လျှို့ထားခဲ့တယ်။ ဒေါ်ဒေါ်ကဆိုတော့မှ သူက ထုတ်တီးတာကိုး၊ အဲဒီတော့ အဆိုနဲ့ အတီး တိုက်ထားတဲ့အတိုင်းပဲ ကိုက်နေတယ်။ ဒေဝဣန္ဒာရဲ့မူက လုထွက်လာတယ်လေ။ ဒေါ်ဒေါ်နဲ့ တစ်ထပ်တည်းပဲ။ အဲဒီတော့ ဘေးက နားထောင်နေတဲ့လူတွေက အံ့အားသင့်နေကြတာပေါ့။ ကိုဗေဒါမှာ ဝသီ တစ်ခုရှိတယ်။ ဝိုင်းတီးကြတဲ့အခါ မူမတူရင် နားထောင်မကောင်းဘူး၊ အဲတော့ ကိုဗေဒါက သူတီးတဲ့အခါ ဆရာတင်ရယ်၊ ကြည်ကြည်ရယ်၊ ကျွန်တော်ရယ် တော်ပြီလို့ ပြောတယ်။ တခြားလူ မဝင်စေချင်ဘူးတဲ့။
www.burmeseclassic.com

www.burmeseclassic.com


ဦးလေးတင်ကတော့ ကိုဖေဒါဟာ သပ်ရပ်တဲ့နေရာမှာ 'တစ်' ပဲ။ သီချင်းတစ်ပုဒ် သူ့မူနဲ့ တီးမယ်ဆိုရင် သပ်သပ်ရပ်ရပ်ပဲ၊ သူ တီးလိုက်ရင် အရှိးခံလည်း 'ဟယ်' ခနဲဖြစ်ရတယ်။ ပြီးတော့ သူနဲ့ ဒေါ်ဒေါ်နဲ့ အပေးအယူလည်းမျှကြတယ်၊ ပြည့်တဲ့လူချင်းကိုး။

ကိုဖေဒါနဲ့ မင့်ဒေါ်ဒေါ် တီးကြဆိုကြတုန်းက ဦးထွန်းအိုင်မရှိဘူး၊ သူက အဆိုမှာ တွင်ကျယ်တဲ့လူဆိုတော့ ကိုဖေဒါနဲ့ ဒေါ်ဒေါ် ဘာတွေဆိုကြသလဲလို့ စနည်းနာပြီး နောက်တစ်ကြိမ်တွေ့ကြတော့ ဦးထွန်းအိုင်က 'ကိုယ်တော်နှင်းနံ့' ကို ထုတ်ဆိုတယ်။ သူဆိုတာက ကိုဖေဒါတို့နဲ့ မူချင်းမတူတော့ တစ်မျိုးဖြစ်နေတာပေါ့။ အဲဒါကို ဦးလေးတင်က ကိုဖေဒါတို့မူနဲ့တီးတော့ ကိုဖေဒါက ဦးတင်ကို မျက်စေ့မှိတ်ပြပြီး မလုပ်နဲ့ဗျာ၊ ကျွန်တော်တို့ဟာတွေ ရိုးကုန်လိမ့်မယ်ဆိုလို့ သူတတ်တဲ့အလိုက် သူ့ဟာနဲ့ ကိုက်အောင် လာဘ်နဲ့ ဝိုင်းတီးပေးလိုက်ကြသတဲ့။

ဦးလေးတင်ပြောပြီးတော့ ဒေါ်ဒေါ်က တစ်ခါ သူနဲ့ စိန်ဖေဒါ တီးခဲ့ဆိုခဲ့ကြပုံကို ဒီလို ဆက်ပြောပြန်တယ်။

သူနဲ့ကိုယ် ပထမတော့ ဘီလူးတွေ့ ဒူးတွေ့ပဲတီးရော၊ သူက လည်း မမေးဘူး၊ ဒါနဲ့ လေးချိုးကြီး ကောက်ဆိုတော့ တစ်ဝက်လောက် အရောက်မှာ "ကြည်ကြည် ဒါဘာခေါ်သလဲ" တဲ့ "လေးချိုးကြီး ခေါ်တယ်" လို့ ဒေါ်ဒေါ်က ဖြေတယ်။ အချမှာ သူက မန်းတောတောတော့ ငါ့ကို အငြိမ့်သမ၊ ဇာတ်သမတွေခံသလို ဘာလို့ နှုတ်နှုတ်ခံပေးပါလိမ့်လို့အောက်မေ့လို့ မျက်နှာပျက်သွားတာသူမြင်လိုက်တော့ "ကြည်ကြည် ဘာခံရမလဲ" လို့ ချက်ချင်းမေးတယ်။ "ပတ်ပျိုးခံ, ခံပေးပါ 'စုံနယ်သာစွ' ဆိုချင်လို့ပါ" လို့ ပြောတော့ "အဲဒီပတ်ပျိုး တီးချင်တာကြာလှပြီ" လို့ ကိုဖေဒါက ပြန်ပြောတယ်။ ဒေါ်ဒေါ်ကလည်း မာန်ကလေးနဲ့ "ဒီကလည်း ဆိုချင်တာကြာလှပြီ" လို့ပဲ ပြန်ပြောလိုက်တယ်။ တီးတော့ ရှေ့က သွားလိုက်၊ နောက်ကသွားလိုက်၊ ဘေးကသွားလိုက်လုပ်တယ်၊ နောက်ပိုင်းကျတော့ ကောင်းလိုက်တာ၊ နားကို ကားထွက်သွားသလားလို့ ကြက်သီးမွေးညင်းထသွားတယ်။ ဒေါ်ဒေါ်မောတော့ သူက အသက်ရှူခွင့်ရအောင် လုပ်ပေးတယ်လေ။

www.burmeseclassic.com

www.burmeseclassic.com


ကိုဗေဒါက "ကျွန်တော် နောက်နောက်ကတော့ ရှောင်ပါတယ်။ ပတ္တလားမတီးဘူး၊ ဒီလိုပုဂ္ဂိုလ်နဲ့ ကျွန်တော် 'လဲ' သွားရင် မခက်ပါလား၊ ခုတော့ သူလုပ်တာ ကိုယ်သိ၊ ကိုယ်လုပ်တာ သူသိဖြစ်သွားပြီ၊ ကြည်ကြည် လာတိုင်း တီးပါရစေ၊ ကြည်ကြည်နဲ့ ကျွန်တော်တီးဖို့ ပရိဂရမ်ဆွဲပေးပါ" လို့ ပြောပါတယ်။ ဦးခင်မောင်ဒွေး အိမ်တည်းတော့ ညနေခင်း ကိုဗေဒါ ပေါက်လာပြီး "ကြည်ကြည် ကျွန်တော်နဲ့ အလုပ်လုပ်မယ်ဆိုရင် ကျွန်တော် ဆိုင်းမတီးတော့ဘူး စောင်းတီးမယ် ပတ္တလားတီးမယ်" တဲ့။

ကိုဗေဒါသေတော့ ရန်ကုန်မှာက ဗုံးအကြီးအကျယ်ချနေချိန်၊ လည်ချောင်းမှာ ဆံဆို့နာဖြစ်ပြီးသေတာ။ လှည်းတန်းမှာ ဗုံးအကြီးအကျယ် ချမယ်လို့ ကြေညာထားတဲ့ရက်မို့ အသုဘမှာ လူမရှိဘူး။ မစိန်မေနဲ့ ကိုချစ်မောင်ပဲရှိတယ်။ ဦးလေးတို့လင်မယားနဲ့ ဖိုးစိန်တို့ အသုဘလာကြ ရင်း ဆုံမိတော့ ဖိုးစိန်က "သခင်မရေ၊ ကျွန်တော်တို့ ကိုမောင်လေးနဲ့ ကျွန်တော်နဲ့က သူငယ်ချင်းပဲ၊ နောက်ပိတ်ဆုံးခရီးမို့ စွန့်လာရတယ်" လို့ ပြောတယ်။ ဒေါ်ဒေါ်က ကိုဗေဒါလက်နဲ့ ပါးစပ်ကို ရွှေချပါလို့ ကိုချစ်မောင်ကို မှာခဲ့တယ်။

တကယ့် နှမြောစရာပညာသည်ပါ။ ကိုဗေဒါဟာ ဆိုင်းပန်းချီပါ။ သူ ပတ်ဖျားစမ်းပုံများ ပဉ္စသိမ်တီးသလိုပဲ။ တီးကြဆိုကြတော့ သူကလည်း သိလိုက်တာ၊ ဒီကလည်း သိလိုက်တာ၊ သဘောကျလွန်းလို့ ပြုံးပြုံးပြုံးပြုံးနဲ့ အံကြိတ်ပြီးတီးတယ်။ ဒေါ်နဲ့မောနဲ့ တီးတဲ့အခါ ပတ္တလားက လွဲနေလို့ နဲ့ကိုမြကလေးကို ပတ္တလားကြိုး ဆွဲတင်းထားစေတယ်။

"ကျွန်တော်လေ၊ ကြည်ကြည်သေမှာ သိပ်စိုးတယ်။ အစား အသောက်ဆင်ခြင်နော်" လို့ ကိုဗေဒါက မှာရှာတယ်။ ပြီးတော့ "အားလုံး ကို ရှိခိုးတောင်းပန်ပါတယ်၊ ကြည်ကြည် လာတိုင်းလာတိုင်း ကျွန်တော်နဲ့ပဲ တီးပါရစေ" တဲ့။ သူ့ဆိုင်းဓာတ်ပြားပြန်ကြားရတော့ ကိုယ့်မှာ မျက်ရည် မဆည်နိုင်ဘူး။ ကိုဗေဒါနဲ့ ဒေါ်ဒေါ်ကြား အလင်္ကာ စကားတွေ ရှုပ်ထား ကြတာပါလို့ ဒေါ်ဒေါ်စောမြအေးကြည်က ပြောပြပါတယ်။

ဦးခင်မောင်ဒွေးအိမ်ကို ကိုဗေဒါလိုက်လာတော့ ဒေါ်ဒေါ်က 'ဂန္ဓမာတောင်' ကို စောင်းတီးပြတော့ အဲဒါ ဒေဝဣန္ဒာအကွက်လားတဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်လို့ ဒေါ်ဒေါ်ကဖြေတော့ ဦးဖူးခေါင်ရဲ့အကွက် တီးပြစမ်းပါလို့ ကိုဖေဒါကပြောလို့ ဒေါ်ဒေါ်က တီးပြတော့ "ဘုန်းကြီးက စောင်းဗုဒ္ဓေါလို့ ခေါ်ရတဲ့ ဦးဖူးခေါင်ရဲ့အကွက်ဟာ ခက်လည်းအင်မတန်ခက်တယ်၊ ကောင်းလည်း အလွန်ကောင်းတယ်" လို့ ကိုဖေဒါက ပြောတယ်။ ခု ဒေါ်ဒေါ့်အသက်က ၇၄ နှစ်ကျော်လို့ ၇၅ နှစ်ထဲဝင်နေပြီ၊ လုပ်ချင်တာ မလုပ်ရ၊ သေရာများ ဒီအစွဲပါသွားမလား မပြောတတ်ဘူး၊ ဒီအသက်အထိ အမေ့အလျော့ ဘာမှမရှိသေးဘူး၊ စွဲလိုက်ပုံက" တဲ့။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်စောမြအေးကြည်ရဲ့ ဆန္ဒ

"ဒေါ်ဒေါ်နဲ့ ခုလိုတွေ့ရတုန်း ငါ့တူမကို ဒေါ်ဒေါ်ရင်ထဲရှိတာ ဖွင့်ပါရစေ၊ သေသေချာချာ မှတ်ထားပါ။ ဒေါ်ဒေါ်ပြောချင်တာတွေ ပြောပါရစေ"။

"လူမျိုးရဲ့ ယဉ်ကျေးမှု မတိမ်ကောရေးဆိုတာ လူမျိုးတစ်မျိုးရဲ့ သေရေးရှင်ရေးပါပဲ၊ ဒေါ်ဒေါ်မသေခင် ကိုယ့်အရိုးကိုယ် ချိုနိုင်တုန်း ဒေါ်ဒေါ့်ကို ဆရာ့–ဆရာတွေကပေးသွားတဲ့ အနှစ်သာရတွေကို ဒေါ်ဒေါ်က ဝေပေးခဲ့မယ်။ တိုင်းပြည်မှာ ကျန်ရစ်စေချင်တယ်။ ဒါကြောင့် ဒေါ်ဒေါ်က ရှိသမျှ ပေးခဲ့၊ ပြခဲ့၊ သင်ခဲ့ချင်တယ်။"

"ဒေါ်ဒေါ့်မှာ ရှိတာတွေကို မှတ်တမ်းတင်ထားကြစေချင်တယ်၊ အသံသွင်းထားချင်တယ်။ မဟာဂီတထဲ မပါတာတွေကို သိဆိုပြီး အသံသွင်းခဲ့ချင်တယ်။ ဒါပေမဲ့ အသံလွှင့်ရုံက မဟာဂီတထဲ မပါတာတွေကို မသီဆိုရဘူးတဲ့"။

ဒေါ်ဒေါ်နဲ့အတူ အတီးဘက်က လိုက်နိုင်မယ့် လူတစ်ယောက်၊ ဆိုင်းဆရာ ဦးဘမောင်လို၊ ဥပမာ စောင်းကိုဘသန်းလို လူတစ်ယောက်နဲ့ပေါ့။ တခြားလူမျိုးနဲ့တော့ ဒေါ်ဒေါ်မဆိုနိုင် မဆိုဝံ့ပါဘူး။ တူရိယာနယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ကျွမ်းကျင်သူ၊ အပြောအဆိုကောင်း စိန်ပါတီရဲ့ယောကျ်ား ကိုဘသက်တို့လိုလူနဲ့တွဲပြီး အမေးအဖြေတွေကို ဒေါ်ဒေါ်က အသံသွင်းထားချင်တယ်။"

"ဒေါ်ဒေါ်သေရင် သောကောရောကော ဖြစ်ကုန်မှာ၊ တူရိယာ လိုက်စားကြသူများ ရယူနိုင်ဖို့ လုပ်ထားခဲ့ချင်တာ။ ဒေါ်ဒေါ်တစ်ယောက် တည်းနဲ့တော့ လုပ်လို့မဖြစ်ဘူး၊ အခုတောင် ကိုးရို့ကားယားတွေ လုပ်ကုန် ကြပြီ၊ ရောနှောပြီး သူတစ်ပြန် ငါတစ်ပြန်တွေ ဘာတွေ ထွင်ကုန်ကြပြီ။"

"ဒေါ်ဒေါ့်ရှိတဲ့ပညာကို အရမယူတတ်ကြလို့ ခက်နေတာ။ ဒေါ်ဒေါ်က ပိုက်ဆံဘယ်လောက်ကြီးရရ သူများအိမ်ကိုသွားပြီး ဒီပညာကို သင်မပေးဘူး၊ ပညာကိုတန်ဖိုးထားတယ်၊ ဆရာ့ဆရာကြီးများပေးခဲ့တာကို တန်ဖိုးထားတယ်၊ ပညာကိုတော့ အောက်ကျအောင် အလုပ်မခံနိုင်ဘူး၊ ဆရာကိုတော့မထိနဲ့ ဒေါ်ဒေါ်ခံနိုင်ဘူး။"

"ဒေါ်ဒေါ့်ကို ခိုင်းပါ၊ ခိုင်းစမ်းပါ၊ အခိုင်းခံချင်လို့ စောင့်နေတာ ပါ၊ ပညာကိုသိတဲ့လူက ခိုင်းပါ၊ ကျန်ရစ်စေချင်ပါတယ်။" လို့ ဒေါ်ဒေါ်က (၃–၁၁–၆၇) နေ့က ကျွန်မကို ထိထိခိုက်ခိုက် သူ့ရင်ထဲက မချိတာတွေ ကို ပြောပြပါတယ်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com

## ဒေါ်ဒေါ်နဲ့ မန္တလေး

၁၉၆၇ ခုနှစ်က ဒေါ်ဒေါ် ဒေါ်စောမြအေးကြည်နဲ့ ရကန်ဦးတင်တို့ မန္တလေးလာခဲ့ကြတော့၊ ဒေါ်ဒေါ်က သူရောက်တဲ့မန္တလေးဟာ ဒါနောက်ဆုံးအခေါက်လို့ မသိရှာပေမယ့် "ဒီတစ်ခေါက်လာရတာ အသက်ကလည်း ၇၆ နှစ်၊ ကိုယ့်ဇာတိချက်ကြွေမြို့၊ ရှေးကတော့ ရှမ်းပြည်နယ်ကဆင်းလာရင် မန္တလေးမှာ ပညာသည်အစုံနဲ့ တွေ့ရတယ်၊ ကိုဗေဒါတို့များ စနေနေ့ကစပြီး ကိုယ်ဆိုတာကို နားထောင်ပြီး တီးလိုက်တာ တနင်္ဂနွေနေ့တိုင်ပါရော။"

ခုတော့ မန္တလေးကို လာသာလာရတယ်၊ ကိုယ်နဲ့ ရင်းနှီးခင်မင်ကျွမ်းဝင်သူတွေ ရှိမှရှိပါဦးမလားလို့ စိတ်ထဲတထင့်ထင့်နဲ့၊ ဒေါ်ဒေါ့် ပညာမဏ္ဍိုင်က မန္တလေးပါ။ ဒီပညာတတ်တာ ဒီမန္တလေးက တတ်သွားတာပါ။ စော်ဘွားက ပညာသည်တွေကို ကျွေးနိုင်မွေးနိုင်သူ၊ ဝါသနာကြီးသူ၊ အရှင် ၂ ပါး ပါတော်မူတဲ့နောက် ဒီပညာကို သူလောက် အရေးပေးတဲ့လူ မရှိပါဘူး။ သူကခေါ်လို့ ဒေါ်ဒေါ် သီပေါရောက်သွားရတယ်။ ဟိုမှာ အသက် ၃၆ နှစ်အထိနေခဲ့ပြီး စော်ဘွားမရှိတော့လည်း အားလုံး ဖရိုဖရဲ ဖြစ်သွားတာပေါ့။ ဒေါ်ဒေါ်လည်း ဒီးဒုတ်ဦးဘချိုကခေါ်လို့ အောက်ပြည်ကို ရောက်

www.burmeseclassic.com

www.burmeseclassic.com



သွားတာပဲ။ ဦးဘချို က “ခင်ကြည်လာပါ၊ မဟာဂီတမှာ ဥက္ကဋ္ဌလုပ်ပါ၊ ဗရန့်ပြန့်ကြဲနေတဲ့ သီချင်းတွေကို ပြန်စုကြပါဦးစို့” လို့ ခေါ်လို့ သူနဲ့ အတူ တစ်စတစ်စ ထိန်းသိမ်းလာခဲ့တယ်။ ဒီပညာပျောက်သွားမှာ တိမ်းသွားမှာစိုးလို့ ကိုယ့်ပညာကိုဖက်ပြီး အရောင်တင်နေခဲ့တယ်။

ဒီခေတ်မှာ ပညာသည်တွေကို ကြည့်ပါတယ်။ ဒီပညာကို ကြီးပွားအောင် စင်ကြယ်အောင်လည်း လုပ်ရှာကြပါရဲ့၊ နို့ပေမယ့် ဒေါ်ဒေါ်လုပ်ချင်တာတွေကို အားလုံးတော့ လုပ်လို့မရဘူးလို့ ပြောသွားရှာပါတယ်။ ကျွန်မတို့က မန္တလေးဘုရားတွေဖူးရအောင် လိုက်ပို့တော့ ဝမ်းသာလွန်းလို့။

လူထုဒေါ်အမာ

www.burmeseclassic.com

www.burmeseclassic.com



# စာညွှန်း

## က


- ကနောင်အိမ်ရှေ့ကိုယ်တော်ကြီး ၁၇, ၆၃
- ကာမိုတို (အီတာလျံသံအမတ်) ၁၀
- ကုလားဝန် ၈၂, ၈၃
- ကဲလီ၊ မစ္စက် (စန္ဒရားဆရာမ) ၁၄
- ကျော်ဒွေး၊ ဦး ၆၄, ၆၅
- ကြေးမြင့်မိဖုရား ၈၄
- ကြိုင်၊ ဦး (ယောအတွင်းဝန်) ၅၉
- ကွမ်းဖိုးထိန်း ၂၉, ၃၀, ၉၀
- ကြွေကြီး၊ ဆရာ (ပညာရှိ) ၁၀၁, ၁၀၂
- ကြွင်း၊ ဦး (ဓာတ်မင်းသမီး မစန်းကြည်ရဲ့ဖခင်) ၁၂၀, ၁၂၁
- ကြွယ်၊ ကို (ဗျပ်စောင်း) ၄၅, ၅၂


## ခ


- ခင်၊ ဆရာ (နန်းတော်တောင်) ၉၈, ၉၉
- ခင်ခင် (ဒေဝဣန္ဒာရဲ့အစ်မ) ၂၂
- ခင်ခင်ကြီး (အုတ်စက်) ၅၉
- ခင်ခင်ကြီး (မှန်နန်းအပျိုတော်၊ စာတော်ဖတ်) ၂၂
- ခင်ခင်ကြီး (ယောအတွင်းဝန် မြေးအကြီးဆုံး) ၁၄, ၆၂
- ခင်ခင်ကြီး (ကုလားဝန်သမီး) ၈၃
- ခင်ခင်လေး (ရွှေပြည်) ၅, ၁၄
- ခင်ဆုံ (မင်းကြီးကတော်) စာဆို ၂, ၁၈, ၅၆
- ခင်ဇော်၊ ဦး ၈၄
- ခင်ညွှန့် (စောင်းတော်ပိုက်) ၉၃
- ခင်ဖော့ (ကချေသည်) လင်းပင်မင်းသားမိခင် ၆၃
- ခင်ဖြူ (ရွှေပြည်ဝန်ကြီးကတော်) ၆၂
- ခင်ဖွား ၊ ဒေါ် (ဒေါ်စောမြအေးကြည်ရဲ့ မိခင်) ၇၅, ၇၆, ၇၇, ၇၈, ၁၀၈


www.burmeseclassic.com

www.burmeseclassic.com



– ခင်မောင်ဒွေး ၊ ဦး ၁, ၄, ၅, ၆, ၁၄, ၂၃, ၂၄, ၂၅, ၂၆, ၃၀, ၃၁,၃၉, ၄၀, ၄၁, ၄၅, ၅၃, ၈၃, ၁၂၄, ၁၂၅, ၁၃၀
– ခင်မြင့်၊ မ (အဆိုသင်) ၁၁၄
– ခင်လေး (ပန်းဆက်) ၇၉, ၈၉, ၁၁၇
– ခင်လေး (အုတ်စက်) ၂၈, ၄၁, ၅၉
– ခန့်၊ ဦး (လှကလေးစိန်ရဲ့ ဖခင်) ၃၁
– ချစ်ဖွယ်၊ ဦး (လူရွှင်တော်) ၄၂, ၅၂, ၅၃, ၉၂, ၉၃
– ချစ်မောင်၊ ဦး (မြန်မာညွန့်) ၁၂၆, ၁၃၀
– ခွန်လိပ်၊ ဦး (သီပေါစော်ဘွားရဲ့ ဘဏ္ဍာအတွင်းဝန်) ၈၁

## င

– ငြိမ်း၊ ဆရာ (စောင်းဆရာ) ၁၁၂, ၁၁၄
– ငွေမြိုင်၊ မ (အငြိမ့်မင်းသမီး) ၆၄

## စ

– စ၊ ဦး (မြဝတီမင်းကြီး) ၂, ၁၃, ၁၄, ၁၆, ၁၈, ၂၀, ၃၀, ၃၁, ၃၇, ၃၉, ၄၄, ၄၉, ၅၀, ၅၁, ၁၀၅
– စကားစိမ်း မိဖုရား ၁၀၂
– စော၊ ဦး (ကိုလိုနီခေတ်ဝန်ကြီးချုပ်) ၄၃
– စောကြာခိုင် (သီပေါစော်ဘွား) ၇၄, ၇၆, ၇၇
– စောချယ်၊ ဆာ၊ (သီပေါစော်ဘွား) ၅၉, ၇၁–၈၆, ၈၈, ၈၉, ၁၀၃, ၁၀၆, ၁၀၇, ၁၁၃,
– စောမြဂွမ်း (သီပေါစော်ဘွားကတော်) ၇၂, ၈၄, ၈၆, ၁၀၃, ၁၀၆, ၁၀၇, ၁၀၈, ၁၁၃, ၁၁၈

www.burmeseclassic.com

www.burmeseclassic.com



– စောမြအေးကြည် ၃၁, ၅၆, ၅၇–၅၉, ၆၇, ၆၉, ၇၁–၇၃, ၇၅–၈၂, ၉၈–၁၀၀, ၁၀၂, ၁၀၅, ၁၁၃, ၁၁၈, ၁၁၉, ၁၂၂, ၁၂၃, ၁၂၆, ၁၂၇–၁၂၉, ၁၃၀–၁၃၄
– စောရွှေမြို့ (သီပေါစော်ဘွားကတော်) ၇၂
– စောလှထိပ်ခေါင်တင် (မင်းတုန်းမင်းရဲ့သမီးတော်) ၈၃
– စောလွန်းဆိုင် (သီပေါမြို့ဝန်ကြီး) ၈၁
– စံခြုံ၊ ဦး (အဆိုတော်ဦးပေါ်ဦးရဲ့သား) ၁၁၇
– စံတုတ်၊ ကို အီနောင် (ဇာတ်မင်းသား) ၆၀
– စံမှူ၊ ဦး (အဆိုတော်ဦးပေါ်ဦးရဲ့သား) ၁၁၇
– စံဝင်း၊ ဦး (ရုံပိုင်ကြီး) ၁၀, ၄၀, ၁၂၄, ၁၂၆, ၁၂၈
– စန်းကြည်၊ မ (ဇာတ်မင်းသမီး) ၁၂၀, ၁၂၁
– စိန်၊ ဒေါ် (အဆိုတော်ဦးလူကြီးရဲ့သမီး) ၅၅
– စိန်ကျော့၊ မ (အငြိမ့်မင်းသမီး) ၄၂
– စိန်ခို၊ ကို (ဇာတ်မင်းသား) ၆၄
– စိန်ဆင်၊ မ (အငြိမ့်မင်းသမီး) ၆၄, ၁၀၀
– စိန်ပါတီ ၁၃၃
– စိန်ဗေဒါ ၂၄, ၂၅, ၂၈, ၃၀, ၃၈, ၄၀–၄၂, ၄၄–၄၆, ၅၄, ၅၈, ၅၉, ၆၈, ၉၃, ၉၉, ၁၁၇–၁၃၁
– စိန်မေ၊ မ (စိန်ဗေဒါရဲ့ဇနီး) ၁၃၀
– စိန်လှမောင် (ဆိုင်း) ၃၁, ၄၆
– စိန်သုံး၊ ဒေါ် (ဇာတ်မင်းသမီး) ၅၂, ၅၃, ၆၄, ၉၂, ၉၃

www.burmeseclassic.com

www.burmeseclassic.com




| | |
|---|---|
| – စိန်အုပ်၊ ဦး (ယိုးဒယား) | ၇၂, ၇၄, ၉၆ |
| – စိမ့်၊ ဆရာ (စိန်ဗေဒါရဲ့ အစ်ကို) | ၁၂၀ |
| စိန်၊ ဦး မြန်မာ့အလင်းအယ်ဒီတာ | ၅၅, ၉၈ |
| – စိန်းညို၊ ဦး (အမျိုးသားကျောင်းသားဟောင်း) | ၆၈ |

## ဆ

| | |
|---|---|
| – ဆီကျော်စိန်တင် (အငြိမ့်မင်းသမီး) | ၄၇, ၅၃, ၅၅, ၆၄, ၇၆, ၁၀၀ |
| – ဆော်လ်တာ၊ မစ္စတာ (ဘင်မတ်စတာ) | ၄၃ |
| – ဆင်၊ ဆရာ (ခုံလှိုးဝင်း) | ၁၁၇ |
| – ဆင်ခိုး၊ မ (အငြိမ့်မင်းသမီး) | ၇၉, ၈၉ |
| – ဆင်ဖြူရှင် | ၁၇, ၅၀ |
| – ဆင့်၊ ဆရာ (အင်းဝဈေးချို) | ၁၁၇ |
| – ဆိုင်းမ်စ် (Symes) | ၃၈ |
| – ဆယ်ဆယ်ကြီး (ဆိုင်းဆရာ) | ၉၁ |

## ဇ

| | |
|---|---|
| – ဇဝန | ၁, ၂ |
| – ဇင်၊ ဦး | ၁၀ |

## ည

| | |
|---|---|
| – ဉာဏ်ကြီး၊ ဆရာ | ၁၁၈ |
| – ညွှန့်၊ ဆရာ (စန္ဒရား) | ၁၀, ၁၁, ၂၄ |

## တ

| | |
|---|---|
| – တပယ်ခင်ဥ (မမဥ) | ၁၈, ၅၉, ၇၉, ၈၉–၉၁, ၁၀၀, ၁၀၈, ၁၁၆, ၁၁၇, ၁၂၈ |
| – တပယ်ခင်သစ် (မမသစ်) | ၁၈, ၂၀, ၅၆–၅၉, ၆၄, ၇၉, ၈၉, ၉၀, ၁၀၈, ၁၁၇ |


www.burmeseclassic.com

www.burmeseclassic.com




- တပယ်မင်းသား ၉၀
- တာ၊ ဆရာ ၂၅, ၄၀, ၄၁, ၈၁, ၁၂၃, ၁၂၆
- တင်၊ ဦး (ပန်တျာ) ၁၁၃
- တင်၊ ဆရာ (တယော) ၉၉
- တင်၊ ဆရာ (နန်းတော်ရှေ့) ၆၆
- တင်၊ ဦး (ရကန်)၊ (ဒေါ်စောမြအေးကြည်ရဲ့ ဒုတိယခင်ပွန်း) ၆၉, ၈၃,၈၄, ၈၆, ၉၇, ၁၀၃–၁၀၅, ၁၁၀, ၁၁၄–၁၁၆, ၁၂၃–၁၂၆, ၁၂၈, ၁၂၉, ၁၃၄
- တင်တင်မြ (အဆိုတော်) ၁၁၄
- တုတ်၊ ဦး (အညံ့ဖြူ/အမာဖြူ) ၃၀, ၃၁
- တောင်ခွင်မင်းကြီးကတော် ၆၀

### ထ

- ထူး၊ ဦး (နားခံတော် အမတ်ကြီး) ၇၅, ၇၆
- ထင်၊ ဦး (ဘိလစ်စာရေးကြီး) ၂၈, ၃၀, ၃၁, ၅၅, ၉၉, ၁၀၃, ၁၁၉, ၁၂၃–၁၂၅, ၁၂၈
- ထွေးလေး၊ မ (ဓာတ်မင်းသမီး) ၆၄, ၈၉, ၉၅, ၉၆
- ထွန်းအိုင်၊ ဦး (အဆိုတော်) ၂၈, ၃၀, ၆၈, ၉၂, ၁၀၇, ၁၂၉

### ဒ

- ဒေလီညွှန့် (အဆိုတော်) ၁၅, ၅၈, ၉၈
- ဒေဝဣန္ဒာမောင်မောင်ကြီး (စောင်းဆရာ) ၅, ၂၀, ၂၂, ၂၃, ၂၅, ၂၆, ၂၇, ၂၉, ၃၁–၃၄, ၄၀–၄၆, ၄၈, ၅၄, ၅၈, ၇၉, ၉၁, ၁၀၃, ၁၀၅, ၁၀၈, ၁၁၀, ၁၁၁, ၁၁၇, ၁၂၀, ၁၂၁, ၁၂၇, ၁၂၈, ၁၃၀


www.burmeseclassic.com

www.burmeseclassic.com



## ဓ


- ဓာတ်ဆီ (လူရွှင်တော်) ၁၁၉


## ဌ


- ဌေးအောင်၊ မောင် (အဆိုသင်) ၁၁၄


## န


- နဂါး (မောင်)၊ (ပြင်စည်မင်းသား) ၅၀, ၅၁
- နားခံခြူ ၆၄, ၆၅
- နေမျိုးမင်းထင်ကျော်ခေါင် (အဝေးရောက်မင်း) ၁၀၁
- နန်းမတော်ကြီး (မင်းတုန်းမင်းရဲ့ မိဖုရားခေါင်ကြီး) ၁၈, ၉၀
- နွဲ့၊ ဦးလေး (သံပတ္တလား) ၁၂၆
- နွဲ့ကြီး၊ ဆရာ (ဆိုင်းဆရာ) ၉၉, ၁၀၄


## ပ


- ပခန်းမင်းကြီးကတော် ၇၃
- ပုဂံမင်း ၆, ၁၆, ၁၉, ၅၀
- ပေ၊ ဘုန်းကြီး (အဆိုတော်) ၅, ၁၄, ၁၅, ၂၀, ၂၂, ၂၉, ၄၇, ၄၈, ၅၂, ၅၈, ၆၄
- ပေါ်၊ ဆရာ ၇၄
- ပေါ်ဦး၊ ဦး (စင်တော်မင်းသမီး) ၅၂, ၅၄, ၉၂, ၁၁၇
- ပြင်စည်မင်းသားကြီး ၁, ၅၀
- ပြုံးချို၊ ဦး (မဟာဂီတ) ၁၁၆


## ဖ


- ဖူးခေါင်၊ ဦး (အဆိုတော်) ၃၀, ၃၁, ၁၀၃, ၁၀၄, ၁၀၅, ၁၀၈, ၁၀၉, ၁၁၄, ၁၃၀
- ဖိုးစိန် (ဇာတ်မင်းသား) ၆၂, ၆၅, ၆၆, ၁၃၀
- ဖုန်းမို၊ ကို (ဇာတ်မင်းသား) ၉၃

www.burmeseclassic.com



## ဘ


- ဘ၊ ဦး၊ ခုံဝင်း ၁၁၇
- ဘကလေး၊ ဆရာ ၄၀, ၄၁
- ဘကျော် ၆၄
- ဘကြီး၊ ဆရာ ၈၁, ၉၉, ၁၂၄, ၁၂၅
- ဘကြီးတော်ဘုရား ၅၀
- ဘခင်၊ ဦး ၃၁
- ဘချို၊ ဦး၊ ဒီးဒုတ် ၉၈, ၁၁၄, ၁၁၅, ၁၃၄, ၁၃၅
- ဘတင်၊ ဦး (ရွှေပြည်) ၃၀, ၆၈, ၁၁၄
- ဘဒင်၊ ဦး ၉၉
- ဘမောင်၊ ဦး (ဆိုင်းဆရာ) ၁၃၂
- ဘလတ်၊ ဦး (စန္ဒရား) ၉
- ဘသက်၊ ကို (စိန်ပါတီယောကျ်ား) ၁၃၃
- ဘသင်၊ ဦး ၁၂၃
- ဘသင်း၊ ဦး (စာရေးကြီး) ၃၁, ၉၉, ၁၁၇
- ဘသောင်း၊ ဦး (အတွင်းဝန်) ၈၁
- ဘသန်း၊ ဦး (စောင်း) ၁၁၄, ၁၃၂
- ဘသိန်း၊ ကို (စန္ဒရား) ၆၉
- ဘိုးကွန်း၊ ဦး ၉၆
- ဘိုးတော်ဘုရား ၅၀
- ဘိုးနီ၊ ဦး (ဝန်ထောက်) ၁၂၀
- ဘိုးဒင်၊ ဦး (စံဒင်၊ မောင်မောင်ဒင်)
  (ဒေါ်စောမြအေးကြည်ရဲ့ ဖခင်) ၇၅, ၈၃
- ဘိုးရှံ၊ ဦး ၁၁၈


## ဗ


- ဗိသိုဘင် ၂


## မ


- မမှုံ (အဆိုတော်) ၁၈, ၂၀, ၅၇, ၅၉
- မမလေး၊ ဒေါ် (စိန်ဗေဒါရဲ့မိခင်) ၃၈


www.burmeseclassic.com

www.burmeseclassic.com




– မမလေး၊ ဒေါ် (မောင်မောင်လတ်ရဲ့ဇနီး) ၃၂–၃၄၊ ၃၈

– မလွန်မင်းသား ၈

– မမအုံ ၁၈၊ ၂၀၊ ၅၇၊ ၅၉

– မဟာဒေဝီ (သီပေါစော်ဘွားကတော်) ၇၈

– မဟာဗုဒ္ဓဃောသ၊ ရှင်။ ၂၇

– မေ (စောင်းဆရာမကြီး) ဦးခင်မောင်ဒွေးရဲ့ ဇနီး ၅၊ ၂၃၊ ၂၅၊ ၄၀

– မူလာမောင်မောင်လေး၊ ၈၃

– မိုးမိတ်စော်ဘွား ၇၃

– မိုးဇက် ၂

– မင်္ဂလာဒေဝီ (သံလျင်မြို့စား)
ပြင်စည်မင်းသားရဲ့မိခင် ၅၀

– မင်းတုန်းမင်း ၁၀၊ ၁၇၊ ၁၉၊ ၂၀၊
၂၉၊ ၃၀၊ ၅၀၊ ၅၆၊
၁၀၄

– မောင်၊ ဆရာ၊ စန္ဒရား ၁၀၊ ၁၁၊ ၄၀၊ ၄၁၊ ၈၁

– မောင်၊ ဆရာ၊ ယိုးဒယား (ရာမ) ၂၈၊ ၇၄

– မောင်ကြီး၊ ကို (အီကင်း) ၉၆

– မောင်မောင်၊ ဦး (လမ်းဝန်ထောက်) ၅၉

– မောင်မောင်၊ ဦး (ပညာရှိ) ၈၂

– မောင်မောင်၊ ဦး (သံတော်ဆင့်) ၈၁

– မောင်မောင်ကြီး ၁၄၊ ၂၀၊ ၂၁၊ ၇၉၊
၁၀၄

– မောင်မောင်ခန့် (စောင်းဆရာ) ၇၉၊ ၁၀၃၊ ၁၀၆၊
၁၀၈၊ ၁၁၄

– မောင်မောင်ဆိုင် ၂၄၊ ၅၉

– မောင်မောင်လေး (ညောင်ဝန်းဝန်ထောက်) ၅

– မောင်မောင်လေး (ရွှေပြည်) ၅၁

– မောင်မောင်လှ (ဒေါ်စောမြအေးကြည်ရဲ့ မောင်) ၁၀၈

– မောင်မောင်လတ် ၃၂–၃၄၊ ၄၀၊ ၄၁၊
၁၁၅၊ ၁၂၄၊ ၁၂၅


www.burmeseclassic.com

www.burmeseclassic.com


- မောင်မောင်သိုက်
  (ရှေ့တော်ပြေး / ကွမ်းရေတော်သား) ၁၄, ၁၆–၂၁, ၂၃, ၂၆, ၂၉, ၃၀, ၁၀၄, ၁၀၈, ၁၁၁
- မောင်မောင်ဦး (လမ်းဝန်ထောက်)
  အုတ်စက်ခင်ခင်ကြီးရဲ့ ခင်ပွန်း ၅၉
- မာန်လည် ဆရာတော်ဘုရား ၆
- မြကလေး၊ မ၊ (အနောက်နန်းမတော်) ၂, ၁၈, ၇၁, ၁၀၄, ၁၀၅
- မြလေး၊ ကို (နဲ့) ၁၂၆
- မြတင်၊ မ (ဒေါ်အမာရဲ့ကျောင်းနေဘက်) ၆၆
- မယ်နှောင်း (မြဝတီမင်းကြီးရဲ့ ဒုတိယဇနီးလောင်း) ၅၁
- မြင့်မောင်၊ ဦး (စောင်း) ဃ
- မှန်း၊ ဦး (အဆိုတော်) ၂၄, ၃၁, ၄၈, ၅၂, ၈၃, ၉၂, ၁၁၀, ၁၁၅, ၁၁၇, ၁၁၈
- မှို၊ ဦး (ကွမ်းဖိုးထိန်း) ၂၉

## ယ

- ယင်းတော်၊ မ ၆၂–၆၄, ၇၉, ၈၉, ၉၄

## ရ

- ရေနံချောင်းမင်းကြီး ၁၉
- ရှိပင် ၂
- ရွှေဂံ၊ ဦး (ကူးတို့အုပ်) ၁၁၂, ၁၁၄
- ရွှေတိုက်အတွင်းဝန် ၅
- ရွှေပြည်မင်းကြီး (ယောအတွင်းဝန် ဦးဘိုးလှိုင်) ၅, ၁၇
- ရွှေပြည်အေး ၁၁၃, ၁၁၆
- ရွှေဘိုမင်း ၅၀

www.burmeseclassic.com

www.burmeseclassic.com



## လ


| | |
|---|---|
| – လူကြီး၊ ဦး၊ (အဆိုတော်) | ၄၁, ၅၂–၅၅, ၅၉, ၇၅–၇၇, ၇၉, ၉၀, ၉၂, ၉၃, ၁၀၀, ၁၀၉, ၁၁၁, ၁၁၅, ၁၁၇, ၁၂၀, ၁၂၁, ၁၂၇ |
| – လေးခင်၊ မောင် (ဒေဝဣန္ဒာရဲ့သား) | ၃၃, ၃၄, ၄၂ |
| – လင်းပင်မင်းသား | ၃၉, ၆၃ |
| – လှ၊ ဦး (လူထု) | ၁, ၂ |
| – လှကလေးစိန် (အငြိမ့်မင်းသမီး) | ၃၁ |
| – လှမေ၊ မ (ဦးဘချို့ရဲ့ ဇနီး) | ၁၁၅ |
| – လှရွှေ၊ မ | ၆၇, ၇၀, ၁၁၄ |
| – လှိုင်ထိပ်ခေါင်တင် | ၂, ၁၈, ၅၆, ၅၈, ၇၁ |
| – လွှား၊ ဆရာ၊ ဘာဂျာ | ၆၅, ၁၁၂, ၁၁၄, ၁၁၉ |


## ဝ


| | |
|---|---|
| – ဝက်မစွပ်ဝန်ထောက်မင်း | ၅, ၄၃, ၈၃ |


## သ


| | |
|---|---|
| – သာကြင်၊ ဦး (နှဲ) | ၁၂၀ |
| – သာပြော၊ ကို | ၆၂, ၆၄, ၆၅, ၁၁၇ |
| – သူဇာ၊ ဒေါ် | ၅, ၁၄, ၂၆, ၂၉, ၆၅ |
| – သီပေါစော်ဘွား (စောကြာခိုင်) | ၇၄ |
| – သီပေါစော်ဘွား (ဆာစောချယ်) | ၁၀၃ |
| – သီပေါမင်း | ၂၉, ၅၄, ၈၂, ၁၀၄, ၁၂၀ |
| – သီရိဥက္ကင်္ဒဝတီ (ဒေါ်စောမြအေးကြည်ကို သီပေါစော်ဘွားပေးတဲ့ဘွဲ့) | ၈၄ |


www.burmeseclassic.com

www.burmeseclassic.com




- သက်၊ ဆရာ (ပလွေ) ၁၂၀
- သက်တင်၊ ဦး (သီချင်းစာရေးဆရာ) ၉၉
- သက်သက် (ဒေါ်အမာရဲ့ ကျောင်းနေဘက်) ၆၈
- သိန်းကြီး၊ ဆရာ (စောင်းသမား) ၅, ၁၄, ၂၄, ၂၉, ၆၅
- သံတော်ဆင့်မင်း ၅၁


## ဟ


- ဟန်ပ၊ ဦး (ဆိုင်းဆရာ) ၉၈, ၁၂၂


## အ


- အဂ္ဂသမာဓိ၊ ရှင် ၆
- ဩဘာသောင်း (အငြိမ့်မင်းသမီး) ၁၁၉
- ဥက္ကလာအေးကြည် (အငြိမ့်မင်းသမီး) ၁၁၇
- အေးမိ၊ မ (အဆိုတော်) ၁၁၃
- အောင်ကြီး၊ ဦး (အဝေးရောက်မင်း) ၆၄, ၁၀၁
- အောင်ကြည်၊ ဒေါ်၊ (အဆိုတော်) ၁၅, ၃၁, ၅၇, ၅၈
- အောင်ဗလ ၄၅
- အောင်လှ၊ ဦး ၄၂, ၉၉, ၁၀၉
- ဣန္ဒာဒေဝ ၁၆, ၇, ၁၉
- အုံးဖေ၊ ဦး ၄၂
- အုံးဘူး၊ ဦး ၂၉


■

www.burmeseclassic.com